ပန်းလှိုင်
ဦးဝိသုဒ္ဓမမ္မရုံသီ
၏

# ဝမ္မရုံသီ
တရားစာ

“ပန်းလှိုင်” ခေါ် “မလှိုင်မြို့”

လေသာကျောင်းတိုက်

ရတနာပုံ-မန္တလေးရှိ ကျမ်းရေးသည့်ပုဂ္ဂိုလ်

## ဦးဝိသုဒ္ဓဓမ္မရံသီ

၏

# ဓမ္မရံသီ တရားစာ

## ဒုတိယတွဲ

★

ပထမ အကြိမ်ရိုက်

(စာအုပ်ရေ – ၂၅၀၀)

●

(မူပိုင်)

ဒေါ်မိ နှင့် ဒေါ်သိန်း၊

★

၁၃၃၂-ခုနှစ်၊ ဝါဆိုလ။
ခေတ်-၈

၁၉၇၀-ခုနှစ်၊ ဇူလိုင်လ။

# မမွှရံသိတရားစာ

## ဒုတိယတွဲ


ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၄၀၁၀)

ကြာပ်မရိုက်နှိပ်သူ— ဦးဘင်အောင် (ပညာရောင်ခြည်)

ထုတ်ဝေသူ — ဒေါ်ခင်နု (မြဲ-၀၂၄၀)
ပညာရောင်ခြည်စာပေဌာန
ကိုးထပ်ကြီးဘုရား
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ — ဦးကြီးမောင် (မြဲ-၀၂၄၀)
ခေတ်-စာပုံနှိပ်လုပ်ငန်း
အမှတ်-၉၀၊ ကွမ်းရွဲတန်း
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

ချုပ်လုပ်သူ — မောင်မြင့်နှင့် လုပ်သားများ
စာအုပ်ချုပ်လုပ်ငန်း
အမှတ်-၁၅၉၊ ၃၄-လမ်း၊
ရန်ကုန်မြို့။

ဈေးနှုန်း — တအုပ်-၃ိ။

# မာတိကာ

★


| ဦးစီရ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၀ | ပြဲဝါဒနှင့် နေဝါဒတရားတော်ကြီး .... | ၂ |
| ၁။ | ဆုံးမထိုက်လို့ ဆုံးမလိုက်သော နတ်သမီး .... | ၈ |
| ၂။ | အဘိဓမ္မာတပ်၍ အဆုံးသတ်ရန် .... | ၁၅ |
| | သီတင်းကျွတ်ပဝါရဏာ လူ့ပြည်ဆင်းဒေသနာ .... | ၁၉ |
| ၃။ | တန်ခိုးတော်ဖန် မောဂ္ဂလာန် .... | ၂၁ |
| ၄။ | အမေးတော်နှင့်-အဖြေတော် .... | ၂၂ |
| ၅။ | စောင်းတန်းသုံးခု-သိကြားပြု .... | ၂၄ |
| ၆။ | ပဥ္စသိခ-နတ်မောင်လှ သာစွနတ်စောင်းသံ .... | ၂၆ |
| ၇။ | အထင်နှင့် အမြင် .... .... | ၃၀ |
| | စိတ္တံ-စိတ်တရားတော်ကြီး .... .... | ၃၄ |
| ၈။ | စိတ်နောက်ကိုယ်ပါ လိုရာမရ ပူဒုက္ခ .... | ၃၆ |
| ၉။ | မှန်ပြီးရင်းမှန် အုံးအုံးသံ .... .... | ၃၇ |
| ၁၀။ | ဥဒ္ဒုမြာတက သံဝေဂ .... .... | ၄၃ |
| ၁၁။ | ပါဠိတော်လာ စက်ပျက်ပုံဂါထာ .... | ၄၅ |
| ၁၂။ | ရယ်ကာ-မောကာ မေးကြရှာ .... | ၅၀ |
| ၁၃။ | ဥပဒေသ .... .... | ၅၂ |
| | အာမခံလျှောက်လွှာ ဆွမ်းဒါနဒေသနာ .... | ၅၃ |
| ၁၄။ | ဆွမ်းအမ သုကေသီ .... .... | ၅၆ |
| ၁၅။ | ဆင်းရဲလို့ စခန်းမကြီးနိုင်ဘဲ ဝမ်းနည်းပုံဂါထာ .... | ၆၁ |
| ၁၆။ | အချက်ထဲကျမှ အခက်အခဲ လုပ်၍ထားလိုက်ပုံ .... | ၆၇ |
| ၁၇။ | အဂ္ဂမဟေသီ ဖြစ်တော့မည် .... .... | ၇၃ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈။ | ဥပဒေသ .... .... | ၇၄ |
| ၁၉။ | စေတနာ့ဂုဏ်ရည်တရားတော် .... .... | ၇၅ |
| ၂၀။ | အတင်းသုတ်လို့ ထမင်းတထုပ်ရခြင်း .... | ၇၉ |
| ၂၁။ | ဇနီးမောင်နှံ ဘုရားထံ .... .... | ၈၂ |
| | ဘုရားဂုဏ်တော် အာနုဘော်တရားတော်ကြီး .... | ၉၃ |
| ၂၂။ | သူငယ်ချင်းနှစ်ယောက် ဝတ္ထု .... | ၉၅ |
| ၂၃။ | ပြုတုန်းမျက်မှောက် အကျိုးရောက် .... | ၉၇ |
| ၂၄။ | အကြံရသဖြင့် ဟန်ကျ၍သွားပုံ .... | ၉၉ |
| ၂၅။ | ဘုရားဂုဏ်တော်ဘွဲ့ဂါထာ မှတ်စရာ .... | ၁၀၄ |
| ၂၆။ | ဥပဒေသ .... .... | ၁၀၆ |
| | သမုဒယဖြတ်ပုံကို ခတ်စုံစုံဖေါ်ပြသော သုဒိန္န တရားတော်ကြီး .... .... | ၁၀၈ |
| ၂၇။ | ဝေဠုဝန်ရွှေကျောင်း၌ ကိန်းအောင်းတော်မူစဉ် .... | ၁၁၀ |
| ၂၈။ | စာရင်းအကျယ် ရှင်းတော့မယ် .... | ၁၁၃ |
| ၂၉။ | အညာမပေးဘဲ အဝါသွေးဝတ်ပုံ .... | ၁၂၀ |
| ၃၀။ | လင်ချောနှင့်သားချောအမတို့က ဘုရားဂေါတမကို ငြူစူကြခြင်း .... .... | ၁၂၁ |
| ၃၁။ | အမျိုးသမီးများ၏ အစည်းအဝေးကြီးကဆုံးဖြတ်ချက် | ၁၂၂ |
| ၃၂။ | ကာလသားငနဲ့အနုပ်ဘို့က အကဲခတ်ကြပြီ .... | ၁၂၉ |
| ၃၃။ | ယသော်ဓရာမိန်းမမြတ်၏ မေတ္တာဓာတ်ထက်သန်ပုံ | ၁၄၆ |
| ၃၄။ | အလိုဆန္ဒ မညီမျှ နာနာဆန္ဒဇာတ် .... | ၁၅၀ |
| ၃၅။ | ဦးသုဒိန်ကိုယ်တော် တောရပျော် .... | ၁၅၃ |
| ၃၆။ | ယူကြုံးမရ ကုက္ကုစ္စ .... .... | ၁၆၅ |
| ၃၇။ | ဖွတ်မရ-ဓားမဆုံး နှင့် ဖေါင်မရ-ဓားမဆုံး အထူး.... | ၁၆၇ |
| ၃၈။ | တတိယတွဲ-အကြောင်း .... .... | ၁၇၃ |

စိရံ တိဋ္ဌတု
သဒ္ဓမ္မော

# ဓမ္မရံသီ-တရားစာ

## ဒုတိယတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁

### ပဋ္ဌဂုဏံ အဟံ ဝန္ဒာမိ

(က) "ဝိသုဒ္ဓ"ကရုဏာဉာဏံ၊
ဗုဒ္ဓံ သမ္ဗုဒ္ဓ ပူဇိတံ။
ဓမ္မံ သမ္ဗုဒ္ဓ သမ္ဘူတံ၊
နတွာ သံဃံ နိရင်္ဂဏံ။ ။ (ကျော်)

(ခ) နမော တေ ဗုဒ္ဓဝီရတ္ထု၊
ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓ ပဋိပန္နောသ္မိ၊
တဿ မေ သရဏံ ဘဝ။ ။ (သံယုတ်)

(ဂ) န မေ တပ္ပစ္စယာ အတ္ထိ၊
သရီရသ္မိံ ဝိဝဏ္ဏိယ။
ပီတိသုခေန ရတိယာ၊
ဝီတိနာမေတိ တံဒိဝံ။ ။ (စရိယာပိဋက)

(ဃ) "ရတနာသုံးပါး၊ ဆရာများနှင့်၊ နှစ်ပါးမိဘ၊ ဂုဏ်နန္တကို၊ တုပ်ကွရှိကျိုး၊ ရှိမြတ်နိုးသည် ... ကောင်းကျိုး လျင်ဆော၊ ရစေသော၀။"

အမျိုးကောင်းသမီး,သားများ မှတ်သားနည်းယူဘွယ်ကောင်းလှသော

# ဩဝါဒနှင့် နောဝါဒတရားတော်ကြီး

သဗ္ဗပါပဿ အ ကာရဏံ၊
ကုသလဿုပ သမ္ပဒါ။
သ စိတ္တ ပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။ ။

(ဓမ္မပဒပါဠိတော်)

သဗ္ဗပါပဿ၊အကုသလဟူသမျှကို။ အကာရဏံ၊ ကိုယ်,နှုတ်ကြံစည်ကံသုံးလီဖြင့် မသိဝံ့ရှား ရှောင်ကြဉ်၍ ထားရှိနိုင်ခြင်းသည်၎င်း။ ကုသလဿ၊ အပြစ်ကင်းကွာ လွန်စွာဖြူဆွ ကုသလဓာတ်အား မြတ်တရားကို။ ဥပသမ္ပဒါ၊ ပေါများပြည့်စုံစေခြင်းသည်၎င်း။ သ စိတ္တပရိယောဒပနံ၊ ပိတ်ဆီးနီဝရဏ ပယ်ခွါချ၍ ထိုက်သမျှ အားအင် (မိမိ၏စိတ်ဓာတ်တရားကို) ဖြူစင်စေခြင်းသည်၎င်း။ ဣတိ၊ ဤသို့။ တိဓာ၊ သုံးပါးအပြားရှိ၏။ ဧတံ၊ ဤသည်လျှင်။ ဗုဒ္ဓါနံ၊ ပွင့်တော်မူပြီး ပွင့်တော်မူဆဲ ပွင့်တော်မူလတ္တံ့ ကုန်သော ဘုရားကိုယ်တော်မြတ် ဟူသမျှတို့၏။ သာသနံ၊ အစဉ်လက်စွဲ အမြဲဆုံးမတော် မူအပ်တဲ့ ဩဝါဒ ဒေသနာ ဓမ္မတာလက်ရိုးကြီး မှန်လှပါပေသတည်း။

ယခုဒေသနာတော်၏အရ အချက်ကြီးသုံးချက်ကို လက်စွဲလက်ကိုင် ကိုယ်ပိုင်ရရှိနိုင်ဘို့ အရေးကြီးလှပါပေတယ်။

၁။ အကုသိုလ်ဟူသမျှ မပြုမလုပ်ဘဲရှောင်ကြဉ်နိုင်ရန်။

၂။ ကုသိုလ်တရားများကို ပွါးများပြည့်စုံနိုင်စေရန်။

၃။ လာဘ်များခြင်း, လာဘ်မများခြင်း၊ ချမ်းသာခြင်း, ဆင်းရဲခြင်း၊အခြံအရံအကျော်အစောရှိခြင်း,မရှိခြင်း၊ အကဲ့ရဲ့ခံရခြင်း, အချီးမွမ်းခံရခြင်းလို့ဆိုတဲ့ လောကဓံ,အနိဋ္ဌစသောလောကဓံတရားတို့အတွက် တလက်လက်တောက်ပနေတဲ့ စိတ်ကလေးကို မညစ်မနွမ်းစေရ ဖြူဖြူစင်စင် ရှိစေခြင်းတဲ့။ အဲဒီတရားသုံးချက်ကို တသက်လုံးဂရုစိုက်နိုင်လျှင် အမြိုက်နိဗ္ဗာန်နှင့် မဝေး

ဘူးလို့သာ ယုံကြည် မှတ်သား လိုက်ကြပေတော့၊ ထိုသုံးပါးတို့ အနက် အကုသိုလ်ကိုမပြုကြနှင့်ဆိုတဲ့အချက်ဟာ အရေးအကြီးဆုံးပါဘဲ၊ အဘယ် ကြောင့်ပါလဲလို့ ဆိုတော့ "မချစ်သော်လဲ-မမုန်းစေနှင့်၊ မမြတ်သော်လဲ- မရှုံးစေနှင့်" ဆိုတဲ့အတိုင်း၊ လူဘဦးတယောက်က လူဘဦးတယောက်ကို မချစ်ရုံမျှဖြင့် မုန်းတယ်လို့ မဆိုနိုင်ဘူးပေါ့၊ မချစ်သည့်အတွက် ပြစ်ချက် မဖွင့်နိုင်သော်လဲ မုန်းလျှင် အပြစ်ရှိလာရတော့တယ်၊ ကုန်တခုကိုရောင်း လျှင် မမြတ်ရုံမျှဖြင့် ရှုံးတယ်သို့မဆိုနိုင်ဘူး အရင်းရလျှင်တော်ပေပြီ၊အဲတာ လိုဘဲ ကုသိုလ်မပြုမလုပ်ရုံမျှဖြင့် အပြစ်မဆိုသာသေးဘူး၊ ကုသိုလ်ကိုမပြုတဲ့ အပြင် အကုသိုလ်တောထပြီး မောဟမှိုင်းပိတ်ကာ အဝိဇ္ဇာတဏှာနယ်ပယ် ချဲ့လာလျှင် ကွဲ့ရှဲခံရတော့မကိုးလို့မှတ်သားလိုက်ကြပေတော့၊အကုသိုလ်ကို တားဆီးဘို့နည်းကတော့ "သီလ" ကုသိုလ်စေတနာဘဲ၊ သီလကလဲ စာရိတ္တ သီလ, ဝါရိတ္တသီလရယ်လို့ နှစ်မျိုးရှိတယ်၊ ဝါရိတ္တသီလဆိုတာ ဒီအမှုကို မပြုနှင့် မလုပ်နှင့် မကျူးလွန်မကျော်နင်းကြနှင့်လို့ ဘုရားအစရှိတဲ့အရိယာ သူတော်ကောင်းတို့ကတားမြစ်တော်မူ၍ထားတဲ့ သိက္ခာပုဒ်တော်တွေပေါ့၊ ဥပမာ-သူ့အသက်မသတ်နှင့်, သူ့ဥစ္စာမခိုးနှင့်, သူ့သားအိမ်ယာမပြစ်မှားနှင့် ဆိုတဲ့ သိက္ခာပုဒ်သီလမျိုးတွေကိုဆိုလိုဘယ်၊ စာရိတ္တသီလ ဆိုတာကတော့ ရတနာသုံးပါး ဆရာသမား အမိအဘတို့၏ဝေယျာဝစ္စများကို ဆောင်ရွက်မှု မျိုးတွေပေါ့။မကောင်းမြစ်တာကောင်းရာညွှန်ပြလို့ဆိုတဲ့ ဆရာသမားတို့၏ ဝတ္တရားအတိုင်းဘဲ၊ ယခုလိုတွေ့ကြ ကုံကြ ဆုံလာကြတဲ့အခါ အဆုံးအမ ဩဝါဒဒေသနာတရားများကို ဟောကြားပြသရပေလိမ့်မယ်။ပုဂ္ဂလဒိဋ္ဌာန် ပုဂ္ဂိုလ်ကိုင့်ပြီး မှဲ့မှဲ့ရှဲ့ရှဲ့ ကွဲ့ရှဲ့တဲ့အနေအစားနှင့် အဆုံးအမ တရားကို ဟော ကြားပြသမှာ မဟုတ်ဘူးနော်၊ မမှားတန်ဘဲနှင့်မမှားကြရအောင်၊မလွဲတန် ဘဲနှင့် မလွဲကြရအောင် မေတ္တာ ကရုဏာ ရှေ့ဆောင်ပြီး "ပါပ ဂရဟိဘ" တရားသဘောတွေကို ဖေါ်ပြဟောပြောမှာပါဘဲတဲ့။ လက်ငင်း အပြစ်ရှိ နေတဲ့ အနေအစားမျိုးကြောင့် ဆုံးမတာလဲ မဟုတ်ဘူး၊ စင်စစ်အား ဖြင့် "လာမည့်ဘေး အဝေးကရှောင်ရမယ်" ဆိုတဲ့အတိုင်း (သမ္မာဒိဋ္ဌိ ကမ္မသာ ကတာ) ပကတိစင်စင်ကြယ်ကြယ်မှာ အဘယ်အကုသိုလ် အညစ်အကြေးမှ မဝင်လာစေရန် ရှောင်ရန်-ကြဉ်ရန် နည်းကောင်း-လမ်းကောင်းခမ္မ ညွှန်ပြ နေတာဘဲလို့ ဆိုဘာကိုလဲ အထူး သတိထားကြရမယ်၊ တရားနာ ပရိသတ် ပုဂ္ဂိုလ်တို့၏အလိုအကြိုက်ကို လိုက်ပြီး ဟောမနေနိုင်ဘူး၊ ဓမ္မဒိဋ္ဌာန် တရား

သဘောတွေကိုသာဟောပြောတော့မယ်၊ တပည့်တော် တပည့်တော်မတို့ကို ဒီလိုချည်းဘဲ နေ့စဉ်နေ့တိုင်း လာရောက်ဆုံးမတော်မူပါဘုရားလို့ အတင်း အကြပ်ပင့်စေဦးတော့၊ ဦးပဥ္ဇင်းတို့က တာလိုလဲ နေ့စဉ်နေ့တိုင်း ဆုံးမ မဟောပြောနိုင်ပါဘူး။

## သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား၏တရားတော်မှန်လျှင်၊ ပုဂ္ဂိုလ်ခွဲမခွဲ ပုဂ္ဂလဓိဋ္ဌာန်မရွေး၊ လေးလေးမြတ်မြတ် နာယူကျင့်ကြံ အားထုတ်သင့်ကြကြောင်း

အခါတပါး၌ (ဦးပဥ္ဇင်းတို့) ဘဂဝါဘုရားသည် ဂေါသိင်္ဂ ဆိုတဲ့ အင်ကြင်းမြိုင်မှာ အခိုင်ခိုင်မြိုင်မြိုင်ဆိုင်ဆိုင် ဖူးစဉ်ပွင့်စဉ် မွှေးပျံ့ကြိုင်လှိုင်စဉ် သီတင်းသုံးစံနေတော်မူသတဲ့။ လောကသုံးခွင် ဘုံအပြင်မှာ လွန်စွာလွန်စွာ ထင်ရှား ကျော် စော တော် မူသတဲ့။ တပည့် သာဝကကြီးတွေ ခြံရံလျက် ပျော်စံသီတင်းသုံးတော်မူသတဲ့။

(၁) အရှင်သာရိပုတ္တရာ၊ (၂) အရှင် မဟာ မောဂ္ဂလာန်၊ (၃) အရှင်မဟာကဿပ၊ (၄) အရှင်အနုရုဒ္ဓါ၊ (၅) အရှင်အာနန္ဒာ၊ (၆) အရှင်ရေဝတ- အစရှိတဲ့ သီလ, သမာဓိ, ပညာဂုဏ် ပြည့်စုံ ထင်ရှား အရှင်မြတ် အများအပြားတို့နှင့် ပါဘဲတဲ့။ အဲတာလို အင်ကြင်းပန်းတွေ တကြိုင်ကြိုင် တလှိုင်လှိုင် အင်ကြင်းမြိုင်ကြီးကလဲအလွန်စည် နေရီရီညနေ ချမ်း ကမ္မဋ္ဌာန်းစီးဖြန်း ဝင်စားရာမှ ထွက်လာတော်မူကြတဲ့ အရှင်မဟာ မောဂ္ဂလာန်နှင့် အရှင်မဟာကဿပတို့သည်"အာယာမ အာဝုသော ယေန အာယသ္မာ သာရိပုတ္တော၊ တေနုပသင်္ကမိဿာမ ဓမ္မဿဝနာယာတိ" အရှင်ဘုရား၊ လာပါ သွားကြပါကုန်စို့၊ အရှင်သာရိပုတ္တရာထံ သွားပြီး "တရားနာကြရအောင်" အဲတာလို ဖေါ်ပြခဲ့တဲ့ အရှင်မြတ် ခြောက်ပါးတို့ သည် ပင်လုံးကျွတ်ပွင့်နေကြတဲ့အင်ကြင်းမြိုင်မှာ ထိုင်တော်မူကြ စည်းဝေး မိကြပါရောတဲ့။

ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်မြတ်က "ငါ့ရှင် အာနန္ဒာ" အပြစ် အနာ အဆာ ကင်းလွတ်တဲ့ည ဂေါသိင်္ဂအင်ကြင်းတောကြီးကလဲ လွန်စွာ မွှေလျော်ဘွယ်ကောင်းလှတယ်၊ (သဗ္ဗဖါလိဖုလ္လာ) ပင်လုံးကျွတ် အင်ကြင်းပန်းတွေကလဲပွင့်၊ (ဒိဗ္ဗာ မညေ ဂန္ဓာ သမ္ပဝန္တိ) နတ်ပြည် နတ် နန်းက နတ်ပန်းနံ့တွေလို တလှိုင်လှိုင် တကြိုင်ကြိုင် သင်းပျံ့ မွှေးကြူ၍ နေ

ပေဘယ်။ အဘယ်ကဲ့သို့သောရဟန်းဖြင့်၊ ဝါ၊ အဘယ်ကဲ့သို့သော ရဟန်းသည် ဂေါသိင်္ဂအင်ကြင်းတောကို(ပိုမို၍)တင့်တယ်စေနိုင်ပါမည်နည်း....။ အဲတာလို အမေးပုစ္ဆာ ထုတ်လေဘော့၊ အရှင်အာနန္ဒာ မထေရ်မြတ်က– အရှင်ဘုရား သာရိပုတ္တရာ၊ ဤသာသနာတော်၌ များသောအကြားအမြင်ရှိပါ၏၊ ကြားနာထားပြီးသော တရားကိုဆောင်၏၊ထိုတရားကိုဆည်းပူး၏၊ အကြင်တရားတို့သည် အစ-အလယ်-အဆုံးအားလုံးကောင်းမြတ်၏၊ အနက်သဒ္ဒါနှင့်ပြည့်စုံ၏၊ထက်ဝန်းကျင်ပြည့်စုံ၏၊ စင်ကြယ်သော အကျင့်မြတ်ကိုလည်း ညွှန်ပြ၏၊ ထိုရဟန်းသည် ထိုဘရားတို့ကို များစွာကြားနာ၍ထားကုန်၏ နှုတ်တက်အာဂုံဆောင်ထားကုန်၏၊နှုတ်ဖြင့် ရွတ်အံ သရဇ္ဈာယ်ကုန်၏၊ စိတ်ဖြင့်ကြံစည်ထားကုန်၏၊ဉာဏ်အမြင်ဖြင့် ကောင်းစွာ ထိုးထွင်း၍သိထားကုန်၏၊ထိုရဟန်းတို့သည် ပရိသတ်လေးပါးတို့အား(အနုသယ)ကင်းကွာစေခြင်းငှါ၊ပီပီသသပြတ်ပြတ်သားသား တရားတော်အစီအစဉ်ကို ဟောကြား၏၊ငါ့ရှင်သာရိပုတ္တရာ ဤကဲ့သို့သောရဟန်းဖြင့်(ဝါ)ရဟန်းသည် ဂေါသိင်္ဂအင်ကြင်းတောကို(ပိုမို၍)တင့်တယ်စေနိုင်ရာပါ၏၊ (ဤသို့ ဖြေဆိုလျှောက်ထားလေ၏။)

တဖန်-အရှင်သာရိပုတ္တရာမထေရ်မြတ်က ဤနည်းအတိုင်း အရှင်ရေဝတကို မေးမြန်းတော်မူပြန်တယ်။ အရှင်ရေဝတက ဖြေကြားတော်မူသည်မှာ၊ 'အရှင်သာရိပုတ္တရာမထေရ်မြတ်အရှင်ဘုရား' ဤသာသနာတော်၌ သာသနာ့ဝန်ထမ်းရှင်ရဟန်းသည်၊မခေါ်အပို ဖေါ်မလိုဘဲ တကိုယ်တည်းထီး တပါးထီးတည်း ကိန်းအောင်းနေထိုင်ရာ၌ပျော်ပိုက်၏၊မိမိစိတ်၏ ငြိမ်းအေးမှု၌ မပြတ်အားထုတ်လျက်ရှိ၏၊ (ဈာန် သမာဓိ) ကိုလည်း ဖျက်ဆီးခြင်းမရှိ၊ ဝိပဿနာဉာဏ်နှင့်ပြည့်စုံ၏၊ ဆိတ်ငြိမ်ရာတို့ကိုလည်း ပွားစေ၏၊ အရှင်ဘုရားသာရိပုတ္တရာ ဤကဲ့သို့သောရဟန်းဖြင့်၊ (ဝါ) ရဟန်းသည် ဂေါသိင်္ဂ အင်ကြင်းတောကို (ပိုမို၍) တင့်တယ် စေနိုင်ရာပါ၏၊ (ဤသို့ လျှောက်ထားလေ၏။)

အစဉ်အတိုင်းမေး၍ အစဉ်အတိုင်းဖြေဆိုကြသည်မှာ–

(အရှင်အနုရုဒ္ဓါ၏အဖြေမှာ) အရှင်ဘုရားသာရိပုတ္တရာ၊ဥပမာသော်ကား-(ပညာ)မျက်စိအမြင်ရှိသောယောကျ်ားသည် ပြာသာဒ်မြတ်အထက်သို့တက်လျက် (လှည်းဘီးစက်)အကွပ်,အဝိုင်း,အထောင်ကို ကြည့်ရာသကဲ့

သို့ ဤအတူပင်လျှင် ရဟန်းသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့် တူသောမျက်စိ၊ ဒိဗ္ဗစက္ခုဖြင့် လောကဓာတ်အထောင်ကိုကြည့်ရှုနိုင်၏၊အရှင်သာရိပုတ္တရာ-ဤကဲ့သို့သော ရဟန်းဖြင့်(ဝါ)ရဟန်းသည် ဂေါသိင်္ဂအင်ကြင်းတောကို(ပို၍)တင့်တယ် စေနိုင်ရာပါ၏။ (ဤသို့လျှောက်ထားလေ၏။)

(အရှင်မဟာကဿပ၏ အဖြေမှာ) ဤသာသနာတော်၌ ရဟန်းသည် မိမိကိုယ်တိုင်လည်း အရညကင်ဓုတင်၊ပိဏ္ဍပါတ်ဓုတင်၊ ပံသုကူဓုတင်၊ တိစီဝရိတ်ဓုတင်ကို ဆောင်၍ ကျေးဇူးဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏။ မိမိကိုယ်တိုင်လည်း အလိုနည်းပါးသူ၊ ရောင့်ရဲလွယ်သူ၊ ကိလေသာကို ကင်းဆိတ်သူ၊ ရောနှောခြင်းမရှိသူ၊ လုံ့လဝီရိယရှိသူ၊ အကျင့်သီလနှင့်ပြည့်စုံသူ၊ သမာဓိနှင့်ပြည့်စုံသူ ပညာဉာဏ်နှင့် ပြည့်စုံသူ၊ အရိယဖိုလ်-ပစ္စဝေက္ခဏာဉာဏ်နှင့်ပြည့်စုံသူ၊ ဂုဏ်ကျေးဇူးကို ပြောဆိုလေ့ရှိသူဖြစ်၏။ ဤကဲ့သို့သော ရဟန်းသည် ဂေါသိင်္ဂ အင်ကြင်းတောကို (ပို၍) တင့်တယ်စေနိုင်ရာပါ၏။ (ဤသို့လျှောက်ထားလေ၏။)

(အရှင်မောဂ္ဂလာန်၏အဖြေမှာ) ငါ့ရှင်သာရိပုတ္တရာ-ဤသာသနာတော်၌ ရဟန်း ၂-ပါးတို့သည် အဘိဓမ္မာစကား ပြောဆိုကုန်၏၊ အချင်းချင်းပြဿနာကိုလည်း မေးကုန်၏၊ အချင်းချင်း ဖြေကြားကုန်၏၊ ဤကဲ့သို့သော ရဟန်းသည် ဂေါသိင်္ဂအင်ကြင်းတောကို(ပို၍)တင့်တယ်စေနိုင်ရာပါ၏။ (ဤသို့လျှောက်ထားလေ၏။)

တဖန် အရှင်မဟာမောဂ္ဂလာန်က အရှင်သာရိပုတ္တရာအား ငါ့ရှင်သာရိပုတ္တရာ-အားလုံးပင် မိမိ၏ထင်မြင်ချက်အတိုင်း ဖြေကြား၍ ပြီးကြလေပြီ၊ ငါ့ရှင်သာရိပုတ္တရာ၏ အဖြေကိုလည်း ကြားနာလိုကြကုန်၏-ဟု လျှောက်ထားသဖြင့်။ အရှင်သာရိပုတ္တရာ၏အဖြေမှာ၊ ငါ့ရှင်မောဂ္ဂလာန် ဤသာသနာတော်၌ ရဟန်းသည် “စိတ်” ကို မိမိအလိုအတိုင်း ဖြစ်စေ၏၊ “စိတ်”၏ အလိုအတိုင်း မဖြစ်ပေ၊ (မှတ်ထားချက်) ရဟန်းနှင့် စိတ် ပညတ်နှင့် ပရမတ် တခြားစီဖြစ်ပုံကို သတိပြုပါလေ။

မည်သည့်အချိန်အခါမှာမဆို(အချိန်မရွေး)မိမိဝင်စား၍ နေလိုရာ သမာပတ်ဖြင့် ဝင်စား၍ နေနိုင်၏၊ ငါ့ရှင်မောဂ္ဂလာန် - ဤကဲ့သို့သော ရဟန်းဖြင့်(ရဟန်းသည်) ဂေါသိင်္ဂအင်ကြင်းတောကို(ပို၍)တင့်တယ်စေ နိုင်ရာပါ၏-ဟု (လျှောက်ထားလေ၏။)

တဖန်-အလုံးစုံသော ရဟန္တာ အရှင်မြတ်တို့သည် မြတ်စွာဘုရား အထံတော်သို့ ရိုသေစွာချဉ်းကပ်၍ ဖြစ်ရပ်အဖြေတို့ကို လျှောက်ထားကြလေကုန်၏။ ထိုအခါ မြတ်စွာဘုရားသခင် ကိုးဂုဏ်ရှင် ကိုယ်တော်မြတ်က သာရိပုတ္တရာ သင်တို့အားလုံး၏ စကားသည် ကောင်းစွာ ဆိုအပ်သော စကားများပင် ဖြစ်ပေသည်။ သို့သော် ငါဘုရား၏ စကားကိုလည်း နားထောင်ကြကုန်ဦးလော့။ ဤသာသနာတော်၌ ရဟန်းသည် ဆွမ်းအလှူခံ ယူရာမှပြန်ခဲ့၍၊ ဆွမ်းစားပြီးနောက် ထက်ဝယ်ဖွဲ့ခွေ(တင်ပလ္လင်ခွေ)ပြီးလျှင် ကိုယ်ကိုဖြောင့်မတ်စွာထား၍ (ကမ္မဋ္ဌာန်းသို့)ရှေးရှု(သတိကို)ဖြစ်စေလျက်၊ အကြင်မျှလောက် ငါ၏စိတ်သည် (တစ်စုံတခုသော)အာရုံကို တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလန်းမူ၍ အာသဝေါတရားတို့မှ မလွတ်မြောက်သေး၊ ထိုမျှလောက် ငါသည် ဤထက်ဝယ်ဖွဲ့ခွေ(တင်ပလ္လင်ခွေ)နေခြင်းကို မဖျက်တော့အံ့—ဟု အဓိဋ္ဌာန် (ဆောက်တည်၍) ထိုင်နေ၏၊ (သာရိပုတ္တရာ) ဤကဲ့သို့သော ရဟန်းဖြင့်(ဝါ)ရဟန်းသည် ဂေါသိင်္ဂအင်ကြင်းတောကို(ပိုမို၍)တင့်တယ်စေနိုင်ရာပါ၏—ဟု မြတ်စွာဘုရားက ဤတရားကို ဟောကြားတော်မူလေသတည်း။

ရဟန္တာအရှင်မြတ်တို့သည်မြတ်စွာဘုရား၏တရားတော်ကိုကြားနာကြရကုန်သောကြောင့် အလွန်တရာ ဝမ်းသာနှစ်သက်ကြလေကုန်၏-တဲ့။

ဤမဟာဂေါသိင်္ဂသုတ်တော်၌ မေ့သဝနာယ တရားနာကြရန် ဆိုတဲ့စကားကို သတိထားကြစေလိုတယ်၊ သမ္မာသမ္ဗုဒ္ဓ-မြတ်စွာဘုရား၏ တရားတော်မှန်လျှင် သူနှယ် ငါနှယ် ဉာဏ်ငယ်သည့် ပုဂ္ဂိုလ်တို့ကို မဆိုနှင့်ထားဘိဦး၊ တေဒဂ်ဘွဲ့တံဆိပ်တော်ရ ရဟန္တာအရှင်မြတ်များပင် (အချင်းချင်း)တရားနာယူကြပါသည်ဘကား-ဆိုတဲ့ ဥပဒေသမှတ်တမ်းကို သခ်ဏ်းစာယူကြစေလိုတယ်။ (၁)အရှင်အာနန္ဒာက ပရိယတ်-ပိဋကတ် ဗဟုသုတတရားဟော၊ (၂)အရှင်ရေဝတက တောမြိုင်အုပ်တနေရာရာမှာ ကေစာကျင့်သုံးကြဘို့ တရားဟော၊ (၃) အရှင်အနုရုဒ္ဓါကတော့ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် မြေတခွင်-ရေဘခွင်-ကောင်းကင်တခွင်လုံး ကြည့်ရှုနိုင်တဲ့ တရားဟော၊ (၄)အရှင်မဟာကဿပကတော့ အရည်ာကင်အဇရှိတဲ့ ဓုတင်တရားဘွဲ့ဟော၊ (၅) အရှင်မဟာမောဂ္ဂလာန်ကတော့ အဘိဓမ္မာတရားတွေဟော၊ (၆)အမေးပုစ္ဆာကိုထုတ်တဲ့ အရှင်သာရိပုတ္တရာကတော့ စိတ်အလို

ကိုယ်မလိုက်မူ၍ ပညာရှိ သူတော်ကောင်းတို့၏ အလိုရှိသလိုသာလျှင် စိတ်ခါတ်က လိုက်အောင် အားထုတ် ကျင့်ကြံရမည့် တရားပေါ။ ။ ကိုးဂုဏ်တော်ရှင် ဘုရားသခင်ကတော့၊ အို-ချစ်သား - ချစ်သမီးတို့ တရား မမ္မများကိုလဲ ဟောကြပြောကြရမည်၊ ကြားနာတဲ့ပုဂ္ဂိုလ်များကလဲ ကြား နာကြရမည်၊ သစ္စာဉာဏ်ဖြင့် အမှန်ကို သိရှိနားလည်ကြ ပြီးတဲ့နောက် ကိစ္စ ဉာဏ်ဖြင့် မှန်မှန်ကြီးအလုပ်လုပ်ကြရမည်၊ ကတဉာဏ်ဖြင့် တမဂ်တဖိုလ် ရက် တိုတိုနှင့်ရကြရန် ကျကျနန အလုပ်လုပ်ကြရမည်ဟု ထက်ဝယ်ဖွဲ့ခွေ (တင် ပလ္လင်ခွေ)ပြီးလျှင် ကိုယ်ကာယကို ဖြောင့်ဖြောင့်မတ်မတ်ထား၊ ကမ္မဋ္ဌာန်း သို့ ရှေးရှု၊ (သတိ) ကိုဖြစ်စေလျက် အကြင်မျှလောက်ငါ၏စိတ်သည်(တစုံ တခု)သောအာရုံကို တဏှာ-ငါ၊ မာန-ငါ၊ အတ္တဒိဋ္ဌိ-ငါတို့ဖြင့် မစွဲလန်းမူ၍ အာသဝေါတို့မှမလွတ်မြောက်သေး၊(ဝါ)အနည်းဆုံးအတ္တဒိဋ္ဌိဘေး၊ အတ္တ ဝါဒုပါဒါန်ဘေးမှမလွတ်မြောက်သေး၊ ထိုမျှလောက် ငါသည် ထက်ဝယ် ဖွဲ့ခွေ(တင်ပလ္လင်)ခွေကို မဖျက်တော့အံ့ဟူ၍ အဓိဋ္ဌာန်ဆောက်တည်လျက် (ကမ္မဋ္ဌာန်းထိုင်နေ၏)၊ (ဝါ) ကမ္မဋ္ဌာန်း ထိုင်ခြင်းဖြင့် ပကတိအင်ကြင်း တောကြီးကို (ဝါ) သာသနာတော် သုံးရပ်ကို အထူးပိုမို၍ တင့်တယ်စေ ရာ၏....လို့ ဟောတော်မူသည့်အတိုင်း ပါရမီဆယ်ပါး တရားအလုပ်တို့ကို အားထုတ်ကြိုးစားကြပါကုန် သူတော်ကောင်းတို့။

## ဆုံးမထိုက်လို့ ဆုံးမလိုက်သော နတ်သမီးဝတ္ထု

သိဃ်ပုပ္ဖဇာတ် (နိပါတ်တော်ထွက်)

ဦးပဉ္စင်းတို့မြတ်စွာဘုရားအလောင်း နုတော်မူစဉ်ဘဝက လူ့ပြည်- လူ့နယ်မှခွါထွက်ပြီး တောနက်"ပဒုမသရ"ကြာပန်း ကြာရုံတွေကြိုင်လှိုင်တဲ့ ကြာနန်းရေအိုင်တခုကိုအမှီပြုပြီး တောကျောင်းကလေး ဆောက်လုပ်နေ ထိုင် စံပျော်တော်မူ၍နေသတဲ့၊ ရသေ့-ရဟန်းအဖြစ်နှင့်ပေါ့လေ၊တနေ့ သဉ္ဈ ရေအိုင်အတွင်းသက်ဆင်းတော့ အလှန်အမင်း လှပတင့်တယ်တဲ့ကြာပန်းရုံ ကြီးမှ ပဒုမ္မာကြာပန်းကြီးတပွင့် စွင့်စွင့်ငွါးငွါး မွှေးကြိုင်နံ့ တဖွားဖွားနှင့် ပွင့်ကားနေပုံကိုတွေ့မြင်ရလေတော့"ဂန္ဓာရမ္မဏ ဃာနဝိညာဏ ဓာတုယာ" ဆိုတဲ့အတိုင်း အလွန်မွှေးကြိုင်တဲ့ ပဒုမ္မာကြာပန်းနံ့များကို ခပ်ဝေးဝေးမှ

ခပ်အေးအေးရှုရှိုက်ခံစားတော်မူသတဲ့။ ထိုအတောအတွင်း"ရက္ခန္ဒဝိဝရ" အနီးရှိ သစ်ပင်ကြီး တပင်၏ ပင်စည် ပင်မအကြားမှ ဘွားကနဲ နတ်သမီး တယောက်ထွက်ပေါ်လာပါရောတဲ့၊ ထွက်ပေါ်လာပြီးတဲ့နောက် ဂါထာ ဖြင့် သာယာစွာပြောဆိုလိုက်ထာက—

ယ မေတံ ဝါရိဇံ ပုပ္ဖံ၊
အဒိန္နံ ဥပသိဃ်သိ။
ကေဂံမေတံ ထေယျာနံ၊
ဂန္ဓ ထေနောပိ မာရိသ။ ။

(ပါဠိဇာတ်ပါဠိတော်)

မာရိသ၊အို ဖန်ဝါဆင်မြန်းတဲ့ရှင်ရဟန်း။ အဒိန္နံ၊ အရှင်သည် ကိုယ် နှုတ်ဖြင့်မပေးအပ်သော။ ဝါရိဇံ၊ ဤရေအိုင်၌ကြိုင်လှိုင်ဖြစ်ပွား၍နေသော။ ဧတံပုပ္ဖံ၊ ဤပဒုမ္မာကြာပန်းခိုင်ကြီး၏အနံ့အထုံများကို။ ယံယသ္မာ၊အကြင့် ကြောင့်။ ဥပသိဃ်သိ၊ အရှင်ရဟန်းသည် အတွင်နမ်းရှူ၍နေပါ၏။ ဧတံ၊ ဤသို့ပိုင်ရှင်မပေးဘဲလျက် အဝေးကနမ်းရှူတော်မူခြင်းသည်။ ထေယျာနံ၊ ခိုးနည်း-ခိုးပုံအစုံစုံတို့တွင်။ ဧကင်ံ၊ တဘို့ဘစု၏အဖြစ်ဖြင့် စင်စစ်ပါဝင်၍ နေခဲ့ပါသတည်း။ တွံ၊ ဖန်ဝါဆင်မြန်း ရှင်ရဟန်းသည်။ ဂန္ဓထေနော၊ လေအောက်မှနေ ရေတွင်ရပ်ချို အနံ့သူခိုးသည်။အသိ၊စင်စစ်မခသွ အဖြစ် ကြီး ဖြစ်ခဲ့ချေပြီဘုရား။

အများသုံးတဲ့စကားကတော့ "လမ်းသွားရင်း-ငှက်သင့်" တယ်လို့ အဲတာလိုပြောဆိုသုံးစွဲကြတယ်၊ ယခုအလောင်းတော်မှာတော့ "ရေချိုး ရင်း-ငှက်သင့်"နေပါပေါ့ကလား၊ စိမ့်ကြီး-မြိုင်ကြီး ရိပ်ကြီးတောတောင်၏ အတွင်း အရှင်ကင်းတဲ့ရေအိုင်မှာ မွှေးကြိုင်တဲ့ကြာရုံပန်းကို ခပ်ဝေးဝေးက နမ်းမိရုံမျှဖြင့် အနံ့သူခိုးရယ်လို့ ပိုးစိုးပက်စက်အဆိုခံရလေတော့ အင်မတန် နာကျည်းတော်မူသွားတာပေါ့၊ ဟုတ်တယ်လေ ကြံကြံဖန်ဖန် အင်မတန် ရှက်ဘို့ ကောင်းသွား တာကလား၊ အဲဒီတော့ အလောင်းတော်ရသေ့က- "ဟော့-ငါ့ကို ဒီလိုမပြောပါနှင့်"ဆိုတဲ့သဘောနှင့် "ဒေါ" ခပ်ပါပါ ပြန် ပြောလိုက်ထာက တာလိုတဲ့-

န ဟာရာမိ န ဘဉ္စာမိ၊
အာရာ သိဃ်ာမိ ဝါရိဇံ။
အထ ကေနနု ဝဏ္ဏေန၊
ဂန္ဓထေနောတိ ဝုစ္စတိ။ ။

(ပါဠိဇာတ်ပါဠိတော်)

ဒေဝဓိတေ၊ အို-ဒါယိကာမနတ်သမီး။ အဟံ၊ ငါသည်။ န ဟာရာမိ၊ ကြာပင် ကြာပွင့်ကိုလည်း ငါမယူ။ န ဘဉ္စာမိ၊ ကြာခိုင် ကြာညွန့်ကိုလည်း ငါမချိုး။ အာရာ၊ ရေစပ်မှာတည် ရေကြည်ကိုချိုး ရေအိုးတည်ရ(ဝေးလှစွာသော)ဤဌာနမှ။ ဝါရိဇံ၊ ရေမှာပွင့်လန်းကြာမြိုင်နန်းကို။ ဝါ၊ ရေမှာပေါ်လင့် ရွှေကြာပွင့်ကို။ သိဃ်ာမိ၊ ဂန္ဓာရုံငွေ့ နှာဦးတွေ့၍ စေ့မြွေ နန်းရှူမိပါသတည်း။ အထ၊ ထိုသို့မထိမကိုင် ကြာမြိုင်ယှက်ထွေး ငါနှင့်ဝေးပါလျက်၊ တေနဝဏ္ဏေန၊ အဘယ်သို့သော အကြောင်းကြောင့်။ ဂန္ဓထေနောတိ၊ အနံ့သူခိုးဟူ၍။ ဝုစ္စတိ၊ ဣတ္ထိဘာဝ မိန်းမပါးစပ် ထင်တိုင်းဟပ်၍ အတပ်ပြောဆိုရပါလေသနည်း နတ်သမီး။

နတ်သမီးက တဆိတ်ကလေးကို တအိတ်လုပ်လိုက်တော့ စိတ်ရှုပ်တော်မူသွားမှာပေါ့လေ၊ တကာကြီး-တကာမကြီးတို့လဲ စဉ်းစားကြည့်ကြပါ၊ ကြာပန်းနှင့်ငါ အဝေးကြီးပါကို ဒါယိကာမနတ်သမီးက ဘယ်နည်းနှင့် သူခိုးဆိုပါသလဲလို့ ရေအိုင်ထဲက ပြန်မေးလိုက်ထာပါဘဲ။ ။အဲတာလို နတ်သမီးနှင့် အလောင်းတော် တကျော်ကျော် ရန်ဖြစ်တော့မလို ပြုလုပ်နေတဲ့အတောအတွင်းမှာ ယောကျ်ားကြီးတယောက် ကိုယ်လုံးကိုယ်ပေါက် ခပ်ထွားထွားနှင့် အားရှိပါးရှိ ရေအိုင်တွင်းမှာရှိတဲ့ ကြာရုံကြာပန်းတွေကို "တူး"လိုတာတူး "ခူး"လိုတာခူး အပွင့်အဖူးအရိုးအရွက်များကို ချိုးဖျက်ယူဆောင်လို့သွားပါရောတဲ့၊ ယောကျ်ားကိုတော့ တားမြစ်တဲ့သဘော ဘာစကားဆိုလို့ ဘာစကားတခွန်းမျှ နတ်သမီးကမပြောဘူးတဲ့၊ ဒီအချင်းအရာတွေကို အလောင်းတော်ကမြင်လေတော့၊ အို-ဒါယိကာမနတ်သမီး အဝေးကြီးက ရပ်တည်လျက် နေသူကိုတော့ သူခိုးသော သူဝှက်သောနှင့် ကြွက်လောည့်အောင် ရန်ထောင်စွပ်စွဲလို့ရှိခဲ့တယ်၊ ဟိုမှာကြည့်စမ်း....၊တူးလိုတာတူး ခူးလိုတာခူး အပွင့်အဖူး အရိုးအရွက်များကို ချိုးဖျက် ယူဆောင်၍

သွားသတဲ့၊ ဟိုယောကျ်ားကိုတော့ ဘာစကားမျှမပြော သဘောကို လင်း ပြစမ်းပါဦးလို့ အလောင်းတော်ကမေးလေတော့၊ နတ်သမီးက-

အာကိဏ္ဏလုဒ္ဒေါ ပုရိသော၊
ဓာတိစေလံဝ မက္ခိတော။
တသ္မိံ မေ ဝစနံ နတ္ထိ၊
တဥ္စာ ရဟာမိ ဝတ္တတေ။ ။

(ပါဠိဇာတ်ပါဠိတော်)

ဒီဂါထာစကားဖြင့် ပြန်ကြားပြောဆိုလိုက်သတဲ့-

ဘန္တေ၊ သခင်ဘုန်းတော် ရှင်ရသေ့။ ပုရိသော၊ ရသေ့အရှင် ယခု မြင်၍ ရှေ့တွင်ထွက်သွား ဤယောကျ်ားသည်။ အာကိဏ္ဏလုဒ္ဒေါ၊မကောင်း မှုလ ဟူသမျှတို့ဖြင့် တကုန်ရောပြွမ်း ကြမ်းဘန်း ခက်ထန်လှပါသည်ဘုရား။ ဓာတိစေလံဝ၊ ခလေးထိန်းနို့သည်မ၏ ထမီအဝတ်ကဲ့သို့။ (နို့ထိန်းခလေး ထိန်း မိန်းမ၏ ထမီအဝတ်သည် ခလေး၏ ကျင်ကြီး,ကျင်ငယ်,နှပ်,တံထွေး တို့ဖြင့် ရောထွေးယှက်တင်သဖြင့် အလွန်ညစ်နွမ်းသကဲ့သို့ ဤယောကျ်ား သည်လည်း ညစ်နွမ်းယုတ်မာသည်ဟု ဆိုလို၏)။ ဝါ၊ ဆီသည်မ၏ လက် သုတ်ပုဝါကဲ့သို့။ မက္ခိတော၊ စက်ဆုပ်စရာ ကြမ်းတန်းယုတ်မာလှပါသည် ဘုရား။ တသ္မိံ၊ အသိ အလိမ္မာ ပညာ ပါးရှား ထိုယောကျ်ား၌ (ထို ယောကျ်ား၏အပေါ်၌)။ မေ၊ ဘုရားတပည့်တော်မ၏။ ဝစနံ၊ ပြောလိုက် ဆိုလိုက်တဲ့ အဘိုးထိုက် အဆုံးအမစကားများသည်။ နတ္ထိ၊ မတည်ရှိးမှန်လှ ပါသည်ဘုရား (မလိုက်နာရှိး မှန်လှပါသည်ဘုရား)။ တဥ္စ၊ အရှင်ဘုရားကို ကား။ ဝတ္တဝေ၊ နဂိုရ်ပကတိက ယဉ်ကျေးသဖြင့် သတိပေးဆုံးမပြောဆိုပါ ခြင်းငှါ။ အရဟာမိ၊ အမှန်ဘဲသင့်လျော်၍ ခွင့်တော်ထိုက်တန်လှပါသည် ဘုရား။

တို့တကာ-တကာမတွေ နတ်သမီးပြောပြ-ချေလဲတဲ့စကားကို သတိ ထားပြီး နားထောင်လိုက်ကြပါ။ ဒုဗ္ဗဇသဘော၊ အကောင်းသော အဆိုး သောမသိ။ အတိမုဋ္ဌ၊ ဆီသည်မ,ခလေးထိန်းမ,နို့သည်မတို့၏ ထမီအဝတ်- လက်သုံတ်ပုဝါလို စက်ဆုပ်စရာ ကြမ်းတန်းတဲ့ လူသရမ်းကို စခမ်းသင့်

ဖြောင်းဖျပြီး တပည့်တော်မကပြောပေမဲ့ ဒီလူနားထောင်မှာမဟုတ်ပါဘူး ဘုရားတဲ့။ "သမဏာ ပန ဩဝါဒက္ခမာ ပိယသီလာ" အရှင်ဘုရားတို့လို နဂိုရ်ကယဉ်ကျေးပြီး သူတော်စင်-သူတော်သွေး ဖြစ်ကြတဲ့ ပုဂ္ဂိုလ်များကို တော့ အမှားမလာမီက အမှန်ပြရမည့် တာဝန်ဝတ္တရား ရှိပါသောကြောင့် တကြောင်း၊ သီလကိုချစ်ခင်ပြီး ဆံပင်ဖျားမျှကို မိုးလုံးပြည့်တိမ်တိုက်ကြီး၏ အလား ထင်မှတ်တော်မူလေ့ ရှိကြတဲ့အတွက် များကြောင့် တကြောင်း၊ အကြောင်းကြောင်း ထောက်ဆ၍ လျှောက်ရပါတယ်ဘုရား-လို့ စကား ချေချေငံငံဖြင့် လျှောက်ထားသတဲ့။

အမိ,အဘ,ဆရာသမားအကျိုးလိုလားတဲ့ ပုဂ္ဂိုလ်များက အမှုအား လျှော်စွာ ဆုံးမသွန်သင်ကြတဲ့အခါ ပုထုဇဉ်လူ,နတ်,ဗြဟ္မာသတ္တဝါအများ သတိထားဘို့ အချက်ပါတဲ၊ ဘုရားအစရှိတဲ့ သူတော်ကောင်း, သူမြတ် လောင်း,အမိအဘ,ဆရာသမားများတည်းဟူသော ပုဂ္ဂိုလ်တို့ သဘောဟာ ဝေနေယျသတ္တဝါ ကိုယ့်တပည့်, ကိုယ့်သား - သမီးကို ဘယ်နည်းနှင့်မျှ လောကသံသရာ နှစ်ဖြာနစ်ဝတို့၌ အောက်မကျစေလိုပါဘူးတဲ့၊ အောက် ကျစေလိုတဲ့ဆန္ဒများလဲ ရှိတော်မမူကြပါဘူးတဲ့၊ (တဦးနှင့် တဦး သူနိုင်-ငါနိုင် ပြိုင်ဆိုင်ရမယ်လို့လဲ မဆိုလိုဘူးနော် )၊ အဲတာကြောင့် နတ်သမီး ရွတ်ဆိုတဲ့ ပါဠိတော်လာ ဂါထာက ဘယ်လိုတဲ့—

အနင်္ဂဏဿ ပေါသဿ၊
နိစ္စံ သုစိ ဂဝေသိနော။
ဝါလဂ္ဂမတ္တံ ပါပဿ၊
အဗ္ဘာမတ္တံဝ ခါယတိ။ ။

(ပါဠိဇာတ်ပါဠိတော်)

ဠသော၊ အို-အရှင်ရသေ့။ ဝါ၊ သဘောကြည်မြတ် ယောဂီဇာတ် ဖြင့် တောရပ်ပျော်မွေ့ အို-အရှင်ရသေ့ဘုရား၊ အနင်္ဂဏဿ၊ သီလကိုချစ် မာန်စွယ်ပစ်သဖြင့် အပြစ်ဒေါသလည်း ကင်းရှင်းလှပေသော။ နိစ္စံ၊ နေ့ရော ညဉ့်ပါ ဘယ်ခါမပြတ် နိစ္စပါတ်အားဖြင့်။ သုစိဂဝေသိနော၊ စင်ကြယ် ဖြူပွင့် အမူအကျင့်တို့ကို အသင့်ပင်သဒ္ဓါကြီးစွာဖြင့် ရှာမှီးတော်မူလေ့ရှိခဲ့ ပါပေသော။ ပေါသဿ၊ မြိုင်ညွန့်တောဝင် သဘောစင်သည့် အရှင်ကဲ့သို့

သောယောကျ်ား အာဇာနည် တယောက်အား။ ဝါ၊ အရှင်ကဲ့သို့သော ယောကျ်ားကောင်းအာဇာနည်တယောက်သည်။ဝါလက္ခဏတ္တံ၊သားမြီးဖျား မျှ ပမာဏရှိပေထသော။ ပါပဿ၊ ယုတ်မာညစ်ကျု အကုသလဓမ္မငြစ်ဆိုး အပြစ်မျိုးကို။ အဗ္ဘာမတ္တံဝ၊ တမိုးလုံးပြည့် ကောင်းကင်အိမျ အဓိပတိ လိပ်လည်း တိမ်ထွင့်·တိမ်တောင်ကြီးကဲ့သို့။ ခါယတိ၊ပညာဓာတ်ဖြင့် ထင် မှတ် သိမြင်တော်မူကြပါတယ်ဘုရား။

အလောင်းတော်ရသေ့သည် ထိုအခါကာလမှ သံဝေဂတရားများ ဖြစ်ပေါ်လာတဲ့အတွက် "ခပ်ရှက်ရှက်" ဖြစ်သွားသတဲ့၊ ဤသဘောမျိုးကို "သဟောတ္တပ္ပဉာဏ်" လို့ ပညာရှိများက သုံးနှုန်း မိန့်ဆိုတော် မူကြတယ်၊ အဲတာကြောင့်အို·ဒါယိကာမနတ်သမီးကျေးဇူးကြီးလှပါပေတယ်၊အကယ် ၍ နောင်အခါ.ကာလများ၌ ပညာ·သတိ မဆင်ခြင် မစဉ်းစားမိတဲ့အတွက် မှားသည့်အချက်တည်းဟူသော အပြစ်အနာအဆာ ကလေးများကို မြင်ခဲ့ ပါလျှင်၊ တွေ့ခဲ့ပါလျှင်၊ ဤကဲ့သို့ချည်း နည်းပေး လမ်းပြ ဆုံးမပြောဆို စမ်းပါ ဒါယိကာမနတ်သမီး၊ "တဒါ ဇံ မမ ဝဒေယျာသိ" လို့ အပြစ် ပြောကြရန် သူတော်ကောင်းစိတ်ထားနှင့် ဘိတ်ကြားတော်မူလိုက်သတဲ့၊ နည်းယူစရာကောင်းလိုက်သာနော်။လေးကကြီးပွားမှုနှင့် သံသရာကြီးပွား မှုကို သတိပြုမိတဲ့ ပုဂ္ဂိုလ်များဟာ ဆိုမည့်သူ၊ ဆုံးမမည့်သူကို မြော်လင့် တောင့်တနေမြဲ ဓမ္မတာဘဲတဲ့၊ အပြစ်ဖော်ပြ၍ ဆုံးမသောအခါမှာလဲ ဝမ်း မြောက်·ဝမ်းသာ လိုက်နာမှတ်သား၍ ကျင့်ကြံလေ့ရှိတယ်၊"ဩြော်·အိမ်နီး ချင်းမှ မတိုင်ပင်လျှင် ဖျင်ပိုင်းမှ အနားသတ်မသွားဘူး" ဆိုတဲ့ စကားကို အားကျ နားလည်တော် မူဟန်တူပါရဲ့၊ အဲတာလိုပြောပါလော့·ဆုံးမပါ လော့ဆိုတဲ့စကားတွေနှင့် ဘိတ်ကြားတောင်းပန်နေပြန်တော့၊ နတ်သမီးက ခရီးရောက်လွယ်အောင် သွက်သွက် လက်လက်နှင့် အချက်ကျကျ ခပ် ငေါက်ငေါက်ကလေး တာလိုပြန်ပြီး ပြောလိုက်သတဲ့။

နေဝ တံ ဥပဇီဝါမိ၊
နာပိတေ ဘတိကမှသေ။
တွမေဝ ဘိက္ခု ဇာနေယျ၊
ယေန ဂစ္ဆေယျ သုဂ္ဂတိံ။ ။

(ပါဠိဇာတ်ပါဠိတော်)

ဣလသေ၊ အို-အရှင်ရသေ့။ အဟံ၊ တပည့်တော်မ နတ်သမီးသည်။ တံ၊ အရှင်ရသေ့ကို။ နေဝဥပဇီဝ ါမိ၊မှီခိုကပ်ရပ်၍ အသက်မွေးကလေးကို မွေးမြူသူမဟုတ်ခဲ့ပါဘုရား၊

(ဂရုမထားတဲ့သဘောကို ပြောတာမဟုတ်ဘူးနော်၊ အတော်ယဉ်ကျေးတဲ့စကားပါ)။ အဟံ၊ တပည့်တော်မသည်။ တေ၊ အရှင်ရသေ့၏။ နာပိဘတိကမှသေ၊ လောကအလိုက် အိမ်၌ သွင်းထားသူရင်းငှါးဝန်ဆောင်တဲ့ လူ့ဘောင်-လူ့သဘော မဟုတ်ခဲ့ပါဘုရား၊ (လောကီနှင့် လောကုတ္တရာ လွန်စွာကွာခြားလှသဖြင့် "အတ္တာဟိ အတ္တနော နာထော" သဘောသရုပ်တွေကိုထုတ်ဆောင်ဖေါ်ပြ၍ နေတဲ့စကားတွေနော်၊ စင်စစ်အားဖြင့် မာနတရားတွေ-မက္ခတရားတွေဝမ်းထဲမှာထားပြီးပြောကြားနေတဲ့စကားတွေမဟုတ်ဘူးတဲ့)။

ယေနကမ္မေန၊ အကြင်အကြင် ကိုယ်တွင်ထင်ရှား တရားကောင်းမှုတခုခုဖြင့်။ သုဂ္ဂတိံ၊ ကောင်းရာဘဝ ဘုံဌာနသို့။ ဂစ္ဆေယျ၊ ကေန်ဘဲသာရောက်နိုင်ရာ၏။ တံကမ္မံ၊ ကောင်းရာဘဝ ကောင်း ဌာနသို့ မုချရောက်ကြောင်း တရားကောင်း-တရားမှန် များကို။ တွမေဝ ဘိက္ခု၊ ဘေးကိုရှု၍ ဘိက္ခုထင်ရှား အရှင်ဘုရားသည် သာလျှင်။ ဇာနေယျာသိ၊ သိအောင်ပြုတော်မူပါအရှင်ဘုရား။

အလောင်းတော် ရသေ့က ထပ်မံ၍ မမေးမိပင် နတ်သမီးလဲ ကွယ်ပျောက်သွားပါရောတဲ့၊ အလောင်းတော်ရသေ့လဲ မမေ့လျော့သောသတိတရားတို့ဖြင့် ဈာန်တရားများ အားထုတ်လို့ သိဒ္ဓိမြောက်တော်မူတဲ့အတွက် ဗြဟ္မာ့ပြည်သို့ လားတော်မူရတယ်၊ ဇာတ်ပေါင်းတဲ့အခါ အလောင်းတော် ရသေ့က မြတ်စွာဘုရား၊ နတ်သမီးက ဥပ္ပလဝဏ် ထေရီမဖြစ်ပါတယ်တဲ့။

အဲဒါကြောင့် ယခုအခါ တကာ-တကာမများစွာ တရားနာတို့သည် ဝတ္ထုပါ အလောင်းတော်နှင့် ရေနတ်သမီးတို့၏ စံထုံးကို နှလုံးမူပြီး သကာလ ဖြစ်ပြီးတဲ့ အကုသိုလ်တရားများကို ဖယ်ရှား စွန့်ပစ်နိုင်အောင်၊ မဖြစ်ပွားသေးတဲ့ အကုသိုလ်တရားတို့ကိုလဲ မဖြစ်ပွား-မလုပ်မိကြရအောင် "သဗ္ဗပါပဿ အကရဏံ" လို့ မူရင်းတည်ခဲ့တဲ့ အတိုင်းပနော်၊ နောက်ပြီးတော့မှ မဖြစ်သေးတဲ့ ကုသိုလ်တရားများကို ဖြစ် ပွား ပေါ်ထွက်၍ လာအောင်၊ ဖြစ်ပြီးတဲ့ကုသိုလ်တရားများကိုလဲ ပွားသည်ထက်ပွားများအောင်၊ "ကုသလဿ ဥပသမ္ပဒါ" လို့ မူရင်းတည်ခဲ့တဲ့အတိုင်း မဆိုင်းအောင်ကြိုးစား

အားထုတ်ကြရမယ်၊ နောက်ပြီးတော့မှ "သ စိတ္တပရိယောဒပနံ"အတ္တသမွာ ပဏိမိ-စက် မင်္ဂလာတရားမပျက်စေဘဲ အသစ်စက်စက်ကလေး၏ မြေသာယာမှု ကောင်း-မကောင်းတည်းဟူသော လောကီကာမဂုဏ် အာရုံအစုတို့ကြောင့် အဏုမြူမျှ မတုန်မလှုပ် မချောက်မချားနိုင်တဲ့ အခြေအနေရောက်ကြရအောင် ဝမ်းမြောက်-ဝမ်းသာ ပညာ- ဝီရိယ- ဆန္ဒ- သဒ္ဓါ- စေတနာ တိုးပွားလျက် သူတော်ကောင်း - သူမြတ်လောင်းတို့၏ ကျိုးကြောင်းပြသ အဆုံးမဩဝါဒများကို ကြိုးစားကျင့်ဆောင် နိုင်ကြပါစေကုန်သတည်း။

# အဘိဓမ္မာတပ်၍ အဆုံးသတ်ရန် အဘိဓမ္မာဒေသနာ

မည်သည့်တရားအဆုံးမှာမဆို၊ ဤတရားဖြင့် အဘိဓမ္မာတပ်၍ အဆုံးသတ်နိုင်ပါသည်။

ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ ဟူ၍ ဟောတော်မူတဲ့ဒေသနာတော်မြတ်သည် အဘိဓမ္မာ ဒေသနာတော်မြတ် ဖြစ်ပါပေတယ်။ ကုသလာ၊ အနဝဇ္ဇသုခဝိပါကလက္ခဏာ အပြစ်မရှိခြင်း ကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာ ရှိကုန်သော။ ဓမ္မာ နိဿတ္တနိဇ္ဇီဝါ သဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ပရမတ္ထသဘောအားဖြင့် ထင်ထင်ရှားရှား ရှိနေကြကုန်၏-တဲ့၊ ပုပုဇ္ဇန ဖြင့်မြင့်သမျှ သတ္တဝါ အပေါင်းတွေဟာ ဘယ်သူ တဦးမျှ အပြစ်မရှိချင်ကြပါဘူး၊ အပြစ်ကင်းကင်းနှင့် သန့်သန့် ရှင်းရှင်း နေထိုင်စားသောက် သွားလာ လုပ်ကိုင် လိုကြတဲ့ ပုဂ္ဂိုလ်တွေချည်းဘဲ၊ ဧမြေမြချမ်းချမ်းသာသာ ကောင်းမွန် မြင့်မြတ်တဲ့ အကျိုးများကိုသာ မြော်ကိုးတောင့်တနေကြတဲ့ ပုဂ္ဂိုလ်တွေချည်းပါဘဲ၊သို့သော်ရပါလို၏လို့ကောင်းတဲ့အကျိုးတွေကို လိုချင်နေရုံမျှဖြင့် ကိစ္စမပြီး၊ထိုအကျိုးကိုရနိုင်ဘို့ နည်းလမ်းကောင်း မှန်ကန်တဲ့အကြောင်းတွေကို ပေါင်းစု သိမ်းဆည်း စီးစီးနင်းနင်း မိမိတို့သဏ္ဍာန်မှာ ခိုမှီးတည်တန့်လာအောင် စိုက်ပျိုးထူထောင်ဘို့အရေးက အရေးတကာ့အရေးမှာ အရေးအကြီးဆုံးပါဘဲ၊ ထူထောင်ပုံ၊ စိုက်ပျိုးပုံ၊ မွေးမြူပုံ၊ ထူထောင်မိအောင်၊စိုက်ပျိုးမိအောင်၊ မွေးမြူမိအောင် ပညာဖြင့် ဘယ်လိုများ ကြည့်ရှုနားလည် တတ်မြောက် ရပါမလဲလို့ ဆိုတာတော့

ယခုအခါ တရားတော်နာရတဲ့အတွက် ဝမ်းသာအားရ ရှိကြတယ်၊ ပညာဉာဏ်ရှေ့ထားပြီး မိစ္ဆာဒိဋ္ဌိတရားမှလဲကင်းကွာတယ်၊ ကိုယ်တိုင်ကသော်ရင်း သူတပါးတို့ကသော်ရင်း တိုက်တွန်း နှိုးဆော်ဘို့ဖြစ်စေ၊ မတိုက်တွန်း မနှိုးဆော်ဘဲဖြစ်စေ ယခုတရားပွဲကြီးကို အားခဲပြီးဘရားတော်နာ လာကြတယ်၊ အဲတာကြောင့် ဝမ်းမြောက်ဝမ်းသာ တရားတော်နာတာက သောမနဿ သဟဂုတ်တဲ့၊ ပညာဉာဏ်ရှေ့သွားပြုတာက ဉာဏသမ္ပယုတ်တဲ့၊ တိုက်တွန်းမှု ရှိတာ-မရှိတာက သသင်္ခါရိက-အသင်္ခါရိကတဲ့၊ အားလုံးပေါင်းလိုက်တော့ သောမနဿသဟဂုတ်၊ ဉာဏသမ္ပယုတ် အသင်္ခါရိက သသင်္ခါရိကလို့ ဆိုတဲ့ မဟာကုသိုလ်စိတ် ပဌမတတွဲ ပဌမအစုံ ဖြစ်သွားတာပေါ့လေ၊ ဒီလိုဖြစ်တော့ ကုသိုလ်စိတ်ပရမတ္ထတမျိုးတည်းဖြစ်သည်မဟုတ်၊စေတသိက်ပရမတ္ထ သုံးဆယ့်ရှစ်လုံးနှင့် တပြိုင်နက်တချက်တည်းဖြစ်ပေါ်လာတယ် စိတ္တနိယာမ သဘာဝဓမ္မအတိုင်းဖြစ်ပေါ်လာတယ်၊ ဒီ စေတသိက် ပရမတ္ထသုံးဆယ့်ရှစ် ထည်းမှာ ကုသိုလ်မနောဝိညာဏဓာတ်ကိုပါ ထည့်လိုက်တော့ နာမ်ဓာတ် သဘော သုံးဆယ့်ကိုးပါးထင်ရှားတည်ရှိနေကြတာပေါ့၊ဒီသဘောတွေဟာ ကုသိုလ်စိတ္တုပ္ပါဒ်ကောင်းမြတ်လှတဲ့အကြောင်းစစ်အကြောင်းမှန်ချည်းဘဲ၊ ထိုအကြောင်းစစ် အကြောင်းမှန် နာမက္ခန္ဓာအစုအဝေးတို့၏ အတွင်းမှာ ပစ္စည်းစာရင်းအဓိကမျှကို ထုတ်နုတ်လို့ပြရလျှင် .... ဟော-ဟေတုပစ္စည်း, အဓိပတိပစ္စည်း, ကမ္မပစ္စည်း, အာဟာရပစ္စည်း, ဣန္ဒြိယပစ္စည်း, ဈာနပစ္စည်း, မဂ္ဂပစ္စည်းလို့ဆိုတဲ့ ရေသောက်မြစ်ကခိုင်ခိုင်ကြီး ဦးစီးမှုအကြီးအမှူးပြုမှုက ခန့်ခန့် ကောင်းကောင်း၊ အကြောင်း မျိုးစေ့က အောင်အောင် မြင့်မြင့်၊ အကြင် ကျွေးမွေးထောက်ပံ့မှုက ဝဝလင်လင် ကိုယ့်တာတွင် ကိုယ်အုပ်စီးနိုင်ဘို့က တန်ခိုးဂုဏ်အင်၊သိုက်သိုက်မြိုက်မြိုက် စူးစူးစိုက်စိုက် ရှုရန်မြင်ရန်က တာဝန်မကင်း လမ်းရင်း လမ်းတာများက ဖြောင့်ဖြောင့်ဖြူးဖြူး သို့ကလို ထူးထူး မြတ်မြတ်နှင့် ပရမတ္ထ သဘောတွေ စခန်းသွား စေနိုင် ကြလျှင် အပါယ်တံခါးပိတ် အဟိတ်ဆိုတဲ့ ပဋိသန္ဓေဘဝမှကင်း အနုဝဇ္ဇအပြစ်မရှိ၊ စင်စင်ကြယ်ကြယ်ဖြစ်တဲ့ တရားသဘောတွေဟာ သုခဝိပါက ကောင်းမွန်မြင့်မြတ်တဲ့ ကောင်းကျိုးချမ်းသာများကို ကေန်ရရှိစေနိုင်ပါ၏-တဲ့။

ထင်ရှားအောင် ချဲ့လိုက်ပါဦးမယ် .... ယခင်ပြောခဲ့တဲ့အကြောင်း ကုသိုလ်နာမက္ခန္ဓာအတွင်းမှာ သဘောအားဖြင့် ထင်ထင်ရှားရှား ပါရှိနေသည့် အလောဘဓာတ်, အဒေါသ မေတ္တာဓာတ်, ပညာ အသိအလိမ္မာ

အမောဟစေတ်၊ ဒီစေတ်သုံးပါးကိုဟေတုပစ္စည်းလို့ခေါ်တယ်၊တည်ထောင်မိတဲ့ အပြစ်မရှိကောင်းမြတ်သော ကုသိုလ်ကံသဘောတရားတွေကို ခိုင်ခိုင်ခန့်ခန့် စည်စည်ကားကား စည်ကားသည်ထက် စည်ကားအောင် အားပေးသမှု ကျေးဇူးပြုနေတယ်လို့မှတ်လိုက်ကြ၊ ဥပမာအားဖြင့် သစ်ပင်ကြီးများကို ပင်စည်ခက်လက် အရွက်အပွင့် အသီးအခိုင် မြိုင်မြိုင်ဆိုင်ဆိုင်ကြီးကျယ်စည်ကားအောင် ရေသောက်မြစ်မကြီးက ကျေးဇူးပြု သလိုပ၊ လူ့ဘုံမှာလူတွေစည်ကားမှု, နတ်ပြည်ခြောက်ထပ်မှာ နတ်သမီး-နတ်သားတွေ စည်ကားမှု, ဗြဟ္မာပြည်မှာ ဗြဟ္မာတွေစည်ကားမှုတို့၏ အရင်းစစ်လိုက်တော့—ဟောဒီ"အမြစ်"လို့ဆိုတဲ့ အလောဘ-အဒေါသ-အမောဟ–ဟေတုပစ္စည်းအကြောင်းတရားတွေကြောင့်ပါဘဲ-တဲ့။

တရားတော်နာရလို့ဖြစ်ပေါ်လာတဲ့ထိုကုသိုလ်နာမက္ခန္ဓာတစုတည်းမှာ သဘောအားဖြင့်ပါလာတဲ့ တရားတော် နာကြားလိုခြင်း သမ္မာဆန္ဒ၊ အားထုတ်သမှု လုံ့လပြုတဲ့ ဝီရိယစေတ်၊ ဆင်ခြင်စဉ်းစား အသိအလိမ္မာဉာဏ်ပညာဘိုးပွားတဲ့ အမောဟစေတ်၊ ရှင်လန်းနှစ်သက် ဉာဏ်နှင့်ဘက်ပြီးလျှင် တလက်လက် စင်ကြယ် တောက်ပနေတဲ့ ကုသိုလ် မနောဝိညာဏစေတ်၊ ဒီစေတ်သဘောတရား လေးပါးတို့ဟာ အခွင့်သင့်သလို အခါယူပြီးတော့ တလှည့်စီ-တလှည့်စီ ဦးစီးခေါင်းဆောင်အစိုးတရ ကျေးဇူးပြုကြတယ်၊ဒီသဘောကို"သဟဇာတာဓိပတိ"ပစ္စည်းလို့ သုံးနှုန်းမိန့်ဆိုတော်မူကြတာပေါ့၊ထိုကုသိုလ် နာမက္ခန္ဓာအကြောင်း သဘောအတွင်းမှာ ပါလာတဲ့စေ့ဆော်မှု စေတနာ သဘောကလေးကိုဘော့ ကမ္မပစ္စည်းလို့ ခေါ်တယ်၊ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" လို့ဟောဘော်မူဘာဟာ ဒီစေတနာကလေးကိုဟောဘော်မူဘာဘဲ၊ ကောင်းမြတ်တဲ့အဓိပတိအာရုံနှင့် ရတနာပုံဆိုက်သလို အခွင့်ဆုံတဲ့အခါလွန်စွာအကျိုးကြီးကျယ်တာကလား၊ ညောင်စေ့က ညောင်ပင်ကြီး ဖြစ်ဘယ်ဆိုတဲ့ သဘောပါဘဲ၊ ဒီကုသိုလ် နာမက္ခန္ဓာအတွင်းမှာပါတဲ့ ဖဿ-ဝိညာဏ်-စေတနာဘို့ကဘော့ အတူဖြစ်နေတဲ့ သဟဇာတ်ကုသိုလ် တရားတွေကို ထောက်ပံ့ ကျွေးမွေးမှု အာဟာရပစ္စည်းဖြင့်ကျေးဇူးပြုနေတယ်၊ ယခုလောက သက်ရှိ-သက်မဲ့ အထည်ဒြပ်တွေဟာ သူ့ဆိုင်ရာ ဆိုင်ရာ အစာစားရတော့ အားရှိလာသလိုပေါ့လေ၊ ဒီကုသိုလ်နာမက္ခန္ဓာရဲ့အတွင်းမှာပါတဲ့ စိတ်-ဝေဒနာ ကောက္ကဘာ-ဇီဝိတ-သဒ္ဓါ-သတိ-ဝီရိယ-ပညာလို့ဆိုတဲ့ နာမ်ရှစ်ပါးဘို့ကဘော့ ဆိုင်ရာဆိုင်ရာ ကိုယ်ပိုင်အစိုး

ရတဲ့ ဣန္ဒြိယပစ္စည်းသဘောဖြင့်ကျေးဇူးပြုနေတယ်၊ ဆိုင်ရာဆိုင်ရာ နိုင်နိုင်နင်းနင်း အုပ်ထိန်းသူ ရှိခဲ့လျှင် ပိုပိုပြားပြား ဣန္ဒြေရမြဲ ဓမ္မတာ ပေကိုး၊ ဒီကုသိုလ်နာမက္ခန္ဓာအတွင်းမှာပါတဲ့ ဝိတက်-ဝိစာရ-ပီတိ-ဧကဂ္ဂတာ-ဝေဒနာလို့ဆိုတဲ့ စေတသိက်သဘောတရား ငါးပါးတို့ကတော့ တရားလို့ဆိုတဲ့ ကောင်းမြတ်တဲ့အာရုံကို မတုန်မလှုပ် စိုက်စိုက်စူးစူး အထူးသဖြင့် မြဲမြဲမြံမြံ ရှုအားသန်တဲ့အဖြစ်ဖြင့် စနစ်ကျကျ ကျေးဇူးပြုလျက် ရှိပေတယ်၊ ဈာနပစ္စည်းလို့ မှတ်လိုက်ကြ၊ အဲဒါကြောင့် တရား တည်း ဟူသော အာရုံနှင့် တွေ့ဆုံကြုံကြိုက်ကြတဲ့အခါ ဈာနပစ္စည်း တပ်နိုင်လောက်အောင် စိုက်စိုက်စူးစူး အထူးအာရုံပြု၍ နာကြား ကြရမယ်နော်၊ ဒီ ကုသိုလ် နာမက္ခန္ဓာအတွင်းမှာပါတဲ့ ပညာ-ဝိတက်-သမ္မာဝါစာ-သမ္မာကမ္မန္တ-သမ္မာအာဇီဝ-ဝီရိယာသတိ - ဧကဂ္ဂတာလို့ဆိုတဲ့ သဘောတရား ရှစ်မျိုးကတော့ လူ့ရွာနတ်ဌာန် နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း လမ်းမှန်ကြီး၏ အဖြစ်ဖြင့် စင်စစ်ကျေးဇူးပြုလျက်ရှိနေတယ်၊ မဂ္ဂပစ္စည်းဆိုတာ သူပေပေါ့၊သံသရာလို့ဆိုတဲ့ တောကြီး - တောင်ကြီး စိမ့်ကြီး - မြိုင်ကြီး အဏ္ဏဝါ ပင်လယ်ကြီး အတွင်းသို့ သက်ဆင်း သွားလာ ကြရတဲ့အခါ လမ်းကောင်း - လမ်းမှန်ကို ရောက်ရှိဘို့ အလွန့်အလွန် အရေးကြီးရသလို၊ ဒီမဂ္ဂပစ္စည်း၏ အဘိုးတန်ပုံကို ယုံကြည်မှတ်သား နားလည်သင့်ကြပေတယ်၊ ယခု ရှင်းလင်း ဟောပြခဲ့တဲ့အတိုင်း မိမိ-မိမိတို့၏ ကောင်းမြတ်တဲ့စိတ်ဓာတ်ကို ကောင်းမြတ်တဲ့ဘုရားအာရုံ,တရားအာရုံ,သံဃာအာရုံတို့နှင့် တွေ့ဆုံ ဆက်ဆံ ပေါင်းသင်းစေပြီးလျှင် ခန္ဓာငါးပါးလို့ ဆိုတဲ့ သဘော ကြီးကို ဦးစီး အုပ်ချုပ်မှု ကောင်းကောင်းဖြင့် ခုတ်မောင်းသွားလာနိုင်စေကြရမယ်။

အချုပ်အားဖြင့် ဆိုလိုရင်းမှာတော့ ကောင်းကျိုး ချမ်းသာကို အလိုရှိလျှင် ကောင်းမြတ်တင့်တယ်တဲ့အကြောင်းမှန်ကို အားကိုးသမှု ပြုစုပျိုးထောင်ကြရမယ်၊ အကြောင်းမှန်ကို ပြုစုပျိုးထောင်မိလျှင် ကောင်းကျိုးတရားဆိုတာကို မလိုချင်ပါဘူး၊ မရချင်ပါဘူး၊ လက်မခံချင်ပါဘူးဆိုပေမင့် မနေရ၊ မုချရရှိဖြစ်ပေါ်လာမြဲပါဘဲတဲ့၊ စင်စစ်အားဖြင့် သတ္တလောကသင်္ခါရလောက-ဩကာသလောကဆိုတာ အကြောင်းအကျိုးဆက်စပ်နေမှုတပါး၊ အခြားလက်ညှိုးညွှန်ပြစရာမရှိတော့ပြီဘူးလို့ အထူးမှတ်သားလိုက်ကြပေတော့။

ဤသို့ သုတ္တန်ဒေသနာ၊ အဘိဓမ္မာဒေသနာတို့ကို ကြားနာရခြင်း တည်းဟူသော ဓမ္မသဝနကုသိုလ်ကံ စေတနာအကြောင်းစစ် - အကြောင်း ကောင်း-အကြောင်းမှန်ငါးပါးပဉ္စသီအဋ္ဌင်္ဂီစသောသီလများကိုတတ်အား သမျှ ဆောက်ဘည်ကျင့်ကြံကြရခြင်းတည်းဟူသော သီလကုသိုလ်စေတနာ အကြောင်းစစ် - အကြောင်းကောင်း - အကြောင်းမှန်- ကမ္မပစ္စည်းဟူသော အကြောင်း တရား တို့ကြောင့် ဝိပါက ပစ္စယော တည်းဟူသော ဓမ္မတာ သဘာဝ (စိတ္တနိယာမ -ဓမ္မနိယာမ)အကျိုးတရားတို့ ဖြစ်ပွားချမ်းသာကြရ အောင် လုံ့လကြိုးကုတ် အားထုတ်ကျင့်ကြံနိုင်ကြပါစေကုန်သတည်း။

---

ဝါဆိုလ-ဝါဆိုပွဲတော်၊ သီတင်းကျွတ်လ-ပဝါရဏာပွဲတော်၊ သံဃာတော် အရှင်မြတ်တို့ပြုလုပ်တော်မူရခြင်း၏ အထွေးပွတ်ကို ဖေါ်ပြသော

## သီတင်းကျွတ်-ပဝါရဏာ၊ လူ့ပြည်ဆင်း-ဒေသနာ

ဝိဝါဒံ ဘယတော ဒိသွာ၊
အဝိဝါဒဉ္စ ခေမတော။
သမဂ္ဂါ သခိလာ ဟောထ၊
ဧသာ ဗုဒ္ဓါန သာသနီ။ ။
(အပဒါန်ပါဠိတော်)

ဘောဒ္ဓေ၊ အိုတကာ-တကာမများစွာ တရားနာကြတဲ့ သူတော် ကောင်း-သူမြတ်လောင်းတို့။ ဝိဝါဒံ၊ နှင်လား-ငါလား အမှားအမှန် မခံ ချင်မှု အငြင်းအခုန် ပြုခြင်းကို။ ဘယတော ၊ ဘေးအန္တရာယ် ရန်ကျယ် စင်စစ် အံဖြစ်ကြီးဖြစ်သည်ဘကားဟူ၍။ဒိသွာ ၊ ကန်သိမူ မြင်အောင်ရှု၍။ အဝိဝါဒဉ္စ၊ တဦးနှင့်တဦး အထူးချစ်ခင် ပြစ်မတင်ဘဲ သစ်လွင်ပြည့်ဖြိုး မငြင်းမခုန်သည့် အကျိုးကိုလည်း။ ခေမတော၊ ဖေးဖေးမမ ဘေးမခဘဲ အေးမြချမ်းသာလုပေသည်တကားဟူ၍။ ဒိသွာ၊ ပညာစက္ခုဉာဏ်ဖြင့်ရှု၍။ သမဂ္ဂါ၊ တဦးနှင့်တဦး အထူးချစ်ခင် ညီညီညွတ်ညွတ်ရှိကြကုန်သည်။ သခိလာ၊အကြမ်းမဖက် မခက်မထန် လေသံအားလျော့ ချိုချိုကလေး ပြောကြ ကုန်သည်။ ဟောထ၊ ဖြစ်နိုင်အောင်ဖြစ်ကြပါကုန်လော။ ဧသာ၊ ဤသည်

ကား။ ဝါ၊ ငြင်းခုန်ခြင်း၏အပြစ်,မငြင်းခုန်ခြင်း၏အကျိုး တိုးတိုးသာသာ လွန်စွာနူးညံ့သည့် အဖြစ်သနစ်များသည်။ ဗုဒ္ဓါန သာသနီ၊ ဂဂ်ါဝါဌု သဲစုမက ပွင့်ကြကုန်ငြား မြတ်စွာဘုရားတို့ တပါးမကျန် ရွှေညာဏ်တော် သုံးဆ၍ ဆုံးမမြဲဖြစ်သည့် ဒေသနာတော် လက်ဟောင်းကြီး မှန်လှပါပေ သတည်း။

ယနေ့တော့ဖြင့် သီတင်းဝါလလဲကျွတ်လို့သွားတဲ့အတွက် သီတင်းကျွတ်လမှ သီတင်းကျွတ်တရားကို ဟောကြားပြသရတော့မှာဘဲ၊ ဦးပဥ္စင်းတို့ ရဟန်းတော်များမှာ ဝါတွင်းသုံးလပတ်လုံး အကြောင်းမရှိဘဲ ဘယ်ကိုမှ မသွားရ-မလာရ၊ စာကျက်-စာအံ-စာပြန်-စာချ အလုပ်တို့ဖြင့် အားထုတ်ခဲ့ရတယ်၊ လောကအဖြစ်အားဖြင့် ပုဂ္ဂိုလ်များတော့ စကားများရတယ်၊ စကားများတော့ အမှားပါ၊ အမှားပါတော့ အငြင်းပွား၊ အငြင်းပွားတော့ ရန်ဖြစ်၊ ရန်ဖြစ်တော့-အော်ဟစ်,ဆဲ,ဆို၊ အဲတာလိုဖြစ်ကုန်တတ်ကြတာကလား၊ လူများမှာ တအိမ်လျှင် အများဆုံး ဆယ်ယောက်ပါဘဲ၊ အဲဒီဆယ်ယောက်မှာလဲ အမိအဘ,သားသမီးစတဲ့ ဆွေရင်းမျိုးချာ လွန်စွာ သွေးနီးသူတွေသာလျှင် ဖြစ်ကြတယ်၊ ဦးပဥ္စင်းတို့ ရဟန်းတော်များမှာတော့ ၂-ပါး၊ ၃-ပါး၊ ၄-ပါး၊ ၅-ပါး-စပြီးတော့၊ နှစ်ဆယ် သုံးဆယ်၊ တရာ နှစ်ရာ-လေးရာ ငါးရာအထိ အတူတူသီတင်းသုံးနေထိုင်ရတဲ့အတွက်၊ ပေါင်းသင်းဆက်ဆံမှုဘက်က တွက်ချက်ပြီး နှိုင်းချိန် လိုက်ကြပေတော့၊ တဦးနှင့် တဦး ဆက်ဆံလျှင် အမှားအမှန်ဆိုတာ ဘယ်နည်းနှင့်မှမကင်းနိုင်ရိုး အမှန်ပါဘဲ၊အဲတာလိုမကင်းနိုင်တဲ့အတွက်ကြောင့်သီတင်းကျွတ်တဲ့အခါမှ "ပဝါရဏာ"ရယ်လို့ သံဃာတော်အရှင်မြတ်တွေစုပေါင်းပြီး အကျိုးအကြောင်း ဘိတ်ကြားတောင်းပန်ကြရတယ်၊ ဘယ်လိုတန်ခိုးကြီးတဲ့ အရှင်မြတ်ပင် ဖြစ်စေ ကြွလာတော်မူကြရတဲ့ ပွဲဘော်ကြီးပလေ၊ ကုန်ကုန်ဟောလိုက်ရမှာဖြင့် လောကမှာ အတုမရှိတဲ့ အစိန္တေယျ လောကထွဋ်ထား မြတ်ဘုရားသခင်ပင်လျှင် ကြွလာတော်မူရတဲ့ ပွဲတော်ထူး-ပွဲတော်မြတ်ကြီးပါဘဲ။

အဲတာကြောင့် " တဒါနိ သတ္တမေ ဒိဝသေ မဟာပဝါရဏာ ဘဝိဿတိ၊မဟာမောဂ္ဂလာနထေရံ ဥပသင်္ကမိတွာ အာဟ"လို့ အဋ္ဌကထာဆရာများက ဖွင့်ပြတော်မူတယ်။ တဒါနိ၊ ယခုအခါ၌။ သတ္တမေဒိဝသေ၊ ယနေ့မှခုနစ်ရက်မြောက်သောနေ့၌။မဟာပဝါရဏာ၊သီတင်းကျွတ်လပြည့်

မဟာပဝါရဏာပွဲကြီးသည်။ ဘဝိဿတိ၊ ဖြစ်တော့လတံ့။ ဣတိတသ္မာ၊ ထို့ကြောင့်။ မဟာမောဂ္ဂလာနထေရံ၊ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကို။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ အာဟ၊ အရှင်သာရိပုတ္တရာက လျှောက်ထားလေ၏-တဲ့။ အကြောင်းက တာလိုတဲ့၊ ယခုရွတ်ပြတဲ့စကားဟာ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် တပါးနှင့်တပါး တိုင်ပင်ဆွေးနွေးအရေးကြုံလာလို့ ပြောဆိုနေကြတဲ့ စကားတွေဘဲ၊ ထိုအချိန်-ထိုအခါမှာ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်က ဣန္ဒြိယတိုင်း သင်္ကဿနဂိုရ်ပြည်လို့ဆိုတဲ့ လူ့ဒေသ-လူ့ဌာန-လူ့ရွာ-လူ့ပြည်မှာ၊ အစိန္တေယျလောကထွဋ်ထား မြတ်စွာဘုရားကတော့ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ကောင်းမွန်စွာခင်း၍ထားအပ်တဲ့ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာပေါ်ဝယ် မယ်တော်မိနတ်သားကို အဘိဓမ္မာတရားတော်ဟောတော်မူနေတာပေါ့လေ။

## တန်ခိုးတော်ဖန်-မောဂ္ဂလာန်

အဲတာလို လူ့ပြည်နှင့် နတ်ပြည်၊ ပြည်ထောင်ချင်းခြားနား၍နေတဲ့အတွက် အရှင်သာရိပုတ္တရာ အမှူးရှိသော လူ့ပြည်-လူ့ရွာ တကာ-တကာမအပေါင်း သူတော်ကောင်းတို့က ဘုရားသခင်ကို ပဝါရဏာပွဲတော်မှ ပင့်ဆောင်ဘို့အရေး အရှင်မဟာမောဂ္ဂလာန်ကို တာဝန်ပေးကြသတဲ့၊ တန်ခိုးတော်အရှင်ပေကိုး၊ တာဝတိံသာ နတ်ပြည်ကို ဘုရားသခင်ကို ပင့်ဘို့ရန် အရှင်မောဂ္ဂလာန် ဘယ်ပုံ ဘယ်နည်း ကြွတော်မူပါသလဲလို့ ဆိုတော့၊ (ဓမ္မပဒအဋ္ဌကထာဆရာက)။ တတ္ထေဝ၊ ထိုလူ့ပြည်မှ ပင်လျှင်။ ပထဝိယံ၊ မဟာပထဝီမြေကြီးအတွင်းသို့။ နိမုဂ္ဂေါ၊ ငုပ်လျှိုးတော်မူသည်ဖြစ်၍။ သိနေရုပါဒံ၊ မြင့်မိုရ်တောင်ခြေရင်းသို့။ အဘိရုဟန္တော၊ တက်ရောက်တော်မူသည်ကို။ ပရိသာ၊ ပရိသတ်များစွာ ဒါယကာ-ဒါယိကာမတို့သည်။ ပဿန္တု၊ ငါ့ကိုမြင်စေကုန်သတည်း။ ဣတိ၊ ဤသို့။ အဓိဋ္ဌာယ၊ ဆောက်တည်တော်မူ၍။ သင်္ကဿနဂိုရ်ပြည်မှ မြေထဲလျှိုးပြီး မြင့်မိုရ်တောင်ခြေရင်းအထိ ကြွတော်မူသတဲ့၊ မြင့်မိုရ်တောင် ခြေရင်းရောက်တော့ မြင့်မိုရ်တောင်မင်း၏ခြေရင်း အလယ်တည့်တည့်မှ တဖြည်းဖြည်း-တဖြည်းဖြည်း အထက် တာဝတိံသာသို့ တက်ရောက်တော်မူသတဲ့၊ ဒီကဲ့သို့ကြွတော်မူပုံ အလုံးစုံတွေကို လူ့ပြည်က



တက္ကသိုလ် စာကြည့်တိုက်

တကာ-တကာမ အပေါင်းတို့ ကောင်းမွန် သေချာစွာ ဖူးမြင်ကြရတယ်၊ "မြင်ကြစေ"လို့ အမိန့်ရှိတော်မူလိုက်ထာကိုး၊ ယခုကာလ မျက်မြင်ဥပမာအားဖြင့် ဖာလ်ကျောင်းဆောင် ကြည်ကြည်လင်လင် အတွင်းမှာ သီတင်းသုံးစံနေတော်မူတဲ့ ရွှေသားအတု ရွှေဆင်းတုရဟန္တာပုံကလေးကို အဝေးက ဖူးမြင်ရသလိုပလေ၊ လူအပေါင်းတို့ကလဲ သောင်းသောင်းဆူညံ အရှင်မဟာမောဂ္ဂလာန် ၄ယူဇနာရောက်သွားပြီ နှစ်ယူဇနာရောက်သွားပြီစသည်ဖြင့် ကြည်ညိုဖူးမြင် ဦးတင်ပြောဆိုနိုင်ကြသတဲ့၊ တကယ့် တန်ခိုးတော်အရှင်ပါဘဲနော်၊ ဩော်-ဟောဒီအချက် ဟောဒီဘက်လိုက်စားသူတို့ သတိထားသင့်ကြပေတယ်၊ အဘယ် လိုပါနည်းလို့ဆိုတော့ တန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်ကို တန်ခိုးအတွက် ဧတဒဂ်ပေးတော်မူတယ်၊ တန်ခိုးနယ်နှင့်ဆိုင်ပြန်တော့ အရှင်မောဂ္ဂလာန် တာဝန်လွှဲလိုက်တယ်၊ ပညာကဲလွန်တဲ့ အရှင် သာရိပုတ္တရာစသည်တို့ တာဝန်မထမ်းကြရဘူး၊ သူ့စခန်းနှင့်သူ့သတ္တိ တမျိုးစီဖြစ်နေတာကိုး၊ အဲတာလိုဘဲ ဆိုင်ရာဆိုင်ရာ နိုင်ရာကကျေကျေနပ်နပ် ဘက်စပ်ပြီးအလုပ်လုပ်တတ်လျှင် ဖြတ်ခနဲ-တန်းကနဲ အမြဲတမ်းအောင်မြင် အေးမြမြဲ ဓမ္မတာကြီးပေပေါ့၊ နည်းဆိုတာ မြင်ရုံ-ကြားရုံမျှနှင့်လဲ ရနိုင်-ယူနိုင်တာကလား။

ကဲ- ဘုရားပင့်ပွဲ ဆက်ကြဦးစို့ရဲ့၊ အဲတာလို မြေလျှိုးမိုးပျံ တန်ခိုးစျာန်ဖြင့် အရှင်မဟာမောဂ္ဂလာန် ကြွသွားတော်မူပြီးသကာလ။ ထေရော၊ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်သည်။ သတ္ထု၊ အစိန္တေယျ လောကထွဋ်ထား မြတ်စွာဘုရား၏။ ပါဒေ၊ စက်တော်ခြေစုံ ရွှေပဒုံတို့ကို။ ဉက္ခိပေန္တောဝိယ၊ နဖူးတော်ဖြင့် ဖူးမြော် ရွက်ဆောင်ဘိသကဲ့သို့။ အဘိရုဟိတွာ၊ တက်ရောက်တော်မူ၍၊ ဝေ၊ ဤသို့။ အာဟ၊ လျှောက်ထားလေ၏-တဲ့ ရွှေမြင့်မိုရ်တောင်တော်ထိပ် ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်တဲ့ ပဏ္ဍုကမ္ဗလာ မြကျောက်ဖြာဝယ် တင့်တယ်စွာစံနေတော်မူတဲ့ ဘုရားသခင်၏ ခြေတော်အစုံကို နဖူးပြင်၌ ဦးတင်လို့တိုက်တဲ့ပြီး ဘွား့ကနဲ ပေါ်ပေါက်ရှိသေစွာ လျှောက်ထားလိုက်ထာကတော့-

## အမေးတော်နှင့်-အဖြေတော်

"ဘန္တေ ကဒါ ဩရောဟိဿထ"

(ဓမ္မပဒအဋ္ဌကထာ။)

"လူတို့ဌာနီ၊လူတို့ပြည်သို့၊ ဘယ်အခါဆီလောက်၊ကြွတော်မူမှာလဲ မြတ်စွာဘုရား...."

"ကဟံ ပန တေ မောဂ္ဂလာန ဇေဋ္ဌဘာတိကော သာရိပုတ္တော"

"ချစ်သား မောဂ္ဂလာန်၊သင်ချစ်သား၏ နောင်တော်ကြီး သာရိပုတ္တရာ ဘယ်မှာဝါဆိုသလဲ"

ဂရုစိုက်ပြီး နားထောင်လိုက်ကြနော်၊ အရှင်မဟာ မောဂ္ဂလာန်က လူ့ပြည်သို့ ဘယ်အခါဆီလောက် ကြွတော်မူမှာလဲဘုရားလို့ လျှောက်ထားတယ်၊ ဘုရားသခင်က သင့်နောင်တော် သာရိပုတ္တရာ ဘယ်မှာလဲတဲ့ အဲဒီတော့

"ဘန္တေ သင်္ကဿနဂရေ ဝဿံ ဥပဂတော"

"နောင်တော်ကြီး သာရိပုတ္တရာ၊ သင်္ကဿနဂိုရ် ပြည်မှာ ဝါကပ်ပါတယ်ဘုရား...."

"မောဂ္ဂလာန အဟံ ဣတော သတ္တမေ ဒိဝသေ မဟာ ပဝါရဏာယ သင်္ကဿနဂရေ ဒွါရေ ဩတရိဿာမိ"

"ချစ်သား မောဂ္ဂလာန်၊ သင့်နောင်တော်ရှိတဲ့ သင်္ကဿမြို့တံခါးသို့ မဟာပဝါရဏာ ပြုရန်အကျိုးငှါ ယနေ့မှ ခုနစ်ရက်မြောက်သော သီတင်းကျွတ်လပြည့်နေ့ သက်ဆင်းတော်မူမည် ချစ်သား မောဂ္ဂလာန်"

ဒီစကားတွေကို ဟောပြော နေရတာဟာ သီတင်းကျွတ် လပြည့် မဟာပဝါရဏာနေ့ မဟာပဝါရဏာ ပွဲကြီးအတွက် ထက်မြက်ထင်ရှား စေချင်လွန်းလို့ အကိုးအကားနှင့် ကြိုးစားရှာဖွေပြီး ဟောလိုက်ရပေတယ်၊ နားလည်ကြပြီ မဟုတ်လား၊ ကဲ .. နားလည်ကြလျှင် မြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ မဟာပဝါရဏာပွဲတော်ကြီးအတွက် အခမ်းအနားနှင့် ကြွဆင်းတော်မူခဲ့တဲ့အကြောင်း၊ ထပ်လောင်းပြီး ဟောလိုက်ကြဦးစို့ရဲ့။

## စောင်းတန်းသုံးတန်၊ သိကြားဖန်၊ လူ့ထံရှင်တော်ကြွ

အစိန္တေယျ လောကထွဋ်ဌထား မြတ်စွာဘုရားသည်၊ တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်တော်မူမည့်အကြောင်း သိကြားမင်း သိရှိလေတော့၊ မြင့်မိုရ်တောင်ထိပ် တာဝတိံသာ နတ်မြို့တံခါးကြီးမှ လူ့ပြည်-သင်္ကဿနဂိုရ် ရွှေမြို့တော်တံခါးအထိ စောင်းတန်းကြီး သုံးသွယ် ချယ်သှယ် ဖန်ဆင်းတော်မူသတဲ့။ မဇ္ဈေဋ္ဌကမယံ သောပါဏံ၊ အလယ်ဘည့် တည့်က ပတ္တမြားရတနာစောင်းတန်းကြီးတဲ့....အတုလထွဋ်ဌထား၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအတွက် သက်သက်သီးခြား ကြွဆင်းတော်မူရန်ဆိုကိုး။ ဒက္ခိဏပဿေသု သုဝဏ္ဏမယံ သောပါဏံ၊ လက်ျာဘက် စောင်းတန်းကတော့ ရွှေစောင်းတန်းကြီးတဲ့၊ နတ်သား-နတ်သမီးတွေပါ ဆင်းသက်ကြဘို့ပေါ့လေ။ ဝါမပဿေ ရဇတမယံ သောပါဏံ၊ လက်ဝဲဘက်ကတော့ ငွေစောင်းတန်း မဟာ ဗြဟ္မာကြီးတွေ စီတန်းပြီး တခမ်းတနား ဆင်းသက်ကြတာကိုး၊ တလောကလုံးကို ပွင့်လင်းထင်ရှားစေတဲ့ လောကဝိဝရဏ၊ တန်ခိုးတော်ကြောင့် မိုးပေါ်ကြည့်လိုက်လျှင် အထက်ဘဝဂ်အထိ တလက်လက် တဝင်းဝင်း၊ နတ်ပရိသတ်, ဗြဟ္မာပရိသတ် ဆင်းလာပုံတွေ နေပုံ-ထိုင်ပုံ အလုံးစုံတွေကို အကုန်လုံး မြင်ရတာဘဲတဲ့၊ အောက်ကို ကြည့်လိုက်ပြန်တော့လဲ အဝီစိအထိ၊ လူကကြည့်လဲ နတ်တွေ ဗြဟ္မာတွေကိုမြင်၊ ဗြဟ္မာတွေ နတ်တွေကလဲ လူတွေကိုမြင်၊ ရှင်ရှင်ပျပျ သောမနဿကြည်အိပြီး ဓမ္မပီတိကြီး ပွားများနေကြတယ်ဆိုကိုး၊ လူ့ပြည်က လူတွေကလဲ အကောင်းဆုံး အညွန့်ဆုံးဆိုတဲ့အဝတ်အစားတွေနှင့် အလှွတ် ကြွားကြတာပေါ့လေ တရားလဲ လက်မလွှတ်ပါဘူးတဲ့၊ နတ်တွေဗြဟ္မာတွေ ကလဲ ဧကန္တ အပြိုင်အဆိုင် ဆင်ကြ-ပြင်ကြမှာဘဲ၊ သူတို့လဲ ပုထုဇဉ်တွေက ပိုမို များပြားတာကလား၊ အဲတာလို လူလှ နတ်လှ ဗြဟ္မာလှတို့ထက် အရာ အထောင် အသိန်း အသန်း မရေမတွက်နိုင်အောင် ပိုမိုပြီး ရွှေကိုယ်တော် မြတ်စွာဘုရားက ထင်ထင်ရှားရှားလှပတင့်တယ်တော်မူလေ၏-တဲ့။ လောဘ တဏှာ ကိလေသာ အညစ်အကြေးတို့မှ အကင်းဝေးကြီး ကင်းဝေးတော်မူတဲ့ မြတ်စွာဘုရားကို ဘယ်မှာတုနိုင်ကြမလဲ။ (အကျယ်သိလိုလျှင် အလှရံသီဘတ်စာ စာအုပ်မှာယူပါ။)

နကောစိ ဒေဝဝဏ္ဏေနှ၊
သမ္ဗုဒ္ဓံ အတိ ရောစတိ။
သဗ္ဗဒေဝေ အတိက္ကမ္မ၊
သမ္ဗုဒ္ဓေါဝ ဝိရောစတိ။ ။

ကောစိ၊ တစုံတဦးသော။ ဒေါဝေါ၊ မိုးရပ်နွယ်လာ နတ်ဗြဟ္မာသည်။ ဝဏ္ဏေန၊ အဆင်းကြက်သရေ လှရုပ်ရေအားဖြင့်။ သမ္ဗုဒ္ဓံ၊ အဆုံးစွန်လှ အလှထွဋ်ထား မြတ်စွာဘုရားကို။ န အတိရောစတိ၊သာလွန်၍မတင့်တယ်နိုင်ရိုး အမှန်ပင်လျှင်တည်း။ သမ္ဗုဒ္ဓေါဝ၊ အလှဟူသမျှတို့၏ထွဋ်ထားအတုမရှိနိုင်တဲ့ မြတ်စွာဘုရားသည် သာလျှင်။ သဗ္ဗဒေဝေ၊ တယောက်မကြွင်း ခပင်းဥဿုံအလုံးစုံသော နတ်,ဗြဟ္မာ ဟူဟူသမျှတို့ကို။ အတိက္ကမ္မ၊ တဝအဆင့်ဆင့် မြင့်မြတ်တာရှည် ပါရမီဂုဏ် ပြည့်စုံရှိကျိုး လွှမ်းကာမိုးသည်ဖြစ်၍။ ဝိရောစတိ၊ မတွေးသာမကြံနိုင် မဏ္ဍိုင်ညွန့်ဖူး ဂုဏ်တော်ရောင်မြူးလို့မို့ အထူးထူးတင့်တယ်၍ နေလေသတည်း။

ဘုန်းတော်ခြောက်ပါးတို့အနက် သီရိဘုန်းတော်၏ ထက်မျက်ပွင့်လင်းမှုတွေပေါ့၊ အတုမရှိသော ကြက်သရေတော် သီရိဘုန်းဂုဏ် အလုံးစုံတို့နှင့် ပြည့်စုံတော်မူလွန်းလို့ ထိုအချိန်-ထိုအခါ၊ သုံးဆယ့်ခြောက်ယူဇနာအတွင်းမှာ စည်းဝေးရောက်လာကြတဲ့ ပရိသတ်ဟူဟူသမျှတို့ဟာ လွန်စွာအားကျလှတဲ့အတွက်“ဘုရားဖြစ်ရပါလိုပါ၏”လို့ ဆိုတဲ့ဆုကို မတောင်းမိတဲ့သူမရှိဘူးတဲ့၊ ဘုရားဆုကိုတောင်းတဲ့ပုဂ္ဂိုလ်ချည်းဘဲတဲ့၊ အများအားဖြင့် ဘုရားသခင်လို လှပတင့်တယ် ချောသမော ချင်ကြတဲ့ အတွက် နှုတ်မြွက်တောင်းဆိုကြတာနှင့်ဘဲ တူပါတယ်။ တံ ဒိဝသံ၊ ထိုနေ့၌၊ ဗုဒ္ဓသိရိံ၊ ဘုရားသခင်၏ ကြက်သရေတော်ကို။ ဩလောကေတွာ၊ကြည့်ရှုဖူးမြော်၍၊ ဆတ္တိံသယောဇန ပရိမဏ္ဍလာယ၊သုံးဆယ့်ခြောက်ယူဇနာ အဝန်း၌ရှိသော။ ပရိသာယ၊ ပရိသတ်၌။ ကောပိ၊ တယောက်သောသူမျှလည်း။ ဗုဒ္ဓဘာဝံ၊ ဘုရား၏အဖြစ်ကို။ အပတ္ထေန္တော နာမ၊ မဘောင့်တသော သူ မည်သည်။ ဝ ါ၊ဘုရားဆု မတောင်းမိသောသူမည်သည်။ နတ္ထိ၊မရှိ။ အဲဒီလို အဋ္ဌကထာဆရာက မိန့်တော်မူခဲ့ပါတယ်။

## ပဥ္စသိခ နတ်မောင်လှ သာစ္စ စောင်းတော်သံ

သိတင်းကျွတ် မဟာပဝါရဏာအမှီ လူ့ပြည်သို့ မြတ်စွာဘုရားအခမ်းအနားနှင့် ကြွဆင်းတော်မူတဲ့ပွဲမှာ၊ နတ်စောင်းဆရာကလေး ပဥ္စသိခလဲ အတူးအသုံးတော်ခံအဖြစ်ဖြင့် ပါလာသေးသတဲ့၊ သာသာကလေး လက်သံညှိပြီး နားပီတိ အကြည်ကြောလှုပ်လောက်အောင် အဟုတ်အဟတ် အတီးကောင်းတဲ့ နတ်စောင်းဆရာ အကျော်အမော်တဦးပါတဲ့၊ မာတလိနတ်သားကတော့ နတ်ပန်း ပေါက်ပေါက်များကြဲ၊ မဟာ ဗြဟ္မာကြီးတွေက ရတနာ ထီးဖြူတော်ကြီးတွေမိုး၊ သုယာမနတ်သားက သားမြီးယပ်လက်စွဲ၊ ဟောဒီအထဲ သိကြားမင်း ဘယ်နေရာက ဘယ်လို ခစားလိုက်ပါတယ်လို့ အဋ္ဌကထာမှာမတွေ့ရဘူး၊ ရှေ့ကျနေသလား နောက်ကျနေသလား ဂရုစိုက်ရမည့်အခြေအရံတွေက များလေတော့ ဘုရားအနီးအနား ကပ်နိုင်ရှာမယ် မထင်ပါဘူး၊ အတူးအားဖြင့် ဘုရားသခင်၏ အတုမရှိသော အခြံအရံ၊ အတုမရှိသော ကြက်သရေတော်များကို ဖူးမြော်လို့မဆုံး ဘယ်တုန်းကမှ သို့ကလောက် တင့်တယ်တော်မူပုံမျိုး ကို မမြင်ဘူး-မတွေ့ဘူး-မကြားဘူး-မဖူး မြော်ဘူးပါဘုရားလို့ ...

န မေ ဒိဋ္ဌော ဣတော ပုဗ္ဗေ၊
န သုတော ဥဒ ကဿစိ။
ဧဝံ ဝဂ္ဂုဂတော သတ္ထာ၊
တုသိတာ ဂဏိမာ ဂတော။ ။

(ဓမ္မပဒအဋ္ဌကထာ)

လို့-ပညာဧတဒဂ်၏သခင် အရှင်သာရိပုတ္တရာ ရွတ်ဆိုတော်မူတယ်။ ဧဝံဝဂ္ဂုဂတော၊ ဤကဲ့သို့အတုမရှိသော ကြက်သရေတော်တို့ဖြင့် ထွက်ပေါ် ကြွရောက်တော်မူလာသော။ သတ္ထာ၊ လူ့နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ ဆရာထွဋ်ထား (အတုမရှိနိုင်သည့်) မြတ်စွာဘုရားကို။ ဣတော၊ ဤအခါကာလမှ။ ပုဗ္ဗေ၊ ရှေးရှေးသော အခါကာလ၌။ မေ၊ ဘုရားတပည့်တော်သည်။ န ဒိဋ္ဌော၊ မမြင်ဘူးခဲ့ပါဘုရား။ န သုတော၊ မြင် သည် ကို ထား ကြားလည်း မကြားခဲ့ဘူးပါဘုရား။ တုသိတာ၊ လူ့နတ်၊ ဗြဟ္မာသတ္တဝါတို့

များစွာနှစ်ထောင်း စုပေါင်းနှစ်သက်စေနိုင်သော။ ဂဏိမာ၊လူအပေါင်း-နတ်အပေါင်း ပြဟ္မာအပေါင်းတို့၏ ဥက္ကောင်းညွှတ်ရာ ခြောက်ဖြာဘုန်းရှိန် စောမုန်နိုင်သည်။ အာဂတော၊ ကြွလာတော်မူခဲ့လေပြီတကား။ ဝါ၊ပြိုးမြိုး ပြက်ပြက် ရောင်ခြည်ယှက်၍ လင်းခါ-လင်းခါ တဝင်းဝင်း ဝါလို့မို့ ဆင်းလာ ကြွလာတော်မူခဲ့လေပြီတကား။

ဝါတော်ဝင်နှင့် ဝါတော်ကျွတ်၊ ခွင့်လွှတ်ပန်ထွာ ပဝါရဏာ

ယခုအခါ အစိန္တေယျ လောကထွဋ်ထား မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးလဲ သီတင်းကျွတ်လ မဟာပဝါရဏာ ပွဲတော်ကြီးအမှီ လူ့ပြည်သို့ နတ်ပြည်မှကြွချီဆင်းသက်တော်မူခဲ့လေပြီ။ ဝါဆိုခြင်း၏ အခြေအမြစ် ပဝါရဏာ၏အခြေအမြစ် ဝါဆိုတာ ဘာကိုဆိုပါလိမ့်မလဲလို့ မသဲကွဲလျှင် သဲကွဲအောင် နဲနဲလောက်ပြောခဲ့ ဟောခဲ့ရသေးတာပေါ့၊ဝါဆိုနှင့် ပဝါရဏာ နှစ်မျိုးတို့အနက် ဝါဆိုဘာက တာလိုပါတဲ့....မြတ်စွာဘုရားသခင် ပွင့်တော်မူပြီးတဲ့နောက် တစ·တစ တပည့်သံဃာတော်များလဲ ပွားများ ထွန်းကားတော် မူခဲ့တယ်၊ သို့အတွက် သာသနာတော်ရောင် ထွန်းပြောင်ကျယ်ပြန့် နယ်နှံ့စည်ကားတော်မူစေရန်ရည်သန်တော်မူပြီးသကာလ "စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ" စ သည် ဖြင့် မဟာဝါပါဠိတော်မှာ ဟောကြားညွှန်ပြ ဆုံးမ တိုက်တွန်းတော် မူတယ်။ အဓိပ္ပါယ်ကတော့-ငါ၏ချစ်သားရဟန်းများတို့၊လောကသုံးပါးလူအများတို့၏ အကျိုးစီးပွားအလို့ငှါ တိုင်းပြည်မြို့ရွာ အဖြာဖြာသို့ ဒေသစာရီ လှည့်လည်ပြီးသကာလ တရားဓမ္မ ဟောပြောပြသကြပေတော့၊ အဲတာလို-အဓိပ္ပါယ်ပါဘဲ။

အဲဒီတော့ ယထာဘူတ တရားဓမ္မ ဟောပြော ဆုံးမခြင်းလို့ ဆိုတဲ့ အလုပ်ဟာ အဟုတ်အဟတ် ခရီးရောက်တဲ့ သာသနာ့တာဝန် အလုပ်ကြီး အစစ်ကြီးပါဘဲ၊ ပဌမအရွယ်မှာ စာပေပရိယတ္တိများကိုသင်၊ဒုတိယအရွယ်မှာ တတ်အားသမျှ တရားဓမ္မကိုဟော၊တတိယအရွယ်မှာ သမထဘာဝနာ၊ ဝိပဿနာဘာဝနာအလုပ်တို့ဖြင့် ကြိုးကုပ်မေ့လျော် ပျော်ပိုက်ချမ်းသာမြဲပါဘဲတဲ့၊ စာချတော်မူကြတဲ့ အရှင်မြတ်များလဲ ဓမ္မကထိကအစစ် အမြင့်တန်း၊ဖြစ်တဲ့ တရားဟော ကိုယ်တော်မြတ်တွေပေါ့၊ ယခုပြောခဲ့တဲ့အထဲ-

အထူးမှတ်သားဘို့က တာလိုပါတဲ့၊ သေသေချာချာ မှတ်ထားလိုက်ကြစမ်းပါ၊ ပြည်အစို့စို့ မြို့အရွာရွာ ရွာငယ်ရွာကြီး အသီးသီးတို့သို့ တရားဟောလှည့်လည်ကြတဲ့အခါ၊ တလမ်းစီ ခွဲခြားပြီး တပါးစီ တပါးစီ လှည့်လည်သွားလာကြရမယ်၊ တပါးသွားရာ တပါးကမလိုက်လေလင့် လမ်းမထပ်ကြစေလင့် ခြေရာမထပ်ကြစေလင့်လို့ ဆိုလိုတာပေါ့လေ။ မဟာဝ ပါဠိတော်မှာ "မာ ဧကေန ဒွေ အဂမိတ္ထ" လို့ ဟောတော်မူပေတယ်။ ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ ဧကေန၊ တကြောင်းတည်းသော လမ်းခရီးဖြင့်။ ဒွေ၊ နှစ်ပါးကုန်သော ရဟန်းတို့သည်။ မာအဂမိတ္ထ၊ ခရီးဒေသစာရီတရားဟောမလှည့်လည်ကြကုန်လင့်။ အဲတာလို အမိန့်တော်မြတ် မှာတော်မူလေတော့၊ ဘုရားသခင်၏ အာဏာတော်ကို ကျောက်ထီးတန့်၊ အလွန်အမင်း အလေးအမြတ်ပြုကြတဲ့ တပည့်သံဃာတော်များ ဖြစ်ကြတဲ့အတိုင်း တပါးနောက်သို့ တပါးမလိုက်ဘဲ ကြွလိုက်ကြ - သွားလိုက်ကြတဲ့ဖြစ်ခြင်း၊ ယာခင်း ပဲခင်း စပါးခင်း စသည်တို့မှာရှိကြတဲ့ အပင်ငယ်ကလေးတွေဟာ အများကြီးပျက်စီးကုန်ကြသတဲ့၊ ခရီးလမ်းချင်းမတူရအောင် တပါးနောက်တပါးမလိုက်ဘဲ ခပ်ကြဲကြဲကြွတော်မူကြပေမှာကိုး၊ ပျက်စီးစေလိုတဲ့ စေတနာကတော့ မရှိရိုးအမှန်၊ "မာ ဧကေန ဒွေ အဂမိတ္ထ" တလမ်း-တလမ်းမှာ ရဟန်းနှစ်ပါး မသွားကြနှင့်ဆိုတဲ့ မြတ်စွာဘုရား၏ အာဏာတော်ကို ရိုသေလိုက်နာလွန်းတဲ့အတွက် ကောက်ခင်း-ယာခင်းတွေ ပျက်ကုန်ရတာပေါ့၊ ခက်ရချည်ရဲ့နော်....၊ တော်တော်ကြာတော့ ယာခင်းရှင်တွေ မခံနိုင်လွန်းတဲ့အတွက် "ကတံ ဟိ နာမ သမဏာ (လ) ဟေမန္တံပိ ဂိမှံပိ ဝဿံပိ စာရိကံ စရိဿန္တိ" သာကီယာနွယ်ဘွား ဒီရဟန်းတော်အရှင်မြတ်များတို့သည် သွားဘဲသွားနိုင်လွန်းကြပါတယ်၊ ဆောင်းရာသီမှာလဲကြွ နွေရာသီမှာလဲကြွ မိုးရာသီမှာလဲကြွ တကြွထဲကြွ ကြွနိုင်တော်မူကြပါပေရဲ့ပေါ့လေ။

"ဟရိတာနိ တိဏာနိ သမ္မဒ္ဒန္တာ"

(ပါဠိတော်)

"ပေါက်ခါစပေါက်ကာစ စိမ်းစိမ်းစိုစိုရှိနေကြတဲ့ အပင် နုနုကလေးတွေကိုနင်းပြီး အတင်းကြွတော်မူကြတယ်"။

"ဧကိန္ဒြိယံ ဇီဝံ ဝိဟေဌေန္တာ ဗဟူ ခုဒ္ဒကေ ပါဏေ သံဃာတံ အာပါဒေန္တာ"

"သကုန္တကာ ရုက္ခဂ္ဂေသု ကုလာဝကာနိ ကရိတွာ ဝဿာဝါသံ အလ္လိယိဿန္တိ"

"မိုးလအတွင်း ငှက်တသင်းတို့ပင် သစ်ပင်ထိပ်ဖျားမှာ အသိုက် ပြုလုပ် နားနေကြပါသေးတယ်၊ ဝါတွင်းမှာ ငှက်တို့ပင်အသိုက်မပြောင်း ပါဘူးလို့ ဆိုလိုတာပေါ့လေ၊" အဲဒါလို ပြည်သူ-ပြည်သား တကာ-တကာမများတို့၏ကဲ့ရဲ့သံဂိုဟ် စကားဘင်းဆိုကြတဲ့စကားကို ဘုရားသခင် ကြားသိတော်မူလေတော့ ...

"အနုဇာနာမိ ဘိက္ခဝေ ဝဿာနေ ဝဿံ ဥပဂန္တုန္တိ"

မိုးလ၌ (ဒေသစာရီမလှည့်လည်ဘဲ) မိုးခို၍နေထိုင်ကြရန် ငါဘုရား ခွင့်ပြုတော်မူ၏လို့... ခွင့်ပြုတော်မူသည့်အတွက် ဝါဆိုလပြည့်ကျော် ၁ရက် နေ့မှာ ဝါဆိုပြီး သီတင်းကျွတ် လပြည့်နေ့မှာ ဝါကျွတ်တော်မူကြတယ်။ (လွယ်လွယ်ကူကူ မှတ်သိုက်ကြလျှင်ဖြင့် သုံးလပတ်လုံး မိုးခိုတော်မူကြ တယ်လို့ မှတ်သားနားသည် နိုင်သင့်ပါရဲ့တဲ့) အဲဒါဟာ ဝါဆိုလ ဝါဆို ရခြင်း၏ အရင်းအမြစ်ပါဘဲတဲ့။

ကဲကဲ- ပဝါရဏာပွဲ အကြောင်း ဆက်လက်ကြဦးစို့ရဲ့။ ပဝါရဏာ၏ အဓိပ္ပါယ်ကတော့၊ ဟိတ်တယ် ကြားဘယ်၊ဘိတ်ကြားဘယ်၊ ဘိတ်ကြားမှု၊ ဘိတ်ကြားခြင်းကို ဆိုလိုတယ်၊ တချိုးဟောစာ ပြောပြ ခဲ့တဲ့ အတိုင်း၊ လောကကြီး၏ခမ္ဘာ ပုဂ္ဂိုလ်များတော့ စကားများ၊ စကားများတော့-အမှားပါ၊ အမှားပါတော့-အငြင်းပွား၊ အငြင်းပွားတော့-ရန်ဖြစ်၊ ရန်ဖြစ် တော့-အောင်ဟာဆဲဆို၊ ထိုထိုဒုတ်ခား - စသည်တို့ဖြင့် ခုတ်လား - ထစ်လား လုပ်ကုန်ဘတ်ပါရောတဲ့၊ အဲဒါတွေဟာ လောကသဘောတွေနော်။

စကားမပြော တုဏှိဘောအဖွဲ့ဝင်အရှင်ရဟန်းတော်များ

ယခင်ပြောခဲ့တဲ့အတိုင်း ဝါကိုရန်ပညတ်တော်မူပြီး ဖြစ်တဲ့အတွက်၊ ကောသလတိုင်း ဇနပုဒ်ရွာငယ်တခုကို အမှီပြုပြီးသကာလ၊ အတူစား-အတူ နေ သံဃာတော်တွေစုပေါင်းသွို့ ကျောင်းတိုက်တခုပြုလုပ်ပြီး ဝါဆိုတော် မူကြသတဲ့၊ ဝါဆိုသွိုပြီးတဲ့နောက် စိတ်အကြံ ရောက်လာကြပုံက ညီညီ ညွတ်ညွတ် ချမ်းချမ်းသာသာ ဘယ်ကဲ့သို့နေပါမှ ငါတို့မှာ သင့်လျော်နိုင် ပါ့မလဲလို့ အကြံဉာဏ်ထုတ်ကြရာ အကြံဉာဏ်ရလာကြပါရောတဲ့၊ ဘယ်လို များ ရလာကြပါသလဲလို့ဆိုတော့....

"အညမညံ နေဝ အာလပေယျာမ နသလ္လပေယျာမ"
တဦးနှင့်တဦး မခေါ်ဘူး-မပြောဘူး ပါးစပ်ပိတ်နေမယ်။

ကဲ–တရားနာ ပရိသတ်များ စဉ်းစားလို့သာ ကြည့်ကြပါရော့၊ စကားများတော့ အမှားပါမှာစိုးလို့ပလေ၊ အကယ်၍ ပြောစရာရှိလာလျှင် ဘယ့်နှယ် လုပ်မလဲလို့ဆိုတော့၊ "ဟတ္ထဝိကာရေန ဟတ္ထဝိလင်္ဃကေန" တဲ့။ လိုရင်းမှာတော့ လက်အမူအရာ ကိုယ်အမူအရာနှင့် လိုတာကိုသိအောင် ပြတော်မူကြသတဲ့၊ ပဝါရဏာခန္ဓကမှာတော့ အလုပ်အစီအစဉ်တွေ ဖေါ်ပြထားတာက အများကြီးပါဘဲ။

အဲတာလို တဝါတွင်းလုံး သီတင်းသုံးတော်မူလိုက်ကြတာ စကားတလုံးမှပြောတော်မမူကြပါဘူးတဲ့၊ အထူးဘဲလို့သာမှတ်ကြပေရော့၊ အသံမထွက်တဲ့ ရုပ်ရှင်ကြည့်ရတာလို လက်လှုပ်လှုပ်-ခြေလှုပ်လှုပ်နှင့် ရုတ်တရက်မြင်ကြရ-ကြည့်ကြရတဲ့ ပုဂ္ဂိုလ်များတော့ဖြင့် ရယ်များရယ်မိမလား မပြောတတ်ဘူး၊ လက်ဟန်-ခြေဟန်နှင့် ပြောကြတဲ့အတွက် ဒုက္ခဘက်ကူးသွားတဲ့ ငကြောင်ပုံပြင်များလဲအရှိသားပေကိုး၊ ဒါနဲ့ သီတင်းကျွတ်လ သီတင်းကျွတ်တဲ့အခါ သာဝတ္ထိပြည် ဇေတဝန်ကျောင်း မြတ်စွာဘုရားအထံတော် ဖူးမြော်ရန်ကြွလို့ ဘုရားခြေတော်ရင်းရောက်ကြတဲ့အခါ၊ မြတ်စွာဘုရားသခင်တို့၏ အလေ့အကျင့် ကုသိုလ်ကံဥလာ ဓမ္မတာတော်အတိုင်း၊ "ကစ္စိ ဘိက္ခဝေ ခမနီယံ (လ) ဖါသုကံ ဝဿံဝသိမှာ" ကျန်းမာကြ၏လော ချမ်းသာကြ၏လော ညီညီညွတ်ညွတ် နေထိုင်ရ၏လော ချမ်းချမ်းသာသာ ဝါဆိုရ၏လော၊ စသည်ဖြင့် မေးမြန်းတော်မူတဲ့အခါ သံဃာတော်အရှင်မြတ်များက ကိုယ်တိုင်ကျင့်လိုက်တဲ့ စကားမပြော တုလျှိဘာ ဥပဒေစည်းကမ်းကြောင့် ချမ်းသာကြပါတယ်ဘုရားလို့ အားရဝမ်းသာ လျှောက်ထားရှာကြသတဲ့၊ မျက်နှာ ရွှင်ရွှင်လန်းလန်းနှင့်ပေါ့လေ။

## အထင် နှင့် အမြင်

အဲတာလို"ထွင်လုံး" ဥပဒေဖေါ်ပြပြီး အားရဝမ်းသာ လျှောက်ထားကြရှာလေတော့၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒါလို အမိန့်တော်မြတ် မှတ်တော်မူတာကိုး၊ မဂ်ဖိုလ်မရ,ကိစ္စမပြီး,အချိးနှီးဖြစ်ကြကုန်သောအို-ရဟန်းတို့၊ "အဖါသုညေဝကိရမေ၊လ၊ဝိဂရဟိတ္ွာ"ချမ်းသာမဟုတ်သည်ကို ချမ်းသာလုပ်ကြလေ တကား။ လူအ,များ - လူဆွံ့များ

စကားမပြောနိုင် လျှာခိုင်သောပုဂ္ဂိုလ်များ၏ အကျင့်,တိတ္ထိတို့၏ အကျင့်, အသင်တို့ ကျင့်ကြလေသည်ဘကား၊ မှားလေစွ - မှားလေစွလို့ ကဲ့ရဲ့တော်မူပြီးသည့်နောက်၊ အနူဇာနာမိ ဘိက္ခဝေ....စသည်ဖြင့် ပဝါရဏာပြုမှုကို အမိန့်ထုတ်ပညတ်တော်မူတာကိုး၊မဂ်ဖိုလ်မှ-ဖီလာ တိရစ္ဆာနကထာမှတပါး လူ့ပြည်,နတ်ရွာ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သည့် တရားစကားများကို ပြောကြားရမည် ပြောကြားသင့်လှလေ၏၊ တစုံတခု မသင့်မတော်သောအမှုကို ပြုမိလုပ်မိသည်များ ပြောဆိုမိသည်များကို တပါးနှင့်တပါး မြင်သော်၎င်း၊ ကြားသော်၎င်း၊ ယုံမှားသံသယရှိသော်၎င်း၊သီတင်းဝါလကျွတ်၍ ဥပုသ်နေ့ သံဃာတော် အရှင်မြတ်တို့၏ အစည်း အဝေးမှာ လေးလေးမြတ်မြတ် ဘိတ်ကြားတောင်းပန်ကြရမည်....လို့ အမိန့်တော်မြတ်မှတ်တော်မူပေတယ်။

ထိုအချိန်·ထိုသမယကစ၍ သီတင်းကျွတ်လ-လပြည့်နေ့အခါ သံဃာတော်တွေ သိမ်တခုတည်းမှာ စည်းဝေးတော်မူကြပြီးသကာလ၊ တပါးနှင့် တပါး ဘိတ်ကြားခြင်း ပဝါရဏာအမှု ပြုတော်မူကြရတယ်။

သံဃာတော်အချင်းချင်း ပဝါရဏာပြုပုံက ဒါလိုတဲ့။ ။ဘန္တေ၊ အရှင်ဘုရားတို့။ သံဃံ၊ သံဃာတော်မြတ်ကို။ ပဝါရေမိ၊ ဘိတ်ကြားပါ၏။ အာယသ္မန္တော၊ အရှင်ဘုရားတို့သည်။ မံ၊ အကျွန်ုပ်ကို။ အနုကမ္ပံ၊ အစဉ်သနားတော်မူသည်ကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ဒိဋ္ဌေနဝါ၊ ကိုယ်တိုင်မြင်ခြင်းဖြင့်သော်၎င်း။ သုတေနဝါ၊ ကြားခြင်းဖြင့်သော်၎င်း။ ပရိသင်္ကာယဝါ၊ ယုံမှားသံသယ ရှိခြင်းဖြင့်သော်၎င်း။ ဝဒန္တု၊ ပြောဆိုတော်မူကြပါကုန်အရှင်ဘုရား။ ပဿန္တော၊ အပြစ်ကိုမြင်သည်ရှိသော်။ ပဋိကရိဿာမိ၊ အပြစ်အားလျော်စွာ ကုစားပါအံ့ အရှင်ဘုရား။ အဲတာလို "အညမညာနုလောမတာ" အချင်းချင်း အပြန်အလှန် တောင်းပန် ဘိတ်ကြားကြတာကိုး၊ သံဃာတော်အရှင်မြတ်တွေ အညီအညွတ်စည်းဝေးပြီး အပြစ်ကို မြင်ပါက - ကြားပါက - ယုံမှားသံသယရှိပါက မေတ္တာရှေ့ထား သနားသောအားဖြင့် ပြောကြားတော်မူကြပါဘုရား -လို့ ဘိတ်ကြားတဲ့အမှုကို ပါဠိဘာသာဖြင့်"ပဝါရဏာ" ပြုတယ်လို့ ခေါ်ဝေါ်သုံးနှုန်းကြတယ်၊ "သံဃံ ဘန္တေ ပဝါရေမိ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ"တဲ့။

သံဃာတော် အရှင်မြတ်တို့၏ ထိုမဟာပဝါရဏာ ပွဲတော်အမှီ၊ တာဝတိံသာနတ်ပြည်မှ လူ့ပြည်သင်္ကဿနဂိုရ်မြို့သို့ အစိန္တေယျ၊ လောကထွဋ်ထား ဦးပဉ္စင်းတို့ မြတ်စွာဘုရား ကြွဆင်းတော်မူလာတာပါဘဲ၊ ထိုအချိန်-ထိုအခါကစပြီးတော့ ကြွဆင်းတော်မူလာတဲ့အထိမ်းအမှတ် လူ့ပြည်လူ့ရပ်က ဗုဒ္ဓဘာသာ သူတော်ကောင်းတို့ သီတင်းကျွတ်လအခါ များစွာမှ တထိန်ထိန်ညည်းကြအောင် ဆီမီးထွန်း အရောင်အလင်းအလှူပွဲကြီးကို အမြဲပင်ညှိထွန်း ပူဇော်ကြတာပေါ့။

## မင်းကွန်း မြောက်ယံ-ရှိပုံစံ

အဲတာလို တာဝတိံသာနတ်ပြည်မှ လူ့ပြည်ဖြစ်တဲ့ သင်္ကဿနဂိုရ်မြို့သို့ သီတင်းကျွတ်လ မဟာပဝါရဏာပွဲတော်အမှီ ကြွချီ ဆင်းသက်တော်မူလာဟန် စောင်းတန်း သုံးသွယ်နှင့်တကွ၊ တင့်တယ်စွာလှ တူနိုင်သမျှ တူအောင် တည်ထားကိုးကွယ်အပ်တဲ့ စေတီတော်မြတ် တဆူ ရုပ်ထုတော်နှင့်တကွ အထင်အရှားရှိတော်မူခလေရဲ့၊ဘယ်နေရာဘယ်ဌာနမှာ စံစားတည်ရှိ၍ နေတယ်ဆိုတာ သိကြရဲ့လား၊ ရတနာပုံ-ရန်လုံ-ချမ်းအေး-မန္တလေးရွှေမြို့တော်-မရမ်းခြံဆိပ်က မျှော်လိုက်တော့ ရေဝတီတဘက်ကမ်းမှာ မင်းကွန်းစေတီတော်ကြီးကိုတွေ့လိမ့်မယ်၊ အဲ မင်းကွန်းစေတီတော် မင်းကွန်းခေါင်းလောင်းကြီးက မြောက်ဘက် မျက်နှာပြုတော်မူပြီး တခေါ် လောက်မျှော်လိုက်တော့ ရေဝတီမြစ်ဘက် မျက်နှာပြုတော်မူပြီးသကာလ စောင်းတန်းသုံးသွယ်နှင့်တကွ သပ္ပါယ်စွာတည်ထားတဲ့ စေတီတော်ကို ဖူးမြင်နိုင်ကြပါတယ်၊ အဲ ထိုစေတီတော်၏ပုံဟာ တာဝတိံသာပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ စောင်းတန်းသုံးသွယ်နှင့် ဘုရားသခင် ကြွဆင်းတော် မူလာဟန်ဖြစ်တဲ့ ပုံသဏ္ဌာန်ပါဘဲ၊ အထက်ဆုံးအဆင့်မှာ ဆင်းတုတော်ကို ဖူးမြင်နိုင်ကြခလေ၏-တဲ့၊ သဒ္ဒါခာတ်ပွင့်ဖူး နှလုံးခာတ် ကြည်နူးအောင် အထူး တည်ထားတော်မူတဲ့ စေတီတော်မြတ်ကြီးပါဘဲ၊သက်တော်ထင်ရှားမြတ်စွာဘုရားနှင့် ထိုစဉ်က အမှန်ဖြစ်တဲ့ စောင်းတန်းတို့ကို မျှော်မှန်းရော်ရမ်းပြီး သကာလ၊ သဒ္ဒါပန်း-စေတနာပန်း-ကုသိုလ်ပန်း ပွင့်လန်း ပန်ဆင်လိုက်ကြပေရော့။

ကဲကဲ-ဝါဆိုးတာလိုပါ၊ပဝါရဏာပွဲက ဒါပါဘဲဆိုတဲ့ ပဋိညာဉ်စကားအတိုင်း မကျဉ်းမကျယ် လွယ်လွယ်နှင့် မှတ်သားမိလောက်အောင်

သီတင်းကျွတ်လမို့ သီတင်းကျွတ်တရား ဟောကြား လိုက်ရပေတော့တယ်၊ ဥပုသ်သည် တကာ·တကာမအများ မှတ်သားစရာ အချက်ကတော့ ...

(မှုရင်းဂါထာ ပါဠိ-အနက်ပြန်၍ ရွှတ်ဘော်ပူပါ၊ ပြီးလျှင်)

ဥပုသ်နေ့ ယခုအခါမှာ အရဟံဂုဏ်တော်များ အနိစ္စ-ဒုက္ခ-အနတ္တ လက္ခဏာယာဉ် သုံးပါးများ ကြိုးစားလို့သာ ပုတီးစိတ်ပြီး၊ သိပ်စကားမ များကြနှင့် စကား များတော့ အငြင်း ပွားတတ်သတဲ့၊ အငြင်း ပွားမှုကို ဘေးဆိုး-ရန်ဆိုးကြီးတခုလို့ မြင်ရှုကြရမယ်။

အငြင်းမပွားမှုကို ချမ်းသာတရားအစဘဲလို့ ဂရုတစိုက် မှတ်သား လိုက်နာကြရမယ်။ ညီညီညွတ်ညွတ်နေ နူးနူးညံ့ညံ့ပြော ချောချောမောမော အလုပ်လုပ် "သခိလ" ဆိုတဲ့ပုဒ်က အဟုတ် အဟတ် အတိုးတန်ပေ တာကိုး။

ဥပုသ်နေ့မှအပ ကိုယ့်ကိစ္စ·ကိုယ့်အလုပ် လုပ်ကိုင်ကြတဲ့အခါသမယ များမှာတော့-

"နည်းကောင်းကျယ်ဝန်း၊ အဆန်းဆန်းလည်း၊ နေးမြန်းဖွေ ရှာ၊ မှတ်သားနာ၍၊ သက်ာပျောက်ကင်း၊ ခင်ပေစမင်း"။

"ဆိုခွင့်ဆိုရာ၊ ရှိသောခါတို၊ သုဘာသိဘာ၊ ပီယမွာ၊ ဘာစ္စာ ဟုတ်မှန်၊ အင်လေးတန်"နှင့်-

အစရှိတဲ့·အနုသာသနဆုံးမစာအတိုင်း၊ တိရစ္ဆာနကထာ မဂ်ဖိုလ် နိဗ္ဗာန်မှဝေးလာ လွန်စွာပိန်ဖျင်းတဲ့စကားများမပြောဆိုကြဘဲ အင်္ဂါလေးပါး နှင့်ပြည့်စုံသော (အနဝဇ္ဇ) ကုသိုလ်ရမှု ပညာရမှု ဥစ္စာရမှု ချမ်းသာရမှု စကားတို့ကို ပြောကြားဆွေးနွေးကြကုန်လျက် လောကုတ္တရာတံ တည်းဟူ သော နိဗ္ဗာန်ရွှေမြို့ဘော်ကြီးသို့ ရောက်ရာ·ရောက်ကြောင်း တရားကောင်း· တရားအလုပ်ဘို့ကို အားထုတ်ကြိုးစားနိုင်ကြပါစေကုန်သတည်း။

**အထူးမှာထားချက်။** ။ဤသီတင်းကျွတ်ပဝါရဏာတရားသည် အဆုံးအဖြတ် သဘောမဟုတ်၊ အများနားလည်ရုံမျှကို အဓိကထား သောကြောင့် "အမြစ်တင်ခြင်းမှ"ဟင်းစေသတည်း။

# စိတ်တည်းဟူသောဓာတ်သဘောကို၊လတ်တလော ဆုံးမရန်ခက်သောတရားတော်ကြီး

အနဝဋ္ဌိတ စိတ္တဿ၊
အနန္တာ ပ ာတ စေတသော။
ပုညပါပ ပဟီနဿ၊
နတ္ထိ ဇာဂရတော ဘယံ။ ။

(ဓမ္မပဒပါဠိတော်)

အနဝဋ္ဌိတ စိတ္တဿ၊ ကိလေသာဝဋ် ရှိသည့်ဖြစ်ကြေး အလွန်ဝေးလှ သဖြင့် အေးမြကြည်လင်တဲ့ စိတ်ဓာတ်တရားလည်းရှိခဲ့ပေထသော။ အနန္တာ ဟတစေတသော၊ လောဘ,ဒေါသ သဘောကျမှု မကျမှုတို့ကြောင့်။ အဓမ္မ မပြု ကင်းရှင်းသဖြင့် ရှင်းလင်းသာယာတဲ့ စိတ်သဘောလည်း ရှိခဲ့ပေထ သော။ ပုညပါပပဟီနဿ၊ ကောင်းမှု-မကောင်းမှု အကြောင်းမပြုတော့ဘဲ ကုသိုလ်-အကုသိုလ်နှယ်ဘလွှားဆီက ပယ်ရှား ထွက်ခုန်တော်မူပြီးထသော။ ဇာဂရတော၊ပွင့်လင်းသောသဒ္ဓါစသည်တို့ကြောင့် ထာဝရနိုးကြားလျက် တန့်ခိုးအား ထက်သန်တော်မူလှတဲ့ ရဟန္တာအရှင်မြတ် များအား။ ဘယံ၊ ကိလေသာဘေးဒဏ် ကိုယ်တွင်းရန်သည်။ နတ္ထိ၊ မရှိတော့လေပြီတကား။ နတ္ထိ၊ ငါဘဲသူဘဲအယူမစွဲမှု၍ ထူထဲသောဘဝတကျာမစပ်တော့ဘဲ အမတ မဟာဓာတ်ကြောင့် ကင်းပြတ်ချုပ်ငြိမ်းရလေတော့သတည်း။

"မသိမတိုင်-လက်ပံသားကိုဓားနှင့်ချိုင်"ဆိုသောစကားလို (ယနေ့ ဟောဖြင့်) စိတ်ဓာတ်တရားကို ဟောကြားထုတ်ဖော် လိုက်ရတော့မှာဘဲ။ ဥပုသ်နေ့မှာ သီလတရားကို ဟောပါတော့လား၊ ဒါနပွဲမှာ ဒါနတရားကို ဟောပါဟော့လားလို့ အပြစ်များမတင်ကြနှင့်တော့နော်၊ စိတ်ဓာတ်တရား ဟောချင်တဲ့အကြောင်းက ...ဒါယကာကြီးတယောက်စိတ်နောက်ကိုယ်ပါ တော်တော်ကြာ ရဟန်းပြုလိုက် တော်တော်ကြာ လူပြုလိုက်နှင့် "ဂိုက်မကျ ဆိုက်မကျဘဲ" ဖြစ်နေရှာတယ် သနားစရာလဲ ကောင်းသပေါ့၊အဲဒီတော့- ဦးပဥ္စင်းကဘဲအကြံပေးပြီး ယခုနှစ်ရွတ်ပြတဲ့ဂါထာကလေးကို ပါဠိ,အနက် အကျက်ခိုင်းပစ်ခဲ့ဘယ်၊ တကယ်ပင်စိတ်သောကများတတ်တဲ့ တကာပါဘဲး စိတ်တည်းဟူသောဓာတ်သဘောဆိုတာ လတ်တလောဆုံးမလို့ရနိုင်တာမျိုး၊

ကလဲ့ဟုတ်လေတော့၊ ရုတ်ဘရက်ချက်ချင်း အများကြီးလဲ မတင်းဝံ့ဘူး၊ ခပ်ညှင်းညှင်းကလေးပေါ့လေ ကဲ့ရဲ့လိုတဲ့သဘောနဲ့အပြစ်ပြောတယ်လို့များ အဆင်မမှားကြ ပါနှင့်နော်၊ ပုထုဇဉ်မှန်သမျှ လောကီဘုံသား သတ္တဝါ အများတို့မှာ အပြစ်ကင်းတဲ့ပုဂ္ဂိုလ်ရယ်လို့ ဘယ်မှာရှိနိုင်ပါ့မလဲ၊ "တဖုံနဲ့လို တနဲ့ဆင်" ဆိုဘာလို သံသရာအပြင် ခရီးသွားခြင်းမဆုံးသမျှမှာတော့ သုခ-ဒုက္ခပြောင်းလဲပြီး အကြောင်းတနဲ့ အဆိုးတဖုံ အမျိုးမျိုးစုံအောင်ဖြစ်ပျက်နေရမည့်ပုဂ္ဂိုလ်ချည်းပါဘဲ။

ကဲ...ကဲ...ယခုနရုတ်ဆိုလိုက်တဲ့ ဂါထာ၏သဘောကို အနည်းငယ်ကလေး ပြောလိုက်ကြဦးစို့ရဲ့ စကားကြောရှည်တယ်လို့များ မအောက်မေ့ကြနှင့်၊ "စိတ်" လို့ ခေါ်ကြတဲ့ ပရမတ် တရားဟာ ဓာတ်သဘာဝ နဂိုရ်သဘောအားဖြင့် အလွန်တရာမှ ချောမောစင်ကြယ် တင့်တယ်သင်လင်းတဲ့ဓာတ်သဘောမျိုးဘဲတဲ့၊ သို့သော် အကြောင်းအကျိုး မကင်းနိုင်တဲ့အတွက် လောကီဘက် အာရုံ အမျိုးမျိုးတို့နှင့် တိုးမိ ကြုံမိ တိုက်ဆိုင်မိ ကြတဲ့အခါ အဇ္ဈတ္တ သန္တာန်မှာ ရှိကြတဲ့ လောဘ-ဒေါသစသော စေတသိက် ပရမတ်သဘောတို့ကြောင့် လတ်တလော မဲမှောင်မိုက်မှားပြီး ညစ်နွမ်းသွားကြရပေတယ်၊ ကောင်းတဲ့အာရုံအတွက် သဒ္ဓါ-သတိစသော စေတသိက်တွေနှင့်ဆက်တဲ့အခါမှာလဲ စိတ်တရားကလေး အမြဲမနေရှာပါဘူး၊ ပူးကပ်ဆက်သွယ်ရတဲ့ ကောင်း-မကောင်း, ဆိုး-မဆိုး လောကီ အာရုံ အမျိုးမျိုးတို့အတွက် တံခါးခြောက်ပေါက်မှ ထွက်နေရမှုကြီးပင်၊ ဒုက္ခဘာဝနကြီးဘဲပါဘဲတဲ့။ ကိလေသာ အာသဝေါ ကုန်ခန်းတဲ့ ရဟန္တာအရှင်မြတ်များမှာတော့ ကုသိုလ်အာရုံ-အကုသိုလ်အာရုံ (ကိုလ်နိဗ္ဗာန်မှတပါး) ဘယ်အာရုံအတွက်ကြောင့်မှ ဒုက္ခသောက ဒေါမနဿ သောမနဿမရှိ သတ္တိဓာတ်အမိဋ္ဌာန်နှင့် နိဗ္ဗာန်တခုတည်းကိုသာ အာရုံပြုလေသော့၊ အာတုမရှိ အေးအေးမြမြ ရှိတော်မူကြဘယ်လို့ အမိန့်ပါယ်ထွက်ပေါ်လာတယ်။

အဲဒီတော့ တကာ-တကာမများနှင့် တရားနာတို့က ပါရမီမပြည့်ဝသေးတဲ့အတွက် ရက်ချက်ကြက်ချက် မလိုက်စားနိုင်ပါဘူး၊ တခါဘည်းနှင့်ကိစ္စပြီးအောင် ကျွတ်ချိန် လွတ်ချိန် နီးကပ်မှာဘဲ အသာထုတ်ပါတော့မည်၊ ကိုယ့်ပါရမီကိုလဲ ကိုယ်မသိပါဘူး-မှ ချောက်ကြ လိမ့်မယ်ထင်တယ်၊ အကယ်၍ သည်တိုင်းကေန်လျှောက်ထားမည့်မှူးကြီးလျှင် -

"နိဗ္ဗာန်ဆိုတာ ဝေလာဝေး၊ လေးနန္တ နောက်ဖေးက တမွေးမျှမမြင်၊ ဒုဂ္ဂတိလေးခွင်မှာ၊ အပင်ဖြစ်၍၊ အပါယ် မြစ်-တွယ်ကြမည်" ဆိုတဲ့ ဦးပုညဘုရားစာအတိုင်း အမှား တကာတို့၏ဘုရင်ကြီးဘဲလို့သာမှတ်သားလိုက်ကြပေတော့၊အဘယ့်ကြောင့် ပါလဲလို့ဆိုတော့၊ ကောင်းမှုန် မြင့်မြတ်တဲ့အလုပ် အတိုးဘန်တဲ့ အလုပ်ဆို တာ ရုတ်တရက် ချက်ချင်းဖြင့် လက်ငင်းဖြစ်နိုင်ရိုး ထုံးစံမဟုတ်ပါဘူးတဲ့၊ တကြိမ်က နှစ်ကြိမ်၊ နှစ်ကြိမ်က သုံးကြိမ်၊ သုံးကြိမ်က လေးကြိမ်စသည်ဖြင့် အကြိမ်ကြိမ် အဖန်ဖန် သန်မာတဲ့သမာဓိတသင်းတို့နှင့် မဖြစ်-မခြင်း၊ မရ-မခြင်း၊ တင်းတင်း ကြပ်ကြပ် အဟုတ် အဟတ် အားထုတ် ကြိုးစားရမြဲပါ ဘဲတဲ့၊ ကြိုးစားလဲ-ကြိုးစားကြရမယ်။

ကဲ ကဲ ..."အလောဏ်၊ ဆားမပါသော။ ဗျဥ္ဇနံ၊ ထမင်း-ဟင်းလျာ တို့သည်။ န ရသံ၊ အရသာမရှိ" ဆိုတဲ့ လောကနီတိစကားအတိုင်းဘဲ၊ တရား ဟောစကပြောပြခဲ့တဲ့ဒါယကာကြီး၏ပမာ၊ရှေးအခါကလဲ ဒီပုံဖြစ်ဘူးခဲ့တဲ့ အကြောင်း သုတ္တန်ဝတ္ထုကလေးလောင်းလိုက်ကြဦးစို့ရဲ၊ ဟင်းကောင်းရန် ဆား-အတန်ငယ်ခပ်သလိုပနော်။

## စိတ်နောက်ကိုယ်ပါ၍-လိုရာမရောက်နိုင်သောပုဏ္ဏားကြီး

ဦးပဥ္စင်းတို့၏ အစိန္တေယျ လောကထွဋ်ထား မြတ်စွာဘုရား၏ ရွှေ လက်ထက်တော်က ပုဏ္ဏားကြီး တယောက် နွားပျောက်ရှာရင်း အာဠဝီ ပြည်အဂ္ဂါဠဝစေတီတော်ယင်ပြင်အတွင်းသို့ နံနက်ခင်းဆီမှာရောက်၍သွား ပါရောတဲ့၊ မြန်မာပြည်ကပုဏ္ဏားတွေလို ဗေဒင်သမားချည်း မဟုတ်ဘူးပ၊ အကယ်၍ ဒီပုဏ္ဏားကြီးဗေဒင်ဟောတတ်လျှင် ဂျောက်ဂျက်-ဂေါက်ဂက် နှင့် တွက်ချက် ကြည့်ရှုပြီး သူ့နွားကို သူရှာနိုင်ပေမပေါ့၊ မြန်မာပြည်က ကိုပုဏ္ဏားတို့ကတော့ဗေဒင်သမားချည်းပါဘဲ၊ ဘယ်အလုပ်ကိုပင် လုပ်စား စား ဗေဒင်များသွား၍မေးလိုက်လျှင် မတတ်ပါဘူးလို့ ပြောလိမ့်မယ်များ မထင်လေနှင့်"တိုးတလီတိုး-တိုးတိုးလီနော-အလီပေါင်းနှင့်ကိုးကြောင်းပါ ရော၊ ဖြန်းတေန ဖြန်းတော ညာဝါး၍ပြောတဲ့ပြင်၊ တြင်းတိုး-နဝင်းတိုး၊ တိုးနှင့်တိုးပေါင်း-ခြောက်" လို့ဆိုပြီး တွက်ချက် ဟောပြောလိုက်ထာချည်း ဘဲ၊ ဒီပုဏ္ဏားကြီးလဲ မြန်မာပြည်မရောက်လို့သာပေါ့၊အကယ်၍မြန်မာပြည်

ရောက်လာလျှင် အလိုအလျောက်ဗေဒင်တတ်သွားပြီးပါဘဲ၊ ဪ-တရား ဟောရာက ဗေဒင်ကိုရောက်လို့သွားတယ်၊အလှူခံစားချင်းမို့လို့ စောင်းတယ် ချိတ်တယ်များ ထင်ကုန်ကြမလား၊ ထင်ချင်လဲ ထင်ပေတော့ ဗေဒင်ကို ဘုရား-တရားတော်ထက်ယုံကြည်တဲ့အတွက် အထုအနှက်ခံရတဲ့အကြောင်း ဟောလိုက်ရဦးမယ်၊ဗေဒင်မေးသူအကုန်လုံးကို ဆိုလိုတာမဟုတ်ပါဘူးနော် ယုံကြည်သင့် ယုံကြည်၊ မယုံကြည်သင့် ဘဲနှင့် ယုံကြည်လျှင် ကမ္မဝါဒီ ဗုဒ္ဓဘာသာတရားနှင့် တခြားစီ ဖြစ်တတ်လွန်းလို့ သတိပေးရခြင်း ဖြစ်ပါတယ်။

## မှန်ပြီးရင်းမှန်-အုံးအုံးသံ

ရှေးက ရွာကလေးတရွာမှာ၊ မယား-မယ်နက်၊ လင်-မောင်ကြွက် ရယ်လို့ ဇနီးမောင်နှံနှစ်ဦး အထူးဘဲ သင့်သင့်မြတ်မြတ် နေထိုင်ကြသတဲ့၊ ဒီ-မယ်နက်ဟာ ဗေဒင်ကို အလွန်ယုံကြည်တဲ့ အတွက်၊ တဆိတ်ရှိ ဗေဒင် တဆိတ်ရှိ ဗေဒင်၊အဲဘာလို ဗေဒင်မေးတတ်လွန်းလို့ ဗေဒင့်မယ်နက်ရယ်လို့ တရပ်ကွက်လုံးက ခေါ်ကြတယ်ဆိုကိုး၊ ဪ-ဗေဒင်လို့ခေါ်တဲ့ အတွက် အချက်ဟာ တစိတ်တဝက်လောက် မှန်ကန်တတ်တာမျိုး ဖြစ်လေတော့၊ စိတ်ညစ်တဲ့သူများ သာလွန်ပြီး ယုံကြည် တတ်ကြပါသေးတယ်၊ တနေ့ကျတော့ ဗေဒင်မယ်နက် သူ့ခလေးတွေအတွက် အင်္ကျီချုပ်ရင်း အပ်ပျောက်သွားပါရောတဲ့၊ အဲ့ဒီတော့ မူးနောက်အောင်ရှာတာပေါ့လေ၊ ရှာပါသော်လဲမတွေ့၊ သို့ကလို ရှာဖွေလို့မတွေ့လေတော့ ဆန်တပြည်-ငွေတမတ်ယူပြီး ကောလပ်-ကောလပ်နှင့် ဗေဒင်ဆရာ-ဦးသာခုကြီးထံ ခပ်မြန်မြန်ကလေး ပြေးပါရောတဲ့၊ ရေကြီးသုတ်ပြာနှင့်ပေါ့လေ၊ "ဟုတ်ထာကို ဟောစမ်းပါ ဦးကြီးသာခုရယ်၊ ကျုပ်မယ်လေ"အပ်"ကလေးတချောင်းပျောက်သွားပါတယ်တော့ အလွန်ဆော့တဲ့ကလေးတွေအတွက် စိတ်များကိုပျက်ပါပြီ"လို့ မျက်နှာကလေး ခပ်မဲ့မဲ့နှင့် တကယ့် တည်တည်ကြည်ကြည် အရေးတကြီး မေးလေတော့၊ ဗေဒင်ဆရာ-ဦးသာခုကြီးက ကျောက်တံ တချောင်းနှင့် ကျောက်သင်ပုန်းပေါ်မှာ ဗျည်းကုတ်-ဒွေးကုတ်၊ဂျေက်ဂျက်-ဂေါက်ဂက် တွက်ချက်ကြည့်ရှုပြီး အင်း-ဒီနေ့ ဘာနေ့ပါလိမ့်၊ဟယ် နေ့ကိုမမှတ်မိပေမင့် ကိစ္စမရှိပါဘူး၊ မယ်နက်ရေ နင့်အပ်ကလေး ကျသွားတဲ့နေရာ အနီးအနား တဝိုက်မှာ ဇကာစိပ်စိပ်တချပ်နှင့် နှံ့နှံ့စပ်စပ် ချပြီးရှာလျှင် ကေန်တွေ့လိမ့်

မယ်ဟ၊ နင်ဘာမျှ မပူနှင့် ကြားလား၊ဟုတ်ကဲ့တော် ဟုတ်ကဲ့၊ အိမ်ရောက် လျှင်ရောက်ချင်း သေသေချာချာ ရှာပါ့မယ်တော်၊ ဒိပြင်-ဘယ်လို အထူး ကလေးများ မြင်သေးသတုန်း၊မြင်သမျှ ဟောသာ-ဟောပါ၊ ဘာမှ အား မနာပါနှင့် ဦးကြီးရဲ့၊ အဲဒီတော့-ဦးသာခုကြီးက"ဒိပြင် နင့်လင်နှင့် နင်နှင့် ခိုက်ရန်ဒေါသ ဖြစ်ကိန်း မြင်တယ်၊ ဆင်ခြင်လို့သာနေပေရော့၊ ကန်တော့ ညာဏ်ပူဇော်တဲ့ ဆန်တပြည်-ငွေတမတ်လား၊ အေးအေး ပြန်ပေရော့-ပြန်ပေ ရော့" လို့ဆိုတော့၊ ဗေဒင်-မယ်နက် သုတ်ခြေတင်ပြီးလျှင် အလျင်အမြန် ပြန်လာပြီးတဲ့နောက်၊ ဇကာစိပ်စိပ် တချပ်နှင့် အပ်ကျသွားတဲ့နေရာ အနီး အပါးမှာ သဲတွေကို ထည့်ထည့်ပြီး ရှာလိုက်တဲ့ဖြစ်ခြင်း၊ သဲတတင်းလောက် စုပုံမိတော့"ဖွေးကနဲ"ဆို အပ်ကလေး ပေါ်ပေါက် လာပါရောတဲ့၊ နေရာ ကျလိုက်ထာနော်၊ တော်တော်မှန်တဲ့ ဗေဒင်ဆရာကြီးပါဘဲ၊ အဲတာလို "အပ်"ကလေး ပျောက်လေတော့ ဆွေဆွေခုန်အောင် ဝမ်းသာအားရရှိလှတဲ့ အတွက် လက်ထဲကအပ်ကိုမချဘဲ လင် မောင်ကြွက် အလုပ်ကပြန်လာလျှင် လျင်လျင်မြန်မြန် ပြောဆိုပြသတို့ စောင့်နေရှာသတဲ့၊ တာလိုနှင့်ဘဲ အချိန် ကျလို့ လုပ်ရာ-ကိုင်ရာက မောမော-ပန်းပန်းနှင့် ပြန်လာတဲ့ လင်သယ် မောင်ကြွက်ထံ ဟန်ကလေးနဲ့ပြေးတဲ့ပြီး၊ ဦးသာခုကြီးဗေဒင် မှန်လိုက်တာ ကိုကြွက်ရယ် တကယ်ပင် နတ်ပြောတာလိုဘဲ၊ ဟော ဒီ-အပ်ကလေးပျောက် သွားလို့ ဆန်တပြည်-ငွေတမတ်နှင့် ဗေဒင်သွားမေးတော့"အပ်"ကျတဲ့နေရာ ဇကာစိပ်စိပ်နှင့် ချပြီး ရှာရမယ်ဟောလို့ ကဒေါ် ကမျော ရှာလိုက်ထာ သဲတတင်းစာလောက်ရတော့ တွေ့တာဘဲ-ကိုကြွက်ရဲ့၊ဒီမှာကြည့်စမ်းပါအုံး "အပ်"ကလေး၊ မီးမပွေးရသေးလို့ ထင်းတောင် မချက်ရသေးဘူးလို့ အဲဘာလို ပြုံးစိစိနှင့် အရေးတကြီးပြောတဲ့အခါ၊ နှလုံးနာတာတာရှိလှတဲ့ လင်သယ်-မောင်ကြွက်က"နင့်အကျင့်တွေ ငါမကြည့်ချင်ဘဲနှင့် ကြည့်နေ ရတာ ကြာလှပြီ လုပ်ခနဲ့ရှိ-ဗေဒင်၊လုပ်ခနဲ့ရှိ-ဗေဒင်၊ သေတို့သာပြင်ပေရော့၊ ကြည့်စမ်းပါဦး အပ်ကလေး ပျောက်တာနှင့်များ ဆန်တပြည်-ငွေတမတ် ပေးပြီး အရေးတကြီး ဗေဒင်မေးသတဲ့၊ ဇကာစိပ်စိပ်ကလေးနဲ့ချပြီး ရှာလို့ ဟောသတဲ့၊ ဟောလိုက်အုံးဟ-မှန်လိုက်အုံးဟ"ဟု-ဆိုပြီး ဆံပင်ကလေးဆွဲ၍ ဇက်ကလေးနှိမ်တဲ့ကာ တအုံ့အုံ့-တအွတ်အွတ်မြည်အောင် လေးချက်-ငါး ချက် ဆက်ခါဆက်ခါ နာနာထုလေတော့၊"အောင်မယ်လေး-ကြောက်လှ ပါပေါ့ ကိုကြွက်ရဲ့၊ မှန်ပြီးရင်-မှန်လှချည်ရဲ့တော့၊ နင့်လင်နှင့်-နင်နှင့် ရန်ဖြစ်

လိမ့်ဦးမယ် လို့လဲ ဟောလိုက်ပါသေးတယ် တော့လို့ ” ခါးကလေး ကော့ကော့ပြီး အသံပြော့ပြော့နှင့် တောင်းပန်တားမြစ်ရှာသတဲ့၊ တကယ့် အစွဲအလန်းတွေပါဘဲ၊ အဲဒါလို ယုံကြည်လွန်းသူတို့အတွက် သတိပေးလိုက်တဲ့ အချက်ပါဘဲ၊ ဗေဒင် - မယ်နက်များ ဒီတရားပွဲထဲ ပါကြသေးသလား မပြောတတ်ပါဘူး။

ကဲကဲ ဗေဒင်အကြောင်း ဟောနေရဘာနှင့် တရားစတောင် ပြတ်သွားပြီး ဆက်ဦးစို့ရဲ့၊ အဲဒါလို နွားပျောက်ရှာရင်း ပုဏ္ဏားကြီး-အင်္ဂုလိမာလစေတီတော်အဘွင်းသို့ နံနက်ခင်းအချိန်သို့ရောက်လို့သွားလေတော့၊ ရဟန်းတော်တွေ ဆွမ်းဘုဉ်းပေးလို့ပြီးတဲ့ အပြီး ဝဝကြီးစားရ ရှာတာပေါ့ခလ၊ ဩော်-ဆာလောင်မွတ်သိပ်တဲ့အခါ ဘယ်အစာဘဲ ဖြစ်ဖြစ် နှစ်နှစ်ကာကာ အရသာ အလွန်ရှိမြဲပါဘဲတဲ့၊ စားလို့ ပြီးတဲ့ နောက် ရဟန်းတော်တွေကို ဒါလိုလျှောက်လိုက်သတဲ့၊ ဆွမ်းတွေ-ဟင်းတွေပေါလှပါပေတယ်၊ ယနေ့-အလှူကြီး-အတန်းကြီးများရှိပါသလားဘုရား လို့လျှောက်လေတော့၊ အလှူကြီး-အတန်းကြီး အထူးမရှိပါဘူး ဒါယကာကြီးရယ်၊ ဤသို့ပင် နေ့စဉ်-နေ့တိုင်း ရရှိမြဲပါဘဲလို့ အမိန့်ရှိကြတဲ့အခါ၊ ပုဏ္ဏားကြီး၏ စိတ်ထဲက ဩော်-ငါမှာဖြင့် နေ့ခုပြတ် - ညဥ့်မပြတ် ဒသစပ် ချာချာလည်အောင် ရှည်ကြာကာလ အလုပ်လုပ်ရပါလျက်၊ ဝတ်ရပါလဲအစုတ်စုတ်၊ စားရပါလဲ တလုပ်တဆုပ် - ဆိုသလို အလွန်တရာမှ ဒုက္ခရောက်လှပါတကား၊ ရဟန်းတော်အရှင်မြတ်များမှာတော့ အစားအသောက်ကောင်းကောင်း ကျောင်းဆောင်ပစ္စည်း အသီးသီးတွေနှင့် မငြီးငွေ့အောင် စံစားကြရပါပေတယ်၊ ဒုက္ခကြွယ်တဲ့ ငါပုဏ္ဏားလဲ ဘုရားဂေါတမ၏ ဘုန်းရိပ်ခိုရလျှင် ငြိုငြင်ဆင်းရဲတဲ့ ဤအဖြစ်မှ စင်စစ်ကင်းလွတ်ရမှာ အမှန်ပေဘဲလို့ ဗျူးကနဲ အကြံရလာသတဲ့၊ ဟန်ကျချင်တော့ ဒီလိုဘဲထင်ပါရဲ့နော်။

အဲဒါလို ကြံစီ စိတ်ကူးမိတဲ့ အတိုင်း မဆိုင်းလျှင်မြန် နေအိမ်သို့မပြန်တော့ဘဲ၊ သံဃာတော် အရှင်မြတ်တို့အထံမှာ ခွင့်ပန်လျှောက်ထားပြီး ပုဏ္ဏားကြီး ရဟန်းပြုလိုက်ပါရောတဲ့၊ အတုယူကြဘို့နော်၊ ဘယ်အကြောင်းကြောင့်ဘဲ သက်န်းဝတ်ဝတ်၊ အကျွတ်တရားရမှုကိုသာ သူတော်ကောင်းအများတို့က အရေးထားတော်မူရိုး အမှန်ပါ၊ သို့သော် အသင့်အပြင်နှင့် အကျင့်အကြံ စည်းမှန်ကမ်းမှန် ညီညွတ်မှုကိုတော့ အထူးဂရုပြုကြပါတယ်။ ဥပမာ-အင်္ဂုလိမာလလို့ ဆိုတဲ့ တောပုန်းကြီးသည် ရှင်ရဟန်းအဖြစ် သက်န်း

ဝင်တဲ့အခါ၊ ဟို-အတိတ်မှာ ကျန်ရစ်တဲ့ အမူအကျင့်မျိုးမဟုတ်၊ နုတ်စုတ် သေးသိမ်မှုတွေ ပယ်ရှားပြီး အမြင့်စား - အမောက်စားဖြစ်တဲ့ စိတ်ခါတ် တရားကိုသာ မွေးမြူကျင့်ကြံတော်မူတဲ့ အဖြစ်မျိုးကို ဆိုလိုဘယ်၊ ယခု ပုဏ္ဏားကြီးမှာလဲ တခါထဲ-သံသရာမှ ကျွတ်လိုလွတ်လိုလှတဲ့အတွက် သက် သက် ရဟန်းပြုတာတော့ဖြင့် မဟုတ်ပေဘူး၊ သို့ပင်မဟုတ်သော်လဲ ဝိမုတ္တိ ခေါ်တဲ့ ကျွတ်လွတ်မှု စခန်းကောင်း - လမ်းကောင်းကို ခြေဦး လှည့်မိတဲ့ အတွက် အားတက်ဝမ်းသာဘွယ် လွန်စွာကောင်း၍ နေပါတယ်။

အဲဒီလို သူဇနီးသယ် အစရှိတဲ့ အိမ်သူ-အိမ်သား တွေကိုပင် နှုတ် မဆက်တော့ဘဲ ရတ်တရက်သာသနာဘောင်သို့ရောက်သွားတဲ့အခါ၊ ဘာ လိုလို-ညာလိုလိုနှင့် အတော်ကို ရိုးတိုးရားတား ဖြစ်လို့သွားတာပေါ့လေ။ စားလို့သောက်လို့ကလဲ တော်တော်ကောင်းသတဲ့၊ အကြော်ပေါင်းအလှော် ပေါင်းအစုံစုံ မွှေးထုံသင်းပြန့်တဲ့ ဆွမ်းနံ့ဟင်းနံ့၊ ဆွမ်းကောင်းဟင်းကောင်း တွေနဲ့ပေကိုး။ ဟုတ်တယ်လေ ယခင် ပုဏ္ဏားဘဝကတော့ စည်းဝိုင်းထားတဲ့ မြေဘလင်းမှာ ကုလားပဲဟင်းနဲ့ပွဲတော်တည်ပြီး ငှက်ပျောသီး ဖီးကြမ်းနှင့် ပေါက်ပေါက်ဆုပ်များကိုသာ အားထား စားသောက် နေရတာကလား၊ မြန်မာပြည်သူ-မြန်မာပြည်သားတို့လို အထက်တန်းစားထဲက မဟုတ်ကြပါ ဘူး၊ အထူးပြောင်းလဲသွားပုံက ဘယ်လိုပါလဲဆိုတော့၊ တရက်က-နှစ်ရက်၊ နှစ်ရက်က-သုံးရက်လောက်ရောက်သွားတဲ့အခါ ကောင်းမွန်စွာ အေးအေး ချမ်းချမ်း စားရသောက်ရ သုံးဆောင်ရတဲ့အတွက် ဝဝဖြိုးဖြိုး စိုစိုပျိုပျို နှင့် နဂိုရ်ရုပ်များ ကင်းပျောက်ပြီး တလျှောက်ထည်း အသား အရေများ လှပတိုးတက်လာသတဲ့၊ ဟုတ်လဲဟုတ်ပေမှာဘဲလေ၊ အစားနူးည့်ပြန်တော့လဲ အဆင်းသန့်မြပါဘဲတဲ့။

## အစားနူးည့်-အဆင်းသန့်ပြန့်ပုံ

ဟို....မဇ္ဈိမဒေသ ပါတလိပုတ်ပြည်သူတို့နှင့် မဂူရာဇ် ပြည်သူတွေ ဟာ ဘယ်သူကပိုမိုပြီး လှပချောမောကြပါသလဲလို့ဆိုတော့၊ မဂူရာဇ်ပြည် သူတွေက ပါတလိပုတ်ပြည်သူတွေထက် ပိုမိုပြီး တင့်တယ်ချောမောလှပကြ ပါ၏တဲ့၊ ဘယ်အတွက် ဘယ်အကြောင်းများကို ထောက်ဆလို့ ပိုမို လှပ ကြောင်း သိနိုင်ရပါသလဲလို့ဆိုတော့၊ အစားအသောက် အစာအာဟာရ ပိုမို နူးည့် ကောင်းမွန်တဲ့အတွက် အလှ အချောဘက်က သာလွန်ကြောင်း

ကောင်းကောင်းကြီးသိရှိနိုင်တယ်ဆိုကိုး၊ အဲဒါကြောင့် "မဓုရာ ပါဋလိ ပုတ္တကေဟိ အဘိရူပတရာ"။ မဓုရာ၊ မဓုရာဇ်ပြည်သူတို့သည်၊ ပါဋလိပုတ္တ ကေဟိ၊ ပါဋလိပုတ်ပြည်သူတို့ထက်။ အဘိရူပတရာ၊ အထူးသဖြင့် ပိုမို၍ အဆင်းရုပ်ရေ ပြေပြစ်ချောမောကြ လှပကြ လေကုန်၏လို့ ဆိုလိုပေတာ ပေါ့။ အဲဒါလို ဤယခု ရဟန်းတော်ပုဏ္ဏားကြီးမှာလဲ အသားအရေတွေ ပြည့်ဖြိုးပြီး စည်းစိမ်တမျိုးတိုးလာလေတော့၊ အကြံသစ်တခု ပေါ်လာပြန် တာက-တာလိုတဲ့၊ တအိမ်-တဆုပ် သပိတ်ပိုက်ခါ ဆွမ်းလိုက်၍ရှာခြင်းဖြင့် ဘာအကျိုးရှိတော့မလဲ၊ ရှေးကလို လူဝတ်လဲလို့မှ နေမြဲတိုင်း နေထိုင်ပါ တော့မယ်လို့ တခါထည်း သူ့အိမ်သူ လူထွက်လိုသွားရှာပြန်ရောတဲ့။ တရား နာသူတွေမှတ်ထားလိုက်ကြပါနော် တော်တော်ကြာ ပေါ်လာ ပါလိမ့်ဦး မယ်၊ သြော်-ဘုရားအစရှိသော အရိယာ သူတော်ကောင်း တို့၏ နိဗ္ဗာန် လမ်းကြောင်းဖြစ်တဲ့ ဩဝါဒရွှေဗျာ ဒေသနာ တရားဓမ္မများကို အဝါး ဝဝ မကြားရ-မသိရ-မကျင့်ရသေးသူ ပုထုဇဉ်ဟူဟူသမျှတို့၏ စိတ္တ တည်း ဟူသော ခေတ်သဘောတို့ လတ်တလောပြောင်းလဲ-ပြောင်းလဲ၍သွားတတ်ပုံ များကို အာရုံပြုလို့သာမှတ်သားလိုက်ကြပေရော့။ တရားဆိုတာ စဉ်းစား နိုင်-ချင့်ချိန်နိုင်တဲ့ (ဓမ္မဝိစယသမ္ဗောဇ္ဈင်) ဉာဏ်အမြင်ပေါ်မှာ အခြေတည် ၍ နေတာကလား၊ သူ့အိမ်သူရောက်တော့ စုံစုံအောက်အောက်လုပ်နေတဲ့ သူ့ဇနီးဖြစ်သူကို ရှေးဦးစွာတွေ့ရသတဲ့။ ဣန္ဒြိယတိုင်းက ပုဏ္ဏားမပေါ့လေ၊ သို့ကလို ဇနီးသယ်ပုဏ္ဏေးမ၏မျက်နှာ မကြည်မသာရှိလှတဲ့အတွက် ဆိုင်ရာ ဆိုင်ရာ တကုတ်ကုတ်နှင့် အလုပ် လုပ်ရပြန်တာပေါ့၊ ငုတ်တုတ် ထိုင်ပြီး စတိုင်ကျကျမနေသာဘူးလို့ဆိုလိုတယ်။ အဲဒါလို တကုတ်ကုတ်နှင့်အလုပ် လုပ်ရတဲ့ပြင် စိတ်ရှုပ်စရာတွေကများပြားလာပြန်တော့ အသားအရေများ ကြုံ၊ လူပုံမလှ မူလကရုပ်မျိုးအတိုင်း ညှင်းစိုးစိုးဖြစ်သွားပြန်သတဲ့၊ သုခနှင့် ဒုက္ခဆိုတာ ဖြုတ်ခနဲ-ဖြုတ်ခနဲ ပြောင်းလဲပုံပြင် ဖြစ်ချင်သလို ဖြစ်ပေါ်၍ နေမြဲဓမ္မတာကြီးပေကိုး၊ အဲဒါလို သူ့ကိုယ်သူ ပြန်ကာ ကြည့်လိုက်တော့ မချိတဲ့ စိတ်ထားကြောင့် များမကြာမီ နှစ်ရက် သုံးရက် အ တွင်း မှာ ဘဲ သိရင်း-ကျွမ်းရင်းဖြစ်တဲ့ သံဃာတော်အရှင်မြတ်တို့ထံသွားပြီး သင်္ကန်းဝတ် ပြန်ပါရောတဲ့၊ စိတ်သန္တာန်ကအတည်မမြဲလေတော့ ရူပက္ခန္ဓာကြီးလဲ ပါရှာ ရတော့တာပ။

ခေတ်-၅

ဒီကိုယ်တော်ကြီးမှာ ကြည်ညိုစရာက ဘယ်လိုထူးနေပါသလဲလို့ဆိုတော့၊နဂိုရ်ပကတိ ဝီရိယခိုင်ခိုင် အလုပ်အကိုင်သွက်လက် သဒ္ဓါတရားကလဲ တက်လေတော့ နံနက်လင်းလာတယ်ဆိုလျှင် ကျောင်းအတွင်းမှာ တံမြက်ရှင်းပြီးဖြစ်နေပါရောတဲ့၊ မျက်နှာသစ်ရေ့,ခြေဆေးရေ့,သုံးရေ့,သောက်ရေ-လိုလေသေးမရှိ ဝီရိယပြည့်၍ သဒ္ဓါမရှားသူ ဖြစ်လေတော့၊ ဆရာသမား သမဂ္ဂသံဃာတော်အများတို့က အားထား-ချစ်ခင် ကြည်လင် မြတ်နိုးကြသတဲ့၊ အဲဘာကြောင့် "ဝတ္တပဋိပတ္တိဟာ အာရာဓေတိ" လို့ ဟောတော်မူတာပလေ။ ဝတ္တပဋိပတ္တိယာ၊ ကျင့်ဝတ်တရားနှင့် ပြည့်စုံ ညီညွတ်အောင်နေခြင်းဖြင့်။အာရာဓေတိ၊ သမဂ္ဂသံဃာအများ ဆရာသမားတို့က ချစ်ခင်စေနိုင်၏၊ တဦးနှင့်တဦး ဝတ္တရားနှင့်ပြည့်စုံအောင်နေလျှင် ပိယဆေးအစစ်အဖြစ်ကြီး-ဖြစ်တယ်လို့သာမှတ်ကြပေတော့။ သို့ပေမင့် ခက်လာပြန်တာက ပြောခဲ့တဲ့အတိုင်း ပျော်ပျော်ရွှင်ရွှင် စားစား သောက်သောက် နှစ်ရက်-သုံးရက်လောက် နေ့ရက်ကလေးရလာပြန်တော့၊ သက်နီးဝတ်နှင့် မပျော်ပြန်ပါဘူးရယ်လို့ ထူးထူးခြားခြား လူထွက်သွားပြန်ရောတဲ့၊ ကဲ-စဉ်းစားလို့သာ ကြည့်ကြပါတော့နော်၊အတော်ပင် ပြောင်းလဲပြီး စိတ်ဆွဲတိုင်းကိုယ်ပါတဲ့ဒါယကာ-ဦးပဥ္စင်းကြီးပါဘဲ၊ အဲဒီတော့-အထူးသတင်းကြီး သွားတာပေါ့လေ၊ "ဝတ်ပြန်ပြီဟေ့ ထွက်ပြန်ပြီဟေ့" နှင့် အရပ်ဓလေ့-အရပ်ထုံးစံအတိုင်းပုထုဇဉ်ဂိုဏ်းက ပုဂ္ဂိုလ်တွေဆိုတော့ ပြောတာကိုလဲအပြစ်မတင်သာဘူး၊ဖြစ်ပြန်-ပျက်ပြန် လောကဓံဆိုတဲ့ ဦးပဥ္စင်းကြီးပါဘဲ သနားလဲ-သနားစရာ၊အဲတာလိုချည်း စိတ်ရှုပ်တိုင်း ထွက်ချည်-ဝင်ချည်လုပ်လိုက်ထာ တလအတွင်းမှာဘဲ"ဝိဗ္ဘမန္တ"လို့ဆိုတဲ့ ဘုန်းကြီးလူထွက်ဘဝ ခြောက်ကြိမ် တိုင်တိုင်ရ၍သွားပါရောတဲ့၊ ကဲ-ဒီလို ဘုန်းကြီးလူထွက်မျိုး ယခုကာလ ဒီဒေသမှာ ကြားဘူးကြ-မြင်ဘူးကြရဲ့လား၊ အဲတာလို ဘုန်းကြီးဘဝမှ-လူ၊ လူဘဝမှ-ဘုန်းကြီး "စိတ်" တည်းဟူသော ယာဉ်စကြာစီးပြီး ထွက်ချည်တခါ-ဝင်ချည်တလှည့်နှင့်ပင်အိမ်နေသူ-ချစ်ဇနီးမှာ၊ဓမ္မတာဝန်ကြီးကိုရွက်ဆောင်ရရှာပါရောတဲ့၊ တရားဟောတဲ့ ဓမ္မကထိက-က ကြုံစိပြီး ရယ်စရာပြောတယ်လို့များ မအောက်မေ့ကြနဲ့၊"တဿေဝံ အပရာပရံ ဝိစရန္တဿေဝ ဘရိယာ ဂဗ္ဘိနီ အဟောသိ"ရယ်လို့ ဓမ္မပဒ အဋ္ဌကထာဆရာက အသေအချာ ရေးသားဖော်ပြလို့ထားပါတယ်၊ အနက်ကတော့ ဒါလိုတဲ့။ တဿ၊ ထိုဒါယကာတနည်း ဦးပဥ္စင်းကြီး၏။ အပရာပရံ၊ ထိုမှဤမှ။ ဝ ါ၊ ကျောင်းမှ-အိမ်,

အိမ်မှ-ကျောင်း ကူးပြောင်း သွားလာခြင်းဟု ဆိုအပ်သော ထိုမှ-ဤမှ။ ဝိစရန္တဿဝ၊ လှည့်လည်သွားလာစဉ်ပင်လျှင်။ ဘရိယာ၊ အိမ်မှာပျော်မွေ့ သူချစ်ဇနီးအား။ ဂဗ္ဘိနီ၊ ဓမ္မတာကိုယ်ဝန်သည်။ အဟောသိ၊ဖြစ်လေပြီတဲ့။ အင်း - ယခုမှ သူ့ဇာတ်ကွက် လည်တော့ဘာဘဲ ခက်သွားပြန်ပြီပေါ့နော်၊ သာသနာတော်ကို ပေါ်လာဦးမယ်များ ထင်ကြသေးသလား၊ အဲတာလို လူဖြစ်ချည်-ဘုန်းကြီးဖြစ်ချည် အတည်မကျ စိတ်သွားရာ-ကိုယ်ပါ၊ စိတ်၏ အလိုကိုလိုက်လွန်းအားကြီးတဲ့အတွက် ဦးစိတ္တ-ကိုယ်တော်ကြီးရယ်လို့ရဟန်း တော်များက ခေါ်ကြသတဲ့၊စိတ်ဆွဲရာသို့ ရိုပ်ခနဲ-ရိုပ်ခနဲနေအောင် ပါတတ် လွန်းလို့ ဦးစိတ်ဆွဲကြီးရယ်လို့ ခေါ်ချင်လျှင်-ခေါ်နိုင်ပါရဲ့။

## ဥဒ္ဒုမာတက-သံဝေဂ

တနေ့သ၌ မှာတော့၊ ဦးစိတ္တလို့ ခေါ်တဲ့ ဦးပဉ္ဇင်း လူထွက်ကြီး လယ်ထွန်ခြင်း-ပျိုးနုတ်ခြင်းစတဲ့ အလုပ်တွေကို အားထုတ် လုပ်ကိုင်ပြီးတဲ့ နောက် တောထဲမှအိမ်ကိုရောက်လာတာကိုး၊မောမောပန်းပန်းနှင့်ပေါ့လေ အဲဒီနေ့မှာဘဲ ယနေ့ဖြင့် ကျောင်းတော်သွားပြီး သင်္ကန်းဝတ်ဦးမယ်ဟဲ့လို့ တကယ့်တကယ် စိတ်ကူးပြီး နေ့ထူး-ရက်ထူး အဖြစ်ဖြင့် အားသစ်အံခဲလို့ သဲသဲမဲမဲ ကြံထားတဲ့ နေ့ရက်ကြီးတဲ့၊ အဲတာလို ကြံစည်ထားတဲ့ အတိုင်း မဆိုင်းဘဲ အိမ်ခန်းထဲဝင်ပြီး သူ့သင်္ကန်းကို သွားရှာယူမှာ အမူအရာဟန်မ ရဘဲ သူ့ဇနီးကို အပြီးလက်ငင်း ပက်ပင်းပါ တွေ့မြင်ရပါရောတဲ့၊ ပြောပါ ရစေတော့ အဝတ်အစားတွေ မပိ-မစီး ညည်းငြူတဲ့ပမာ နှာသံ-လေသံ တွေရောနှော သဘောမကျစရာဖြစ်တဲ့ အအိပ်အနေမျိုးတွေပေါ့လေ။

"နိဒ္ဒါ ဩက္ကမိ(လ)ဟတ္တာပ္ပတ္တံ သုသာနမိဝ"

(အဋ္ဌကထာ)

အဲဒီတော့ ဘဝအဖြာဖြာ သံသရာတို့က ပါလာတဲ့ ဉာဏ်ပါရမီ တို့ ကူညီဝန်းဝိုင်း မှိုင်းမကယ်တင်မည့် အလှည့်ပေမို့ မဲ့ကာ-ရွံကာ အလွန် မုန်းပြီး အသုံးမကျတဲ့အဖြစ် စင်စစ် အားဖြင့် လူသေကောင်ကြီး များကို မြင်ရတာလို သံသရာဖြတ်လမ်း ဥဒ္ဒုမာတက မြတ်ကမ္မဋ္ဌာန်းများကို စခန်း သင့် ထင်မြင်လို့လာပါရောတဲ့၊သံဝေဂ သဘော ဆိုက်ရောက်လာမှုကို ဆိုလို တယ်။

ကဲ-ကဲ… ဦးစိတ္တ-ဦးပဥ္စင်း သံဝေဂရနေတဲ့ အတော အတွင်းမှာ ဩဝါဒ စာရင်းကလေးကို ထုတ်ပြလိုက်ရသေးတာပေါ့၊ လောကကြီး၏ အလိုအားဖြင့် အပြောမတတ်ပြန်တော့လဲ နားဝင်ဆိုးသတဲ့ အနေအထိုင် မတတ်ပြန်တော့လဲ အမြင်ဆိုးသတဲ့၊ အဲဒါကြောင့် သာသနာတော်ဘက် စာရိတ္တသီလ၏ အကွက်မှာလဲ ဆရာ သမားများ အရပ်တပါးစသည်တို့မှ ပြန်ကြွလာတဲ့အခါ ကြွခါနီးအခါ တပည့်လိမ္မာဟု သိရှိရန်အချက်ကတော့ ဝတ္တက္ခန္ဓကများမှာ ဟောတော်မူတဲ့အတိုင်း၊ တံမြက်တလင်း သန့်ရှင်းစင် ကြယ်စေခြင်း ချိုးရေ-သောက်ရေဘည်ထားခြင်း စသည်တို့နှင့်တကွ ခရီး ဦးကြိုဆိုခြင်း ကြည်ကြည်လင်လင် ခင်မင်သာယာ လွန်စွာဖူးစင် သန့်ရှင်း တဲ့အဖြစ်တွေနှင့် စင်စစ်အားဖြင့် ပြည့်စုံစေရမယ်တဲ့၊ အမြင်ဆိုး-အကြားဆိုး ဖြစ်အောင်လုပ်ပြီလားလို့ ဆိုမှဖြင့်၊ တွေ့ရ-မြင်ရ-ကြုံကြိုက်ရတဲ့ ဆရာသမား တို့မှာ ဘာစကားမျှမပြောချင် ပင်လယ်ပြင်မှာ လက်ပစ်ကူးရသလို အထူး ဘဲ စိတ်ခုတ်မချမ်းမသာ ဖြစ်ကြမြဲ ဓမ္မတာကြီးပေပေါ့။

လူ့ဘုံလို့ဆိုတဲ့ ဤလောက-က၊ အိမ့်ရှင်ယောကျ်ား လောကီသား များမှာလဲ တို့အတူပါဘဲ လုပ်ရာကိုင်ရာက အပြန် ဆူညံ-ဆူညံနှင့် ဇနီး မယား သမီး-သားအစရှိတဲ့ အခြံအရံတွေ မလိမ္မာကြမှုဖြင့် လွန်စွာ ဒုက္ခ ဖြစ်ဘတ်မြဲပါဘဲ (လိမ္မာသူတွေ အလွတ်နော်)အဲဒါကြောင့် တဘက်သား စိတ်လက် မကြည်-မလင်တဲ့အခါ၊ တရပ်တဌာန တဒေသဆီသို့ သွားမည့် ဆဲဆဲ လာမည့်ဆဲဆဲ တရပ်ဘကျေး တမြို့တရွာမှ ပြန်လာခါစ ရောက်လာ ခါစအခါ၊ ညှော်ကောင်း-စောင်ကောင်း လာရောက် နေထိုင်တဲ့အခါ၊ အကြံအစီ အပေါက်အလမ်းမတွေ့၍ ခတ်မှဲ့မှဲ့ နေထိုင်တဲ့အခါများမှာ ဇနီး မယား,သမီး-သားစသည်တို့က ညှင်းညှင်းသာသာ လွန်စွာယုယပြီး ပြုကြ စုကြမှ တရားသဘော ညီညွတ်ရိုးအမှန်ပါ၊ အပေါက်ဆိုးတွေကို ကျယ် လောင်-ကျယ်လောင်ရွတ်ပြီး ဇွတ်ဒရွတ်အကြမ်းတိုက်ကြလျှင် ကျားကိုက် လို့ သေရာသူထက် ထက်မျက် ဆိုးဝါးတယ်လို့ မှတ်သားသိရှိကြပေရော့၊ တဘက်သတ် ဆွဲငင်ပြီး ထင်ရာတွေ ပြောဘယ်လိုမျိုး မဇအောက်မေ့ကြပါ နှင့် ဗုဒ္ဓဘာဝဘက် ပုဗ္ဗာဝဘက် တပည့်ဘက် အဘက်ဘက်က ဝတ္တရား ကျေပြွန်မှုမျိုးကို ဆိုလိုပါကယ်၊ ဘယ်ပုဂ္ဂိုလ်ဘဲဖြစ်ဖြစ် တဦးနှင့်တဦး ကူး လူးဆက်ဆံကြတဲ့အခါ အလိမ္မာပေါ် အနူးအညွှတ်တိုးပြီး အချမ်းသာမိုးကြီး ရွာသွန်းနိုင်ကြပါစေလို့ ဦးပဥ္စင်းတို့က မေတ္တာနှင့် ဩဝါဒ ပေးလိုက်ရပါ

တော့ဘယ်၊ ဩဝါဒအဆုံးအမ စကားတွေအတွက် တရားသား မဆက်ရသေးဘူး၊ အထက်က ဟောပြခဲ့တဲ့အတိုင်း အအိပ် အနေ အထိုင် ဟန်မရတဲ့ သူမိန်းမကို သူမြင်ရလေတော့ "ငိုချင်ရက်-လက်တို့၊ ကွမ်းသီးကြိုက်-တောင်ငူပို့" ဆိုတာ လိုဘဲ သက်နှုန်းလဲ ဝတ်ချင်ချင်၊ မြင်ရပုံက မနှစ်သက်၊ အချက်ကျ ဘယ်လိုများ ရှုတ်ဆိုမိပါသလဲဆိုတော့၊ ဩြော်-အနိစ္စ အနိစ္စ၊ ဩော်-ဒုက္ခ ဒုက္ခ၊ အနတ္တ ကိုယ်မဟုတ်တဲ့ အကောင်ပုပ်ကြီးတွေပါတကား။

အဟံ တွေကံ ကာလံ ပဗ္ဗဇိတွာ ဣမံ နိဿယ

ဘိက္ခုဘာဝေ သဏ္ဌာတုံ နာသက္ခိံ။ ။

(ဓမ္မပဒအဋ္ဌကထာ)

အဟံ၊ ငါသည်။ တွေကံကာလံ၊ ဤမျှလောက်သော အချိန်အခါကာလတို့ပတ်လုံး။ ပဗ္ဗဇိတွာန၊ ခြောက်ကြိမ်-ခြောက်ခါ ရဟန်းပြုလုပ်လေပြီးမှ။ ဣမံ၊ ဤဇနီးသည်ကို။ နိဿာယ၊ အမှီပြု၍။ ဘိက္ခုဘာဝေ၊ ရဟန်း၏အဖြစ်၌။ သဏ္ဌာတုံ၊ ပျော်မွေ့ရှင်ကြည် ဆောက်တည် နေထိုင်ခြင်းငှါ။ နာသက္ခိံ၊ မတတ်နိုင်ခဲ့ပါတကား-တဲ့၊ အဓိပ္ပါယ်ကတော့-ငါဆိုတဲ့ငါသည် လူဘဝမှ ရဟန်း၊ ရဟန်းဘဝမှ လူ၊ မှတ်တူနိုင် အဖြာဖြာပြောင်းလဲခဲ့တာ (ကြည့်စမ်း) အခါပေါင်း ခြောက်ကြိမ်တိုင်တိုင် ရှိခဲ့ပေပြီ၊ ဒီအခါတော့ တကယ်ကိုမထွက်တော့ဘူးဟဲ့လို့ အထက်ကနဦးကလိုမဟုတ် ခပ်သုတ်သုတ် ကလေး ဇေတဝန်ကျောင်းတော်ဆီသို့ ပြေးပါရောတဲ့။ ဒီနေရာ-ဒီအကွက်မှာ (မဟာနိဒ္ဒေသပါဠိတော်ဂါထာကြီး) စွက်လိုက်ရဦးမယ်၊ အချက်ကျလွန်းလို့။

လောကုတ်-လောကီတဘက်တချက်၌ စက်ပျက်တတ်ပုံ ဘွဲ့ ဂါထာ

ဒေါသော ပုဗ္ဗေ ဇရိတွာန၊

မေတ္တုံ ယော နိသေဝတိ။

ယာနံ ဘဏ္ဍ၀ တံ လောကော၊

ဟိနံ ပါဟု ပုထုဇ္ဇနံ။ ။

(မဟာနိဒ္ဒေသပါဠိတော်)

ဒီဂါထာဟာ (မဟာနိဒ္ဒေသပါဠိတော်လာ) ဂါထာကြီးဖြစ်ပေတယ်၊ အနက်မရှုတ်မီ ဂါထာ၏အဓိပ္ပါယ်သဘောကိုပြောရဦးမယ်။ ဒီလိုတဲ့

အာရုံအမျိုးမျိုးကဆက်သွယ် စေတသိက်အမျိုးမျိုးကချယ်လှယ် ဘယ်ဟာရယ်လို့ အတည်တကျ သမာဓိမရနိုင်သေးတဲ့ ပုထုဇဉ်ဟူဟူသမျှတို့၏ဓမ္မတာတခါတလေ အလွန့်အလွန် ကောင်းမွန်တဲ့ အလုပ်အကိုင်များကို လုပ်မိကိုင်မိကြတယ်၊ သို့ကလို အလွန့် အလွန် ကောင်းမွန်မြင့်မြတ်ရာက အလွန့်အလွန် ယုတ်နိမ့်အောက်ကျတဲ့ ဘဝမျိုးကိုလဲရောက်ရှိသွားတတ်ကြသတဲ့။ "ဥက္ခိတ္တာ ပုညတေဇေန"အစရှိတဲ့ဂါထာလာစကားများလို"ပြဟ္မာဖြစ်လို့တဝင်းဝင်း၊ငက်စားကျင်းမှာတရှုပ်ရှုပ်"ဆိုတဲ့အဖြစ်မျိုးလို အဲတာမျိုးတွေကို ဆိုလိုတယ်။ ဥပမာအားဖြင့် ယခုဟောပြနေတဲ့ဦးစိတ္တာအရှင်တပါးတို့လိုနင်လား-ငါလား ယောကျ်ားဟဲ့ ဘသားဟဲ့နှင့် တကယ့်တကယ် လိုလိုချင်ချင် လုပ်တဲ့ပြီး၊ ဟော-ရှာ်တရက် ဖြုတ်ခနဲဆိုတာလို တဖြစ်ပြောင်းလဲပြီး ခေါင်းပေါင်းစ တလွန့်လွန့်ထူးထောင်မှုမျိုးတွေပေါ့၊ ဩော်-ဦးပဥ္စင်းတို့နှင့်အတူတူ စာသင်ဘက် ဒီအချက်မျိုးနှင့် တိုးမိဆုံမိနေတဲ့ သူငယ်ချင်းတွေဟာ စာရင်းယူမယ်ဆိုလျှင် တော်တော်များများမှာပေါ့၊ နှိမ့်ချတဲ့သဘောနှင့် အပြစ်ပြောတာမဟုတ်ပါဘူးနော်၊ဘုရားဟောရင်းပေါ်လာလို့ဓမ္မတာအတိုင်း ပြောမိဆိုမိခြင်းဖြစ်ပါတယ်၊ အလည်လာလို့တွေ့ရ-သမဂ္ဂဖြစ်ဘူးတဲ့တကာတဦးကတော့၊ ဦးပဥ္စင်းရေ....လောကဆိုတဲ့ အဖြစ်အပျက်တွေဟာနှစ်သက်စရာလဲတွေ့ရရဲ့ မနှစ်သက်စရာလဲတွေ့ရရဲ့၊ မနေ့က အတော်ဟန်ပေမင့် နက်ဖြန်ကျတော့ တမျိုးဖြစ်ချင်လျှင် ဖြစ်သွားတာမျိုးတွေဘဲ၊ တပည့်တော်ဖြင့် အချိအချဉ်ရယ်လို့မရွေး၊ လောကီရေးကို ဆန်းစစ်လို့ မဖြစ်ဘူး၊ ပွဲဦးထွက် နှစ်ပါးသွားလောက်ပါဘဲဘုရား-တဲ့၊ တော်တော်ကြာ စိတ်တိုင်းမကျမှုတွေ ပွားစီးပြီး ကော်ကီ ကော်ကီဂျိုင်းဆိုတဲ့ ငိုချင်းချစရာတွေများတာဘဲဘုရား-တဲ့၊ အင်း-လောကသဘောကို လောကုတ္တရာသံနှင့်ပြောသမျှမောစရာတွေ ဘယ်မှာဆုံးနိုင်ပါ့မလဲ၊ လောကီ အလိုက်အထိုက် သင့်သလိုအားခဲပြီး လမ်းမလွဲအောင်သာ စက်ကိုနှိုးပြီး ဝင်ရိုးမကြီး စက်မပျက်ရန်ကြိုးစားကြပေရော့၊ ကြိုးစားလျှင် ဘုရားဖြစ်တဲ့အကြောင်း တလုံးကောင်းပြောပြတော့မှ သဘောကျပါပြီဘုရားလို့ လျှောက်ထားသွားတာဘဲ။ဘယ်အချက်ကို သဘောကျတယ်တော့ မပြောပြတတ်ဘူး၊အထူးအားဖြင့် ယခုနရွတ်ပြတဲ့ မဟာနိဒ္ဒေသဂါထာကြီးထဲမှာ "ယာနံ ဘန္တံဝ တံလောကေ" ဆိုတဲ့ အပိုဒ်တပိုဒ်ပါလာတယ်၊ လောကမှာရှိကြတဲ့ ဘယ်ပုဂ္ဂိုလ် ဘယ်အလုပ်မျိုးမှာမဆို အတက်မှာ ဇက်ပြတ်ပြီး အဆင်းမှာ ခြေချော်သလို

မတော်တဆကြုံတတ်ကြတယ်လို့အစိပ္ပါယ်ဘွက်တယ်၊ သို့အတွက် မိမိတို့မှာ ရပြီးတဲ့ ကုသိုလ်, ပညာ, ဥစ္စာများကို မပျောက်မပျက်ရအောင် မိမိတို့မှာ မရသေးတဲ့ ကုသိုလ်, ပညာ, ဥစ္စာ များကို ကောင်းရရှိအောင် ကြံဆောင် စဉ်းစားသတိထားကြလျှင် လောကီစီးပွား ဖြစ်စေ၊ လောကုတ္တရာ စီးပွား ဖြစ်စေ ကောင်းစော ကြီးပွားချမ်းသာကြမှာပါဘဲတဲ့။ ကဲကဲ-အနက်ပေးလိုက် ဦးမယ် ဦးစိတ္တ-ဦးပဥ္စင်းကြီးအတွက်ဘဲ ဆိုကြပါစို့။

(ဧကော ပုံဒွ စရိတ္တာန ဂါထာကို တခါ ပြန်ရွတ်တော်မူပါ၊ ပြီးလျှင်)

**မှတ်ချက်။** ။အထက်က သမင္ဂ ဖြစ်ဘူးသူတို့၏ ပြောသမျှ၊ လောကအလိုက် သဘောဆ၍ အနက်ပေးပါသည်၊ အပြစ် တင် ခြင်း မှ ကင်းစေ သတည်း။

ပုဗ္ဗေ၊ ဟိုရှေးအခါ ကာလ များဆီက။ ဧကော၊ အဖေါ်မပါ လျှော်ရာခိုမှီး တကိုယ်ဘည်းသာဖြင့်ပင်လျှင်။ ဝါ၊ မိဘကိုခွါ ဆွေညာကို ပစ် ချစ်သူကိုရှာ သနားသူကိုဖယ်မဘာတွယ် အပိုမမှီးချင်လို့ တကိုယ်တည်း ဆိုမှ ဟာကဲ့တကိုယ်တည်းသာ ဖြင့်ပင်လျှင်။ စရိတ္တာန၊အကျင့်ကြီး ကျင့်ကြံ ခဲ့လေပြီး၍။ ဝါ၊ ကြည်ကြည်လင်လင် ပြိုပြင်မြောက်များ အမောက်စား ပေပေါ့ ယောကျ်ားဘသား ကျင့်ကြံခဲ့လေပြီး၍။ ပစ္ဆာ၊နောက်အခါကာလ များဆီ၌။ ယော၊ အကြင်စိဘ်မချသာသည့် နိက္ခမ ဦးစိတ္တကိုယ်တော်ကြီး သည်။ ဝါ၊ အသက်အရွယ်နုကြသဖြင့် တွက်မယ်လို့ ပြုကြတဲ့ ယုဝတည်း သော ပဥ္စင်းနု ပဥ္စင်းပျိုများသည်၊ ဝါ၊ ကံကောတဲ့ဘဝဆီ၌ ချာန်လျှော ကျပြီးဖြပ်ရှာတဲ့ပုထုဇဉ်ဘသင်းသည်။ မေထုနံ၊ မေထုန် အကျင့်တရားများ ကို။ ဝါ၊အရွယ်တူတူ ကကယ်မူယူအပြုအစုဘဝ်လျှင်ဖြင့် တခုလပ်-နှစ်ခု လပ် အချိုအချဉ်မရေးပြီဘူး အေးမြချမ်းသာသည့် တိုးတုံးဖေါ် များကို။ နိခသာတိ ယှဉ်စံဘူမှီးဘို အပျူကြီးယူလိုက်ကြပါပေသတည်း။ (ဆန်းစစ်၍ မနေသာဘူးဟူလို၏။) ဝါ၊ခေါင်းခေါင်းစာလေးက တလွန့်လွန့် ဆံမြိတ် ချကလေးက တညွန့်ညွန့် လွန့်ကာလွန့်ကာ သဘာ်ပွဲတို့၌ ယှဉ်နွဲ့ကပ်မှိုကြ ရှာလေသဘည်း။ ဘံပုထုဇ္ဇနံ၊ ရဟန်းဘာကာ တကာမှဘာ့ နှမ်းရူလို့မကွန့် နွဲ့ဘော့ ရဟန်းလူထွက် ဘည်းဟူသောသိုပုထုဇဉ်များကို။ ဟီနံ၊ကမ္မဋ္ဌာန်း စနစ် စခန်းသစ်လှသဖြင့် ဟိုရဟန်းအဖြစ်နှင့်ဆောက်ဆတော့ အောက်ကျ

နောက်ကျ ယုတ်နိမ့်သူဘဦးဟူ၍။(ပဏ္ဍိတာ၊အစဉ်အလာသိကြတဲ့ ပညာရှိ ပုဂ္ဂိုလ်အပေါင်းတို့က)။ အာဟု၊ ကရုဏာဒေါသောနှင့် ပြောဟောမိန့်ဆို တော်မူကြပါ ကုန်သတည်း။ ကိမိဒ၊ ဥပမာပုံဆို အဘယ်နည်းဟူမူကား။ ဘန္တ၊ ဝင်ရိုးစသည်ကျိုးပဲ့သဖြင့် တနဲ့နဲ့တုန်လှုပ်၍နေပေသော။ ဝါ၊အစိပ် စိပ် အမွှာမွှာ ရထားအင်္ဂါ ဖျက်ဆီးသဖြင့် ပျက်စီး ကျိုးပဲ့၍ နေပေသော။ ယာနံဝ ယာနံ ဣဝ၊ယာဉ်ရထားစသည်ကဲ့သို့ ပင်လျှင်တည်း။ ဝါ၊ ပြုံးပြုံး ပြုံးပြုံးနှင့် သုံးလိုသုံး စားလိုစား လွှားလိုလွှား ခုန်လိုခုန် ဃရာဘုံမှာ အခက် ကြီးကျလေတော့ ကာမဂုဏ်တဝက်ခရီးဝဆီ၌ ရထားပျက်ကြီးလိုဖြစ်တတ် ရှာပါသတည်း။

စကားစပ်မိတဲ့အတွက် အကွက်ဆိုက်တယ်ထင်လို့ရွတ်လိုက်ရတာဘဲ ရေလဲနှင့်သာသုံးကြပေရော့ "သတိ-အဖုံးအဖွင့်" ဂါထာဘောင်ကြီး-တဲ့။

အပွေးမြင်-အပင်သိ၊ လောကဆိုရိုးရှိ

ကဲ-ဦးစိတ္တအကြောင်း ဆက်ကြဦးစို့ရဲ့၊ ယခင်က ပြောခဲ့တဲ့အတိုင်း ဦးစိတ္တဆိုတဲ့ဒကာကြီး ဇေတဝန်ကျောင်းတော်မုခ်ဆီသို့ ခပ်သုတ်သုတ် အိမ် ဂေဟာမှ ထွက်ခွါ၍သွားတဲ့ပြီး အလုံးစုံသော ဟန် အခြေအနေ များကို ငယ်ရာမှကြီးခဲ့တဲ့ သူ့မိန်းမ၏အငယ်မသူယောက္ခမကြီးကမြင်လေတော့၊ကေန္တ ဆိုမှကေန္တပါဘဲ၊ ဘယ်ကေန္တရယ်လို့ဖြင့်မသိဘူးလို့ အထူးဘဲ လျှင်လျှင်မြန် မြန် သိုသလို သမီးဖြစ်သူ၏အိမ်အတွင်းသို့ ခတ်ပြင်းပြင်း နင်းပြီးပြေးဝင်လို့ သွားသတဲ့။ သမီးအိမ်ရောက်လို့ သမီးကိုကြည့်လိုက်တော့ အမေကြီးက သမီးကို အတင်းနှိုးပြီး ညှိုးငယ်တဲ့မျက်နှာထားဖြင့် နင့်ယောကျ်ားတော့ သွားလေပြီ၊ လင်ပစ်မ အဖြစ်နှင့် နင် ကျန်ရစ်ပါပကော....၊ နင်အိပ်ပုံ-နင်နေပုံနှင့် နင့် အထံ ပြန်လာလိမ့်ဦးမယ်လို့ထင်သလား၊ အချင်းအားကြီးတဲ့ အဖျင်းမရဲ့- စသည်ဖြင့် မိခင်တို့ခမ္မတာ ထွန်စွာ အားမရတဲ့ အဖြစ်မျိုးနှင့် ခပ်တိုးတိုး နင်းကန်ပြီး မြည်တွန်တောက်တီးဘာ ပေါ့လေ။

(ပါဠိလိုလျှင်-အဋ္ဌကထာမှာကြည့်ပါ)

ထိုအခါ ဦးစိတ္တကြီး၏ ချစ်ဇနီး သူ့အမေ၏ သမီးက သူ့လင်၏ အကြောင်း သူ ကောင်းကောင်းသိနေကြဖြစ်နေတဲ့အတိုင်း၊ မဆိုင်းမတွဘဲ ဒါလိုပြန်ပြီးပြောလိုက်သတဲ့....၊ပြောပုံက - ဖယ်စမ်းပါအမေ သေမင်းငင် ၂-ရက် ၃-ရက်အတွင်း ချက်ချင်း ပြန်ရောက်လာမှာ အမှန်ပါဘဲ-လို့ ရဲရဲ

တင်းတင်း ပြောပြလိုက်သတဲ့။ "အပေဟိ ဇမ္မ ကတိပါဟေနေဝ ပုနာ ဂမိဿတိ"(ဓမ္မပဒအဋ္ဌကထာ)။ အမွ၊အမေ။ အပေဟိ၊ဖယ်စမ်းပါလော့။ ကတိပါဟေနေဝ၊ နှစ်ရက် သုံးရက် လွန်သဖြင့်သာလျှင်။ ပုနာဂမိဿတိ၊ စိတ်သာချပါတော့ ဒိဋ္ဌ အမေ့သားမက်ကြီး တဖန်ပြန်လာလတ္တံ့သတည်း။ ပြောလဲ ပြောမှာပလေ ဦးစိတ္တကြီးအကျင့်ကိုလဲ တရားနာပရိသတ်အများ သိပြီးသားချည်းမဟုတ်လား။

## ဦးစိတ္တ-အကျွတ်တရားရခဏ်း

ဦးစိတ္တမှာတော့ တလမ်းလုံး ကမ္မဋ္ဌာန်း သုံးပြီးသကာလ၊ ဟယ်.... အနိစ္စ-အနိစ္စ ဒုက္ခ-ဒုက္ခ အဲတာလိုနှဘ်ကရွတ်ဘတ်လို့ ကမ္မဋ္ဌာန်း တည်းဟူသော တရားအလုပ်တို့ဖြင့်အားထုတ်ပွားများပြီး တသွားထဲသွားလိုက်တာ ကျောင်းတော် အတွင်းသို့ မရောက်မီ လမ်းခရီး အကြားမှာဘဲ ဘွားကနဲ "သောတာပတ္တိ" ဆိုတဲ့ ပဌမ နိဗ္ဗာန်တခန်းသို့ တန်းတန်းမတ်မတ် ပေါက်ရောက် ရရှိလို့ သွားပါရောတဲ့။ ပါရမီ အဆင့်ဆင့် အကြောင်းတရား တို့ကြောင့် ကောင်းစားခြင်း သောတာပတ္တိဖလကိုရရှိသွားရှာပေပေါ့၊အခါ သင့်လို့ အခွင့်လျှော်တဲ့အခါ အကြောင်းအမျိုးမျိုး အထိုက် အလျောက် ဖြစ်မြောက်ပေါ်ထွက်မြဲပေကိုး။

ယာဒိသံ ဝပ္ပတေ ဗီဇံ၊
တာဒိသံ ဟရတေ ဖလံ။ ။
ချိုစိုက်မျိုးက-ချိုမျိုးပေါ်ပြန်၊
အကြောင်းပြု-ကောင်းမှု-ကျိုးကေန်။ ။

ဦးစိတ္တကြီး ဇေတဝန်ကျောင်းတော်ဦးသို့ရောက်လေတော့ ယခင်က ခတ်သိပြစ်ကြတဲ့ ရဟန်းတော်ကလေးတွေက "ဘယ့်နှယ်လဲ - ဦးစိတ္တကြီး လာပြန်ပြီသား၊ ပါးစပ်ကလဲ တတွတ်တွတ်နှင့် ဘာတွေချား ရွတ်လာတာ လဲ"လို့ ရယ်ရယ်မောမော မေးမြန်းကြတာကိုး၊ အဲဒီတော့ ဦးစိတ္တကြီးက မျက်နှာထား ခပ်တည်တည်နှင့်"မှန်လှပါ ဘုရား - ရောက်ပြန်ပြီ ဘုရား၊ တပည့်တော်ကို ရဟန်းဘဝရောက်အောင် တဆိတ်ကူညီကြပါဦးဘုရား"။ "ဒါယကာကြီး တန်တော့-တန်တော့ ဒီစကားမျိုးကိုနောက်ထပ်ပြီးမကြား ချင်ဘူး၊ ရဟန်းဖြစ်အောင် လုပ်ပေးဘို့တော့ အဝေးကြီးပါ၊ မပေးနိုင်ရိုး

အမှန်ပါဘဲ” ထွက်ချည် ဝင်ချည်နှင့် ရိတ်လိုက်တဲ့ ခေါင်း၊ ဒါယကာကြီး ဦးခေါင်းဟာ သင်ဒုံးခါးသေးကျောက်နှင့်တူနေပြီ၊ ‘သတ္တက နိသာန ပါသာဏ သဒိသံ တဇေသီသံ” (ဓမ္မပဒအဋ္ဌကထာ)။ တသာ၊ သင်ဒါယကာကြီး ၏။ သီသံ ဦးခေါင်းသည်။ သတ္တက နိသာန ပါသာဏ သဒိသံ၊ သင်ဒုံးခါးသေးကျောက်နှင့် တူ၍ နေခြေပြီ။ ထိုအခါ ဦးမိတ္တကြီးက ဒီတကြိမ်ဖြင့် သည်းညည်းခံပြီး ရဟန်းဘဝ ရောက်အောင် ချီးမြှောက်တော်မူကြပါဦး ဘုရား၊ ယခင်ကလိုမဟုတ် အရုပ်အမှောင်တွေပယ်ရှင်းပြီး အလင်းကိုရောက်ခဲ့ပါပြီဘုရား-လို့ ခန့်ခန့်ငြားငြား လျှောက်ထားလေတော့၊ သံဃာတော်တွေကို ကျေးဇူးပြု၍ ကျေးဇူးများတဲ့ သံဃာအကျိုးဆောင်ကြီးတဦးဖြစ်တဲ့ အတိုင်း မဆိုင်းမတွ ရဟန်းဘဝရောက်အောင် ချီးမြှောက်တော်မူလိုက်ကြပါရောတဲ့။

## ရွှေပဒုံ-နေအရုဏ်သင့် ကားကားပွင့်

အဲတာလို-ခုနစ်ကြိမ်မြောက် ရဟန်းဘဝ ကက်ရောက်လို့ နှစ်ရက်-သုံးရက်ပျကြာမြင့်ပေ့ာ၊ နေ့အရုဏ်နှင့် ရွှေပဒုံသင့်တဲ့အခါ ငွားငွားစွင့်စွင့် ကားကားပွင့်တာလို လေးဆင့်ဒေသာမဂ်ဖိုလ်ကို ရက်တိုတိုနှင့် အစဉ်အတိုင်း ကူးလို့မှီ ပွင့်ဖူးသောငှိသမ္ဘိဒါလေးပါး၊ အဘိညာဉ်သမာပတ်တရားတို့နှင့် တကွ ကိလေသာအာသဝေါကုန်ခမ်းသည့် ရဟန္တာအရှင်မြတ် ဖြစ်တော်မူလေသတည်း-တဲ့။ အခါသင့်လို့အခွင့်ကြုံလေတော့ အလုံးစုံကိစ္စပြီးစီး၍သွားပေတာပေါ့နော်၊ သားမှုသာခေါ်လိုက်ကြပေရော့၊ သူများလိုမစွမ်းမဆောင်နိုင်သေးတဲ့ပုဂ္ဂိုလ်များမှာ တော်ပါပေ့-ကောင်းပါပေ့ဆိုတဲ့ သာဓုသဘောကလေးနှင့် ခတ်အေးအေး ကြေနပ်ကြရမဲ့ဓမ္မတာကြီးပေကိုး။

## ရယ်ကာ-မောကာ မေးကြတာ

အဲတာလို ရဟန္တာဖြစ်မှန်းကို မသိရှာကြသေးတဲ့ ရဟန်းငယ်ငယ်-ပဉ္စင်းငယ်ကလေးတွေက အရှင်စိတ္တရဟန္တာမထေရ်မြတ်ကြီးကို ဝိုင်းဝန်းပြီး “ဘယ့်နှယ်လဲ ဦးပဉ္စင်းကြီး လူထွက်ဘို့ အချိန်မနီးသေးဘူးလား၊ ဒီတခါ ရက်ပေါင်း တော်တော် ကြာပါကလား” စသည်ဖြင့် ချစ်ခင် ရင်းနှီးတဲ့အတွက် ပျက်ချော် ပြောင်လှောင်လို့ မေးကြတဲ့အခါ၊ ယခင်ကလိုမဟုတ် တွန္ဒြေ တည်ကြည်တဲ့ ရုပ်တော်ဖြင့် အဟုတ်အဟတ် မြင့်မြတ် ဖြူစင်လှစွာ

သော စိတ်ထား သဘောထားအတိုင်း တပည့်တော်မထွက်ပါဘူး ဦးပဥ္စင်း ကလေးတို့ ဘပည့်တော်မှာအငြိအတွယ်ရယ်လို့ခရို ပကာဘိ ကြည်ကြည်လင် လင်နှင့် ဒီတွင်ဘဲစခန်းရပ်ပါပြီအရှင်ဘုရားတို့-လို့ အဲတာလိုရှုပ်ကွန္ဒာအသွင် မပြောင်းသော်လဲ ပြောင်းရွှေတန်းဓာက်ရှိသွားတဲ့ နာမကၡန္ဓာ လွန်စွာသန့် ရှင်းသော လောကုတ္တရာ ဓာတ်သဘောတွေနှိ ပြောတိုင်းဟုတ်-ဟုတ်တိုင်း ပြောဖြင့် ပြောဟော ဖြေဆိုတော် မူလိုက်ပါရောတဲ့၊ ရဟန်းငယ် ကလေး တွေမှာတော့ အဆန်းတကျယ် ဖြစ်သွားတာပေါ့လေ၊ နောက်နောက်က ပြောပုံများနှင့်ကွာခြားနေတာကိုး။အဲဒီတော့ ဦးပဥ္စင်းကြီးစကား ပြောလို့ သာ ကြားရတယ် ကြားတယ်လို့ထင်တယ်ဘုရား မြတ်စွာဘုရားကို သွားပြီး လျှောက်ထားမယ် သွားကြစို့ရဲ့လို့ ဦးစိတ္တအရှင်မြတ်ကိုအတင်းဆွဲပြီး ဘုရား သခင်ထံတော်မှောက်ရောက်အောင် ပင့်ဆောင်ရှိသွားတယ် ဆိုကိုး။အကျိုး အကြောင်း ကောင်းမွန်စွာလျှောက်ထားကြတဲ့အခါ၊သုံးလောက မြတ်စွာ ဘုရားက ငါ၏ချစ်သားရဟန်းများတို့၊ ငါ၏ဘပည့်သားတော်ဖြစ်တဲ့-ဤ ရဟန်းသည် ဟိုစဉ်သမယ ပုထုဇဉ်ဘဝကသာ (စိတ္တံ-စိတ်) လို့ ခေါ်တဲ့ ဓာတ်သဘောကို လတ်တလောဆုံးမလို့မရ၊ တားမြစ်လို့မရ၊ မဆုံးမ-မတား မြစ်နိုင်သေးတဲ့အတွက် မငြိမ်သက် မတည်ကြည် ထွက်ချည်-ဝင်ချည် အလီ လီ ပျက်ပြားပြီး အခက်သားကြုံရရှာပေတယ်၊ ယခုအခါမှာကား-ရှေးရှေး ကလိုမဟုတ် သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယ သူတော်ကောင်း-သူ မြတ်လောင်းတို့၏ တရားဓမ္မများကို အဝါးဝဝ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ပိုင်ပိုင် နိုင်နိုင်ကြီး ရရှိပြီးဖြစ်တဲ့အတွက် လောကီဘက်သံသရာကို အသာပင်ကျော် လွှားပြီး လောကုတ္တရာသမားအစစ် ဖြစ်ကြီးဖြစ်လေပြီ-ချစ်သားတို့၊နောက် နောင် ဘယ်အခါကာလမှ မပျက်မကွက် မင်္ဂလေးထွေ - ဖိုလ်လေးထွေ အောင်မြေတည်းဟူသောနိဗ္ဗာန်နန်းဆိဠ်စံမြန်းမွေ့လျော်ရိုးအမှန်ပင်တည်း။ အဲတာလိုဟောပြတော်မူပြီးတဲ့နောက်-

အနဝဿုတ စိတ္တဿ၊  
အနန္ဝာဟတ စေတသော။  
ပုည ပါပ ပဟီနဿ၊  
နတ္ထိ ဇာဂရတော ဘယံ။ ။

ဟူသော-ဓမ္မပဒပါဠိတော်မြတ်ကို မိန့်မှတ် ဟောကြားတော်မူလေ ၏...တဲ့။

အနုဝဿုတ စိတ္တာသ၊ ကိလေသာဝန် ရှုံ့ညှိုညစ်ကြေး အလွန်ဝေး လှသဖြင့် အေးမြကြည်လင်တဲ့ စိတ်ဓာတ်တရားလည်း ရှိပေထသော။ အနန္တာဟတ စေတသော၊ လောဘ - ဒေါသ - သဘောကျမှု-မကျမှု တို့ကြောင့် အဓမ္မမပြု ကင်းရှင်းသဖြင့် ရှင်းလင်းသာယာတဲ့ ဓာတ်သဘောလည်း ရှိခဲ့ ပေထသော။ ပုညပါပ ပဟီနဿ၊ ကောင်းမှု-မကောင်းမှု အကြောင်းမပြု တော့ဘဲ ကုသိုလ်-အကုသိုလ်နယ်တလွှားဆိမ့် ပယ်ရှား ထွက်ခုန်တော်မူပြီး ထသော။ ဇာဂရတော၊ ပွင့်လင်းသော သဒ္ဓါစသည်တို့ကြောင့် ထာဝရ နိုးကြားလျက် တန်ခိုးအားထက်သန်တော်မူလှတဲ့ ရဟန္တာ အရှင်မြတ်များ အား။ ဘယံ၊ ကိလေဘေးဒဏ် ကိုယ်တွင်းရန်သည်။ နတ္ထိ၊ မရှိတော့လေပြီ တကား။ နတ္ထိ၊ ငါဘဲ-သူဘဲ အယူမစွဲမှု၍ ထူထဲသော ဘဝတဏှာမစပ်တော့ ဘဲ အမတ မဟာဓာတ်ကြောင့် ကင်းပြယ် ချုပ်ငြိမ်းရလေတော့သတည်း။ ထိုအခါ ရဟန်းသံဃာတော်တွေ ပတ္ထနာပြုပြီး သာဓု-သာဓု ခေါ်ကြရ ရောတဲ့။

ဥပဒေသ

အဲတာကြောင့် စိတ်သန့်ရှင်းမှုကို အလိုရှိလျှင် အာရုံသန့်ရှင်းမှုကို ဂရုစိုက်ရမတဲ့၊ အာရုံနှင့်စိတ္တုပ္ပါဒ် ရောနှောတဲ့အခါ လောဘဇော-ဒေါသ ဇော မစောစေဘဲ ကုသိုလ်ဇော ဖြစ်နိုင်စေရန်အတွက် ဝိပဿနာဘက်က လေ့လာကြပေရော့။ ကောင်းမြတ်တဲ့ အလုပ်မှန်လျှင် တတန်က နှစ်တန်၊ နှစ်ဘန်မှ သုံးတန် အကြိမ်ကြိမ်အဖန်ဖန်တိုးပွားအောင် ကြိုးစားအားထုတ် ကြရမည်၊ မိမိကိုအလုပ်အထမမြောက်မီ ကူညီနိုင်သူမှတပါး အခြားသူကို မသိကြစေလင့်၊ သတိမမူ ရဲ့မြဲကြရမည်၊ "ပစ္စေကဗောဓိဉာဏ် သည်မျှဖြင့် တန့်ရိုးလော့၊ သာမန္တစက္ခု သဗ္ဗညုတန်းကြွယ်ဆုကြီးကို တယ်မည်ဟု ငှက် ငယ်၏ပုံစံ အောက်ရံကဟားပြီးလျှင်" ဆိုတဲ့ ဦးပုညစာသွား ကဗျာတရား အလိုက်ဟောရလျှင်၊ ဦးစိတ္တ မဂ်ဖိုလ်ဉာဏ် သည်မျှဖြင့် တန်ရိုးလော့။ စိတ္တံ၊ စိတ်မဘည်ကြည် ဉာဏ်ကြိုးမြတ် မြဲအောင်ချည်ပြီးလျှင် ဝဲလည်တဲ့ သံသာ ဂယက်မှ မြန်မကြာ ကြံဘာထွက်ကြရအောင် အားတက်၍ ကြိုးစားနိုင်ကြ ပါစေကုန်သတည်း။

(အဘိဓမ္မာတပ်၍ အဆုံးသတ်တော်မူပါ။)

# အာမခံလျှောက်လွှာ-ဆွမ်းဒါနဒေသနာ

## သုကော်သိဝတ္ထု

အနုသိဋ္ဌာ မဟာဝီရ၊
တယာ ကာရုဏိကေန,တေ။
ရမန္တိ ဓမ္မရတိယာ၊
ဝသန္တိ တဝ သာသနေ။ ။

(အပဒါန်ပါဠိတော်)

ယခုရွတ်ပြတဲ့ ဂါထာဟာ အပဒါန်ပါဠိတော်လာ လျှောက်လွှာ ဂါထာတော်ကြီးဖြစ်ပေတယ်။ အနက်ပေးတဲ့အခါ သာယာရှင်းလင်းလို့ သွားတဲ့အောင် အဓိပ္ပါယ်သဘောထားကို ပြောကြားဖွင့်ဖေါ်လိုက်ရအုံးတာပေါ့၊တကာ-တကာမအပေါင်း သူတော်ကောင်းတို့၏ကိုယ်စား ကိုယ်စလည်အဖြစ် ဦးပဥ္စင်းကပြုလုပ်ပြီး မြတ်စွာဘုရားကိုလျှောက်ထားလိုက်မယ်နော် သဘောတူကြရဲ့မဟုတ်လား။ ကဲ-ကဲ သဘောတူဘယ်လို့ဘဲ ထားကြစို့ရဲ့၊အဲဒီတော့-ပရိနိဗ္ဗာန်ဝင်စံကြွသွားတော်မူတဲ့ မြတ်စွာဘုရားကို ဦးပဥ္စင်းက လျှောက်ထားလိုက်မယ် နားထောင်ကြ-နားထောင်ကြ .. ။ သမ္မပ္ပဓာန်ကိစ္စတပ်သဖြင့် မြင့်မြတ်ကြီးကျယ်သော ဝီရိယတရား ရှိတော်မူပါပေသော အို-မြတ်စွာဘုရား၊ သတ္တဝါအများ သောင်းတိုက်သားတို့ကို ရာဟုလာနှင့် မခြား သနားခြင်းမဟာကရုဏာရှိတော်မူတဲ့ ရှင်တော်မြတ်ဘုရား၏ နည်းပေး လမ်းပြ အဆုံးအမ ဩဝါဒ ဒေသနာတရားတော်၏အတိုင်း တကာ-တကာမများစွာ ယခု တရားနာသူ တို့နှင့်တကွ သူတော်ကောင်း-သူမြတ်လောင်း ဟူဟူသမျှတို့သည် ရှိရှိသေသေလိုက်နာကျင့်ကြံကြပါတယ်ဘုရား၊ သို့ကာလို "ဓမ္မရတိ" တရားသဘောသက်ဝင်တဲ့ပီတိဖြင့် ကြည်အိ ချမ်းသာ လွန်စွာဝမ်းမြောက် ထွန်းတောက်သည့် သာသနာနယ်မှာ ဘင့်တင့် တယ်တယ် နေထိုင်ကျင့်ကြံလျက် ရှိကြပါကြောင်း ဦးခေါင်းထိပ်ပြင် ဆယ်လက်တင်၍ ပြီပြင်စွာ လျှောက်ဝံ့ပါသည် မြတ်စွာဘုရား ...။ အဲတာဟာ လျှောက်ထား လိုက်တဲ့စကားဘဲ၊ အများကလဲ လျှောက်ထားတဲ့အတိုင်း

ညီကြပါစေနော်၊ တော်တော်ကြာ တာဝန်ခံကိုယ်စားလည် နာမည်ပျက်မှ ဖြင့် ခက်ရချည်ရဲ့၊ ကဲ .... လျှောက်ထားတဲ့ စကားအတိုင်း လျှောက်လွှာ ဂါထာကလေး အနက်ပေးလိုက်ကြဦးစို့ရဲ့။

(အယက်ပါ ဂါထာပါဠိ ပြန်၍ရွတ်တော်မူပြီးလျှင် အနက်မှာ)

မဟာဝီရ၊ ကြီးမြတ်သော လုံ့လဝီရိယ ရှိတော်မူပါပေသော အို.... မြတ်စွာဘုရား။ ကာရုဏိကေန၊ သတ္တဝါအများ သောင်းတိုက်သားတို့ကို သနားခြင်းကရုဏာ ရှိတော်မူပါပေသော။ တယာ၊ ရွှေဘုန်းတော်သခင် အရှင်ကိုယ်တော်မြတ်ဘုရားကြီးသည်။ အနုသိဋ္ဌာ၊ဆိုခြေပြာဆုံးမအပ်ပါကုန်သော။ ဝါ၊ အရှင်ဘုရား၏ အဆုံးအမကို နာခံကြရပါကုန်သော။ တေ၊ ထို လူ-နတ်-ဗြဟ္မာ သတ္တဝါဟူဟူသမျှတို့သည်။ ဓမ္မရတိယာ၊ တရားမေတ္တာ ပီတိဖြင့် ကြည်အိချမ်းသာလျက် လွန်စွာ နှစ်သက် ကြည်လင်သည် ဖြစ်၍။ ရမန္တိ၊ မွေ့လျော်ပျော်ရွှင်ကြပါကုန်၏ အရှင်ဘုရား။ တဝ၊ ရှင်တော်မြတ် ဘုရားကြီး၏။ သာသနေ၊ သာသနာတော်ကြီး၌။ ဝါ၊ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာ, သာသနာသုံးဝလို့ဆိုတဲ့ အဆုံးအမ ဩဝါဒသာသနာတော်ကြီး၌။ ဝသန္တိ၊ နေကြပါကုန်သည် အရှင်ဘုရား။ ဝါ-ဝသန္တိ၊ ဖြစ်ခါ-ပျက်ခါ သံသရာမှ ခုန်ကာဝင်လွှမ်း နိဗ္ဗာန်နန်းကို မြော်မှန်းနေထိုင်ကြပါကုန်သည်ဘုရား။

ကဲ ကဲ အစိန္တေယျ လောကထွဋ်ထား မြတ်စွာဘုရားကို တကာ-တကာမများစွာ တရားနာတို့နှင့်တကွ သူဘော်ကောင်း-သူမြတ်လောင်းတို့ ကောင်းကောင်းမှန်မှန် နေထိုင် ကျင့်ကြံ ကြတဲ့အကြောင်း ရုံးပေါင်းစီစဉ် လို့မို့ ပြိုပြိုပြင်ပြင်ကြီး လျှောက်ထားသဖြင့် ပြီးပေပြီ။ အပ္ပမာဒေန၊ မမေ့ မလျော့သော သတိတရားနှင့်။ သမ္ပာဒေထ၊ ပြည့်စုံကြစေကုန်လော့....လို့ ဆိုတဲ့အတိုင်း အနည်းငယ်မျှသတိပေးလိုက်ရဦးမယ်။ မကောင်းမှု ဟူဟူသမျှ တို့ကိုပယ်ရှား၊ ကောင်းမှုကုသိုလ်ကံတရားဆိုတာကလဲ ဇနကကံ,ဥပထမ္ဘက ကံ, ဥပပီဠကကံ, ဥပဃာတကကံရယ်လို့လေးမျိုး၊ ဂရုကံ,အာသန္နကံ၊ အာစိဏ္ဏကံ, ကဋတ္တာကံရယ်လို့လေးမျိုး၊ ဒိဋ္ဌဓမ္မ ဝေဒနီယကံ, ဥပပဇ္ဇဝေဒနီယ ကံ, အပရာပရိယ ဝေဒနီယကံ, အဟောသိကံ-ရယ်လို့ လေးမျိုး၊ အဲတာလို ကိစ္စ၏အစွမ်း၊ ပါကဒါန ပရိယာယ, ပါက ကာလတို့၏ အစွမ်းများကို တခဏ်းစီ ဖေါ်ပြလျက်ရှိပေတယ်။ ထို ၁၂-ပါးတို့အနက် အာစိဏ္ဏကံနှင့်

ဒိဋ္ဌဓမ္မဝေဒနီယကံနှစ်မျိုးတို့ကို ယနေ့ဟောပြလိုပေတယ်။ အာစိဏ္ဏကံ ဆိုတာ နေ့မှန်-ရက်မှန် ကုသိုလ်ကံအရေးယူပြီး မွေးမြူထားတဲ့ ကံမျိုး-အလုပ်မျိုးကိုဆိုပေတယ်။ ဒါနမှာလဲ ဒါနအလျောက် နည်းသည်-များသည်ကို ပမာဏမထား၊ "လဘက်တလွှာ ကွမ်းတည္ဘာ-ရေချမ်းတမှုတ်-ပန်းတဆုပ်" ပင်ဖြစ်စေ၊ နေ့မှန်-ရက်မှန် အချိန်မှန်ဝတ်ထားပြီး တတ်အားသမျှပြုလုပ်ကြရမယ်၊ ပြုလုပ်ကြပေရော့တဲ့၊ သီလမှာလဲ ငါးပါး သီလ များကို ခါးမှာ ဝတ်တဲ့ပုဆိုး၊ ခါးမှာဝတ်တဲ့ ထမီတို့ရဲ့ပမာ၊ လွန်စွာအလေးပြုပြီး ဂရုတစိုက် နေ့တိုင်းဆောက်တည်ကြရမယ်။ ရတနာသုံးဖြာ ဆရာမိဘ ဂုဏဝုဍ္ဎိ, ဝယဝုဍ္ဎိ ပုဂ္ဂိုလ်တို့၏ဂုဏ်ကို အာရုံပြုပြီးသကာလ၊ အိပ်ရာထနှင့် အိပ်ရာဝင် နေ့စဉ် မြတ်နိုး လက်စုံမိုးပြီးသကာလ ရှိခိုးကန်တော့ကြရမယ်၊ သမထ, ဘာဝနာ မေတ္တာတရား အရဟံဂုဏ်တော်များနှင့်တကွ မိမိတို့စရိုက် နှစ်မြို့က်တဲ့တရားတော်များကို တနေ့-တနေ့လျှင် ဘယ်မျှ,တလလျှင် ဘယ်နှစ်ကြိမ် စသည်ဖြင့် နေ့စဉ်ဆည်းပူးတဲ့ အာစိဏ္ဏကံအစစ် အဖြစ်ကြီး · ဖြစ်လောက်အောင် အားသစ်ကြိုးပမ်းကြရမယ်။

ထိုမှတပါး အနိစ္စလက္ခဏာ,ဒုက္ခလက္ခဏာ,အနတ္တလက္ခဏာလို့ဆိုတဲ့ ဝိပဿနာ,ဘာဝနာ တရားများကိုလဲ ရက်မခြား,လမခြား ပွားများ အားထုတ်ကြပေရော့၊ နေ့စဉ်-နေ့တိုင်း မှန်မှန်ပျိုးလို့၊ နေ့စဉ်-နေ့တိုင်း မှန်မှန် တိုးနေတဲ့ ကုသိုလ်မျိုး - စေတနာကံမျိုးဆိုတာ အဘိုး လွန် စွာ ထိုက် တာကလား၊ ဥပပဇ္ဇကံ,အပရာပရိယကံတွေကို အသာထား၊ ပုညခေတ္တ,သုခေတ္တ စေတနာကံ အခံကကောင်းတဲ့သူတို့မှာ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာသာဝက အကြောင်းအင်္ဂါ ညီညီ မျှမျှနှင့် တွေ့ကြရ, ဆုံကြရပြီလားလို့ ဆိုမှဖြင့် ဒိဋ္ဌဓမ္မဝေဒနီယ ပြောလို့မှ မယုံနိုင်ကြအောင် ဒိဋ္ဌသက်ငင်း ချက်ချင်း အကျိုးပေးမြဲပါဘဲ၊ ပုဂ္ဂိုလ်ကောင်းနှင့် အခါကောင်း ဘယ်လိုတွေ့သော်လဲ မေ့လျော့တဲ့သတိတရားကြောင့် နေ့စဉ်နေ့တိုင်း လေ့ကျင့်မှု နည်းပါးလျှင် အကျိုးတရားကတိုးပွားအောင် မပြုမလုပ်နိုင်ရိုးအမှန်ပါ လွန်စွာအားထုတ်ဘို့ ကောင်းကြတာကလား၊ နည်းနည်း-နည်းနည်းမှ အများကြီး စုပုံလာတဲ့ ကံမျိုးပေကိုး။ ကဲကဲ-နေ့စဉ်နေ့တိုင်း ပြုစုပျိုးထောင်လို့ထားတဲ့ အာစိဏ္ဏကံ ကုသိုလ် မျိုးကြောင့် ရဟန္တာ ပုဂ္ဂိုလ်ကောင်းနှင့် တိုးမိတဲ့အခါ၊ ဒိဋ္ဌဓမ္မ အကျိုးရှိသွားတဲ့ အားကျဘွယ် တုံးဟောင်း ဝတ္ထုကြောင်းကလေး ထုတ်

လိုက်ကြဦးစို့ရဲ့။ အဖြစ်အပျက် အရင်းအဖျဲ့ဘွားများကို စင်းစင်းစားစား နာလိုက်ကြပါနော်၊ အတော်အားကျစရာ-နည်းယူစရာကောင်းတဲ့ ဝတ္ထုဇာတ်ကြောင်းပါ။

## ပိဏ္ဍဒါယီ-သုကေသီဝတ္ထု

မှတ်ချက်။ ။ဤဝတ္ထု၌ ဖေါ်ပြသော အကိုးမပါသည့် ရဏ္ဍိုးပါဠိ ဟူသမျှ အင်္ဂုတ္တိုရ် အဋ္ဌကထာကချည်း မှတ်ပါ။

မြတ်စွာဘုရားသခင်၏ ရှေ့လက်ထက်တော်အခါက ဥဇ္ဇေနီပြည်၏ အနီး ရွာကြီး တရွာရှိသတဲ့၊ "တေလ နာဠိပါမ" သိလွယ်ရုံမျှ တိုင်းရင်းဘာသာနှင့်ပြရလျှင် အုန်းဆီပေါတဲ့ "အုန်းတော"ရွာကလေး ဆိုကြပါစို့၊ ထိုအုန်းမြိုင်ပေါတဲ့အုန်းတောရွာမှာ "ဒွေသေဋ္ဌိ ဓီတရော" သူဌေးသမီးချော နှစ်ယောက်ရှိကြသတဲ့၊ တအိမ်ထဲမှာတူ မဟုတ်ပါဘူး တရပ်စီ-တအိမ်စီ နေကြတဲ့ သူဌေးသမီးတွေပါ၊ ကိုနှစ်ဦးဘို့ အနက် ရပ်ကွက်တခုမှာ ရှိတဲ့ သူဌေးသမီးတဦးကတော့ အထူးသဖြင့် ရှေးကလဲချမ်းသာ ယခုလဲချမ်းသာ ဘယ်အရာမှာမှ မတောင့်မတရ အကြောင့်အကျ အပူအပင်ကင်းပြီး ဝင်းဝင်းတောက်ဆိုတာလို အကျိုးပေးပျော် ထက်ထက်သန်သန် ရှိသတဲ့၊ အခြားရပ်ကွက်တခုမှာရှိတဲ့ သူဌေးသမီး တဦးကတော့ ရှေးအခါကတော့ ချမ်းသာပါရဲ့တဲ့၊ သို့သော် မကောင်းနိုင်တဲ့လောကဓံမှာ မမှန်နိုင်တဲ့ ကံတရားတို့ကြောင့်မိဘနှစ်ပါးလဲသေဆုံး၊ဥစ္စာစည်းစိမ်ပျက်ပြုန်းပြီးအခက်ဆုံးဆိုတဲ့ ဘဝမျိုးမှာ ကံဆိုးမကလေးတဦး ဖြစ်ခနရှာသတဲ့၊ လွန်စွာ သနားဘို့ ကောင်းဘာပေါ့လေ၊အဋ္ဌကထာမှာ "ပရိဇိဏ္ဏာ ကုလေ နိဗ္ဗတ္တာ ဒုဂ္ဂတာ" လို့ အသေအချာဖေါ်ပြလို့ ထားပေတယ်၊ ဒီပါဠိထဲမှာ "ဒုဂ္ဂတာ" ဆိုတဲ့ ပုဒ်က အဟုတ်အဟုတ် ဆင်းရဲနွမ်းနယ်ခြင်းကို ဟောပြတယ်၊ လောက ဆိုတဲ့ သံသရာဟာ လွန်စွာထိတ်လန့်ဘို့ ကောင်းတာကလား၊ အဲတာလို ဥစ္စာစည်းစိမ်တွေပျက်ပြုန်း အခက်ဆုံးဆိုတဲ့ဘဝမှာ အမိအဘနှစ်ပါးကလဲ မျက်နှာလွှဲသေပွဲကို တခါတည်းဝင်ကြရှာလေတော့၊ဒီ-သူဌေးသမီးကလေးမှာ "ဓာတိံ နိဿာယ ဇီဝတိ" ငယ်စဉ်တောင်ကျေး ခလေးအရွယ်ကစပြီး ထိန်းသိမ်းစောင့်ရှောက်၍ လာခဲ့တဲ့ နို့ထိန်း-အဒေါ်ကြီးကို အားကိုးတခု အမှီပြုပြီးတော့ သူ့အသက်-သူမွေးရတယ်၊ ရင်းရင်းနှီးနှီးနေထိုင် အခြေမခိုင်တဲ့အခိုက် အလိုက်သင့်မြတ်နိုးပြီး အချစ်မိုးရွာပေတဲ့၊ဒီ-နို့ထိန်းအဒေါ်

ကြီးကိုဘဲ တနည်းအားဖြင့် ကျေးဇူးတင်သင့်လှပါပေတယ်၊ ဘယ်အတွက် ကြောင့် ဘာလဲလို့ဆိုတော့၊ အဂတိနယ်သား ပုထုဇဉ်သတ္တဝါအများ ဆို တာ ချမ်းသာခိုက်-ယှဉ်တွဲ၊ ဆင်းရဲတော့-ပုန်းရှောင် ကြောင်တောင်ကြည့် ရက်နိုင်တဲ့ ဘုံဌာနကြီးပေကိုး။ အဲဘာလို ဆင်းရဲတဲ့ ဘုံအတွင်း, အဆင်းရဲ ကြုံတဲ့အခိုက် အလိုက်သင့်မျက်နှာပေးလို့မို စိတ်ချမ်းသာအောင်မွေးရှာတဲ့ အဒေါ်ကြီးကို သူဌေးသမီးက လွန်စွာအားကိုးရှာသတဲ့၊ ဥစ္စာစနေ အောက် ကျ-နောက်ကျ-ဆင်းရဲကြတဲ့အခါ အဆွေအမျိုးဆိုတာလဲ အားကိုးရဘာ လွန်စွာရှားပါတယ်၊ ဘယ်ပြည်-ဘယ်ဌာနရယ်လို့မရွေး၊ သံသရာ ဝန်ခတွေ လေးပုံကို အလုံးစုံသော ပုဂ္ဂိုလ်တို့ အတွက် ပြောလိုက်တဲ့ စကားပါ။ သို့သော် အဆင်းတွေဘော့-အဘက်တွေ၊ အဘက်တွေခတော့-အဆင်းတွေ၊ မေ့လျော့ရစ်မွေးပြီး အထင်မသေးအပ်သော သဘာဝနှင့် တကွ ပရိပရ ကုသိုလ်အခွင့်အရေးများကလဲ အသက-အသက ရှိကြမြဲ ဖြစ်သည့်အတိုင်း ဟောဒီ-သူဌေးသမီးမှာ တခုခုသောဘဝက ဒါနပါရမီ-စေတနာမညီသည့် အတွက် ဆင်းရဲတွင်း အလွန်နက်သော်လည်း ကုသိုလ်စက် ခန္တီ-မေတ္တာသို့ ဆိုတဲ့ ပါရမီတို့က ကူညီဝန်းဝိုင်း-မှိုင်းမဖေးကူကြတဲ့ဘဝကို ကြုံရတဲ့အတွက် အလှအယဉ်လို့ဆိုတဲ့၊အတွင်းအပြင်ဘက်ကတော့၊ဝင်းဝင်းစက်-ထိန်ထိန်ပ၊ ရှုမဝ-မြင်မဆုံး ကိုယ်လုံး-ကိုယ်ထည်မှစပြီးတော့ စုံညီချောမောတဲ့ သူဌေး သမီးပါဘဲတဲ့၊ "အတ္တဘာဝေါ ပနဿ သမိဒ္ဓေါ"လို့၊ ချောကြောင်းကို အဋ္ဌကထာက-ဖေါ်ပြတယ်၊ အနက် ထ,လိုက်ရဦး။ ပန၊ ဥစ္စာစနမပြည့်ဝ သည်မှဘပါး အဆင်း ပြည့်ဝ လှပ,ချောမော ပုံကို ပြဆိုလိုက်ပါဦးအံ့။ အဿ၊ ထိုသတို့သမီး၏။ အတ္တဘာဝေါ၊ ခန္ဓာကိုယ် အတ္တဘောသည်။ သမိဒ္ဓေါ၊ အင်္ဂါပြည့်ဝ လှပ,ချောမေ ရိုး အမှန်ပင်လျှင်တည်း။ အချိုး အစား-ကျ,န အင်္ဂါကြီးငယ်ပြည့်ဘ ဘဖြင့်၊ အုန်းဘောဂ မြ,က မိန်းမချော အလှပါဘဲလို့ ဆိုလိုဘယ်။ နာမကာယ၊ စိတ်သဘော လှ,ကြောင်းကိုလဲ မကြာမီ သိရှိလာကြပါလိမ့်မယ် အသာကလေး နားစိုက်လို့သာနေကြပါ။

## ပန်းရောင်ပြော့ သုံးတောင်ကြော့ ကေ့ညွတ်ကေသာဆံ

အထူးအားဖြင့် ဒီသူဌေးသမီး၏ ကိုယ်အင်္ဂါအသွယ်သွယ် တင့်တယ် ချောမောပုံတို့အနက်"ကေသာ အညာဟိ အတိဝိယဒိဿာ"လို့ အဋ္ဌကထာ မှာ အထူးဆိုပြန်တယ်။ဟိ၊အထူးကိုဖေါ်ပြလိုက်ပါဦးအံ့။ကေသာ၊ထိုသတို့

သမီး၏ ဆံကေသာတို့သည်။ အညာဟိ၊ အခြားကုံနံသော ကုမ္မာရီအပေါင်း
တို့ထက်။ အတိဝိယဒီဿ၊ အလွန်များစွာ ပိုမို၍ရှည်လျားလှပါကုန်၏။ ပဒုံး
ရောင်ပမာ သုံးတောင်ကသာလို့မို့ လွန်စွာပြော့ပျောင်းတဲ့ဆံချောင်း ဆံပင်
ဆံယဉ်-ဆံညွန့်တို့ဖြင့် အလွန့်အလွန်တင့်တယ်တဲ့ သူဌေးသမီးဘဲတဲ့၊ တကတဲ
ဆံပင်နှင့် စခန်းသွားရမည့် ဆံပင်တရားပွဲကြီးမှာ ဒီဆံပင်ပါမှ ဇာတ်ကွက်
ပေါ်မှာ ဖြစ်တဲ့အတွက် ပါဠိပါဠ်သားဘော့ ထည့်စွက်ပြီး အချက်ကျကျ
ကိုးကားပြောဟောရပါတယ်နော်၊ ဩော်-နာမည်မှည့်ကြဦးစို့ရဲ့ ယခင်က
ကျပင်းတရားစာကို ရေးသားစီစဉ်ကော်မူတဲ့ဆရာတော်ဘုရားကြီးကတော့
"ကေသာဝတီ"လို့ နာမည်ပေးပြီး ရေးသား သုံးနှုံးတော်မူလို့ သွားတယ်၊
အလွန်သင့်လျော်တဲ့နာမည်ကလေးပါဘဲ၊ သို့သော်-ပြောင်းလဲတဲ့ခေတ်မှာ
ပြောင်းလဲမှာဘဲ ဖြစ်တော့မယ်၊ မယဉ်မရိုင်း တောပိုင်းကလေး ခတ်ကျကျ
"ကောင်း"ဆိုတဲ့စကားကလေးရှုဆပြီး "သုကေသီ" လို့ နာမည်မှည့်ကြစို့၊
အဲဒီတော့ သူဌေးသမီး သုကေသီပေါ့လေ၊ ကဲ-ကဲ "ကေသာဝတီ"လို့ဆိုတဲ့
ကျပင်းဆရာတော်ဘုရားမှည့်လို့သွားတဲ့ ပဌမနာမည်မှ ဦးပဉ္စင်းတို့က "သု
ကေသီ"လို့ နာမည်ပြောင်းလိုက်ပြီနော်၊ မှတ်မိကြပြီလား မှတ်မိကြပါပြီ
ပေါ့လေ၊ နာမည်ပြောင်း လဘက်ထုပ်တို့ ဂျင်းသုတ်တို့ကိုတော့ ဒီတရားပွဲ
မှာ ပျော်ကြ-မွှေးကြ-ညှော်ခံကြတဲ့ တကာ-တကာမတို့၏ လဘက်ထုပ်တို့-
ဂျင်းသုတ်တို့ပါဘဲ၊ တရားပွဲကပြန်တော့လဲ အရပ်ထဲလယ်ပြီး နာမည်ပြောင်း
တဲ့အကြောင်း ဝေဘိယ်လောက်ပြောလိုက်ကြပါဦး၊ ကောင်းခြင်း ငါးဖြာ
တို့အနက် ဆံပင်၏အကျိုက်ကို အချက်ကျကျဖွင့်ဆိုလို့ပြကြတဲ့ သာဓကပါဠိ
တွေဟာ များစွာရှိပါတယ်၊ သို့သော် တရားဟောတဲ့အထဲ စကားကြော
မရှည်ချင်ပါဘူး၊ အထူးဆုံးဖြစ်တဲ့ ဇာတ်တော် စကားပြင်ရေး-အရှင် ဩ
ဘာသ၏ နှစ်ပေါင်း ၁၄၀ ကျော်၊ ၁၁၄၆-ခုနှစ်ပြု မဟောသဓာဇာတ်
တော်ကြီးမှ ဆံပင်အလာနာတပုဒ်ကို ထုတ်ဟောလိုက်ရဦးမယ်။ (ဗုင်းမှ-
ထုတ်နုတ်ချက်။)

မလိမ်းမဖီးဘဲ၊ မည်းနက်သောအရောင်ဖြင့်၊ သန့်ရှင်းသေးသွယ်စွာ
[illegible]ှ၍ချသည်ရှိသော်၊ တလံကျော်ခန့်လောက်၊ အောက်သို့သွား
လျက်၊ သားလိုးထားကဲ့သို့၊ အဖျားကော့ရရော့တက်သော၊ ဆံပင်
၏ ကောင်းခြင်းနှင့်လည်း ပြည့်စုံ၏--တဲ့။ ကဲ—ဆံပင် ဆောင်ပုဒ်
ကလေး ရွတ်လိုက်ရသေးတာပေါ့။

သေးသွယ်သန့်ရှင်း–ဖြန့်ခင်းကော့ထောင်၊
မင်ဆိုင်မင်သား–မခြားနက်မှောင်။
ဝိယာလွန့်လို့–အညွန့်ပြောင်ပြောင်၊
တလံမျှ,ဆံက–ကျော်သုံးတောင်။

ဒလိဒ္ဒါ ကပဏာ နာရီ၊
သီလဝတီ သမိဒ္ဓိနီ။
သုကေသီ ခာတိ နိဿာယ၊
ဇီဝိကာ လောကဓမ္မတာ။ ။

(ရစနာ)

ဒလိဒ္ဒါ၊ အဖေမရှိ-အမေမရှိ, ရွှေမရှိ-ငွေမရှိ တာကြောင့် အခြေမပြည့်ဆင်းရဲပြီး အမွဲကြီး မွဲသူရှာပေသော။ ဘုဒ္ဓကာသီ၊ သုဒ္ဓကာသီခေါ်ကြတဲ့ မယ်ဒုက္ခယယ်ရွယ်သူတဦးသည်။ ကပဏာ၊ ဆွေတစ-မျိုးသာစ မရှိမမိုးသာဘူ. တကိုယ်ဘည်း နေထိုင်ရပါသ၏။ နာရီ၊ ဘာလဲဟဲ့ ကြိမ်းဝါးနိုင်တဲ့ မိန်းမသားဂိုဏ်း မှန်လှပါပေသတည်း။ သီလဝတီ၊ ပဥ္စသီအကျင့်တရားမှာတော့ အမြင့်စားကအောက်ဘည်ခဲ့ပါဘော့၏။ ဝါ၊ ဆွမ်းတော်ကပ်နှင့် ပန်းတော်တင် သီတင်းဥပုသ်သီလ သုံးကာဖြင့် ဥပုသ် မပုန်းသူလည်းမှန်ခဲ့ပါပေ၏။ သမိဒ္ဓိနီ၊ အဆင်းအင် နှင့်လည်းပြည့်စုံလှပါပေ၏။ ဝါ၊ပဒိုးရောင်နက် သုံးတောင်ကထွက်လို့မို ကော့တက်ဖျားဆံ ဆင်းသဏ္ဍာန် ပြေပြစ်လျက် အဆစ်အချိုး ချောမွတ်လှပါတော့သတည်း။ လောကဓမ္မတာ၊ လောကဓံတရားနှင့်မကင်းနိုင်သောကြောင့်။ ဝါ၊ချမ်းသာနှင့်ဆင်းရဲတို့ တနုံဖန်တီးပြီး အနည်းစိ ဆိုက်ရောက်ကြ လေသောကြောင့်။ ခါတိ၊ နိုထိန်းလည်းဖြစ် ချစ်လည်းချစ်သည့် ဆံ ကွာစစ်အဒေါ်ကြီးကို နိဿာယ၊ အားကိုးဟုခုဘူ၍။ ဇီဝိကာ၊ အသက်မွေးရှာပါသတည်း။ ဝါ၊ ရက်အထပ်ထပ် အဆက်ပြက်အောင် အသက်တတ်ကလေးကို မွေးမြူရှာပါသတည်း။ဝါ၊ငွေသပြ ဓနု ရွှေရှာ ဘို ခေသော်သဲ ကောသ အတွင်းအပြင်ချောသူမို ကင်းစင်တဲ့ ဘာအော ပွဲ လိုက်သျှော နေထိုင်ရ ရှာလေသတည်း။

လက်သင့်သလိုစားသောအခါ၊ပျော်ဆုနိဗ္ဗာန်၊ဖြစ်သမျှအကြောင်း-အကောင်းချည်းပါဘဲလို့ နှလုံးသွင်းတာပေါ့လေ။ ယောနိသောမနသိကာ

ရ အသင့်အတင့်နှလုံးသွင်းခြင်းသည် အရင်းအမြစ် ကုသိုလ်ဖြစ်တို့ စင်စစ် အမှန်ပေဘဲကိုး။

## ကဿပမထေရ်-ကြွပါပြီ

ကဲ-ကဲ-အမွှေသဏ္ဍာန်ချော သုကေသီ၏ဇာတ်ကြောကို ပြောခဲ့တဲ့ အတိုင်း ဆိုင်းငံ့ဝမ်းနည်းပြီး ခရီးရပ်ကန့်၍နေပေစဦး၊ သုကေသီ နေထိုင်သော အုန်းမြိုင်ပေါ်တဲ့ အုန်းတောရွာ၊ (တောလပနာဋိဂါမ)သို့ ကြွတော်မူလာတဲ့ အရှင်မဟာကဿပမထေရ်တို့အကြောင်း ရှုံးပေါင်းပြသကြဦးစို့ရဲ့။ အရှင်မဟာကဿပမထေရ်က ဥဇ္ဇေနီပြည်သော်သားဖြစ်ပေတယ်၊ အဲတာကြောင့် မြတ်စွာဘုရားအထံတော်က ဇာတိချက်ကြွ နေတော်မူရင်းဖြစ်တဲ့ ဥဇ္ဇေနီ ပြည်တော်ကြီးသို့ ပြန်လည်၍ ကြွမြန်းတော် မူခဲ့တာကိုး။ ဥဇ္ဇေနီ ပြည်တော်သို့မရောက်မီ လမ်းခရီးအကြား နောက်ပါရဟန်းတော်ခုနစ်ပါးနှင့်တကွ အရှင်မဟာကဿပမထေရ် ဆွမ်းခံလှည့်လည်တော်မူတယ်၊ အရှင်မဟာကဿပမထေရ်အမှူးရှိတဲ့ သံဃာတော်အရှင်မြတ်တို့ ဆွမ်းရပ်လှည့်လည်တော်မူတဲ့ ရွာကလေးကတော့တခြားရွာဟုတ်ပါရိုးလား၊သုကေသီတို့နေထိုင်တဲ့“အုန်းတောမြိုင်”ရွာကလေးပါဘဲ၊ သာသနာ့ဈေးလျော့ သဒ္ဒါအရေးပေါ်ကြ လေရော့ထင့်၊ “သတ္တဟိ ဘိက္ခူဟိ” ရဟန်းတော်ခုနစ်ပါးတို့ဖြင့်။ ပရိဝုတံ၊ ခြံရံ၍ကြွရောက်တော်မူလာသော။ တုဋ္ဌပတ္တံ၊ အချီးနှီးသော သပိတ်ရှိတော်မူသော။ ဝါ၊ သပိတ်ထဲမှာဘာမျှမပါသော။ မဟာကဿပနထေရံ၊ အရှင်မဟာကဿပမထေရ်ကို” အစရှိသည်ဖြင့် ရေးသားပေါ်ပြတဲ့ အဋ္ဌကထာစကားအတိုင်း အရှင်မဟာကဿပမထေရ် အမှူးရှိတဲ့ သံဃာတော်အရှင်မြတ်တို့မှာ တဇွန်းတယောက်မမျှ ဆွမ်းလောင်းမည့်သူ၊ ဆွမ်းလှူမည့်သူ မပေါ်လာပါဘူးတဲ့၊ ထူးလဲထူးတဲ့ ရွာသူ-ရွာသားတွေပါဘဲနော်၊ တော်တော်သုည့်မိတဲ့အခါ ထိုအခြင်းအရာကို ဘယ်သူ-ဘယ်ဝါမြင်ပါသလဲလို့ဆိုတော့ ဆင်းရဲလို့ဝမ်းနည်းနေတဲ့ သုကေသီ သတို့သမီးက မြင်ပါရောတဲ့ အဲတာလိုမြင်လေတော့၊ “တုဋ္ဌပတ္တံ၊ အချီးနှီးသော သပိတ်ရှိတော်မူကြသည်ဖြစ်၍။ သတ္တဟိ ဘိက္ခူဟိ၊ ရဟန်းတော်ခုနစ်ပါးတို့ဖြင့်။ ပရိဝုတံ၊ခြံရံတော်မူလျက်။ အာဂစ္ဆန္တံ၊ကြွရောက်တော်မူလာသော။ မဟာကဿပနထေရံ၊ အရှင်မဟာကဿပမထေရ်ကို။ ဒိသွာ၊ ဖူးမြင်ရ လေသည်ရှိသော်။ အယံ၊ ဤအရှင်မြတ်များသည်။ သုဝဏ္ဏဝဏ္ဏော၊ ရွှေအဆင်းနှင့်

တူသော အဆင်းရှိတော်မူ၏။ ယထာ ဓောတေနေဝ ပတ္တေန၊ ဆေးမြဲတိုင်း သောသပိတ်ဖြင့်သာ လျှင်။ ဝါ၊ တဇွန်းစာ-တယောက်ချိစာ မျှလောက် သော ဆွမ်းမရှိ ပကာတ်ဆေးကြော၍ထားသည့်အတိုင်းသာဖြစ်သောသပိတ် ဖြင့်။ အာဂစ္ဆတိ၊ ကြွလာတော်မူပေ၏။ မယှဉ္စ၊ ငါ့အားလည်း။ အညံ၊ တပါးသော။ ခနံ၊ ဥစ္စာသည်။ နတ္ထိ၊ မရှိချေတကား-စသည်ဖြင့် စဉ်းစား ဆင်ခြင်မိသတဲ့။ ဩြော်–ကိုယ့်ကိုယ်တိုင်မှာ မပြည့်မစုံ မကုံလုံမကြွယ်ဝတဲ့ အခါ ကိုယ်ချင်းစာ သဘောထားပြီး ကိုယ်ကဲ့သို့ ဆင်းရဲသူ- ဆင်းရဲသား များကို သနားမြဲ ထုံးစံကြီး ပေကာလား။ (သိကြားမင်း-ကိုယ်ချင်းစာ ပြီး ဤင်းသတ္တဝါကလေးကို မစတူးတဲ့အကြောင်း အကျယ်အားဖြင့်ဟောစရာ ကောင်းသော်လဲ၊ တရားနာသူတွေညောင်းမှာစိုးရိမ်တဲ့အတွက် ဝှက်ခဲ့ရ တော့မှာဘဲ။)

မှတ်ချက်။ ။ကိုယ်ချင်းစာ တရားကြီးကို ( ဓမ္မရံသီတရားစာ-စတုတ္ထတွဲ ) တွင် ပါဝင်အောင် စီစဉ်၍ထားပါသည်။

ကိုယ်ချင်းစာတရားဆိုတာ များစွာမှအဘိုးတန်ပါတယ်၊အကျိုးမှန် အကြောင်းမှန်တို့ကို ထက်ထက်သန်သန် ပေါက်ပေါက်ရောက်ရောက် သိရှိ နိုင်ပေတာမျိုး ပေကိုး။

ဆင်းရဲလို့စခန်းမကြီးနိုင်ဘဲ ဝမ်းနည်းပုံဂါထာ

ဒေယျဓမ္မောစ မေ နတ္ထိ၊
ပုညခေတ္တော အနုတ္တရော။
ပူဇိတော နိစ ဘာဝေန၊
ဒုက္ခော သံသာရ အဒ္ဓဂူ။ ။

(ရစနာ)

ပူဇိတော၊ ရှိသေလေးမြတ်ပူဇော်အပ်ပေထသော။ အနုတ္တရော၊ စင်စစ် ကေန် အမှန်မုချ အတုလည်း မရနိုင်ပေထသော။ ပုညခေတ္တော၊မျိုးစေ့ပုည စိုက်ပျိုးချဘို့ ကောင်းကုလယ်မြေ မှန်ပေထင်ရှား သံဃာတော် တည်းဟူ သော အရှင်သခင်များ၌။ (ဒိန္နော၊) (ပေးလှူအပ်သော) ဒေယျမမ္မော၊ လှူဘွယ်ဝတ္ထု မျိုးစေ့အစုဆည်လည်း။ မေ မမ၊ ငါ သုကေသီအား။ နတ္ထိ၊ ဘာတခုမျှ ယခုဖြင့်မရှိပါတကား။ နိစ ဘာဝေန၊ ယုတ်နိမ့် အောက်ကျ

ဆင်းရဲလှသော အဖြစ်အားဖြင့်။ သံသာရအဲဒ္ဓဂူ၊ သံသရာ လမ်းအမှား၌ စခန်းသွားအဖြစ်ဖြင့် ငြစ်ငြစ်နွမ်းနွမ်းခရီးသယ်လုပ်ကြရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲလိုက်လေစွ တကား။ ဝါ၊ ဒုက္ခော၊ မရ-တနေ့ ရ-တနေ့နှင့် စေ့စေ့ ဆင်ခြင် ကြည့်လင်နိုင်ဘဲ ကြိတ်အံခဲလောက်အောင် ဆင်းရဲ နှိုတ်စုပ်လိုက် လေစွတကား။

ခုရ,ခုစား-မအားလက်ခြေ၊
ပိုမိုနိုင်ဘဲ-အမြဲနေ့ရေ။
လှူလိုမှုကြောင့်-ဝဋ်ကျွရှာဖွေ၊
သံသာဝဲ,ဆင်းရဲ-မျက်ရည်ဝေ။

အလှူခံပုဂ္ဂိုလ် ကြည်ညိုဘွယ်ယနေ့ အမှန်ပင်တွေ့ပေပြီ၊ ဖြူစင်တဲ့စေ တနာနှင့် လှူချင်တဲ့ စိတ်ဇောတွေ ပေါ်များထက်သန် ရှိရိုးပင်မှန်သော်လဲ လှူရန်လို့ဆိုတဲ့ ဒါနဝတ္ထုကမရှိလေတော့ မချိဝမ်းနဲ့ ဩော်....ကံများနှယ် မွဲလခြင်းလို့ တကတဲ ငိုချင်ရှာမပေါ့လေ။ ကုသိုလ်ကံ ဈေးမမြင့် ကြတဲ့ အတွက် ခက်လှချည်ရဲ့လို့ဆိုတဲ့အပူဘုံမှာ မကိုလုံခြင်း တည်းဟူသော ဖွတ် မင်းသား မချေးငှါးဝံ့တဲ့ပြာရထားကြီးဆိုက်လေတော့၊ ဦးခေါင်းငိုက်ဆိုက် ကျကုန်မြဲပေပေါ့။ ကဲ-ကဲ ဆင်းဆင်းရဲရဲနှင့် ဥစ္စာပစ္စည်းမဲ့သူများ စားချင် လို့လဲ-မစားရ၊ ဝတ်ချင်လို့လဲ-မဝတ်ရ၊ လှူချင်လို့လဲ-မလှူရ၊ စိတ်သောက တထင့်ထင့်နှင့် ကုသိုလ်ကံ ဈေးမမြင့်သူတွေရှိလျှင် တွေးချင့်စာနာလို့သာ ကြည့်ကြပေရော့၊ မရှိတဲ့ဘဝမှာ မရှိကြတဲ့ပုဂ္ဂိုလ်များမှ မရှိတရားကို နား လည်နိုင်ဟာကလား-အများအားဖြင့်ပြောရတာပါနော်။

## သုကေသီအကြံရ၍ ဆံစကို ဖြေလိုက်ခြင်း

ထိုနောက် သုကေသီသတို့သမီး တစုံတခုကို ရုတ်တရက် အမှတ်ရ လာတဲ့အတွက်၊ ချက်ချင်းမျက်နှာထားပြောင်း ကောင်းလှတဲ့ဆံပင်တွေကို ဖြန့်ဖြေလို့ချတဲ့ပြီး၊ "အသုကာသေဋ္ဌိမိတာ၊ ဤအမည်ရှိသော ငါ၏မိတ်ဆွေ ငါ့သူငယ်ချင်း သူဌေးသမီးသည်။ ဣဓမသံ-ကေသာနံ၊ ဤ ငါ့ဆံပင်တို့၏ (ငါ့ဆံပင်တို့ကို)။ အတ္တာယ၊ ဝယ်ယူရရှိနိုင်ရန်အကျိုးငှါ။ ပေသေသိ၊ စေ လွှတ်ခဲ့ဘူးပေ၏"။ (၄) ငါ့သူငယ်ချင်းသူဌေးသမီးသည် ပစ္စည်းဥစ္စာလွန်စွာ ပေါ်များတဲ့ပြင် 'ဆံစုနှောပြီး' ထုံးနှောင် ပြင်ဆင် လိုတဲ့အတွက် နေ့ဆက် ရက်ဆက်ဆိုတာလို ရောင်းပါ-ရောင်းပါနှင့် လူလွှတ်ပြီး ဒီက ဆံပင်တွေကို

ဝယ်လာတယ်၊တကယ်ဆိုတော့ မရောင်းရက်-မဖြတ်ရက်တဲ့အရေးကြောင့် ပေးလာတဲ့ငွေတထောင်ကို ပယ်ရှောင်ငြင်းဆန်ခဲ့ဘာကလား၊ စားဘို့-ဝတ်ဘို့အတွက် မရောင်းရက်-မဖြတ်ရက်ရိုး အမှန်ပါ၊ သွားလေသူ မွေးသည့်မိခင်ကြီးကိုယ်ဘိုင် ယုယုသယနှင့် ခဏခဏ သုတ်သင်၊ ဖီးလိမ်းလို့ ပေးခဲ့တဲ့ ဆံပင်တွေဖြစ်လေတော့ ဖြတ်ပစ်ဘို့အရေး စိတ်ထဲကမျှ မတွေးဝံ့ ပါဘူး၊ မွေးသည့်မိခင်ကြီး၏ ဂုဏ်တွေကို အာရုံပြုပြီး ကြည့်ရှုဖီးလိမ်းရင်း အလွမ်းဖြေရတာကလား၊ ဩဘ်-ယခုအခါ သံဃာတော်အရှင်မြတ်တွေကို ဆွမ်းကပ်လိုက်ချင် ပါဘိတော့တယ်၊ ဆွမ်းကပ်နိုင်ဘို့အရေး ငါ့သူငယ်ချင်းထံ ပြေးရလျှင် ငွေကြေးကလေးများ ရနိုင်စရာရှိပေတယ်၊ ချေးငှါးတဲ့သဘောနှင့်တော့ မပြောဝံ့ရိုးအမှန်ပါ ပေးဆပ်စရာက အခက်သား ကလား၊ သို့အတွက်ကြောင့် ရှည်လျားတဲ့ဆံပင်တွေကို လျင်လျင်မြန်မြန်ဖြတ်ခါရောင်းလေမှ အကြောင်းသင့်တော့မှာဘဲလို့ ဆုံးဖြတ်ချက်ချပြီးတဲ့နောက်၊ အရှင်မဟာကစ္စည်းမထေရ်အမှူးရှိတဲ့ သံဃာတော်တို့၏ဂုဏ် အာရုံပြုပြီးသကာလ တဖန် ကိုယ့်ကိုယ်ကို တိုက်တွန်းလိုက်ပြန်သည်မှာ၊ ဟဲ့-အမွဲမ သုကေသီ... ရောင်းမယ်-ဖြတ်မယ်လို့ကြံပြန်တော့ဆုတ်ကန်ကန်ရှိနေပြန်ပြီလား၊ကောင်းတယ်လို့ဆိုတဲ့ နှင့်ဆံပင်တွေ တလံပင်မက နှစ်လံမျှရှည်လျားသော်လဲ၊ သေသွားလျှင် အသုံးမကျ တဘဝအတွက် အလှတွေပျက်သော်လဲ တစက်ကမျှ စိတ်မပူလေနှင့်၊ သုကေသီ ရှည်လျားတဲ့နှင့်ဆံပင်တွေကို ခတ်မြန်မြန်ရောင်းပြီးသကာလ စိတ်နှလုံးယှဉ်ကျေး သတ္တဝါအပေါင်းကိုအေးစေတဲ့ အရိယာနွယ်ဝင် သံဃာတော်ထေရ်အရှင်တို့အား ဆံပင်ရောင်းလို့ရတဲ့ငွေနှင့် ဆွမ်းလုပ်ကျွေး၊ အမြိုက်နိဗ္ဗာန်လို့ဆိုတဲ့(နိရောဓ ဥစ္စာရကနာ အခအားတို့ကိုသာ) လေးလေးမြတ်မြတ် လဲပေတော့-ယူပေတော့ သုကေသီလို့၊ အဲတာလို သူ့ကိုယ်သူ ဆုံးမအားပေးပြီး အသား အသွေး အရေ အဆင်းနှင့်တကွ နှလုံးသွင်းလှပတဲ့ သုကေသီသူဌေးသမီးသည် အရေးတကြီး အကြံရလာပါရောတဲ့၊ ဆန္ဒဓာတ်ကောင်းမွန်သူတဦးပေ ကိုး။ ။အဲတာကြောင့်—

အဒန္တ ဒမနံ ဝီရံ၊
သဗ္ဗသတ္တ သုခါဝဟံ။
လောကနာထံ ပူဇယိတွာ၊
လစ္ဆာမိ အ,မတံ ဓနံ။ ။

လို့-ဟောတော်မူတဲ့ အပဒါန်ပါဠိတော်ကို နမူနာမှီးပြီးတော့ သူဌေးသမီး ဖြစ်ခဲ့တဲ့ ကံမွဲမ သုကေသီရွှတ်ဆိုလိုတဲ့ဂါထာက ဒါလိုဘဲ၊ "ရစနာ" မဟုတ်၊ ပုဒ်ကလေးတခုကို ပြင်လိုက်ရပါဘဲ။

အာ,ဒန္တ ဒမနံ ဝီရံ၊
သမ္ဗသတ္တ သုခါဝဟံ။
ကစ္စာယနံ ပူဇယိတွာ၊
လစ္ဆာမိ အာ,မတံ ခနံ။ ။

လို့-ပြင်ဆင်ပြီး ထင်မြှာ်အောင် အနက်ပေးလိုက်ရသေးတာပေါ့။

သုကေသီ၊မယ်မင်းကြီးမသုကေသီ။ (သူ့ကိုယ်သူခေါ်လိုက်တဲ့ စကား ပါနော်။) ဝါ၊ ဆံကလေးတသသ ကံအရေးမသုနိုင်တဲ့ အို-မယ်မင်းကြီးမ သုကေသီ။ ဝီရံ၊ သမ္မပ္ပဓာန် ထက်သန်ပြည့်ဖြိုး ဝီရိယချိုးလည်းရှိတော်မူပေ ထသော၊ အာ,ဒန္တဒမနံ၊ မယဥ်ကျေးသူ နတ်နှင့်လူကို မူယူယဥ်ကျေး လွန် ယဥ်ကျေးအောင် ယဥ်ယဥ်ကျေးကျေး ဆုံးမတော်မူနိုင် ပေထသော။ သဗ္ဗ သတ္တ သုခါဝဟံ၊ နတ်, လူ, ဗြဟ္မာ ဝေနေယျာတို့ ချမ်းသာကောင်းကျိုး လွန်ဖွံ့ဖြိုးအောင် သည်ပိုး ရွက်ဆောင်တော် မူနိုင်ပေထသော။ ကစ္စာယနံ၊ ကစ္စည်းထေရ်ကျော် မြတ်ဘုန်းမော်ကို။ ဝါ၊နောက်တော်ပါကြား ခုနစ်ပါး နှင့် ဘုရားသားတော် ထင်ပေါ်ကျော်ဟီး ဆရာတော်ဖြစ်တဲ့ အရှင်မဟာ ကစ္စည်းကို။ ပူဇယိတွာန၊ ပူဇော်လေပြီး၍။ ဝါ၊ ကေဆံကိုညှပ် ဖြေကာ ဖြတ်လျက် ရလာဘ်ဥစ္စာ ဝယ်ကာဖန်တီး ပူဇော်ခြင်းတည်းဟူသော ဆွမ်း အလှူတော်ကြီးဖြင့်။ အာ,မတံ ခနံ၊ အမြိုက်နိဗ္ဗာန်လို့ဆိုတဲ့ လောကုတ္တရာ စည်းစိမ်တော်ကြီးကို၊ လစ္ဆာမိ၊ရအောင်ယူလိုက်ပါတော့အံ့။ဝါ၊လစ္ဆာမိ၊ ကေဆံကိုညှတ် ဖြေကာဖြတ်၍ နန်းရပ်နိဗ္ဗာန် ဝင်စံခိုညောင်း ဥစ္စာကောင်း ကို လဲပြောင်း ရယူလိုက်ပါတော့အံ့သတည်း။

အဲတာလို အလွန်တရာ မြင့်မြတ်ကောင်းမွန်တဲ့ အကြံဉာဏ်များကို ရလာတဲ့အတွက်။ ခါတိ'၊ အထိန်းတော်ကြီးကို။ ပေသေတွာ၊ တိုက်တွန်း နှိုးဆော်၍။ ထေရေ၊ အရှင်မဟာကစ္စည်းမထေရ်အမှူးရှိသော မထေရ်မြတ် တို့ကို။ နိမန္တေတွာ၊ ပင့်ဘိတ်၍။ အန္တောဂေဟေ၊ အိမ်အတွင်း၌။ နိသိဒါ ပေသိ၊ သီတင်းသုံးစံနေတော်မူစေပြီတဲ့။ (ဌ)။ တခါ သံဃာတော်ရှစ်ပါး

တို့ကဖြင့် အိမ်ရှေ့ခန်းမှာ ကြွရောက်တော်မူ၍ နေပေပြီ။ချက်စရာ-ပြုတ်စရာ ဆိုတာ အလွန်ဝေး၊ ဝယ်ခြမ်းဘို့ငွေကြေးပင် မရှိသေးလေတော့ ရင်လေး စရာ တော်တော်ကောင်းပါတယ်၊ သန့်သန့်ရှင်းရှင်း ရှိရှိသေသေ ကိုယ်တိုင် ကိုယ်ကျ နေရာတော်များ ခင်းကျင်း ပြင်ဆင်ပြီးသကာလ၊ သံဃာတော် အရှင်မြတ်များကို သီတင်းသုံး စံနေတော် မူစေပြီးတဲ့နောက် "ဂဗ္ဘ-ပဝိ သိတွာ"(၄) "ဆံပင်တွေကိုဖြန့်ကြဲပြီး အိမ်ခန်းထဲသို့ သုကေသီဝင်လို့သွား ပါရောတဲ့"၊ ဝင်ပြီးတဲ့နောက် "ဓာတိယာ၊အထိန်းတော်ကြီးအား။ အတ္တ နော၊ မိမိ၏။ ကေသေ၊ ဆံပင်တို့ကို။ ကပ္ပါပေတွာ၊ ဖြတ်တောက်စေ၍တဲ့" တကယ့်သုကေသီပါဘဲနော်၊ တော်တော်ပြတ်သားတဲ့စိတ်ပါဘဲ။ ယခင်က ဟောပြခဲ့တဲ့အတိုင်း မဖီးမလိမ်းဘဲ မည်းနက်သောအရောင်ဖြင့် သန့်ရှင်း သေးသွယ်စွာ ဖြန့်၍ချသည်ရှိသော် တလုံးကျော် ခန့်လောက် အောက်သို့ သွားလျက် သားလိုးထားကဲ့သို့ အဖျားကော့ရရော့ ပြော့ပျောင်းနူးညံ့တဲ့ ဆံပင်တွေကို လျှင်လျှင်မြန်မြန်ကြီး ကိုက်ဖြတ်လို့ ပြီးပါရောတဲ့။ ဟောဒီ အချက် စစ်ကိုင်းတောင်ရိုးဘက်မှာ မကြာ-မကြာကြုံလေ့ရှိတယ်လို့ ကြားရ ပေတယ်။ငယ်ငယ်ရွယ်ရွယ် လောကီနယ်ခုန်ကျော်ဘို့ တောပျော်ချောင်မွေ့ ရသေ့မသီလရှင်လုပ်လိုတဲ့အမျိုးသမီးတွေဟာ သုကေသီရဲ့နည်းတခါတည်း ကောင်းလှစွာသော ဆံကေသာတို့ကိုဖြတ်ကြသတဲ့။ စကားစပ်မိလို့ ရှိပေါ့ ဟာ ကေသာ-ဆံပင်ဘွဲ့ဂါထာတပုဒ် ပါဠိတော်ကထုတ်နုတ်လို့ ပြလိုက်ရ သေးတာပေါ့။

သုဇာတာ ဘူဇ လဋ္ဌိဝ၊
ဝေဒိဝ တနုမဇ္ဈိမာ။
ဒီဃဿာ ကေသာ အသိတာ၊
ဤသ ကပ္ပက ဝလ္လိတာ။ ။
(ပါဠိဇာတ်ပါဠိတော်)

ဒီဂါထာမှာ၊ တတိယပါဒနှင့်စတုတ္ထပါဒတို့သာ ကေသာဆံပင်ဘွဲ့ ဖြစ်ပေတယ်၊သိသာရုံမျှအနက်ပြန်လိုက်ပါဦးမယ်။ အဿာ၊ထိုကောင်းခြင်း ငါးဝတို့ကြောင့် အများကချော-လှသည်ဟု ပြောကြရသော ဇုတ္တိဘာဝ များ၏။ ကေသာ၊ ဆံပင်-ဆံညွန့်တို့သည်။ ဒီဃာ၊ ရှည်လျားကြပါကုန်၏။ အသိတာ၊ ပိဒုး၏အရောင်ကဲ့သို့ ညိုမှောင်မဲနက်လှပါကုန်၏။ ဤသ ကပ္ပက

ဝလ္လိတာ၊ တလံကျော်မျှ ဖြေ၍ချသည်ရှိသော် မိုးပေါ်သို့ စဉ်းငယ်မျှ အဖျားကော့၍ ကြော့မော့တင့်တယ်ကြပေကုန်၏။

ကဲကဲ-သုကေသီ အကြောင်းကို ဆက်ကြဦးစို့ရဲ၊ အဲဒါလို အလှ၏ ကြက်သရေ ဂုဏ်ပေါင်းတွေ ဆံကေကို မြန်မြန်ဖြတ်ပြီးလျှင် "အမ္မ၊ အို မိခင်။ ဣမေကေသေ၊ ဤကျွန်ုပ်၏ဆံပင်တို့ကို။ အသုကာယနာမ၊ ဤအမည်ရှိသော။သေဋ္ဌိဓီတာယ၊သူဌေးသမီးအား။ ဒတွာ၊သွား၍ပေးသည်ရှိသော်။ ယံ၊ အကြင်ထိုက်တန်သော အဘိုးကြေးငွေကို။ သာ၊ထိုသူဌေးသမီးသည်။ ဒေတိ၊ ပြန်၍ပေးလိုက်ပါလိမ့်အံ့(ပေးလိုက်ပါလိမ့်မည်)။တံ၊ထိုအဘိုးကြေး ငွေကို။ အာဟရထ၊ အမြန်ဆောင်ခဲ့ပါလော့။ အယျာနံ၊ အရှင်ကောင်း တို့အား။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဒဿာမ၊ ပေးလှူကြပါကုန်စို့။" (၄)

အဲတာလို ရိတ်ဖြတ်ပြီးတဲ့ ဆံပင်တွေကို လက်ထဲအပ်ပြီး သာသာ ယာယာ ပြောပြတဲ့အခါ၊ အထိန်းတော်ကြီးမှာလဲ ရင်ဘတ်ကို လက်နှင့်မ စီးကျတဲ့ငိုမျက်ရေနှင့် သံဿာတော်တွေ မမြင်အောင် ဆံပင်တွေ အသာ အယာအုပ်ပြီး ခပ်သုတ်သုတ်ကလေး ရှောင်းဘို့သွားရှာသတဲ့၊ သနားစရာ ပါဘဲနော်"ဟတ္ထေန၊လက်ဘဘက်ဖြင့်။ အဿုနိ၊ စီးကျလာသောမျက်ရည် တို့ကို။ ပုဉ္ဆိတွာ၊ သုတ်၍။ ဧကေန ဟတ္ထေန၊ လက်ဘဘက်ဖြင့်။ ဟဒယ မံသံ၊ နှလုံးသားဘည်ရာ ရင်ဝကို။ သန္ဓာရေတွာ၊ စုံစမ်း၍ (ရင်ဘတ်ကို လက်နှင့်မသည်ဟု ဆိုလို၏)။ တေရာနံ၊ မထေရ်မြတ်တို့၏။ သန္တိကေ၊ အနီး၌။ ပဋိစ္ဆာဒေတွာ၊ မမြင်အောင်ဖုံးလွှမ်း၍။ တေကေသေ၊ ထိုဆံပင် တို့ကို။ အာဒါယ၊ ယူ၍။ တဿာဓီတာယ၊ ထိုသယ်ယူလိုသော သူဌေးသမီး ၏။ သန္တိကံ၊အထံသို့။ ဂတာ၊ ခပ်သုတ်သုတ်ကလေး ပြေးသွားရှာလေ၏" တဲ့။ အဲဒါဟာ အဋ္ဌကထာ အတိုင်းဘဲ၊ ယခုအခါ သုကေသီမှာ ဆံပင် တွေမရှိလေတော့ ငုံးတိတိဖြစ်သွားရှာပြီနော်၊ ဩော် (ဆင်းဝါရူပ ဣတ္ထိယ ရူပကောင်းလျက် ဆံထုံးဖျက်) ဆိုတဲ့ ရှေးပညာရှိများရဲ စကား ထောက် လိုက်တော့၊ဆံပင်-ဆံထုံးဘို့အတွက် ကြက်သရေခြည်မျှလောက် တက်ပုံများ ကို စဉ်းစားလို့သာကြည့်ကြပေရော့။ ပိဒုံးရောင်ကော့ အထုံးအနှောင်ကလဲ ကြော့ခဲ့လျှင် အတော့ကို ဟင့်တယ်ယဉ်ကျေး လှပပေသည်တဲ့၊ ပဒုံးရောင် လိုပင် ကော့သော်လဲ အထုံးအနှောင်က မကြော့ခဲ့လျှင် ပေါ့ဒလျော့တဲ့ အတွက် အဆင်းပျက်တဘ်ဘယ်ဆိုသကိုး၊ ယခုတော့ ထုံးစရာ - နှောင်စရာ ဆံကေသာပင် မရှိလေတော့ ငုံးတိဘိကလေး ဖြစ်နေရှာတာပေါ့။

## အချက်ထဲ၌ အခက်အခဲလုပ်၍ ထားလိုက်ပုံ

ကက်ကဲ - ဆံပင်ရောင်းသွားတဲ့ အဒေါ်ကြီးနှင့် ဝယ်ယူမည့် သူဌေး သမီးအကြောင်းဆက်ကြဦးစို့ရဲ့။ စည်းစိမ်ရှင်သူဌေးသမီးအိမ် အထိန်းတော် အဒေါ်ကြီး ရောက်လို့သွား၊ အကျိုးအကြောင်းများပြောပြ၊ ဆံစနှင့်ငွေစ လဲလိုကြောင်း အရောင်းအဝယ်အတွက် ပြောဆို ကြားသိရလေတော့၊ စည်းစိမ်ရှင် သူဌေးသမီးက ဆေးလိပ်ကြီးသောက်ရင်း သူ့မျက်ကြော-သူ တင်းပြီး စဉ်းစားကြံစီလိုက်သတဲ့၊ ရောင်းသူနှင့် ဝယ်သူမှာ ဘယ်သူဘဲဖြစ် ဖြစ်၊ ဝယ်သူကလိုချင်လျှင် ရောင်းသူ ဈေးတင်နိုင်ပေတယ်၊ ရောင်းသူက ရောင်းချင်လျှင် ဝယ်သူကဈေးပြင်နိုင်ပေတယ်။ ဟို-ရှေးရှေး နေ့ရက်များ က ဒီကောင်မ ဆံပင်တွေနဲ့တဲ့အတွက် ဟိုဘက်က မယ်ဟိုဒင်းတို့လို အပို ဆံစုကြီးတွဲပြီး ပွဲနေ-ပွဲထိုင် ထုံးချင်လွန်းလို့ ဘယ်လောက်ဘဲ ပေးရ-ပေးရ ရောင်းစမ်းပါအမိရယ်လို့ ဆယ်ကြိမ်မက ဒီကောင်မက တဖွဖွပြောခဲ့တယ်၊ အမယ်-အဲဒီတုန်းကတော့ သွားလေသူ အမေပြုပြင်ခဲ့တဲ့ ဆံပင်ဖြစ်လို့လေး၊ အဖေပြုပြင်ခဲ့တဲ့ ဆံပင်ဖြစ်လို့လေးနှင့် ခေါင်းကလေး ခါ-ခါ လွှတ်တယ် သေချင်းဆိုးမကလေး၊ ဟော-ယခုတော့ စားစရာ သောက်စရာ ပြတ်လပ်လို့ တော်နေပြီဆင်တယ်၊ သယ်-ကလေဘ်ဆဲလိုက်ရ - မကောင်းဘဲနေရော့မယ်၊ ဂျမ်းဒေါ်တဲ့ဟော့မုန့်တဖွဲ့နှင့် ဂလဲ့စား ချေလိုက်ရဦးတော့မှာဘဲ လို့ တကတဲ သဲသဲမဲမဲ စိတ်ကူး စဉ်းစားပြီး ဒါလို - ပြန်ပြောလိုက်သတဲ့၊ သူပြောပုံကို သေသေချာချာ နားထောင်လိုက်ကြစမ်းပါ။

"အဟုံပုဒ္ဒ တဝသာမိန္ဒိ ဗဟုနာပိ ဓနေန အာဟာရာဌပေတုံ နာသက္ကိ" (ဋ္ဌ။)

ဒီကောင်မက ကျကျ နန - ခဏခဏ ငွေတွေပေးပေးပြီး ရှေးရှေး ဝယ်ယူတုန်းကတော့ ကိုယ့်တို့ သခင်မ ကလေးက အမေကိုင်ခဲ့တဲ့ ဆံပင်မို့ ရောင်းနိုင်ပါဘူးဆို-လိုချင်ပေါင်တော်၊ ခုမ-ဆံစုတွေကို မှိုလိုပေါက်အောင် ပေါ်များနေပါတယ်၊ ပေါလွန်းလို့မှ မပေါ်ကြီး , မပပေါ်ကြီး လို့ တောင် ဒို့ချားကို အရပ်သားတွေက ခေါ်နေကြပါသတော့-လို့ မဲ့မဲ့ရွဲ့ရွဲ့ ခြေဟန်-လက်ဟန် မအီသံနှင့် ပြောလေဘော့ အထိန်းတော်ကြီးမှာ မောသွားရှာ တယ်ပေါ့၊ ဘယ်လိုပင်မောသော်လဲ မပြောလျှင် မဖြစ်နိုင်တဲ့ အခြေအနေ မျိုး ရောက်၍ နေလေဘော့၊ ချော့ချော့-မော့မော့ အတော့ကို ခယပြီး

အောက်ကျ-နောက်ကျ တောင်းပန်ရရှာသတဲ့၊ အဲဒီလို တောင်းပန်တော့မှ "နိဗ္ဗိဝ ကေသာ နာမ အသက်မရှိသော ဆံပင်တို့သည် (ဖြတ်တောက်ပြီး ဆံပင်များကို ဆိုသည်)။ အဋ္ဌကဟာပဏော၊ ရှစ်ကျပ်သော အသပြာငွေတို့ကို။ အဂ္ဃန္တိ၊ အဘိုးထိုက်တန်ကုန်၏။ ဣတိ၊ ဤသို့ ဆို၍။ အဋ္ဌဝ ကဟာပဏော၊ ရှစ်ကျပ်သော အသပြာငွေတို့ကိုသာလျှင်။ အဒါသိ၊ မပေးချင်-ပေးချင်နှင့် လေးလေးပင်ပင် ပေးလိုက်လေတော့၏" တဲ့။ သံဃာတော် အရှင်မြတ်တို့ကို ဆွမ်းကပ်ရန် အချိန်ကလဲ နီးလေတော့ ပြာရိ-ပြာရာ အသပြာငွေရှစ်ကျပ်တို့ကို ဖြတ်ခနဲယူငင်၍ လျင်လျင်မြန်မြန် အထိန်းတော်ကြီး ပြန်လို့လာပါရောတဲ့၊ မောဟိုက်လို့ပလေ။ အိမ်က တမျှော်ဘည်းမျှော်လို့သာ နေတဲ့ သုကေသီ သူဌေးသမီးလဲ ရေးကြီးသုတ်ပြာ ဘယ်လောက်ပါလာတယ်ဆိုတာကိုပင်-မမေး၊ အဘိုး-အခ နည်းသည် များသည်ဆိုတဲ့ အရေးတွေကိုလဲ တွေးတောခြင်း လုံးဝမပြုတော့ဘဲ၊ သူ့ကိုယ်တိုင် နို့ထိန်းအဒေါ်ကြီးနှင့် တခါတည်း မီးဖိုချောင်ထဲမှာ ယှဉ်ကပ်ပြီး သကာလ၊ အကင်,အနှပ်,အကြော်,အလှော် သင့်လျော်သလိုချက်လိုက်ကြ-ပြုတ်လိုက်ကြတာဟာ မကြာမီ ဟနာရီ-နှစ်နာရီ အတွင်းမှာဘဲ ဆွမ်းဟင်း-ဆွမ်းလျာ အဖြာဖြာနှင့်တကွ သံဃာတပါး, တပါးလျှင် အသပြာငွေ-တကျပ်တန် စီမံခန့်ခွဲ ဆွမ်းပွဲပြင်ဆင်လို့ပြီးကြပါရောတဲ့။ အခါတိုင်းလို ဆံပင်တွေမရှိတဲ့ အတွက် အထုံးအနှောင် ဘက်က သက်သာသွားဘာပေါ့နော်။ ခြောက်-သွယ်ခေါင်းပေါ် ပိုးညှန့်နုနု တဘက်တထည်ပတ်ပြီး သန္တိခေါတ်ဆိုတဲ့ နိဗ္ဗာန်တရားနှင့် လဲမဟဲ့-လို့ တကတဲ ဝမ်းမြောက်-ဝမ်းသာ ချက်ပြုတ်ရှာသပေါ့လေ။

(က) ဆံကေကိုဖြတ်-ရစ်ပတ်ပိုးသည်၊
ကြော်,လှော်,ကင်,နှပ်-စိတ်မြတ်ရှင်ကြည်။
နိဗ္ဗာန်နန်း၌-စံမြန်းပျော်မည်၊
အမွှမ,ရဲလှ-သုတေသီ။

(ခ) တတ်နိုင်ဘဲမို့-အားခဲရှင်ကြည်၊
သံဃာမြတ်ဖျား-ရှစ်ပါးမထေရ်။
ဆံကိုဖြတ်လို့-ဆွမ်းကပ်ရှာသည်၊
သဒ္ဓါကဲ,ညာဘဲ-ဘုံလောကီ။

ယခုအခါ, အရှင်မဟာ ကဿပ မထေရ်-အမှူးရှိတဲ့ သံဃာတော် အရှင်မြတ်တို့အား ဆွမ်းကပ်လို့ထားလေတော့၊ ဘုဉ်းပေးသုံးဆောင်တော် မူ၍နေကြပေပြီ၊ သူကြေးသည်,တော့ အိမ်ခန်း အတွင်းမှာ အသာပုန်းပြီး၊ ပြုံးလဲပြုံး-မဲ့လဲမဲ့သတဲ့၊ ရှည်လျားတဲ့ဆံပင်တွေကို ဖြတ်ခါရောင်းပြီး အခါ ကောင်း-အခွင့်ကြုံတဲ့အခါ၊ ရဟန္တာ အရှင်မြတ်တို့ကို ဆွမ်းကပ်-လုပ်ကျွေး တဲ့အတွက်၊ နှစ်သက် ဝမ်းသာရွှင်လန်းလို့ ပြုံးပြုံးရွှင်ရွှင်ရှိသတဲ့၊ သို့ဖြစ်လျှင် ဘယ်အတွက်ကြောင့် ဝမ်းနည်းရပါသလဲလို့ဆိုတော့၊အမိအဘနှစ်ပါးထင် ရှားရှိကြစဉ်၊ ဟိုယခင်-ချမ်းသာကြွယ်ဝတဲ့ အခါကောင်း-အချိန်ကောင်း များသာ ဖြစ်ခဲ့ပါလျှင်၊ ဖြူစင်တဲ့ စေတနာနှင့် သံဃာတော် အပေါင်း ထောင်သောင်းမက လှူဒါန်းဘွယ်ရာပဒေသာအဝဝနှင့် တလလျှင်တကြိမ် ဦးနှိမ်ရှိခိုးပြီး အမျိုးမျိုး လှူဒါန်းနိုင်ပါတယ်၊ ခြော် .. ယခုအခါမှာတော့ စိတ်စေတနာထက်သန် အလှူခံ အရှင်မြတ်တို့ လှည့်ပတ် ကြုံကြိုက်တဲ့ခဏ အကြံရပြီး ဆံစနှင့် ဆွမ်းလုပ်ကျွေးရတာကလား၊တရွေးသားမျှ စိတ်မကြေ နပ်ရိုး အမှန်ပါ၊ ဘယ်အခါ-ဘယ်ကာလမှ စိတ်တိုင်းကျ အလှူပေးနိုင်ပါ့ မလဲလို့၊ အဲတာလို-ဆင်းရဲလှတဲ့ဘဝ အမိအဘ နှစ်ပါးကိုလဲ အောက်မေ့ လွမ်းဆွတ်လှတဲ့အတွက် မျက်ရေစက်လက် ရှိရရှာသည်-လို့ မှတ်သားသင့် ကြပေတယ်၊ ကဲကဲ ယခုအခါ သံဃာတော် အရှင်မြတ်များလဲ ဆွမ်းဘုဉ်း ပေး သုံးဆောင်၍ ပြီးတော်မူကြလေပြီ၊ အဲတာလို ဆွမ်းစားခြင်းကိစ္စ ပြီး တော်မူတဲ့နောက်မှ၊ "ထေရော၊ အရှင်မဟာ ကဿပ မထေရ် မြတ်သည်။ အာဝဇ္ဇိတွာ၊ ဆင်ခြင်တော်မူသည်ရှိသော်။ သေဋ္ဌိဓီတာယ၊ သူဌေးသမီး သူကြေးသည်၏။ ဥပနိဿယံ၊ အားကြီးသော အကြောင်း အထောက်အပံ့ကို။ ဒိသွာ၊ မြင်တော်မူသောကြောင့်-

"ကဟံ သေဋ္ဌိဓီတာတိ ပုစ္ဆိ။"

"ဆွမ်းဒါယိကာမ-သူဌေးသမီးဘယ်မှာလဲ"လို့၊ အဲတာလို-မေးမြန်း တော်မူသတဲ့။

"ဂေဟေ့ အယျ"

"တိုက်ခန်းထဲမှာပါ အရှင်မြတ်ဘုရား။" အထိန်းတော်ကြီးက လျှောက်ထားတာပေါ့လေ။

"ပဏ္ဍာသထ။ နံ"

" ဒီ–ဒါယိကာမ,ကလေးကို ခေါ်လိုက်စမ်း။ "အဲတာလို–အရှင်မဟာကစ္စည်း မထေရ်မြတ်၏ အမိန့်တော်သံကို နာခံကြားသိလိုက်ရသည်နှင့် တပြိုင်နက်၊ တခွန်းတည်းနှင့် တိုက်ခန်းထဲကထွက်လာသတဲ့။ "သာစ၊ ထိုသူဌေးသမီးသုကေသီလည်းလည်း။ထေရေသု၊အရှင်မြတ်တို့၌။ဂါရဝေန၊ လေးမြတ် ရိုသေ လှုခြင်းကြောင့်။ ကေ ဝစနေ နေဝ၊ တခွန်းတည်းသော စကားဖြင့်ပင်လျှင်။အာဂန္တွာ၊ရှေ့တော်မှောက်သို့လာရောက်၍။ ထေရော၊ မထေရ်မြတ်တို့ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဗလဝ သဒ္ဓါ၊ အား ကြီး စွာ သော ကြည်ညိုခြင်း သဒ္ဓါတရားကို။ ဥပ္ပါဒေသိ၊ ဖြစ်စေပြီ"တဲ့။ လိမ္မာယဉ်ကျေးနှလုံးသွေး လှ,ပ,ကြတဲ့ ပုဂ္ဂိုလ်များဟာ ဓမ္မတာသဘောအားဖြင့်၊အမိအဘ ဆရာသမား ရိုသေလေးမြတ် ထိုက်သူတို့၏ စကားများကို တခွန်းတည်းဖြင့်လျှင် သွားဆိုသွား· ထဆိုထ လုံးဝ,နာခံ လိုက်နာမြဲပါဘဲတဲ့၊ဒီ–အဋ္ဌကထာထဲမှာပါတဲ့။ ကေ ဝစနေ နေဝ၊ တခွန်းထည်းသော စကားဖြင့်ပင်လျှင်–ဆိုတဲ့အချက်ကို နက်နက်နဲနဲ မှတ်သားလိုက်နာကြပေရော့၊အဲဒီတော့–ယခုအခါ အရှင်မဟာကစ္စည်းမထေရ် အမှူးရှိတဲ့ သံဃာတော် ရှစ်ပါးတို့၏ ရှေ့တော်မှောက်သို့ သုကေသီ ရိုရိုသေသေ ရောက်ပေပြီ၊ ထိခြင်း ငါးပါးတို့ဖြင့် ရိုသေစွာ ရှိခိုးကန်တော့လို့၊ ငါးပါး ပဉ္စသီ များကိုယူ၊ စင်ဖြူတဲ့–ဆွမ်းဒါနအတွက် ရေစက်ခွက် ကိုင်ပြီး ကိုယ်တိုင် ရေစက်ချ၊ အမိ·အဘသွားလေသူ ကျေးဇူးရှင် နှစ်ပါးတို့အား၊ အမျှရ၍ ချမ်းသာကြပါစေလို့–အမျှအတန်းများ ဝေပါရောတဲ့။

(က) ဩကာသနှင့်–လောကသခင်၊
ကြည်ညိုဝပ်တွား–ခ,စားနေ့စဉ်။
အောင်စေကြောင်းတဲ့–စုဝေါင်းပြင်ဆင်၊
(ညောင်ရေလောင်းလို့–ဆုတောင်းကြည်လင်၊)
ပဏာမ,သာစွ–ရှိဦးတင်။
(ခ) သံသာဝဲမှ–ရှောင်လွှဲစေဌါ၊
ကံကိုယ်ကိုး–စိုက်ပျိုးလှူဒါ။
မိ,အဘနှင့်–ရှိကြဖြာဖြာ၊
မျှဝေကမ်း,ဝှအားချမ်း–ကိုယ်စိတ်ပါ။
မျက်မှောက်ဘဝ–အကျိုးရ၊ ဒိဋ္ဌဇောဦးသာ။ ။
(ပရမတ္ထသံခိပ်)

မြေပြဇာ ထက်ထက်သန်သန် ကောန်ကောင်းမွန်တဲ့ လယ်မြေမှာ လှန်စွာအောင်မြင်တဲ့မျိုးစေ့ကို မိုးတွေ ညီလျော်တဲ့သမယ ပျိုးချ စိုက်ကြဲ လိုက်ပြီလားလို့ဆိုရဖြင့် ကေန္တ ဖွံ့ဖြိုးပြီး အကျိုးခံစားချမြဲအမှန် အသီးအနှံတွေ ပြည့်စုံမြဲဖြစ်ရဘာလို နဂိုရှိစေတနာရင်းမှန်ကန်လို့ ဆံပင်တွေ ဖြဘ်ခါ ရောင်းပြီး အလှူခံကောင်းလှစွာသော အရှင်မဟာကစ္စည်းအမှူးရှိတဲ့ သံဃာတော်အရှင်မြတ်တို့အားဆွမ်းကပ်-ဆွမ်းလှူရတဲ့ ဆွမ်းဒါယိကာမ သုကေသီ သတို့သမီးမှာ တခါထည်း အံ့ဩစရာ ဘယ်လိုဖြစ်ပေါ်လာပါသလဲလို့ ဆိုတော့၊ "သုခေတ္တသု၊ ကောင်းသောခေတ်တို၌။ ပတိဋ္ဌိတ ပိဏ္ဍပါတော၊ တည်သောဆွမ်းသည်။ ဒိဋ္ဌေဝဓမ္မေ၊ ဒိဋ္ဌဓမ္မမျက်မှောက်ဘဝ၌ပင်လျှင်။ ဝိပါကံ၊ အကျိုးကို။ ဒေတိ ပေး၏။ ဉာတိတသ္မာ၊ ထိုကြောင့်။ ထေရာနံ၊ မထေရ်အရှင်မြတ်တို့အား။ သဟ ဝန္ဒနေန၊ ရှိခိုးဖူးမြော် ဦးတော်တင်လိုက်သည်နှင့် တပြိုင်နက်။ ကေသာ၊ ဆံပင်တို့သည်။ ပဏတိ ဘာဝေဃေဝ၊ ရှေးပကတိအတိုင်းသာလျှင်။ အဋ္ဌံသု၊ ဖြစ်ပေါ်တည်လာကြလေကုန်၏။" အဋ္ဌကထာဆရာရဲ့စကားတွေဘဲ နေရာကျလိုက်ထာနော်၊ သံဃာတော် အရှင်မြတ်တို့အား ဆယ်သက်စုံဦးဘင်လို့ ဖူးမြင်ရှိခိုးလိုက်သည်နှင့် တပြိုင်နက် မဲနက်ညိုမှောင်ပိဒုံးရောင်ပမာ သုံးတောင်ကသာခဲ့တဲ့ဟိုရှေးအခါကဆံပင်တွေလိုဘဲ၊ ယခုအခါ နဂိုရ်မူလပကတိအတိုင်း မဆိုင်းလျှင်မြန် တဖန်ဖြစ်ပေါ်တည်ရှိ၍ လာကြတယ်ဆိုကိုး။ ဇောခုနစ်ကြိမ်တို့အနက် ပဌမဇောစေတနာ လှန်စွာ ထက်သန်တဲ့အကြောင်း ကောင်းလှစွာသောဒိဋ္ဌဓမ္မအကျိုး ဒိဋ္ဌဓမ္မဝေဒနီယကံသို့-ကျမ်းဂန်များက သုံးနှုန်းဖေါ်ပြတော်မူကြတယ်၊ ကုသိုလ်ရှင်သုကေသီနှင့်အချိတော် အဒေါ်ကြီးတို့မှာဖြင့် ပျော်လို့မပြီးပျော်ပြီးလျှင်-ပျော်ချင်၊ အရှင်ကြီးရှင် အိပ်မက်များမြင်ရသလို ဓမ္မပီတိရေယဉ် တသွင်သွင်စီးဆင်းပြီး တညှင်းညှင်း သွမ်းမိုးကုန်ကြတာပေါ့။

ထိုနောင်မှ အရှင်မဟာကစ္စည်းမထေရ် အမှူးရှိတဲ့ ရဟန္တာ အရှင်မြတ်တို့သည် သုကေသီတို့ ကြည့်ရှု ဖူး မြင် ဦးတင်ဆဲမှာပင် အာကာသကောင်းကင်ခရီးဖြင့် ဥဇ္ဇေနီ ပြည်တော်ကြီး၊ ဆီသို့ ရှေးရှု ကြွမြန်းတော်မူ၍ သွားကြပါရောတဲ့။ ဥဇ္ဇေနီပြည်တော်ကြီးသို့ရောက်၍သွားတဲ့အခါ၊ ဥဇ္ဇေနီပြည်ကြီး၏အရှင် ဘုရင် စန္ဒပဇ္ဇောတမင်း၏ ဥယျာဉ်တော်အတွင်းသို့ သက်ဆင်းတော်မူကြတာကိုး၊ ဘုရင်မင်းတရားကြီးလဲ အရှင်မဟာကစ္စည်းမထေရ်မြတ်စွာဘုရားအထံတော်မှ ကြွရောက်ဘော်မူလာကြောင်း သိရှိရလေတော့

ဘုရားစကား-တရားစကားများ မေးမြန်းလျှောက်ထား၊ အလ္လာပ-သလ္လာပ ပြောကြား၊ မေး-ဖြေတော်မူကြသပေါ့။ (လိုရင်းသောက်ကိုသာ ဖေါ်ပြ လိုက်ပါမည်။)

"ကဟံ ဘန္တေ ဘဂဝါ"။ (ဠ)

"အရှင်ဘုရား၊ မြတ်စွာဘုရား-ဘယ်မှာလဲဘုရား" ဘုရားသခင်ပါ ကြွလာမည်ထင်လို့ လျှောက်တဲ့ စကားတဲ့။

"မံ ပေသေသိ မဟာရာဇ"။ (ဠ)

"တကာတော်မင်းကြီး၊ ငါ့ကို အလျှင်စေလွှတ်တော်မူလိုက်တယ်" ဘုရားသခင် နောင် အကြောင်းညီညွတ်မှ ကြွရောက်တော်မူလာပါလိမ့်မည် လို့-ဆိုလိုတယ်၊ တခါဖြတ်ပြီး မင်းကြီးလျှောက်ပုံက–

"ကဟံ ဘန္တေ ဘိက္ခံ အဇ္ဇ အလတ္ထ"။ (ဠ)

"အရှင်ဘုရား၊ ယနေ့ ဘယ်မှာ ဆွမ်းရခဲ့ပါသလဲဘုရား"။(အဘယ် မှာ ဆွမ်းဘုဉ်းပေးခဲ့ပါသလဲလို့-ဆိုလိုတယ်။) ထိုအခါ အရှင်မဟာကစ္စည်း မထေရ်မြတ်က၊ စကားစပ်မိလို့ရှိနေပေါ့ အမေးပုစ္ဆာအားလျော်စွာ ဆွမ်း ဒါယိကာမ သုကေသီ၏ စေတနာသဒ္ဓါတရားတို့ကို ထင်ရှားအောင် ဟော ပြောရတော့မှာဘဲလို့ တခါတည်း "ထေရော၊ အရှင်မဟာကစ္စည်းမထေရ် မြတ်သည်။ ရညော၊ မင်းကြီး၏။ ပုစ္ဆသဘာဂေန၊ အမေးပုစ္ဆာ သဘော အားဖြင့်။ ဝါ၊ အမေးနှင့်လျော်ညီစွာ။ သေဋ္ဌိဓိတာယ၊ သုကေသီ သူဌေး သမီး၏။ သဗ္ဗံ၊တခုမကြွင်း ခပင်းဉသုံ အလုံးစုံ။ ဒုက္ကရံ၊ခဲခဲရင်းရင်း။ ကတံ၊ ပြုလုပ်လှူဒါန်းလိုက်ပုံကို။ ရညော၊မင်းကြီးအား။ အာရောစေသိ၊ပြန်ကြား မိန့်ဆိုတော်မူလေ၏-တဲ့။ (ဠ)။ တေလနာဠိ-ရှာဠ ဆွမ်း လှည့် လည် ပုံ၊ လောင်းလှူသူ ပါးရှားပုံ၊ သုကေသီကပင့်ဘိတ်ပုံ၊ ရှည်လျားတဲ့ ဆံပင်တွေ ဖြတ်ပြီး ဆွမ်းကပ်ပုံ၊ ဆံပင်တွေပကတိအတိုင်းဖြစ်ပေါ်လာပုံ အလုံးစုံတို့ကို ဟောတ်စုံခင်းပြီးရှင်းရှင်းလင်းလင်းမိန့်တော်မူတာပေါ့လေ။တိုတိုကျဉ်းကျဉ်း နှင့် လိုရင်းရောက်အောင် ဟောလိုက်ရမှာဖြင့်၊ "ရာဇာ၊ မင်းကြီးသည်။ ထေရဿ၊ ကစ္စည်းမထေရ်မြတ်၏။ ဝသနဋ္ဌာနံ၊ နေရာကျောင်းတော်ကို။ ပရိယာဒေတွာ၊ စီရင်ပြီး၍" ၊ သံဃာတော်များကို နေရာချထားသီတင်းသုံး စံနေတော်မူစေပြီးတဲ့နောက်-

## အဂ္ဂမဟေသီ ဖြစ်တော့မည်

"သေဋ္ဌိဓိတရဲ၊ သူဌေးသမီးသုကေသီကို။ အာဟာရပေတွာ၊ ခေါ်ယူစေ၍။ အဂ္ဂမဟေသိဋ္ဌာနေ၊ လကျာစံ အဂ္ဂမဟေသီ မိဖုယားရ၏အရာ၌။ ထပေသိ၊ ထားတော်မူပြီတဲ့။" (ဌ)။ သုဒောသိရတနာပုံဆိုက်ပြီး ကုသိုလ်တိုက်ကြီး ပွင့်လင်းသွားတာပေါ့လေ၊ ဟန်ရလိုက်တဲ့ဖြစ်ခြင်း ကံကုသိုလ်အခွင့်ကလင်းလေတော့ ချက်ခြင်းအကျိုးကြီး ပေါ်ပေါက်လာရတာပေါ့၊ သုကေသီတို့ ရွာကလေးတခုလုံးမှာလဲ အုံးအုံး ကြွက်ကြွက်နှင့် သူ့ထက်ငါ ပြောဆိုဝမ်းသာကုန်ကြသတဲ့။

ပြောခဲ့တဲ့အတိုင်း ဒိဋ္ဌဓမ္မဝေဒနိယ အကျိုးဆက်ကြီးက ဆက်ခါ-ဆက်ခါ ပေးသွားတာကိုး၊ ထိုအခါမှစပြီးတော့ စဏ္ဍပဇ္ဇောတမင်းကြီးလဲ သာသနာ့ဒါယကာ ဆိုတဲ့ဘွဲ့ထူးဖြင့် အရှင်မဟာကစ္စည်း အမှူးရှိတဲ့ သံဃာတော်အများ ဘုရားသာသနာတော် ချီးမြှောက်တော်မူတဲ့အတွက် တမြို့လုံး သက်နိုး၏ အသွေးအရောင်တို့ဖြင့် ပြောင်ပြောင်ဝင်းဝင်း သာသနာဘောင်မြတ်ကြီး ပွင့်လင်းလို့နေပါရောတဲ့။

တောင်ညာစံ အဂ္ဂမဟေသီ မဟာဒေဝီ တည်းဟူသော သုကေသီ မိဖုယားကလဲ၊ "သာဒေဝီ၊ ထိုသုကေသီမိဖုယားခေါင်ကြီးသည်။ ထေရေ၊ အရှင်မြတ်တို့ကို။ အတိဝိယ၊ အလွန်လျှင်။ ပသီဒိတွာ၊ ကြည်ညိုသွသော ကြောင့်။ ရာဇာနံ၊ မင်းကြီးကို။ သမ္ပဋိစ္ဆာပေတွာ၊ ဝန်ခံစေ၍။ ကဥ္စန ဝနုယျာနေ၊ ကဥ္စန ဝနဉယျာဉ်တော်၌။ ထေရဿ၊ မထေရ်အား။(မထေရ်၏။) ဝိဟာရံ ကျောင်းတော်ကို။ အကာသိ၊ ဆောက်လုပ် လှူဒါန်းစေလေပြီတဲ့။ (ဌ)။

နောက်သောအခါ သားရတနာတဦးကို ဖွားမြင်တယ်။ သူ့အဘိုး၏ နာမည်ကို ယူပြီးသကာလ "ဂေါပါလ မင်းသား"လို့ နာမည်မှည့်တယ်။ သုကေသီကိုလဲ"ဂေါပါလမာတာ"လို့အများကခေါ်ကြပြန်တယ်၊ဟိုစဉ်က နှိုထိန်းအဒေါ်ကြီးကိုလဲ အမိ၏အရာမှာထားပြီး မြှောက်စား ချီးမြှင့်လေ

## ဧတဒဂ်ပေးတော်မူခြင်း

နောက်သောအခါ အစိန္တေယျ လောကထွဋ်ထား မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေလျော်တော်မူတဲ့အခါ၊ မဓုပိဏ္ဍိကသုတ်, ကစ္စာယနပေယျာလသုတ်, ပါရာယနသုတ်, ဤသုံးသုတ်တို့ကို အကျဉ်းအားဖြင့် ဟောပြတော်မူဘယ်။ အကျယ်ကို အရှင်မဟာကစ္စည်းမထေရ်မြတ်က ဝေဘန်တော်မူတယ်၊အဲဒါကြောင့် အကျဉ်းဖြစ်သောဒေသနာကို ကျယ်ဝန်းစွာ ဝေဘန်၍ဟောနိုင်ခြင်း၌ ငါဘုရားမှတပါး ဤကစ္စည်းထေရ်သည် "တန်းအမြင့်ဆုံး - အမြတ်ဆုံး - အညွန့်ဆုံး ပုဂ္ဂိုလ်ဖြစ်သည်"ဟု ဧတဒဂ်ထားတော်မူသတည်း။

## ဥပဒေသ

ယခု ဟောပြခဲ့တဲ့တရားတော်ဟာ၊ စင်စစ်အားဖြင့် ဆွမ်း၏အကျိုးကို ဟောပြတဲ့ ဆွမ်းဒါနတရားကြီးပေဘဲ၊ ဆွမ်းလှူဒါန်းရခြင်း၏ အကျိုး- အသက်ရှည်ခြင်း, အဆင်းလှခြင်း, ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်း, ကာယဗလ-ဉာဏဗလ ကြီးခြင်းလို့ ဆိုတဲ့ ငါးပါးဆိုတာက ထင်ရှားသွန်းလို့ သိလွယ်ရုံမျှ ရေတွက်၍ပြရတာကလား၊ ဆွမ်း၏အကျိုး လက်ချိုးရေတွက်လို့ မကုန်နိုင်ဘူးဆိုကြပါစို့၊ တရားဟောစ ဦးပဉ္စင်းက ကိုယ်စားလှယ်ပြုလုပ်ပြီး တကာ-တကာမတွေ မြတ်စွာဘုရား၏ အဆုံးအမအတိုင်း နေထိုင်ကျင့်ကြံလျက် ရှိကြကြောင်း မြတ်စွာဘုရားထံ ဝန်ခံလျှောက်ထားခဲ့ရတယ်မဟုတ်လား၊ အဲဒီတော့ ဘဝပြောင်းကာနီးမှ ပြာရိပြာရာပြုလုပ်ရတဲ့ အာသန္နကံမျိုးကို အားကိုးလို့ မနေကြဘဲ အရဟံ-ဂုဏ်တော် ကိုဘဲ ဖြစ်စေ၊ မေတ္တာကမ္မဋ္ဌာန်းကိုဘဲဖြစ်စေ၊ မိမိ-မိမိတို့စရိုက်နှင့် ထိုက်သည့်အားလျော်စွာ ဝါသနာပါတဲ့ တရားတခုကို အမြဲနေ့တိုင်း မပြတ်မလပ် အထပ်ထပ်ပွားကြရမယ်၊ သီလနယ်က ဆိုပြန်တော့ ငါးပါးပဉ္စသီကို ခါးဝတ်ပုဆိုး, ခါးဝတ်ထမီရဲ့မာ သေသေချာချာ မြဲနိုင်စေကြရမယ်၊ ဒါနမှာလဲ တတ်အားသမျှ နေ့စဉ်နေ့တိုင်း မဆိုင်းအောင် ပြုလုပ်အားထုတ်ကြပေရော့၊ ဘာဝနာဆိုတဲ့ အနိစ္စ - ဒုက္ခ - အနတ္တ လက္ခဏာ အချက်တို့ကိုလဲ မြဲနိုင်အောင်မြဲကြပေစေ၊ အဲဘာမှ အာစိဏ္ဏကံမျိုး (စိမ့်ရေ-စမ်းရေ)လို တိုးတိုးပြီး အကျိုးပေါင်းများစွာကို ခံစား-စံစားကြရပေလိမ့်မယ်။

အာဝဇ္ဇန်ကား နေ့စဉ်တိုးနေလျှင် ဂရုကံမျိုး၊ ဒိဋ္ဌဓမ္မဝေဒနိယ ကံမျိုး တွေလဲ တဖြိုးဖြိုး တက်ကြွပြီး အချက်ကျ လာတဲ့တနေ့မှာ တွေ့ကြရဦးမှာ အမှန်ပေပေါ့၊ ဆင်းရဲတယ်လို့လဲ အလွန်အမင်းမညည်းနှင့်၊ ချမ်းသာလာ လျှင်ပြန်လဲ အထင်မကြီးကြနှင့်၊ ပြီးခဲ့ဘာ ပျောက်ပေစေ၊ နိဗ္ဗာန်အောင် မြေကို ရောက်နိုင်တို့ နင်းနိုင်တို့ သို့ကလို တရားအချက်တို့ကိုသာ အားတက် သရော ကြံဆောင်အားထုတ်ကြရမယ်။

အဲတာကြောင့် တရားကောင်းတခုခုကို လက်ကိုင်ထား၊ အကုသိုလ် တရားများကိုပယ်ရှောင်၊ ပူလောင်မှု လောကီချမ်းသာမှု ဘဝမဟုတ်တဲ့ အာရုံအစုတို့ကို ဂရုမစိုက် နိဗ္ဗာန်ဆိုက်မှ အမှန် အေးရမှာ ပါတကား လို့၊ ဒါနတရား-သီလတရား-ဘာဝနာတရားတို့ကို ကြိုးစားအားထုတ် နိုင်ကြပါ စေကုန်သတည်း။

(မူရင်းဂါထာ ပါဠိ-အနက်ပြန်ရွတ်၍၊ အဘိဓမ္မာတပ်တရားအဆုံးသတ် တော်မူပါ။)

စေတနာသုံးလီ ပြတ်သားကြည်ထိုက်သော

## စေတနာ့ဂုဏ်ရည် - တရားတော်

(ဤတရားအတွင်းရှိ ကျမ်းကိုးမပြသောပါဠိများကို ဒုကနိပါတ် ဇာတ်အဋ္ဌကထာဟုမှတ်ပါ။)

ပုဗ္ဗေစိတ္တံ ဝိသောဓေတွာ၊
ပစ္ဆာစိတ္တံ ပသာဒယိံ။
တေန စိတ္တပသာဒေန၊
တုသိတံ ဥပပဇ္ဇဟံ။ ။

(အပဒါန်ပါဠိတော်)

စိတ္တိသူရ၊ စေတနာမျိုး စိတ်ဓာတ်မျိုးတို့ကို အစိုးရတော်မူပါပေ သော အို-မြတ်စွာဘုရား။ အဟံ၊ ယညသာမိ မည်ရှိထင်ပေါ် တပည့်တော် သည်။ ပုဗ္ဗေ၊ ကုသိုလ်ကောင်းမှုတခုခုကို မပြုလုပ်မီ ရှေးခါဆီ၌။ ဝါ၊ မပြု လုပ်မီ ရှေးခါဆီက။ စိတ္တံ၊ မိမိ၏စိတ်ဓာတ်တရားကို။ ဝိသောဓေတွာ၊ မတွန့်

မတို မငြိုငြင်ရ မစ္ဆေရကင်း အရှင်းကြီး ရှင်းလင်းစေပြီး၍။ ပစ္စာ၊ ပြုပြီးသည်မှ နောက်ကာလ၌လည်း။ ဝါ၊ ကုသိုလ်ကောင်းမှု တခုခုကို ပြုစုပျိုးထောင် အောင်မြင်စေပြီး နောက်အခါ ကာလ၌လည်း။ စိတ္တံ၊ မိမိ၏စိတ်ဓာတ်တရားကို။ ပသာဒယိံ၊ ရှင်ဇောကြည်အိမ့် ပီတိစိမ့်၍ နှစ်သိမ့် လန်းကြည်ခဲ့ စေပြီဘုရား။ တေနစိတ္တပသာဒေန၊ မပြုမီကြည် ပြုဆဲကြည်နှင့် နောက်ကြည်ခါခါ သာယာဖွံ့ဖွေး ထိုစေတနာစိတ်ဓာတ် အသေးကြောင့် သာလျှင်။ တုသိတံ၊ တုသိတာနည် နတ်တို့ပြည်သို့။ ဝါ၊ သန္တိဓာတ်ကြည် နိဗ္ဗာန်ပြည်သို့။ ဥပပဇ္ဇိံ၊ ကပ်ရောက် နိုင်ခဲ့ပါသည် ဘုရား။ ဝါ၊ ဥပပဇ္ဇိံ၊ လူ့ရွာ-နတ်ရွာ-ဗြဟ္မာ့ရွာနှင့် ဘဝခါခါ သာယာစံစား အဖန်ဖန်သွားခဲ့၍ နိဗ္ဗာန်တံခါးကြီး ဖွင့်နိုင်ခဲ့ပါပြီဘုရား။ [ပကတူပနိဿယသတ္တိဖြင့် နိဗ္ဗာနဓာတ်သို့ ဆိုက်ရသည်။]

အဲ....ယခုရွတ်ပြတဲ့ဂါထာဟာ၊ အပဒါန်ပါဠိတော် ဥမ္မာပုပ္ဖိယဝဂ်၊ "ယညသာမိက" မထေရ်ရွတ်ဆိုလျှောက်ထားတဲ့ ကိုယ့်အတ္ထုပ္ပတ္တိပြ ဂါထာကြီးပါဘဲတဲ့။ အမိပ္ပါယ်ကတော့ နိဗ္ဗာန်မရမီ တလည်လည် ကျင်လည်ခဲ့ရတဲ့ သံသရာတလွှားမှာ သံသရာခရီးသမား ပြုလုပ်ခဲ့ချစဉ်၊ အကြင်ဒါနမှု, သီလမှု, ဘာဝနာအမှုတို့ကို ပြုစုကြိုးကုတ် အားထုတ်ခဲ့ပါသည်ဘုရား-တဲ့။ မြတ်စွာဘုရားကိုလျှောက်ထားနေတာမနော်။

အဲတာလို ဒါန, သီလ, ဘာဝနာစတဲ့ ကုသိုလ်ကောင်းမှု များကို မပြုလုပ်မီ ရှေးအခါသမယက "ကံ" လို့ခေါ်တဲ့ ကမ္မသတ္တိရှိ၍ အင်မတန် အသုပ်လုပ်ကောင်းတဲ့စေဘနာတရားကလေးကို များစွာဖွံ့စင်အောင် သုတ်သင် ရှင်းလင်းခဲ့ပါသည်ဘုရား....တဲ့။ ပုဗ္ဗစေတနာမျိုးသို့ဆိုရတယ်၊ ကုသိုလ်စေဘနာအကြည်အလင်မှာ လောဘ, ဒေါသ, ဣဿာ, မစ္ဆေရ - စတဲ့ အကုသိုလ်မဝင်လာအောင် ကြိုတင်၍တားမြစ်မှုမျိုးတွေပေါ့လေ။ ကုသိုလ်ပြုဆဲအခါ ပြုပြီးတဲ့အခါများမှာလဲ စေဘနာဖွံ့ဖွံ့စင်စင် အကုသိုလ်"မှု" မဝင်အောင် ကြည်ကြည်လင်လင် ထားခဲ့ပါသည်ဘုရား။ အဲတာလို ပုဗ္ဗစေတနာ,မုဉ္စစေတနာ,ပရစေတနာ, စေတနာသုံးလို အလှန်ညီ၍ ကြည်ကြည်လင်လင် ပြုစုပျိုးထောင်ခဲ့တဲ့ အကြောင်းတရားတို့ကြောင့် ကောင်းစားတဲ့အခါများမှာလဲ ပထမအရွယ်, ဒုတိယအရွယ်, တတိယအရွယ်, သုံးသွယ်သုံးဝ ကာယသုခ, စိတ္တသုခ ချမ်းမြကြည်အေးပြီး ကုသိုလ်သွေး-ကုသိုလ်ညွန့် ချမ်းသာခက်တလွန့်လွန့်နှင့် မြူးကွန့်တင့်တယ်သွားပါရောတဲ့။

ဒီ-စေတနာဆိုတဲ့အချက်ကိုသံသရာစက်မှမထွက်နိုင်သေးမီ လောကီနယ် ပုဂ္ဂိုလ်ဘဝေးတို့ကို သတိပေးလို၍ ပြောဆို ဟောပြ ရခြင်း ဖြစ်ပေတယ်၊ လောကီနယ်ကျော်လွှား လောကုတ္တရာနယ်သား ဖြစ်ခဲ့လျှင် အသုံးဝင်တယ်လို့မဆိုသင့်တော့ပါဘူး၊ဘဝဇာတ်ဖြတ်သိမ်းပြီးသန္တိကိန်းဖွင့်တော်မူကြပြီးပေကိုး၊ ပြောလိုသာ - ပြောရတယ် လောကီနယ်တလျှောက် ဒုက္ခလလေး ရောက်မှလဲ ချမ်းသာပေါက် ရှာတတ် ကြပေတယ်၊ အဲဒီတော့- လောကုတ္တရာ မဂ်ချမ်းသာ,ဖိုလ်ချမ်းသာ,နိဗ္ဗာန်ချမ်းသာ ရှာနိုင်ဘို့အရေး၊ ဒုက္ခကလေး တွေ့ကြပါစေ-လို့၊ ဆုမျှား တောင်းရလျှင် မကောင်းကြပေဘူးလား။

ဩော်....“ရေနစ်ရှာ-ဝါးကူ၊ ပွေးထူရှာ-ဝဲစွဲ၊ လဲရာမှာ-ဆင်ကနင်း” ဆိုတဲ့စကားလို၊ ဒုက္ခမျှားရတဲ့အထဲ ဒုက္ခတရားနှင့် တွေ့ပါစေလို့ ဆုတောင်းမှဖြင့် ကောင်းနိုင်မယ်မထင်ပါဘူး၊ ထူးမြတ်တဲ့ – စေတနာကိုသာ ဝေဝေဆာဆာ – ပြည့်ပြည့် တင်းတင်းနှင့် မပူမိ, ပူဆဲ,ပူပြီး ညီကြ ပါစေလို့ ဆုတောင်း သင့်ကြပေတယ်၊ ကဲကဲ – စေတနာ မညီတဲ့ အတွက် သိသိကလေး ဒုက္ခမျှားဘူးတဲ့ အကြောင်း၊ ကျမ်းဟောင်းက = ထုတ် ဖေါ် ပြီး တော်သင့်ရုံကလေး ဟောပြ လိုက်ရသေးတာပေါ့။

ဦးပဥ္စင်းတို့၏ = အစိန္တေယျ လောကထွဋ်ထား ဘုရားသခင် ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်-ရွှေကျောင်း၌ ကိန်းအောင်း စံနေတော်မူတဲ့အခါ....၊ “သာဝတ္ထိ နဂရဝါသီ၊ သာဝတ္ထိ မြို့သား ဖြစ်သော။ ဧကော၊တယောက်သော။ကုဋုမ္ဗိကော၊သူကြွယ်သည်။ဧကေန၊တယောက်သော။ ဇနပဒ ကုဋုမ္ဗိကေန၊ဇနပုဒ်ရွာသား ကုန်သည်တယောက်နှင့်။ သဒ္ဓိံ၊ အတူတကွ။ ဝေါဟာရံ၊ ကုန်သွယ်ခြင်းသို့။ (ကုန်သွယ်ခြင်း အလို့ငှါ။) အဂမာသိ၊သွားလေ၏”တဲ့။ ကုန်သည်တို့ဘာဝ တဌာနနှင့်တဌာန၊ သဘာဝအလျောက် ကူးသန်း ရောင်းဝယ်ကြတာပေါ့လေ၊ ကုန်သွယ်ကြတဲ့ အခါ ကုန်သည်တို့ဘာဝ အကျွေးကျကုန်ပါရောတဲ့၊ ဩော်–လူကိုရုံပါ၏ ကုန်ကို အကျွေးပေးပါ-ဆိုတာ ဒီလိုဟာဘဲ ထင်ပါရဲ့နော်၊တော်တော်ကြာတော့၊ “သော၊ ထိုသာဝတ္ထိပြည်သား ကုန်သည်ယောကျ်ားသည်။ အတ္တနော၊ မိမိ၏။ ဘရိယံ၊ မယားကို။ အာဒါယ၊ ခေါ်၍၊ အဂမာသိ၊ သွားလေ၏”တဲ့။ ....ဇနီးမောင်နှံနှစ်ဦး ကြည်ကြည်နူးနူး သွားရောက်တော့၊ရွှေသွား-နောက်လိုက် ညီညာ ပါပေတယ်လို့ စိတ်ထည်းဝယ် တွေ့မြင် ရသူတွေ ကတော့

အောက်မေ့ကြပေမပေါ့လေ၊ ကဲကဲ ...အောက်မေ့ထားကြ - အောင်းမေ့ထားကြ၊ တော်တော်ကြာလို့ ဇာတ်သမ်းပေါ်တဲ့ အခါကျတော့သာ ဘာဘာညာညာ-ဆိုပြီး မချီးမွမ်းဘဲ မနေရဘူး၊ အဲဘာလို-ဇနပုဒ်ရွာက လေးရောက်လေတော့၊ ဇနပုဒ်နေ - ကုန်သည်အဆွေကလဲ ထမင်းပွဲ့,ဟင်းပွဲများပြင်ဆင်ပြီး ကုဘင်တလုံးပေါ်မှာ နေရာထိုင်ခင်းများ ချထား ဧည့်ခံသတဲ့၊ သာဝတ္ထိမြို့သား ဇနီးမောင်နှံ့·လင်မယားတို့ကလဲ ပြင်ထားတဲ့ထမင်းကို မစားသေးမီ၊ "ခင်ဗျားသည် ကျွန်ုပ်၏အကြွေးကို ဆပ်နိုင်ပါမည်လားလို့" မေးတဲ့အတွက်၊ မျက်စိမျက်နှာ ခပ်ပျက်ပျက်နှင့်၊ " ဒါတုံ၊ ပေးဆပ်ခြင်းငှါ။ နသက္ကောမိ၊မတတ်စွမ်းနိုင်သေးပါခင်ဗျား။ ဣတိ၊ဤသို့။ ဝတွာ၊ ဆို၍။ ကိဉ္စိ၊ တစုံတခုကိုမျှ။ ဝါ၊ အနည်းငယ်မျှ။ န,အဒါသိ၊ မပေးနိုင်ဘဲ ရှိနေလေ၏·တဲ့"၊မမ္မတာသဘာဝ လောက၏သဘောအတိုင်း ရိုင်းတယ်လို့လဲ မဆိုသာဘူးနော်၊ အဲတာလို-မပေးနိုင်,မဆပ်နိုင်သေးပါဘူးဆိုတဲ့စကားဖမောမောပန်းပန်းနှင့်ကြားရတော့ နားမချမ်းသာလှတဲ့အတွက်၊ရုတ်တရက်နှုတ်ကလေးမှ မဆက်တော့ဘဲ– "ဣဘရော၊ သာဝတ္ထိမြို့သား ကုန်သည်ယောကျ်ားသည်။ ကုဇ္ဈိတွာ၊ ဒေါသအမျက် ချောင်းချောင်း ထွက်၍။ ဘတ္တံ၊ ထမင်းကို။ အဘုဉ္ဇိတွာ၊ မစားမူ၍,မစားဘဲ။ နိက္ခမိ၊ နှုတ်မဆက်ဘဲ ရုတ်ရက် ထွက်ခွါခဲ့လေသတည်း" တဲ့။ ...အဲတာ,.ဒုကနိပါတ် ဇာတ်အဋ္ဌကထာ စကားတွေဘဲနော်၊ ဩော်....ဘယ်သူ့ကို အပြစ် ဆိုချင်ကြသလဲ၊ ဦးပဉ္စင်းတို့တော့ မသဲကွဲပေါင်၊ ဧည့်ခံမကောင်းဘူး ဆိုရမှာလဲအခက်၊ လှည့်ထွက်သွားသူကိုလဲ အပြစ်မတင်သာ၊ လူဆိုတာ-သဘောဆန္ဒ အမျိုးမျိုး ရှိကြတာကိုး၊ အဲဘာလို ထမင်းမှမစား ကသုဘ်ကသက် ရုတ်တရက်ဆိုတာလို နှုတ်ကလေးမှ မဆက်နိုင်ဘဲ လှည့်ထွက်လို့ သွားလေတော့၊ မယားဖြစ်သူလဲ စိတ်နှလုံးခတ်လေးလေးနဲ့ ခတ်ပြေးပြေး လိုက်ရရှာသတဲ့၊ ကတိုက်ကရိုက်ကြီးပေါ့လေ။ အင်း-သာဝတ္ထိသူကြွယ် လုပ်လိုက်ပုံကတော့ ဇာတ်သဘင် က,ပွဲများမှာ၊ ရှင်ဘုရင်ပျက် ဆိုင်းဆင့်တဲ့ အချက်နှင့်တော့ တဆက်တည်းတူညီနေတော့ဘာဘဲ၊'ရောင်ပေစူး'ထိပ်မှာရစ် လက်နှစ်ဘက်နောက်ကိုပစ် ပရစ်ကလေးတွေ အော်သံကို အင်မတန်ထိတ်လန့်တဲ့အတွက် ရုတ်တရက် ထ,လို့ပြေးကာနီးမှာ ဆိုင်းတီးရန် ဆင့်ဆိုလိုက်ပုံက တာလိုတဲ့- "ကဲ-ဆိုင်းစရာ အာစရိရဲ့၊ တခြားအာစရိတွေ မအာစရိနိုင်အောင် ဆရာချည်းဘဲ အာစရိလိုက်စမ်းပါဦး"လို့ အဲတာလို ဆိုင်းဆင့်ပြီး ဖါးလျား ဖါး

လျှားနှင့် တအားကုန် သုတ်ခြေတင်သလို ထမင်းမစားဘဲ အတင်းသွားနေ တော့ မယားဖြစ်သူမှာ မောနေအောင် လိုက်ရရှာတာပေါ့။

## အတင်းသုတ်သူမှာ ထမင်းတထုပ်ရရှိခြင်း

အဲဘာလို ရှူးရှူး ရှဲရှဲ ဟုတ်ဟုတ်-မဟုတ်ဟုတ် မီးရထားကြီး ခုတ် သလို သုတ်ခြေဘင်ခဲ့လို့ ခရီးစခန်း တော်တော်ပေါက်လေတော့၊ "အန္တရာ မဂ္ဂေ၊ လမ်းခရီးအကြား၌။ ဇိဃစ္ဆံ၊ ဆာလောင်မွတ်သိပ်သည်၏အဖြစ် ကို။ ဒိသွာ၊ မြင်၍။ မဂ္ဂပဋိပန္နာ၊ ခရီးသွားကုန်သော။ ပုရိသာ၊ ယောကျ်ား တို့သည်။ ဘရိယာပိ၊ သင်၏ခင်ပွန်းသည် မိန်းမအားလည်း။ ဒတွာ၊ ပေး၍။ ဘုဉ္ဇာဟိ၊ အတူတူစားပါလော့။ ဣတိ၊ ဤသို့ပြောဆိုမှာကြား၍။ ဘတ္တပုဋံ၊ ထမင်းထုပ်တထုပ်ကို။ နံ၊ ထိုသာဝတ္ထိမြို့သား ခရီးသည် ယောကျ်ားကို။ အဒံသု၊ ပေးကြလေကုန်၏" တဲ့။ (ဋ္ဌ)

အဲတာလို ခရီးသည်ယောကျ်ား-ခရီးသည်အများတို့က နှစ်ဦးသား စားပါစေဆိုတဲ့ သဘောနှင့် ထမင်းထုပ်တထုပ်ကို ပေးလိုက်ရတဲ့အခါ၊ ဆာ လောင်ဘာကလဲဘခြောင်း ခရီးညောင်းပြီး မောပန်းတာကြောင့်လည်း တခက်၊မိန်းမအတွက်ပါ အကုန်စားရမှ အမောများပြေပျောက် လောက်င ဝမ်းပြည့်နိုင်မည့်အရေး သူ-အသေအချာ တွေးမိလေတော့၊ "သော၊ ထို သာဝတ္ထိ မြို့သား ခရီးသည် ယောကျ်ားသည်။ တံ၊ ထို ထမင်း ထုပ် ကို။ ဂဟေတွာ၊ ယူ၍။ တဿ၊ ထိုမိမိဇနီးသည်မိန်းမအား။ အဒါတုကာမော၊ မပေးလိုသည်။ ဟုတွာ၊ ဖြစ်၍။ ဘဒ္ဒေ၊ ရှင်မ။ ဣဒံ ဌာနံ၊ ဤအရပ် - ဤ ဒေသသည်။ စောရနံ၊ ထားပြ, ခိုးသူ,တောပုန်းလူတို့၏။ တိဋ္ဌနဋ္ဌာနံ ပုန်း အောင်းရပ်တည်ရာ အရပ်ဖြစ်ပေ၏။ တွံ၊ သင်ရှင်မသည်။ ပုရတော၊ ငါ၏ ရှေ့မှ။ ယာဟိ၊ သွားနှင့်ပါလော့။" (ဋ္ဌ)

ကဲ-ကြားကြရဲ့လား ရှင်မရှေ့၊ ဟောဒီနေရာ ဌာနဟာ တောပုန်း ထားပြ လူပါပတို့၏ စခန်းချ လုယက် ယူင်တတ်တဲ့ နေရာဌာန ကြီးဘဲ ရှင်မရဲ့၊ ရှေ့ကသာ ခတ်သုတ်သုတ်သွား အားမငယ်နှင့်နော် အဖေါ်ပါ လျှင် အခုအခံခက်ဘယ်၊ ယခုအမြန်ထွက်လေလော့....လို့၊ ချော့လဲချော့- ချောက်လဲချောက်ပြီး တယောက်ထဲ လွှတ်လိုက်ပါရောတဲ့၊ သူ့ခမျာ ဇနီး သည်မှာဘော့ တကယ်ပင်ထင်မှတ်ပြီး ဖျပ်ဖျပ်သတ်လတ် ထမီတိုဘို ဒူး လယ်လောက်ဝတ်လို့မို့ အလွတ် သွားရှာ တာပေါ့လေ၊ သနားစရာပါဘဲ၊

ခရီးသည်လင်ယောကျ်ားလဲ ဇနီးသည် မျက်ခြေပြတ်တဲ့ အပြတ် ဖြတ်ခနဲ ထမင်းထုပ် ဖြေလိုက်မှ "သဗ္ဗံ၊ အလုံးစုံသော။ ဘတ္တံ၊ ထမင်းကို။ ဘုဉ္ဇိတွာ၊ ဝဝကြီးစားသောက်လေပြီး၍။ တုစ္ဆဘတ္တံ၊ အချိးနှီးသော ထမင်းထုပ်ကို။ ဒသေတွာ၊ ပြပြီး၍-

"ဘဒ္ဒေ အဘတ္တကံ တုစ္ဆပုဋမေဝ အဒ်သု" (၄)

"ရှင်မရေ့ -ဟောဒီမှာ ကြည့်စမ်းပါဦး...၊ ထမင်းမပါ ဘလာဖြစ်တဲ့အထုပ်ကို ထမင်းထုပ်လုပ်ပြီး ပေးကြဘာကိုး ရှင်မရဲ့၊ အပြင်ကကြည့်တော့ ထမင်းပါတယ်လို့ထင်မိတယ်၊ တကယ်နောက်ကြတဲ့ လူတွေပါဘဲလို့ တကတဲ မဟုတ်-တရုတ်,ရုပ်တူ-နာမ်တူ လိမ်လည်လှည့်စားပြီး တဘက်သားဇနီးသည်ကို ပြောပြသတဲ့၊ လောကမှာ အံ့ပွဲသွင်းထိုက်တဲ့ ယောကျ်ားပါဘဲ၊ မထောက်မထား မညှာမတာ လွန်စွာရက်စက်ပါပေတာကိုး။ တလုံးရလျှင်-တခြမ်းစီ၊ တခြမ်းရလျှင်-တစိပ်စီ ညီညီ-မျှမျှ,အတူတူဝေခွဲပြီး သေမကွဲ ရှင်မကွာ လွန်စွာချစ်ချစ်-ခင်ခင် ပြုမူသင့်ပါလျက်၊ ယခုတော့ သူ့အမူအရာ လုပ်ပုံ-ကိုင်ပုံတွေကို တရားနာပရိသတ်အများ စဉ်းစားသို့သာ ကြည့်ရှုဆုံးဖြတ်ကြစေလိုပါတယ်။ "ဆိုင်းဆရာအာစရိရဲ့၊တခြားအာစရိတွေ မအာစရိနိုင်အောင် ဆရာချည့်ဘဲအာစရိလိုက်တဲ့ တကယ့်-အာစရိပါဘဲ"၊အသာကြည့်နေကြပါ၊ သူ့ အကြောင်းတွေကို သိကြရပါလိမ့်ဦးမယ်။ ဇနီးသည်မှာလဲ ဘယ်မှာ စိတ်ကောင်းနိုင်ပါတော့မလဲ၊ "သာ၊ ထိုဇနီးသည် မိန်းမသည်။ တေန၊ထိုအရှင်သခင် ချစ်သည့်လင်သည်။ဧကကေနေဝ၊တယောက်ထည်းဖြင့်သာလျှင်၊ ဘုတ္တဘာဝံ၊ စားသည်၏ အဖြစ်ကို။ ဉတွာ၊ သိ၍။ ဒေါမနဿ ပတ္တာ၊ စိတ်နှလုံး မသာမယာသော အဖြစ်သို့ ရောက်သည်။ အဟောသိ၊ ဖြစ်ရရှာလေ၏"တဲ့။ သို့ဖြစ်သော်လဲ လင်ချစ်တဲ့ မိန်းမသားအမိနှင့်တူသောမယား၊ နှမနှင့်တူသော မယား၊ အထက်တန်းဖြစ်တဲ့ စိတ်ဓာတ်တရားကြောင့် မုန်းစကား, နာစကားကိုမျှ မပြော၊ မနောက်ဖြင့်ပင်မပြစ်မှား၊ ဩော်-ဆာလောင်ရှာလွန်းလို့ စားတာကိုး-လို့ သနားကရုဏာပင် တိုးသေးသတဲ့၊ အဘိုးထိုက်တဲ့ မိန်းမကောင်းတဦးပါဘဲနော်၊ တော်လဲ-တော်ပါပေရဲ့၊ လင်ပေါ်-သားပေါ်မှာ အစစအောင့်အည်းပြီး သည်းညည်းခံနိုင်တဲ့ မိန်းမများဟာ အထက်တန်းစားကချည်း ပါဘဲ၊ လင်ကိုရိုသေမြတ်နိုးလှတဲ့အတွက် နတ်ပြည်တက်ပြီး နတ်သမီးဖြစ်နေတဲ့ အမျိုးသမီး

တဦးက အရှင်မောဂ္ဂလာန်ကို ဖူးရင်း အသူး လျှောက်ထားသော ဝိမာနဝတ္ထုလာ ပါဠိတော်ဂါထာကို အနက်သာ ပေးခဲ့တော့မည်။

ဘန္တေ၊ တန်ခိုးတော်သခင် အရှင်မောဂ္ဂလာန် မထေရ်မြတ်ဘုရား။ အဟံ၊ ဘုရားတပည့်တော်မသည်။ မနုဿေသု၊ လူ့ချပ်ဌာနီ လူ၏ပြည်တို့၌။ မနုဿဘူတာ၊ လူဖြစ်၍-ဖြစ်ခဲ့စဉ်။ ပတိဗ္ဗတာ၊ အရှင်သခင် ချစ်သည့် လင်ကို။ နညမနာ၊မထိမဲ့မြင်မပြု ယုယချစ်ခင် ကြင်နာမြတ်နိုးလှသည်။ အဟောသိံ၊ ဖြစ်ခဲ့ပါသည်ဘုရား။ မာတာ၊မွေးသည့်မိခင် ကျေးဇူးရှင်သည်။ ပုတ္တံ၊ မိမိရင်နှစ် သားရင်းစစ်ကို။ အနုရက္ခမာနာ၊ အစဉ်တစိုက် ပွေ့ပိုက်ကြင်နာ စောင့်ရှောက်ပါသကဲ့သို့။ အနုရက္ခိ၊အစဉ်ရှု၍ ပြုစုစောင့်ရှောက်ခဲ့ပါသည်ဘုရား။ ကုဒ္ဓါပိ၊ အမျက်ထွက်စရာ အကြောင်းတွေ ပေါ်ပေါက်၍လာသော်လည်း။ အဟံ၊ ဘုရားတပည့်တော်မသည်။ ဖရုသံ၊ ဟစ်ကျော်-တီးကျော် မလျော်ညစ်စုပ် ကြမ်းကြုတ်ခက်ထန်သည့် အသုံးအနှုန်း-အပြောအဆိုများကို။ နအဝေါစံ၊ မျိုကာသိပ်ပါ၍ တဆိတ်ကမ မပြောမဆိုခဲ့ပါ အရှင်ဘုရား။

(ပါဠိသက်သက်ကို အလိုရှိလျှင် ဝိမာနဝတ္ထု ပါဠိတော်မှာယူပါ။)

ကုသိုလ်ကံ-အကုသိုလ်ကံ ထိုကံ၏အကျိုးတို့ကို အားကိုးယုံကြည်တဲ့ ကမ္မဝါဒီ-ဝိဘဇ္ဇဝါဒီ ပုဂ္ဂိုလ်အပေါင်းတို့၏ သဘောမှာ၊ အပြစ်တွေ့၍လာလျှင် ဘယ်သူ- ဘယ်ဝါ- ဘယ်သူ့ကြောင့်- ဘယ်ဝါကြောင့်ရယ်လို့ ပုဂ္ဂလ မိဋ္ဌာန် အပြစ်မစော ၊ မိမိပြုခဲ့တဲ့ စေတနာသဘောကိုသာ ဆေးကြောသုတ်သင်မြဲပါဘဲတဲ့၊ ဟုတ်လဲ-ဟုတ်ပေတာကိုး၊ ဘဝအဖြာဖြာ ကမ္ဘာအဆက်ဆက် ကိုယ့်စေတနာကံ ထက်ထက်မျက်မျက်နှင့် သုံးချက်လုံး ညီညီညာညာ ပြုခဲ့လျှင် ပုစရာဆိုဘာအရှင်း စိတ်ရှုပ်စရာ ကွာလို့ကွင်းပြီး ညွှင်းညွှင်းသာသာ လွန်စွာယုယ ပြုကြစုကြမည့် အခြံအရံမှန်မှန်ကန်ကန် အဖြာဖြာနေတို့နှင့် ဘာကမှမတွေးမတောရဘဲ အအေးသဘောဆိုက်ကြမြဲပါဘဲ၊ တာလိုမှမဟုတ် စေတနာကံ တော်တော်ရှုပ်ခဲ့လျှင် မဟုတ်မှလွဲရော့ မြစ်ထဲမှာပင် ရေမရှိဘူးလို့ ထင်ရသထဲ့၊ အပြင်အပကို စိတ်က တွင်တွင်မတွေးဘဲ ကိုယ့်စေတနာကလေးကိုသာ ဖြူဖြူဖွေးအောင် ဆေးကြောသုတ်သင်ကြပေတော့လို့ ဦးပဉ္ဇင်းက တိုက်တွန်းလိုပါတယ်။အစမှာရွတ်ခဲ့တဲ့ဂါထာ၏သဘောကို ပြောဟောနေတာနော်။

ကိုယ့်ကံကိုယ်တွေး-စစ်ဆေးနေ့စဉ်၊
စိန်ရောင်စိန်သွေး-ညစ်ကြေးမတင်။
စ,လယ်,ဆုံး၌-နှလုံးကြည်လင်၊
ကံအကြောင်း-ပြန်ပြောင်းရှုရေးပင်။

## ဇနီးမောင်နှံနှစ်ယောက်-ဘုရားကျောင်းတော်သို့ ရောက်ခဏ်း

အဲတာလို မိမိ၏ယောကျ်ား စိမ်းကားရက်စက်အညှာအတာမဘက် သော်လဲ အမျက်ထွက်ဘို မစဉ်းစား ဆာလွန်းလို့ စားတာကိုးလို့ တိုး၍ပင် မေတ္တာထားပြီး နှစ်ယောက်သားလာလိုက်ကြတာ မြတ်စွာဘုရား သီတင်း သုံး စံပျော်တော်မူတဲ့ ဇေတဝန်ကျောင်းတော်အနီး ခရီးဆိုက်ရောက်ခဲ့ကြ ပါရောတဲ့။ အဲတာလို ဇေတဝန် ကျောင်းတော် အနီးသို့ ခရီးဆိုက်ရောက် လာကြတဲ့အခါ၊ လွန်စွာပင်ရေသောက်လိုလှတဲ့အတွက် ဇေတဝန်ကျောင်း တော် ပရဝုဏ်အဘွင်းသို့ ခပ်သွင်းသွင်း ဝင်ရောက်လို့ သွားကြပါရောတဲ့။ "ပါနိယံ၊ သောက်ရေကို။ ပိဝိဿာမ၊ သောက်ကြကုန်ဦးစို့။ ဣတိ၊ ဤသို့ တိုင်ပင်၍။ ဇေဘဝနံ၊ ဇေတဝန် ကျောင်းတော် အတွင်းသို့။ ပါဝိသိံသု၊ ဝင်ကြလေကုန်၏"-တဲ့။ (ဌ)

အစိန္တေယျ လောကထွဋ်ထား ဘုရားသခင် ကိုယ်တော်မြတ်ကြီးက လဲ ထိုဇနီးမောင်နှံနှစ်ဦးတို့၏ တရားအထူး ရနိုင်မည့်အခင်းတို့ကို ရွှေဉာဏ် တော်အတွင်းမှာ ထင်လင်း ရှုမြင်တော် မူသည့် အ့ကြောင်း ကြောင့် .... "ဂန္ဓကုဋ္ဌိဆာယာယ၊ ဂန္ဓကုဋိကျောင်းတော်အရိပ်၌။ နိသိဒိ၊ ထိုင်နေတော် မူလေ၏။(ဌ)။ဇနီးမောင်နှံနှစ်ဦးတို့လဲ ရေကြည်ရေအေးတို့ကို ခပ်ဖြေးဖြေး ဝအောင်သောက်၊ နှစ်ယောက်သား မြတ်စွာဘုရား၊ထံ သွားရောက်လို့ ရှိသေ မြတ်နိုး လက်စုံမိုးပြီးရှိခိုးဖူးမြော်ကြသတဲ့။ထိုအခါ ဘုရားသခင်ကိုယ်တော် မြတ်ကြီးက—

"ဥပါသိကေ အယံ တေ ဘတ္တာ ဟိတကာမော သသေနဟော"

(ဒုကနိပါတ်အဌကထာ)

"ဒါယိကာမ,သင့်အား ဤဒါယကာက မြတ်နိုးပါ၏လော၊သင်၏ အကျိုးစီးပွား ရှက်ဆောင်ပါ၏လော"။

(သေးနုတ်တဲ့စကားဖြင့်၊ ဘုရားသခင်က မေးတော်မူတယ် လို့များ၊ မပြစ်မှားကြနှင့်နော်၊ ပုဂ္ဂိုလ်၏စရိုက်၊ ဒီစကားနှင့်မှ ကျွတ်ထိုက်မည့် ပုဂ္ဂိုလ်မို့၊ မိန့်ဆိုမေးမြန်းတော်မူရတာပါ။)

ထိုအခါ အလွန်လိမ္မာတဲ့ ဒါယိကာမက အကျိုးအကြောင်း ရှုံး ပေါင်း လျှောက် တင် ထိုက်တဲ့ "အသဒိသ" ပုဂ္ဂိုလ်မြတ်ကြီး မှန်ပေသည် တကား·လို့။(အဋ္ဌကထာမှ) "ဘန္တေ၊မြတ်စွာဘုရား။ အဟံ၊တပည့်တော်မ သည်။ တေသာ၊ဤအရှင်ဘုရား၏ဘပည့် ဘုရားတပည့်တော်မ၏သက်ထား "ကိုစိမ်းကား" ကြီးအား။ သသေနဟာ၊စင်ကြယ်သောမေတ္တာဖြင့် ချစ်ပါ ခင်ပါ၏မြတ်စွာဘုရား။ အယံပန၊ ဤသူကမူကား။ မယှံ၊ တပည့်တော်မ အား၊ နိသေနဟော၊ စိမ်းကားရက်စက်၍ သက်သက် မချစ်မခင်ရှိုး အမှန် ပါဘုရား။

"အညေဗိ ဒိဝသာ တိဋ္ဌန္တု"

"တခြား နောက်နောက်က နေ့တွေ·ရက်တွေကို ထားလိုက်ပါဦး မြတ်စွာဘုရား"

"အဇ္ဇေဝေသ အန္တရာမဂ္ဂေ ဘတ္တံ လဘိတွာ"

"ဒီယနေ့ ခရီးလမ်း၌ သူထမင်းထုပ်·တထုပ်ကို ရပါတယ်ဘုရာ့– (ရပေမင့်....)

"မယှံ အဒတွာ အတ္တနာဝ ဘုဥ္"

"တပည့်တော်မကို အနည်းငယ်မျှမပေး၊ သူတယောက်ထဲ စားပစ် ပါတယ် ဘုရား"

အဲတာလို ရန်တွေ့·ရန်ထောင်သည့်သဘောမဟုတ်၊သေးသေး နုတ် နုတ် စိတ်မထား အလွန်လိမ္မာတဲ့မယားမို့၊ ဘုရားသခင်ကို ယဉ်ယဉ် ကျေး ကျေး လေးလေးပင်ပင် လျှောက်ထားသတဲ့၊ ယောကျ်ားအကြောင်းတွေ ကိုပေါ့သေ။ ကောင်းပါလေခဲ့ ဦးပဥ္စင်းတော့ အများကြီး ဝမ်းသာသွား တာဘဲ၊ မြတ်စွာဘုရားက-ဒီဒါယကာကို နာနာကြီး ရိုက် တော်မူ ပါစေ၊ တကာမကြီးများလဲ ဝိုင်းဝန်းပြီး ဆုတောင်းလိုက်ကြ၊ အဲဒါမှ ဒါယကာ တွေ ကြောက်မှာ၊ နောက်နောင်လဲ သတိရသွားနိုင်မယ်။ ကဲကဲ - မြတ်စွာ ဘုရားသခင်၏ရှေ့တော်မှောက်မှာ ခပ်ကြောက်ကြောက်နှင့် ထိုင်နေရှာတဲ့

ထမင်းထုပ် တကာကြီးရှဲ့ပုံကို အာရုံ ပြုလိုက်ကြ စမ်းပါ၊ သူ့မျှာ ယခုမှ ဂျောက်ကျနေပြီ့အသည်းနှလုံး တော်တော်တုန်မှာဘဲ၊မလိုတဲ့အိုးဆိုတာ ဒုဘ်မိုးလျှင် ဒုက္ခရောက်ဘတ်မြဲပေကိုး၊ လူပြည်တပြည်လုံးမှာရှိတဲ့ ပုမ္ဗာဝ ပုဂ္ဂိုလ် အပေါင်းတို့အတွက် ဓမ္မဝိဘင်္ဂ ဒ္ဓာန်ဘက်ကပြောတာပါနော်၊တော်တော် ကြာတော့ အပြစ်များလဲ တင်ကုန်ကြပါဦးမယ် မြတ်စွာဘုရား-လို့ဆိုတော့၊ သူဘပါးတို့၏စိတ်ကို သိပ်သိဘော်မူတဲ့ " ပရစိတ္တဝိဇာနန အဘိညာဏ် " တန်ခိုးတော်၏ အရှင်ပေကိုး။ ယခု ဥပါသိကာ အလိမ္မာဒါယိကာမ က- မြတ်စွာဘုရားကိုလျှောက်ထားတဲ့စကားထဲမှာ "တိဋ္ဌန္တု အညေပိ ဒိဝသာ" အညေပိဒိဝသာ၊ အခြားတပါးသောနေ့ရက်တို့ကို။ တိဋ္ဌန္တု၊ ထားလိုက်ပါ ဦးတဲ့၊ နောက်နောက် လွန်ခဲ့တဲ့နေ့တွေ-ရက်တွေက စိမ်းကား ရက်စက်ခဲ့တဲ့ အချက်အလက်တွေကို အသာထားလိုက်ပါဦးမယ် မြတ်စွာဘုရားလို့ ဆိုတဲ့ အဓိပ္ပါယ်ဘ၊ သိပ်လည်တဲ့ အလွန်လိမ္မာတဲ့ ဥပါသိကာမ၏ စကားပါနော်၊ ဘုရားရှင်ဖြစ်နေတဲ့အတွက် ချွင်းချက်ကြီး ထားလိုက်ထာကလား။

အဲဒီတော့ နောက်-နောက်သော နေ့တွေ-ရက်တွေက အဖြစ်အပျက် (မလျှောက်ထားလိုတဲ့)အချက်တွေ-အလက်တွေကို သိကြရဲ့လား၊ မြတ်စွာ ဘုရားသခင်ကို မလျှောက်ထားဘဲ ချန်ထားခဲ့တဲ့ စိမ်းကားရက်စက်မှုတွေ ဆိုတာလေ။ စကားအဖြစ်ပြောပြမယ် သဘောကျအောင် နားထောင်ကြ ပေရော့၊ ဘုရားလက်ထက်က ဆိုပေမယ်လို့ စကားချင်း ဆက် လိုက်လျှင် အကွက်လည်သွားနိုင်ပါတယ်။ကဲကဲ-စေ့စေ့စပ်စပ်နားထောင်ကြ၊ရတနာပုံ ရန်လုံချမ်းအေး စာတန်းမွေးလှပေသော မန္တလေးရွှေမြို့တော်ကြီးကို ပဌမ လက်မှုန် တည်ထောင်ဖန်ဆင်းလျက် ပဋ္ဌမ သင်္ဂါယနာ သဘင် အဆင်ယင် ကြီး ဆင်ယင်တော်မူတဲ့ ဘဝရှင်မင်းတရားကြီးမှာ အလွန် အားထားရတဲ့ ညီတော် အိမ်ရှေ့မင်းသား ရှိဘာကိုး၊ အဲ-ထို အိမ်ရှေ့မင်းသား၏ အိမ်ရှေ့ မိဖုယားကတော့ လှိုင်ထိပ်ခေါင်တင်တဲ့၊ အတွင်း အပြင် စုံလင်ချောမွေ့ ပြကတေ့ သာယာချိုလှတဲ့ စာဆိုတော် မင်းသမီးတဦးပါဘဲ၊ ဘောလယ် တည်းဟူသော(ကဗျာဝင်)မှာ မဟာဘုရင်အဖြစ်ဖြင့် "တစ်" နံပါတ်ရတဲ့ "စိန်ခြူးကြာညောင်"ချီ ဘောလယ်ဟာ ဒီ - လှိုင်ထိပ်ခေါင်ရဲ့ လက်စွမ်း ပေါ့၊ အင်း-တရားဒေသနာဟောပြောတဲ့အထဲ ဘောလယ်တွေ တွဲလာပြန် ပြီ၊ သဲသဲကွဲကွဲရှိအောင် နဲနဲလောက်ဟောရတာပါနော်၊ တော်တော်ကြာ

တော့ နိပါတ်ထွက်သဘောအသွားကို ဘွားကနဲ သိလာပါလိမ့်မယ်၊ လှိုင်
ထိပ်ခေါင်တင်၏ ကြင်ဘက်တော်အိမ်ရှေ့စံမင်းသားလဲ ယောကျ်ားကောင်း
မောင်းမဘဇထောင်ဆိုတဲ့ (ကလေကဝ) စကားပုံများကို ကားကျလိုက်နာ
အင်္ဂါ ပန်းမြိုင်လယ်မှာ နာရီမယ် ရစ်သန်းပြီး ခြေလှမ်း မမှန်ပါဘူးတဲ့၊
ခြေလှမ်းမမှန်တဲ့အတွက် သံတော်ဦးတင်လွှာဆက်သော်လဲ ရုတ်တရက်မစွန့်
နိုင်တဲ့ အခြေအနေမျိုး ရောက်နေတာပေါ့လေ၊ လှိုင်ထိပ်ခေါင်တင်မှာလဲ
မုံ့လို ဝေခြမ်းရှမစားနိုင်တဲ့ဘဝ ကိုယ်က လက်လွှတ်ရမလိုလို ရှိလေတော့၊
အနုနှင့်မရ ပြောရတာကလဲများ မိန်းမသားတို့ စရိုက် ပြောမိလိုက် – ဆိုမိ
လိုက်သတဲ့ အထိုက်အလျောက် ပေါ့လေ၊ အဲဒီတော့ အိမ်ရှေ့မင်းသားလဲ
အပိုအမိုတည်းဟူသောမိန်းမ တဏှာပေမ မာန်ရစ် ဇာတာများလဲ ညစ်ကြ
ထင့် မသစ်တဲ့ရှေ့မျက်နှာ မသာတဲ့စိတ်ဓာတ်အား သီလဝံခေါ်တဲ့လက်သုံး
တော်ဓားနှင့် တအား ရွယ်တော် မူမိသတဲ့ လှိုင်ထိပ်ခေါင် ကိုပေါ့လေ။
နောက်များမကြာမီဘဲ " သီလဝံဓားရယ်နှင့် တအားတော်ရွယ် " စသော
ဘောလယ်တပုဒ် အသည်းနှလုံး တုန်တုန်လှုပ်လှုပ်နှင့်မျက်ရည်သုတ်ရင်းစီကုံး
ရှာသတဲ့၊ တကယ့် လှိုင်ထိပ်ခေါင်ပါဘဲနော်၊ မြတ်စွာဘုရား ရှေ့တော်က
ဥပါသကီ – ဒါယိကာမနှင့်တော့ တထေဝတည်း တူနေ ပါပေါ့ကလား၊
ဘုရားသခင်မို့လို့ မလျှောက်ထားတာပါ၊ ကိုယ့်စေတနာ ကိုယ့်အကြောင်း
ကိုသာ ပြန်ပြောင်းစိတ်နာလို့နေတယ်ဆိုကိုး၊ ဒီတွင်မျက,ပါသေးရိုးလား၊
အိမ်ရှေ့မင်းသား ကိုစိမ်းကားကြီးက တနေ့တခြား စိမ်းကား ရက်စက်ပြီး
အဘက်ဘက်ကမြေ့မြင်လိမ္မာရှာတဲ့ လှိုင်ထိပ်ခေါင်မိဖုယားကို အမှတ်ပင်
မထားသလိုရှိနေလေတော့၊ ဘဝရှင်မင်းတရားကြီးနှင့် စကြာဒေဝီမိဖုယား
တို့ထံ ကောင်းလှတဲ့မိန်းမဉာဏ်ဖြင့် ကြံကြံဖန်ဖန် လှိုင်ထိပ်ခေါင်ကသွားရှာ
သတဲ့၊ထမီကလဲ·ထမီစိမ်း၊ အင်္ကျီကလဲ·အင်္ကျီစိမ်း၊ကတ္တီပါစိမ်းတဘက်ကိုခြုံ၊
အလုံးစုံအကုန်စိမ်းပြီး အထိန်းတော်စိမ်း တယောက်ကိုပါခေါ်လို့မို့၊ ခဲအို
တော်ဘုရားထံ အခစားဝင်တယ်ဆိုကိုး၊တိုတိုပြောရမှာဖြင့်အိမ်ရှေ့မင်းသား
၏ အမူအကျင့် ဟုတ်သမျှ လုပ်သမျှဘွေကို နှုတ်ဟလို့သံတော်ဦးမတင် မြင်
တာနှင့် သိပါစေဆိုတဲ့သဘောနှင့် မိန်းမချော လှိုင်ထိပ်ခေါင်က ပြောင်
ပြောင်ကြီး ပေါ်ပြလိုက်ထာကိုး။ ကဲ ...ဘုရားသခင်၏ ရှေ့တော်က ဥပါ
သကာ သူကြွယ်မင်းနှင့်အခင်းအဖြစ်အပျက် ဘယ်လိုဆိုတာများကို စဉ်းစား
နိုင်း၊ချိန်နိုင်ကြပြီမဟုတ်လား၊ သဘောသွားဆိုဘာ လွန်စွာတူမြဲတာကလား

လေ၊ အဲတာလို လှိုင်ထိပ်ခေါင်၏ ကြိုးစားချက်ကြောင့် အထက် ဘဝရှင်မင်းတရားကြီးနှင့် စကြာဒေဝီမိဖုယား၊ ဆိုင်ရာ-ဆိုင်ရာ ဆရာတော်များ၏ အဆုံးအမကြောင့် လုံးဝပင်မဟုတ်သော်လဲ၊ (အိမ်ရှေ့မင်းသား) နောက်ဆုတ်လေတော့၊ စိတ်နှလုံးချမ်းချမ်းသာသာ များစွာ တင့်တယ် သွားကြပါရဲ့တဲ့။ ဩော်-ဒါကြောင့်မို့ " ရွှေစမွယ်ရိုးရယ်နှင့် " ဆိုတဲ့ ဘောလယ်သီချင်းကိုပင် ခံပျင်းလှတဲ့အတွက် ခဲအိုဟော် မင်းတရားကြီးထံ ဆက်ထာထင်ပါရဲ့၊ ခက်လိုက်တဲ့လောကကြီးနှယ် လောဘမီး, ဒေါသမီး, မောဟမီးရယ်လို့ မီးသုံးမီး တောက်လောင် ခန္ဓာကောင် မီးစာမှာ ကြီး စွာ သောကိလေသာ ဝန်ထုပ်-ဝန်ပိုး အမျိုးမျိုး ထမ်းရွက်ပြီး ဒုက္ခ စက် ကြီး ကဘဲ မလွတ်နိုင်အောင် ရှိနေကြရတာပေါ့နော်။ ဩော်....အပဒါန်ပါဠိတော်၊ နှုတ်ထဲမှာပေါ်လာပြန်တယ်။

ဥယှမာနေဘ တိဟဂ္ဂိဟိ၊
ဘဝေသု သံသရိံ အဟံ။
ဘရိတော ဘဝ ဘာရေန၊
နေရုံ ဥဒ္ဓရိတော ယထာ။ ။

(အပဒါန်ပါဠိတော်)

ဂါထာ၏သဘောက ဒါလိုတဲ့-

လောဘ,ဒေါသ-မောဟမီးရှိန်၊
နေ့ရော,ညရော ပွက်လောလောင်ထိန်။
ဝန်ထုပ်ကြီးလို့-ငိုညည်းလိန်ပိန်၊
ကိုးဘဝ,ဆိုးလှ-ဆက်တိုင်းကြိမ်။

အဲတာကြောင့်-လင့်နောက်လိုက် အိမ်ကိုပါ၊လိမ္မာမြော်မြင်တဲ့ ဇနီးသယ်တို့မည်သည် သာကြည်တဲ့ ဓာတ်အစုတို့ဖြင့် ခတ်နုနု - ဆွဲဆောင်လျှင်အောင်မြင် အေးချမ်းနိုင်ရိုးအမှန်ပါ၊ "အကြမ်းမှု၊ အနုနှင့်သာ အောင်စေရာ၏" လို့ဆိုတဲ့ ပညာရှိတို့၏ စကားကိုလဲ အားထား လိုက်နာသင့်ကြပေသပေါ့၊ ယောကျ်ားဆိုတဲ့ ယောကျ်ားတို့ ဖေါက်ပြားမှု - လက်ငင်းဝတ္တရားကိုယ်ကျင့်လစ်ဟင်းလျှင်၊ မယ်မင်းကြီးမတွေ့ ဒေါ်ထပြီး သောကကြောင့်

အသံကုန် မဟစ်ကြလေနှင့်၊ ရပ်ကျော် ရွာကြား သည်းမခံနိုင်တဲ့ စိတ်အား ကြောင့်၊ 'ဘား' များလို အသံကုန်ဟစ်မှဖြင့်၊ ပစ်ရေးချ-ပစ်၊ကွာရေးချ-ကွာ၊ လွှတ်ရာ - ကျွတ်ရာ အမှန်ပြေးတတ်သဖြင့်၊ အေးအေးသာသာ - ဖျောင်းဖျ ကြရမည်ဟူ၍ ဂဏှာဟိ-မှတ်လို့ထားကြပါလော့၊ တရားတော်လာ ကိုယ့်ကံ နှင့် ကိုယ့်အကြောင်းတွေကိုလဲ ပြန်ပြောင်းပြီး - စစ်ဆေး စဉ်းစားသင့်ကြပေ သပေါ့။

ယဉ်ကျေးတဲ့ စကားနှင့် လင်သားကို တရားချလျှင် တရားရတတ်ရိုး အမှန်ပါ၊ ယုတ်စွအဆုံး - ပြောရလျှင် အရိုက်အပုတ် အထောင်း - အထု လွှတ်လျှင် နဲ့သလား၊ သူတို့ထင်တိုင်းလဲ နေကြသေး·ထိုင်ကြသေးရှဲ၊ အိမ်ပြန် လာတဲ့အခါ မနေနိုင်လို့ တဆိတ်တပေါက် ပြောမိလျှင်၊ အရိုက် အနှက် အထောင်းအထုကိုလဲ ခံရသေးရှဲလို့ ဆိုလျှင် သေချင်စော်ကလေးများ နံကြ ရပေမှာကိုး၊ ဩော်—စကားစပ်မိလို့ရှိပေါ့ လက်ရှိဇနီးသည်ကို အသာထား၊ အချုပ်ပုဗ္ဗာဝတွေ အလေ်မာများတဲ့အခါ၊မယားလိမ္မာသူတို့မျက်ရည်ကျ, အံကြိတ်၊ တိတ်တိတ်ကလေး မြည်တွန် တောက်တီးတဲ့၊ သုဗောဓာလင်္ကာရ ကျမ်းသာ၊ ဂါထာတပုဒ် - ထုတ်ဖေါ်လို့ ပြလိုက်ရသေးတာပေါ့။

**မျက်ရည်သုတ်အံကြိတ်ပြီး တိတ်တိတ်ကလေး မြည်တွန် တောက်တီးသည့် ဝမ်းနည်းပူဆွေးဟန်ဘွဲ့-ဂါထာ**

မုဲခနာတိ ကာမ စဏ္ဍာလော၊
သော မံ သဒယ နိဒ္ဒယော။
ဤဒိသံ ဗျာသနာ ပန္နံ၊
သုဒိပိ ကိမုပေက္ခသေ။    ။

(သုဗောဓာလင်္ကာရ)

အနက်မပေးမို အဓိပ္ပါယ် - သရုပ်သဘောကို ပြောလိုက်ရဦးမယ်၊ တခုခုသော အကြောင်းကြောင့် အတူနေ ဇနီးသယ်ကို အိမ်မှာပစ်ထားပြီး ယောကျ်ားသားသုပ်သူ့ကို အမူးဖြောင့် ရောင့်တက်မှုတွေပေါများ အငယ် အနှောင်းတွေ ထားလို့မို့ တခြားမှာချည်း အနေအထိုင်များတဲ့အခါ၊လိမ္မာ သူ အိမ်သည်ဇနီးက ဟောဘာလို မြည်တွန်တောက်တီးသတဲ့။ "ဆင်းရဲဒုက္ခ

ရောက်သူများကိုမြင်လျှင်သနားကြင်နာတတ်သော အိုချစ်လင်''တဲ့၊ သူ့လင်ကို သူခေါ်လိုက်တဲ့စကား စဉ်းစားလို့သာ နားထောင်လိုက်ကြပေရော့၊ စိတ်ထဲက အမျက်ထွက်သော်လဲ နှစ်သက်တဲ့နှုတ်သံ မပြန်လာတဲ့ လင်သားကိုပင် သနားတတ်သူလို့ သူကဆိုရှာပေတယ်၊ တကယ်ကောင်းမြတ်တဲ့ အသုံးအနှုန်းတွေပါဘဲ ဟုတ်လဲ-ဟုတ်ပေတယ်လေ၊ ပုဗ္ဗာဝလို့ဆိုတဲ့ ယောကျ်ားများဟာ သနားတယ်-သနားတယ် နှင့် ပြီးတော့ တခြားလည်တတ်တဲ့ အလေ့အထက အလွန်များတာကလား၊ အဲတာကြောင့် ဆင်းရဲဒုက္ခ ဆိုက်ရောက်၍နေသူများကို မြင်လျှင် သနားကြင်နာတတ်သော အို-ချစ်လင်၊ ကျွန်တော်မသည်ကား စင်စစ်အားဖြင့် ဒုက္ခတရား ဆိုက်ရောက်၍ နေသူမှန်ပါတယ်၊ အသင်ချစ်လင်၌ ချစ်ခင်တွယ်တာ လွန်စွာလွမ်းဆွတ် ဇွတ်ပြုတတ်သော လောဘတဏှာ အာသာရမ္မက်လို့ဆိုတဲ့ ဒွန်းစဏ္ဍားသည် အနားသို့ကပ်ရောက်၍ လွမ်းဟဲ့-ဆွေးဟဲ့-ပူအိုးဟဲ့နှင့် ရိသဲ့သဲ့ညှဉ်းဆဲပြီး ဆင်းရဲအောင်ပြုလုပ်၍ နေရိုးအမှန်ပါ၊ မပြန်လာတဲ့ အသင်ချစ်လင်သည်ကား အသစ်မြင်မြင် - အသွင်ကျန အစငပျော်ပိုက်ပြီး နှစ်နှစ်ခြိုက်ခြိုက်,ချမ်းချမ်းသာသာ၊ လွန်စွာ့လွန်စွာ မွေ့လျော်တော်မူပါလျက် အရက်စက်ခံရတဲ့ လင်ပစ်မမိကံဆိုးကို မည်သည့်အပြစ်ကြောင့် ဒီမျှလောက်ညှိုးညှိုးပြီး အမျိုးမျိုးစိမ်းကားရက်စက်တော်မူပါသလဲ လို့ အသဲကွဲတော့မလောက် အနဲနဲမြည်တွန်-တောက်တီး ရှာသတဲ့၊ လွန်စွာသနားဘို့ ကောင်းတာ ကလားလေ၊ စိမ်းရောင်စို ဆိုတဲ့စကားလို စိမ်းပင်ကိုရောက်အောင်တက်ပြီး စိမ်းတဲ့အခက်တွေကိုဆင်၊ စိမ်းစိုတဲ့ မြိုင်တခွင်မှာ စိမ်းသဇင် - အစိမ်းပုဝါ, ပုဆိုး တို့ဖြင့်သူစိမ်းပြင်ပြင်လို မညှာမတာ ဆိုးလိုက်လေခြင်း-လို့ နှလုံးအတွင်း အသဲပြုတ်လုမတတ် အထပ်ထပ်ညည်းညူရှာဘာဘဲ ထင်ပါရဲ့၊ ဩော်-ဒုက္ခ,ဒုက္ခကဲကဲ-သုဓဗာဓာလင်္ကာရဂါထာကို တခါအနက်ပေးကြဦးစို့ရဲ့။

(ခုနောတိကာမ စဏ္ဍာလော-ဂါထာကို ပြန်ရွတ်ပါ၊ ရွတ်ပြီးနောက်)

သဒယ၊ ဆင်းရဲသူကိုမြင်လျှင် သနားကြင်နာတတ်သော အို-ချစ်လင်။ နိဒ္ဒယော၊ အသနားမရှိ ပကတိကြိမ်းဝါးလျက် စိမ်းကား ရက်စက်လှပါပေသော။ သော ကာမစဏ္ဍာလော၊ ထို-မိမိ၏ချစ်လင်၌ ချစ်ခင်တွယ်တာ ဆာလောင်ငံ့စား တဏှာယုတ်တည်းဟူသော ဒွန်းစဏ္ဍားသည်။ ဝါ၊ မလာတလ - လာခဏနှင့် ကာမ,အာသာ ဗျာပါဆင့်ပွား တဏှာအရင်းခံရတဲ့ မေတ္တာဓာတ်တရားသည်။ မံ၊ အိမ်နေသူ ကျွန်တော်မကို။ ခုနောတိ၊

သံယောဇဉ်ကြိုးရှုပ်၍ သဲညွှာဆိုင် တုန်လှုပ်အောင် အဟုတ်ပင် ဆင်းရဲစေလှပါသည်တကား။ တို့၊ ငယ်ပေါင်းချစ်လင် ကျွန်ုထိပ်တင်သည်။ သုခီပိ၊ အာရုံစိတ်ကြိုက် လိုက်ကြီးလိုက်၍ ပျော်ပိုက်ချမ်းသာ အနှစ်သက်ကြီး နှစ်သက်၍ နေရပါလျက်လည်း။ ဤဒိသံ၊ ဤကဲ့သို့ သဘောရှိ၍နေပေသော။ ဝါ၊ မသာလဲဘ,သားလဲဘနှင့် ရွှေလအသွင် မျှော်မြင်ငံ့စား အလန့်တကြား သွေးတုန်၍နေသောကြောင့်။ ဗျာသနာပန္နံ ဆင်းရဲပင်ပမ်းခြင်းသို့ စခန်းကုန်ဆိုက်ရောက်၍နေပေသော။ မံ၊ မျှော်တော်ဇောနှင့် တခေါထဲမောရတဲ့ ဟောဒိက မယ်ကံဆိုးကို။ ဝါ - တဏှာသဝ၊ မကွာမကျနိုင်ခြင်းကြောင့် အာလယ အတွေးအတောတို့ဖြင့် ငေးမောငံ့မျှော်ရပေသည့်'လင်ပစ်မ'မယ်ကံဆိုးကို။ ကိံ၊ အဘယ့်ကြောင့်။ ဥပေက္ခသေ၊ ငဲ့စောင်းလို့မျှ မကြည့်သမာဓိ ကတိမ်းကပါးတွေ့နှင့် စိမ်းကားရက်စက်ထော် မူရပါလေသနည်း။ ဝါ-ကိံ ဥပေက္ခသေ စိမ်းပင်ကိုတက်,စိမ်းခက်ကိုဆင်,စိမ်းမြိုင်ပင်မှာ,စိမ်းသဇင် ပုဝါ - ပုဆိုးဘို့ဖြင့် သူစိမ်းပြင်ပြင်လို မညှာမတာ ဆိုးလိုက်လေခြင်းဘာကိုညှိုးညှိုးပြီး အမျိုးမျိုး စိမ်းကားတော်မူရက်ပါလေသနည်း။

(က) အစိမ်းဝါးလို့-စိမ်းကားသူကို၊
စားရက်နိုင်ဘဲ-စိတ်ထဲကြိတ်မျို။
သဇင်ယိမ်းတဲ့-ကျောက်စိမ်းမြိုင်ခို၊
မာရ်နတ်စိမ်း-ဆေးစိမ်းချယ်လို့ကို။

(ခ) ရွှေတောင်ပန်နှက်-လင်းကြက်တွန်ချို၊
မြော်ပါရောင်ဆဲ-သူဘဲလိုလို၊
လိပ်ပြာလှန့်လို့-ချောင်းဟန့်နဂိုရ်၊
တဇာတ်သိမ်း-နတ်စိမ်း,နတ်ဝါးကို။ ။

လောကီ တကာ-တကာမတို့၏ အဖြစ်အပျက်သဘော စကားစပ်မို့လို့ ပြောလိုက်ရ စကားကြောရှည်ဘယ်၊ တရားကြောရှည်တယ် ကျမ်းဂန်ထွက် မဟုတ်ပါဘူးစသည်ဖြင့်အပြစ်မဘင်ကြနှင့်ဘော့နော်၊ လောဘညှော်, လောဘမီး, လင်သမုဒယ, မယားသမုဒယ-စသည် ကြီးကြလွန်းလို့ မီးထပုံအကြောင်း မြတ်စွာဘုရား ရွှေခေတ်မှောက် ယခုဇာတ်လိုက် သူကြွယ်-သူကြွယ်ကတော် လျှောက်တဲ့အကျဉ်းစကားကို လောကမျက်မြင် ဧဉ်းစားပြီး တရားသဘော ဋီကာချလိုက်တယ်၊ ကဲ့ရဲ့တဲ့လူတော့ အပူကင်းသူဘဲလို့ (ဦးပဉ္စင်းတို့က) စွင်စွဲရပါလိမ့်မယ်၊ အဲဘာလိုမှ အကဲ့ရဲ လွတ်နိုင်မှာကိုး။

ကဲ ကဲ မြတ်စွာဘုရား ရှေးဘော်မှောက်က သူကြွယ်နှင့် သူကြွယ်ကတော်တို့အကြောင်း ဆက်ကြဦးစို့ရဲ့။ ယခင်ကဟောခဲ့တဲ့အတိုင်း သူကြွယ်ကတော် ဥပါသိကာမှာ အကျိုးအကြောင်း အဆိုး-အကောင်းတို့ကို ရှုံးပေါင်းပြီး လေးလေးပင်ပင်လျှောက်ထားလေတော့၊ အစိန္တေယျ လောကထွဋ်ထား ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "ဥပါသိကေ အိုး-ဒါယိကာမ ဥပါသိကာ။ နိစ္စကာလမို့၊ အမြဲဖြစ်သောအခါကာလတို့ပတ်လုံး။ တို့၊ သင်ဒါယိကာမသည်။ ဘောဿ၊ ထိုဒါယကာ ယောကျ်ား၏။ ဟိတကာမာ၊ အကျိုးစီးပွားကို ဆောင်ရွက်ပါပေ၏။ သသေနဟာ၊ အမိကောင်း နှမကောင်း၏ပမာ လွန်စွာချစ်ခင်လှပါပေ၏" လို့ အမိန့်တော်ရှိတော်မူသတဲ့။ ဒါယကာယောကျ်ားကတော့ နည်းပါးတဲ့အချစ်ကြောင့် ပစ်ခွါလို့ မပြေးတာကိုပင် ကံကောင်းသေး ရှဲ့လို့အောက်မေ့ရမယ်ဆိုလိုဘာပေါ့။တခုခုသောဘဝက ဒါနစတဲ့ ကုသိုလ်ကောင်းမှု ပြုကြတဲ့အခါ စေတနာသုံးတန် စီမံပုံမပြတ်သားတဲ့အတွက် စိတ်ပျက်စရာကလေးတွေကို အပူဟုန် ကလေးတွေပွား သနားစရာ ဖြစ်ရှ်-ဖြင်ရှ် နေကြရတာအမှန်ပါ။သံသရာဆိုတဲ့သံသရာဟာ ကံသာလျှင်အဓိကဖြစ်တဲ့အကြောင်း အပေါင်းများစွာ တရားနာသူတို့လဲ နေရာတကျ သိပြီးသားပင် ဖြစ်ကြ ပါ ပေတယ်၊ အဲဒါကြောင့်ကောင်းတဲ့အာရုံ, မကောင်းတဲ့အာရုံ ကောင်းတဲ့ဝတ္ထု, မကောင်းတဲ့ဝတ္ထုအစုစုတို့ကြောင့် တခုခု ကြုံလာ-ဆုံလာကြတဲ့အခါ ပုဂ္ဂလဓိဋ္ဌာန်သဘောမထား၊ ကိုယ့်ကံနှင့် ကိုယ့် အကြောင်းတရားကိုသာ စဉ်းစား ဖြေဖျောက်အထိုက်အလျောက် ပြုပြင်ဆေးကြောကြရမယ်။

မိမိအမှု၊သူ့အမှုကား၊ပြုသသူသာ၊ခံရရာ၏၊သူ့တာဝါခံ၊ ဆက်ဆံဘယ်သို့၊ ရှိတို့သတတ်၊ ကမ္မဿကား၊ ကိုယ်စီခြားဟု၊ တရားသဘော၊ကြံနစ်နေသောသည်၊ မှက်ဇောမငွေ့—မချောင်းတည်း...လို့ ဆိုတဲ့—

ကျေးဇူးရှင် မာန်လည် ဆရာတော်ဘုရား ရေးတဲ့ ကံ-လင်္ကာတရားတော်ကြီးကို ကျက်မှတ်လို့ထားကြပေရော့၊ များစွာမှ အသားပါပေတာကိုး။ ။

## ဇနီးမောင်နှံ-အကျွတ်တရားရခဏ်း

ထိုနောင်မှ အစိန္တေယျ လောကထွဋ်ထား ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်၊ အင်္ဂါရှစ်ပါးဖြင့်ပြည့်စုံတဲ့ အသံတော်ကို ဖွင့်လှစ်တော်မူပြီး

သကာလ "အတီတေ ဗာရာဏသိယံ ဗြဟ္မဒတ္တေ" စသည်ဖြင့် ဒုကနိပါတ် ပုဋဘတ္တ-ဇာတ်တော်ကို အတိတ် ဆောင်၍ ဟောတော်မူသည်။ ပုဋဘတ္တ-ဇာတ်၏အကြောင်းအရာများမှာလဲ ပစ္စုပ္ပန်ဝတ္ထုသွားအတိုင်းပါဘဲ၊ ဘုရားအလောင်းတော် အမတ်ကြီးက တဦးနှင့်တဦး ကြည်နူး ချမ်းသာအောင် တရားဓမ္မ ဟောပြော ပြသသဖြင့် အတူတကွ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာဖြစ်၍သွားတဲ့ အကြောင်းမျှသာထူးပါတယ်၊ နောက်ဆုံး ဇာတ်တော်ပေါင်းတဲ့ အခါမှာ ယခုဥပါသကာက ဟိုအခါဝယ် ဗာရာဏသီ ဗြဟ္မဒတ်မင်း၊ ယခုဥပါသိကာမှာ ဟိုအခါဝယ် တောင်ညာစံဒေဝီ မဟေသီမိဖုယား၊ ငါဘုရားသခင်က ဟိုအခါဝယ် မင်း-မိဖုယားကို ဟောကြားဆုံးမ တရားပြတဲ့ပညာရှိ အမတ်ကြီး ဖြစ်ခဲ့တဲ့အကြောင်း သစ္စာလေးပါးပြ၍ တရားတော်အဆုံးသက်သည်နှင့်တပြိုင်နက် သူကြွယ်နှင့် သူကြွယ်ကတော် ဇနီးမောင်နှံနှစ်ဦး ကျွတ်လွတ်ပြီလို့ ဆိုတဲ့ဆုထူးဖြင့် သောတာပန်အဖြစ်ကို ကူးကြလေသတည်း။

အစမောင်နိုင်တဲ့ သံသရာအပြင်မှာ ကျင်လည် ပြေးလွှား ခဲ့ရသောဘဝပေါင်းများစွာ ကမ္ဘာပေါင်းများစွာ ယခုအခါမြတ်စွာဘုရားရှေ့တော်မှောက်သို့ တရားနာရောက်သည်အထိ ဇနီးမောင်နှံ နှစ်ဦးတို့၏ (လောဘ-မပါ) ကြွင်းကျန်သောခန္ဓာငါးပါးတို့ဟာ ဒုက္ခသစ္စာပါဘဲတဲ့၊ ချစ်ခင်ပြန်လျှင်လဲ ချစ်ခင်သောကြောင့် ဆင်းရဲ၊ မချစ်မခင်ပြန်လျှင်လဲ မချစ်မခင်သောကြောင့် ဆင်းရဲ၊ လောကီနယ်က မလွှဲမဖယ်နိုင်သေးသမျှ ဒုက္ခသစ္စာချည်း ဖြစ်နေကြရတာကိုး။

ထိုဇနီးမောင်နှံတို့၏ လိုချင်မှု လောဘ စာတ်သဘောသည် ဆင်းရဲ 'ကြော'ကို သွက်သွက်ခါအောင်လှုပ် ဒုက္ခတရားကို ထင်ထင်ရှားရှားဖြစ်စေတတ်သောကြောင့်။ လောဘော၊ လောဘတရားသည်။ သမုဒယော၊ သမုဒယသစ္စာတဲ့။ ဘုရားသခင်ဟောပြလို့ ဒုက္ခခပ်သိမ်းချုပ်ပြတ်ငြိမ်းပြီးသကာလ ဇာတ်သိမ်းတဲ့ပြည်နိဗ္ဗာန်ကို သောတာပတ္တိမဂ်ဉာဏ်ဖြင့် သိရခြင်း၊ သို့မဟုတ် သိရှိထင်မြင်၍ပေါ်လာတဲ့ နိဗ္ဗာန်ပရမတ္ထ တရားတော်မြတ်ကြီးသည် နိရောဓသစ္စာ။ ထိုနိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းမြတ်သည့် မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာ။ အဲတာလို "သစ္စာနိ၊ သစ္စာလေးပါးတရားတို့ကို။ ပကာသေတွာ၊ ပြတော်မူ၍။ ဇာတကံ၊ဇာတ်တော်ကို။ သမောဓာနေသိ၊ ပေါင်း

ဘော်မူ၏။ သစ္စာပရိယောသာနေ၊ သစ္စာလေးပါး တရား၏ အဆုံး၌။ ဒွေ ဇယမ္ပတိကာ၊ မြတ်စွာဘုရား၏ရှေ့တော်မှောက်က ဇနီးမောင်နှံနှစ်ယောက် တို့သည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိံသု၊ တည် ကြလေကုန်ပြီ တဲ့။" (ဇာတ်အဋ္ဌကထာ)

နေရာကျလိုက်တာနော်၊ မောင်မယ်စုံတူပျော်လို့ နိုရောဓခေါ်တဲ့ နိဗ္ဗာန်နန်းကို ဖြောင့်ဖြောင့် တန်းတန်း ကူးရောက်၍ သွားနိုင်ကြ လေပြီ။ မကြည်လင်စရာဆိုတာ မတွေ့၊ မချမ်းမြေ့စရာဟေ့ဇာတ်သိမ်း၊ မအေးငြိမ်း မှုတွေ လွတ်ကင်း၊ အပါယ်မကျနိုင်တဲ့မေတ္တာအလင်းတို့ဖြင့် အလွန်အမင်း ဝမ်းမြောက်-ဝမ်းသာ၊ လွန်စွာ့-လွန်စွာ ကြေနပ် နှစ်သိမ့် သွားကြတာပေါ့ လေ။အဲတာကြောင့် စေတနာသုံးတန်မညီညွတ်ခဲ့တဲ့အတွက် သိသိကလေး ခက်လို့မို့ တချက်တချက် စိတ်ပျက်စရာ ကလေးများနှင့် တွေ့ကြုံရ ရှာပေ တယ်၊ ဒေါ်မန အချက် သောက တရားပင် ဖက်သော်လဲ အပြင်မထွက် အကြမ်းခပါ တရမ်းဘာဘာဆိုတာအရှင်း ညှင်းညှင်းသာသာ လွန်စွာယုယ အကျိုးအကြောင်း ပြုပြုပြီး မရ-ရအောင် ဘုရား-တရားနှင့် ဆွဲတဲ့အတွက် အဆုံးဘာရက်မှာ လောကုတ္တရာဘုံရောက်လို့ သွားကြပေပြီ။ ဝမ်းမြောက်စရာ ကောင်းလိုက်တာ ကြည့်ကြစမ်းပါဦး ဇနီး မောင်နှံ နှစ်ဦး ပြုံးပြုံး-ပြုံးပြုံး နှင့် ဘယ်ခေတ်မှ မမုန်းနိုင်တဲ့ အဖြစ်မျိုးကို ရောက်ရှိလို့ နေကြရတာကိုး။ အဲဒါကြောင့် စေတနာညီညီ ကုသိုလ်ပြုကြပေရော့၊ အကုသိုလ်အစု ပစ် ခွါထွက်လို့မို့ မေတ္တာမပျက် အသွင်တူတူနှင့် ကြည်ကြည်ဖြူဖြူ နိဗ္ဗာန်အထိ မြန်းမည်ဟု စိတ်အကြံရှိသည့် ကမ္ဘဋ္ဌာန်း မသွေမကွာမှန်မှန်နှင့်"စေတနာ" ကံတရားကို များများကြီး အားထား ပြုပြင်နိုင်ကြပါစေကုန် သတည်း။ တဦးနှင့်တဦး ချန်မဖြစ်အောင် နေထိုင်နိုင်ကြလျှင် ကေန္တ သောတာပန်နှင့် နီးကပ်ပြီဟု တခါတည်းမှတ်သားကြစေကုန်သတည်း။

အဘိဓမ္မာတပ်၍ အဆုံးသတ်တော်မူပါ။

# ဘုရားဂုဏ်တော်-အာနုဘော် တရားတော်ကြီး

နမော တေ သဗ္ဗဒဿာဝီ၊
နမော တေ ကရုဏာကရ။
နမော တေ တိဏ္ဏသံသာရ၊
နမော တေ အမတံ ဒဒ။ ။

(အပဒါန်ပါဠိတော်)

သဗ္ဗဒဿာဝီ၊ တခုမကြွင်း ခပင်းဉာဏ် အလုံးစုံကို အကုန်သိမြင်တော်
ါပေသော မြတ်စွာဘုရား။ တေ၊ အရှင်မြတ်ဘုရားကြီးအား၊ နမော၊
းသမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏အရှင်ဘုရား။ ကရုဏာကရ၊ သတ္တဝါ
များ သောင်းတိုက်သားတို့ကို သနားခြင်း ရှိတော်ပါပေသော မြတ်စွာ
ရား။ တေ၊ ကရုဏာသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးအား။ နမော၊
းသမြတ်နိုး လက်စုံမိုး၍ ရှိခိုးလိုက်ပါ၏ အရှင်ဘုရား၊ တိဏ္ဏသံသာရ၊
သရာစက် ဝဲဂယက်မှ လွတ်ထွက်တော်မူပါပေသောမြတ်စွာဘုရား၊ တေ၊
ဘက်ကမ်းပေါ်က် တက်လှမ်းရောက်တော်မူသော အရှင်မြတ်ဘုရားကြီး
ား။ နမော၊ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏အရှင်ဘုရား။
မတံဒဒ၊ နိဗ္ဗာန်ရသာ မြတ်သုဒ္ဓါကို ကောင်းစွာပေးတော်မူပေသော အို-
ာ်စွာဘုရား။ တေ၊ ရွှေဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီး
ား။ နမော၊ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့လိုက်ပါ၏ အရှင်
ရား။

ယခုရွတ်ပြတဲ့ ဂါထာဟာ ခေမာမိန်းသား အကြည်ညို ပွားလှတဲ့
ဘွက် မြတ်စွာဘုရားကို နှစ်နှစ်ကာကာ သဒ္ဓါစေတနာ ရက်ရက်ရောရော
ကိုဇောဟလှိုင်းလှိုင်း-တဖွိုင်ဖွိုင် ရွှသွန်းအံ့သော တရေးဒေသနာ မွှာရုံ
ကြောင့် မတုန်မလှုပ် ရွှေရုပ်ပမာ ရိုသေစွာရှိခိုးတဲ့ ဘုရားရှိခိုး ဂါထာ
ကျော်ကြီးပါဘဲ၊ သာသနာတော်မှာ အနုကျက်ဆောင်သူ များကြပေ
ာကိုး။

သာသနာတော်အတွင်းမှာမှ ကြားရ-နာရတဲ့ ဂုဏ်တော်မျိုးပေဘဲ၊
ာန သုံးပါး၏ဂုဏ်၊ ဆရာသမားတို့၏ဂုဏ်၊ အမိအဘတို့၏ဂုဏ်ကို အာရုံ
သင့်ကြပေတယ်။ အဘယ် ကြောင့်ပါလဲ ဆိုတော့၊ အာရုံက အေးမြမှ

အာရမ္မဏိက စိတ်ဓာတ်များလဲအေးမြနိုင်ပေတယ်၊ အာရုံက ပူလောင်လျှင် အာရမ္မဏိက စိတ္တုပ္ပါဒ်တရားများလဲ ပူလောင်ပင်ပမ်း မချမ်းမသာလွန်စွာ ဒုက္ခဖြစ်ကုန်မြဲပေပေါ့။ အဲဒါကြောင့် ရတနာသုံးပါး ဆရာသမား-အမိ အဘတို့ဂုဏ် အာရုံပြုပြီး သက်တာလ၊ ကုသိုလ်ရမှုကြီးကို ကြိုးစားကြစေလို တယ်၊ နေ့စဉ်-ပြုက် အထပ်ထပ် လေ့ကျင့်ပွားများတဲ့ကံမျိုးကို အာစိဏ္ဏကံ ရယ်လို့ ကျမ်းဆရာမြတ်များက သုံးနှုံး မိန့်ဆိုတော်မူကြသပေါ့။ လောဘ ကင်းတော်မူတဲ့ မြတ်စွာဘုရား၊ ဒေါသကင်းတော်မူတဲ့ မြတ်စွာဘုရား၊ မောဟကင်းဝေးတော်မူတဲ့ မြတ်စွာဘုရား၊ ကိလေသာလိုက်လိုက်ဆူ အပူ ဟူသမျှ ကင်းတော်မူတဲ့ မြတ်စွာဘုရား၊ မေတ္တာတရားကိုဟော၍ မေတ္တာ သဘောနှင့် ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား၊ သတ္တဝါအများကို လွန်စွာ သနားတော်မူတဲ့ မဟာကရုဏာ သမာပတ် တရားနှင့် ပြည့်စုံတော်မူတဲ့ မြတ်စွာ ဘုရား- စသည်ဖြင့် အစိန္တေယျ၊ အပ္ပမေယျ၊ ကျေးဇူးတော်အစုံ ဂုဏ်တော် အပေါင်းတို့ကို အာရုံပြုကြပြီလားလို့ ဆိုမှုဖြင့် အာရမ္မဏိက သဒ္ဓါ-စတဲ့ စိတ္တုပ္ပါဒ်သဘောတွေနှင့် ချောမောအေးမြ ဒုက္ခတာဝန် အပူ ကင်းပြီး၊ ချမ်းသာခြင်း ဓာတ်သဘောတွေ ဖြစ်ပေါ်လာမြဲပေပေါ့။ အနု ဝဇ္ဇသုခဝိပါက၊ အပြစ်မရှိ ကောင်းမြတ်တင့်တယ်တဲ့အကျိုးကို၊ တဖြိုးဖြိုး-တဝေဝေ၊ ဘဝတိုင်း ဖြစ်ပေါ်စေနိုင်တဲ့ ကုသိုလ်ကံ အကြောင်းတရားတွေ ပေါ့လေ၊ သဘောအားဖြင့် ကမ္မပစ္စည်း- ဝိပါကပစ္စည်းတို့၏ ငရိုးရောက် အောင် ဆက်သွယ်မှုတွေပါဘဲ။ "ဗုဒ္ဓေါ ဗုဒ္ဓေါတိဃောသော အတိဒုလ္လ ဘော"လို့ ဆိုတဲ့အတိုင်း၊ ယခုလို-သာသနာတော် နေဝါလဝန်း ထွန်းပတဲ့ အခါ မျိုးမှာသာ ဘုရားသံ, တရားသံ, သံဃာသံ ကြားနိုင် ကြပေတယ်၊ သာသနာကွယ်ပတဲ့ သုညကမ္ဘာ သုညဘဝ သုညအမျိုး ဇာတ်တို့၌ ကပ်မိ ဝင်မိတဲ့အဖြစ်မျိုးရောက်မှုဖြင့် ကြောက်စရာအလွန်ကောင်း၊ဘုရားကောင်း ဘုရားစစ်,ဘုရားမှန်၊ တရားကောင်း, တရားစစ်,တရားမှန်၊ သံဃာကောင်း, သံဃာစစ်,သံဃာမှန်,အသံကလေးမျှမကြားရပါဘူးတဲ့၊အတူး ထိတ်လန့်ဘို့ သံဝေဂရဘို့ ကောင်းလှပါပေတယ်နော်၊ ဩော်-နိပါတ်တော်မှာလာတဲ့ ရတနာသုံးပါး၏ဂုဏ် အာရုံပြုမိတဲ့အတွက်၊ သာဓုအနုမောဒနာ ခေါ်မိတဲ့ အတွက်၊ချမ်းသာစက် လည်သွားတဲ့ တကာတဦး၏အကြောင်း ပြန်ပြောင်း ပြီး အမှတ်ရလာပြန်တယ်၊ အကျယ်မဟုတ်သော်လဲ အချုပ်လောက် ဟော ခဲ့ရသေးတာပေါ့။

## နိပါတ်တော်ထွက် သူငယ်ချင်းနှစ်ယောက်ဝတ္ထု

ကဿပမြတ်စွာဘုရားသခင်၏လက်ထက်တော်က၊အရိယာသာဝက သောတာပန်တကာတဦးသည်၊အထူးချစ်ခင်တဲ့သူ၏သူငယ်ချင်းတယောက် အဖေါ် ပြုပြီး၊ လှေလောင်း နှင့် ရေကြောင်း ခရီးကို သွားကြသတဲ့၊ သောတာပန်ဒါယကာ၏နာမည်ကိုဘော့ အဋ္ဌကထာဆရာက မဖေါ်ပြဘူး၊ သူ၏ သူငယ်ချင်းနာမည်ကိုတော့၊ "တဿာ နှာပိတဿ" ရယ်လို့၊ သေသေ ချာချာ ဆိုလေတော့ မောင်နှာပိတ ပေါ့လေ၊ နှာပိတ,ဆိုပြီးကော—လို့၊ နှာခေါင်းကသေး-ခပ်ပိပိမို့ နှာပိတ ခေါ်တယ်လို့များ မတွေး လိုက်ကြ နှင့်ဦး၊နှာပိတ က ပါဠိစကား-"မြန်မာအတွေး-ရှမ်းအပြေး"ဆိုတဲ့အတိုင်း၊ နှာခေါင်းပိ မတွေးတော့မိ ပြောလိုက်ရတော့တာဘဲ၊အဲတာလို-သောတာ ပန် ဒါယကာနှင့် မောင်နှာပိတလှေထွက်ခါခါနီးမှာ၊ မောင်နှာပိတဇနီးက အရေးတကြီး တာလို-မှာထားအပ်နှံလိုက်သတဲ့၊ (ဒုကနိပါတ် အဋ္ဌကထာမှ ထုတ်နုတ်ချက်) "တဿနှာပိတဿ၊ ထိုမောင်နှာပိတ၏။ ဘရိယာ၊ချစ်ဇနီး သည်။ အယျ၊ အရှင်။ (သောတာပန် ဒါယကာကို ခေါ်သောစကားဖြစ်သည်) ဣမဿ၊ ကျွမလင်လှ ဤကိုနှာပိတ၏၊ သုခဒုက္ခံ၊ချမ်းသာခြင်း,ဆင်း ရဲခြင်းများသည်။ တဝ၊ အရှင်၏။ ဘာရော၊ တာဝန်ဖြစ်ပါတော့သဘည်း။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ နှာပိတံ၊ သူ၏လင်လှ နှာပိတကို။ တဿဥပါ သကဿ၊ထိုဥပါသကာ သောတာပန် ဒါယကာ၏။ ဟတ္ထေ၊လက်၌။နိက္ခိပိ၊ ထည့်လိုက်လေ၏"တဲ့။ အဲဘာ-အဋ္ဌကထာအတိုင်းဘဲ၊ တရားနာ တကာ-တကာမများ စဉ်းစားလှိုသာ ကြည့်ကြပေရော့၊ ကေန္တ,ဒီမောင်နှာပိတဟာ လှေကြီးထိုး-ရိုးရိုးထဲကနှင့် တူပေတယ်၊ ဘယ့်လောက်များ စိတ်မချလိုက် သလဲ တကတဲ လက်ထဲထည့်ပြီး အသေအချာ အပ်နှင်းရှာသတဲ့၊ တော်ပါ ပေတယ်-တော်ပါပေတယ်၊ အဲတာလို-သမုဒ္ဒရာ ပင်လယ် အပြင် သွားကြလို့ ခုနစ်ရက်မြောက်တဲ့အခါ သှေအပြင်လေဝင်လို့ ဆောင့်လိုက်တဲ့အတွက် တခါတည်း-ကွဲအက်ပြီး လှေပျက် သွားပါရောတဲ့၊ အခက်တော့ ကြုံရှာ ကြတာဘဲနော်၊ " သေကံမရောက် – သက်မပျောက် " ဆိုဘဲ့အတိုင်း ကံအားလျော်စွာ ဆွဲမိ ဆွဲရာ-ဆွဲလိုက်လို့ ကတိုက် ကရိုက် ရရှိတဲ့ ပျဉ်ပြား ကလေးတချပ် နှစ်ယောက်သား တွယ်ကပ်ပြီး ခတ်ကြ-လှော်ကြရှာသတဲ့၊ လွန်စွာဒုက္ခဖြစ်ကုန်တာပေါ့လေ၊ တာလို ခဲခဲယဉ်းယဉ်း လှော်ခတ် ကြတာ

မြင်တော့ အကုန်မမြင်ဘူးပါဘူး၊ တရားနာတဲ့ တို့တကာ-တကာမတွေက သူဌေးကြီး-သူဌေးကတော်ကြီးတွေ၊ သူဌေးကြီး-သူဌေးကတော်ကြီးတို့၏-သားသမီး စသည်တို့ဖြစ်လေတော့ မြင်ဘူးရုံမျှမက သုံးကြစွဲကြနှင့် လက်ထဲမှာ ထားနိုင်ကြတဲ့ပုဂ္ဂိုလ်တွေပေကိုး၊ အဲဒီတော့ သိပြီးသား ဖြစ်နေကြမှာပါဘဲ၊အင်း....ရတနာခုနစ်ပါးလုံးကို သုံးစွဲနေကြတာ ဟုတ်ဘယ်ထင်တယ် ဘယ်သူမှမလုပ်ကြဘူး၊ သံသရာဘလွှားမှာ ရတနာခုနစ်ပါးကို ကစားစရာ လုပ်ခဲ့နိုင်တဲ့ပုဂ္ဂိုလ်ချည်းပါဘဲ၊မလုပ်ကြပေမင့် ရတနာခုနစ်ပါးသရုပ် ထုတ်ဖေါ်လို့ပြရသေးဘာပေါ့၊ (ရွှေ, ငွေ, ပတ္တမြား, ပုလဲ, ကြောင်မျက်ရွဲ, စိန်, သန္တာ) အဲတာ ရတနာခုနစ်ပါးဘဲ၊ အဲဒီရတနာခုနစ်ပါးဟာ လှေကြီးနှင့် အပြည့်ပါလာသတဲ့၊လှေပေါ်ကလှေသူကြီးကလဲလှေကြီးကိုအသာကလေး ရပ်တဲ့ပြီး“ဇမ္ဗူဒီပဂါမိကာတိ ဧဝံသေတိ”ဇမ္ဗူဒိပ်ကျွန်းသွားမယ်, ဇမ္ဗူဒိပ်ကျွန်း သွားမယ်ဟု အဲတာလိုကြွေးကြော်လိုက်သတဲ့၊ ယခုကာလ မော်တော်ကား-လော်ရီ-တက္ကစီ စပယ်ယာသမားကလေးတွေက ဈေးချို-ဈေးချို၊ မြစ်ဆိပ်-မြစ်ဆိပ်၊ ဘုရားကြီး-ဘုရားကြီး-စသည်ဖြင့် အော်ဟစ်ကြွေးကျော်ကြတဲ့အဖြစ်တွေနှင့် စင်စစ်တူနေတာပေါ့လေ။ ထိုအခါ ဥပါသကာက....

“မယံ ဂမိဿာမ”

“ကျွန်တော်တို့ ဇမ္ဗူဒိပ်ကျွန်းကို သွားလိုကြပါတယ်”

“တေနဟိ ဧဟိ”

“ဒါဖြင့်လျှင် လာပါတော့လား” (လှေသူကြီးက ခေါ်တာပေါ့လေ။)

“နာဝံ အဘိရုဟ”

“လှေပေါ်တက်ပါ”ကိုး။ အဲဒီတော့ သောတာပန် ဒါယကာက-ကဗျာကရာလှေပေါ်သို့တက်ပြီး ငုက်ကင်စားနေတဲ့ မောင်နှာပိတ ကိုလဲ အမြန်လာရောက်ဘို့ အကြောင်း ခေါ်ရှာတာပေါ့လေ။ဩော်....မခေါ်ဘဲ ဘယ်မှာနေနိုင်ပါ့မလဲ၊ အေးလဲအတူ ပူလဲအမျှ သူ့မိန်းမကိုယ်တိုင်က သေသေချာချာ အပ်လိုက်လေတော့၊ အထပ်ထပ် အရေးတကြီး ခေါ်ရပေမပေါ့၊ ချစ်မိတ်ဆွေ ကောင်း-မကောင်းကို တကယ့်အရေးအကြောင်းရှိမှ သိမြဲဘဲတဲ့၊ ခွဲခွါ စွန့်ပစ်လို့မထား တဘ်အားသမျှကူညီ မဖြစ်နိုင်ပြီဆိုတဲ့

တနေ့မှ စွန့်ပစ်ရတာမျိုးပေကိုး၊ အဲဒါလိုကျေးငှက်တွေ တွင်တွင်သတ်ပြီး ညှပ်ကလေးတခုနှင့် ဖုံးအုပ်ကင်ခါစားနေတဲ့ မောင်နှာပိတကို သောတာပန် ဒါယကာက လာပါလော့-တက်ခဲ့ပါလော့-စသည်ဖြင့် မနားမနေ တကျော်ကျော်ခေါ်၍နေတဲ့အခါ၊ လှေဆရာလုပ်တဲ့လူကြီးက-

"တုယှသော့ လဗ္ဘတိ န တေသ"

"အသင်တယောက်သာဒီလှေပေါ်စီးနိုင်တယ်၊မီးကင်နေတဲ့ဟိုလူကိုတော့ မတင်-မယူနိုင်ဘူး"၊အဲဒီတော့"ကိံ ကာရဏာ"ဆိုဘာယ်အကြောင်းကြောင့် ပါလဲခင်ဗျာ-လို့ လွန်စွာထိတ်လန့်အံ့ဩတဲ့အရေးနှင့်သောတာပန် ဒါယကာက ပြာပြာသလဲမေးတဲ့အခါ၊ "တေသာ၊ ကျေးငှက်တွေ တွင်တွင်သတ်ပြီး ညှပ်အမျှားဖြင့် မီးကင်၍စားနေသော ထိုပုဂ္ဂိုလ်အား။ သီလာဒိဂုဏအာစာရော၊ သီလအစရှိတဲ့ အကျင့်အာစာရများသည်။ နတ္ထိ၊ မရှိပေ။ တံကာရဏံ၊ ထိုအကြောင်းကို။ ပဿိဘွာ၊ မြင်သောကြောင့်။ တုယှံ၊ သင့်အားသာလျှင်။ နာဝံ၊ လှေပေါ်သို့။ အာဟရိံ၊ တင်၍ဆောင်ယူအံ့။ တေသာ၊ ထိုသူအား။ န အာဟရိံ၊ မဆောင်ယူလိုပေ။" အဲဒါလို အကျိုးအကြောင်းပြသပြီး အကျင့်သီလအာစာရမရှိတဲ့အတွက် မနှစ်သက်၍မတင်မယူနိုင်ပါဘူး-ဟုအထူးငြင်းဆန်၍ ဦးခေါင်းခါတဲ့အခါ၊သောတာပန်ဒါယကာမှာ လွန်စွာအခက်ကြုံသွားရှာသတဲ့၊ သနားစရာ မဟားရှာခဲ့ ရက်ဘူး ပလေ။

## အကြံရသဖြင့် ဟန်ကျ၍သွားပုံ

သောတာပန်ဒါယကာက အခါခါခေါ်၊ လှေသူကြီးကလဲ ကိုနှာပိတကိုမခေါ်ချင်၊ ငှက်ကင်တဲ့မောင်နှာပိတကလဲ အရေးမကြီးတဲ့မျက်နှာထား၊ နေပါ့မလား ငှက်သားကွေကို ထမင်းလုပ်ပြီးတော့ တကုတ်ကလေးတခုနှင့် ဒီကျွန်းကလေးမှာ ငါနေမှာပ၊ အဲဒါလိုစိတ်အကြံကြောင့် လှေနံကိုပင် မနှင်းပါဘူးတဲ့၊ အမှန်းသာနေတဲ့သူပေကိုး။ ကဲ-ဒ ဖြင့်လျှင် သူတို့သုံးယောက်ကိုအသာထားပြီး တရားနာပရိသတ်အများကို တရားသံပေါက်အခု ရှေကတိုင်ရ်ပေးရဦး၊နှစ်ခေါက်-သုံးခေါက်လောက်နှင့်ရသွားအောင်ဘာဂ ဂရုတစိုက် သေသေချာချာ လိုက်ကြပေရော့၊ အဲတာမှ ဇာတ်ကွက်ပျင်းပျိသွားမယ်၊

(ဓမ္မကထိကအရှင်မြတ်က တပိုဒ်စီ-တဖြည်းဖြည်း ဆိုသောအခါ တရားနာတို့က ညီညီညာညာ ရအောင်လိုက်။)

"ကိုယ်တိုင်တိုက်တွန်း, ချီးမွမ်းစိတ်တူ, ဖြန့်ပွားမှု၊ မှတ်ယူလေးဆယ်က"။ (ပရမတ္ထသံခိပ်)

ဒီသံပေါက်ဟာ ကျမ်းဂန်နှင့်အညီ လယ်တီဆရာတော်ဘုရား ရေးစီတဲ့ သံပေါက်ကဗျာပေါ့ လွန်စွာမှအဘိုးတန်လှပါပေကယ်။ အဓိပ္ပါယ်ကတာလိုတဲ့-ကောင်းသည့်အမှုကိုဘဲဖြစ်ဖြစ်၊ မကောင်းတဲ့ အမှုကိုဘဲ ဖြစ်ဖြစ်ပြုလုပ်ကြတဲ့အခါ၊ တခုတခုအတွက် လေးမျိုး-လေးမျိုးထွက်သတဲ့၊ လေးမျိုးလေးမျိုးထွက်ခြင်းကြောင့် ဒုစရိုက်ဆယ်ပါးမှ ဒုစရိုက်လေးဆယ်၊ သုစရိုက်ဆယ်ပါးမှ သုစရိုက်လေးဆယ် အကျယ်အပွားဖြစ်လို့သွားပါရော။

ဥပမာအားဖြင့်...(၁) ကိုယ်တိုင်ကိုယ်ကျ ဒါနပြုတဲ့သူ၊ (၂) ထိုဒါနပြုသူကို တိုက်တွန်းအားပေး အာလေးအမြောက်ပြုတဲ့သူ၊ (၃) ထိုဒါနပြုသူကို ကောင်းပါပေ့-တော်ပါပေ့-မှန်မြတ်ပါပေ့စသည်ဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာပြုတဲ့သူ၊ (၄) ထိုဒါနအတွက် စိတ်ထည်းကနှစ်သက်၍ စိတ်သဘောတူမျှသောသူ၊ အဲတာလို-

(၁) ကိုယ်တိုင်၊ (၂) တိုက်တွန်း၊ (၃) ချီးမွမ်း၊ (၄) စိတ်တူ၊ ဤလေးယောက်သောသူတို့သည် အတူတူကုသိုလ်ရတာပါဘဲတဲ့။

ဟောယခု-သောတာပန် ဥပါသကာ ဒါယကာကတော့ ရတနာသုံးပါး ဦးထိပ်ထားပြီးသကာလ ဒါန-သီလ-စတဲ့ကုသိုလ် တရား များကိုကိုယ်တိုင်အားဖြင့်ပြုလုပ်သူမှန်ပေတယ် ပြုလုပ်တဲ့အလိုက် ကောင်းကျိုးတွေဆိုက်လှူပေပြီ၊ သိုက်သိုက်မြိုက်မြိုက် ကိုယ့်မြို့-ကိုယ့်ဒေသရောက်တော့မှာကိုး၊ "ကောင်းမှုဆိုဘာ-ချိန်နဲ့လား၊ မောင်နှာပိဘ ကာလသား" လို့ ဆိုတဲ့ ကိုနှာပိတအတွက် ဘော်တော်ဘဲခက်နေပေပြီ၊ သူ့အသက်သတ်နေတဲ့အတွက်လှုပေါ်သို့ပင် မတက်ရဘူးတဲ့ တစက်ကမှ ကောင်းမှုကလဲ မရှိလေတော့ "တိ" ဂွကျနေတာပေါ့။ ထို့နောင်မှ သောတာပန် ဥပါသကာ လွန်စွာဖျပ်လတ်တဲ့ဒါယကာက "အတ္တနာ၊ မိမိသည်။ ဒိန္နဒါနေန၊ ပေးလှူအပ်သော အလှူဒါနဖြင့်။ ရက္ခိတသီလေန၊ စောင့်ရှောက်အပ်သော သီတင်း-သီလဖြင့်။ ဘာဝိတ ဘာဝနာယ၊ ပွားများအားထုတ်အပ်သော ဘာဝနာဖြင့်။ တေသ၊ ထိုနှာပိတအား။ ပတ္တိံ၊ အဘို့ဘာဂကို။ ဒမ္မိ၊ ပေးပါအံ့။

သာမိ၊ အိုအရှင်လှေသူကြီး။ နာ္ဝါ့ိတော၊ နာ္ဝါ့ိဘသည်။ အနုမောဒါမိ၊ ဝမ်းမြောက်-ဝမ်းသာ သာဓုခေါ်ပါ၏။ ဣတိ၊ ဤသို့။ အာဟ၊ ပြောဆို၏။ ယခုရွတ်ပြတဲ့စကားတွေဟာ ဒုကနိပါတ်ဇာတ်အဋ္ဌကထာ စကားတွေဘဲ၊ လိုရင်းမှာတော့ ကျွန်ုပ်ကိုယ်တိုင်ပြုစုတဲ့ ကုသိုလ်ကောင်းမှု၏ အဘို့ကို နာ္ဝါ့ိတအား အမျှပေးဝေပါတယ်၊ မောင်နာ္ဝါ့ိတကလဲ ဝမ်းမြောက်-ဝမ်းသာ သာဓုခေါ်ရှာပါတယ်၊ အဲတာကြောင့် မောင်နာ္ဝါ့ိတသည် ကျွန်ုပ်၏ ကုသိုလ်ကို ချီးမွမ်းတဲ့သူ၊ စိတ်တူတဲ့သူဖြစ်ခြင်းကြောင့် ကောင်းမှုကုသိုလ်ရှိနေတဲ့ ပုဂ္ဂိုလ်တဦး ဖြစ်၍သွားပါပြီ၊ အဲတာကြောင့် မောင်နာ္ဝါ့ိတကိုလဲ စီးနင်းလိုက်ပါဘို့အရေး အခွင့်ပေးတော်မူပါလို့ တောင်းပန်သတဲ့၊ ဟန်ရလိုက်ထာနော်၊ အဲဒီတော့ လှေကြီးက–

"ကဲ-ဒါဖြင့် တင်ယူပါတော့မည်၊တခါတက်ပေရော့"လို့ ဆိုပြီး ... "ဉဿာပိ၊ နှစ်ယောက်လည်းဖြစ်ကုန်သော။ ဇနေ၊ နာ္ဝါ့ိဘနှင့်ဥပါသကာတို့ကို။ သမုဒ္ဒါ၊ ပင်လယ်အဏ္ဏဝါသမုဒ္ဒရာမှ။ နိက္ခာမေတွာ၊ ထွက်မြောက်စေ၍။ နဒိယာ၊ မြစ်ကြောင်းဖြင့်။ ဗာရာဏသိံ၊ ဇာတိချက်ကြွေ နေရင်းဖြစ်သော ဗာရာဏသီပြည်သို့။ ဂန္တွာ၊ သွား၍" ဗာရာဏသီမြို့ရောက်အောင်ပို့လိုက်တာပေါ့လေ။ဩော်-သူတော်ကောင်း-သူမြတ်လောင်းတို့နှင့်ပေါင်းဖေါ်ရခြင်း ဆက်ဆံရခြင်းဆိုတဲ့အဖြစ်ဟာ စင်စစ် မြင့်မြတ် ကောင်းမွန်လှပါပေတယ်၊ ဘယ်နေရာ မှာဘဲဖြစ်ဖြစ် အဆစ် အကွက် ကျနပြီး လှပတင့်တယ် နိုင်ရိုးအမှန်ပေဘဲတဲ့။ "ပို့မည့်ပို့-ကူးတို့ရောက်အောင်ပို့" ဆိုတဲ့စကားအတိုင်းဘဲ ပို့လိုက်ရဲ့ သာမည ကသေးရိုးလား၊ "အတ္တနော၊ မိမိ၏။ အာနုဘာဝေန၊ တန်ခိုးတေဇော်အာနုဘော်အားဖြင့်။ ဒွိန္နမ္ပိ၊ နှစ်ယောက်လည်းဖြစ်ကုန်သော။ တေသံ၊ ထိုသူတို့၏။ ဂေဟေ၊ အိမ်၌။ ဓနံ၊ ဥစ္စာကို။ ပတိဋ္ဌာပေတွာ၊ တည်စေပြီး၍"တဲ့။ တကယ့်လှေသူကြီး ပါဘဲနော်၊ အတော် အံ့သြဘို့ကောင်းပါတယ် ဘယ်လိုအစားထဲက လှေသူကြီးပါလဲလို့ ဆိုတော့– "သမုဒ္ဒဒေဝတာ နိယာမကော အဟောသိ" လို့ ဆိုလေတော့၊ သမုဒ္ဒရာစောင့်တဲ့နတ်သားက ရတနာသုံးပါး၏ ဂုဏ်တော်အားကြောင့် ကြိုးကြိုးစားစား စောင်မပေတာပေါ့၊ နဂါးက လှေသဏ္ဌာန် ဖန်ဆင်း၊ သမုဒ္ဒရာစောင့် နတ်မင်းက လှေသူကြီးလုပ်တယ်လို့ မှတ်သားကြပေရော့။တရားနာများ မှတ်သား အားကျသင့်လှပါပေတယ်၊ ဒီမျှတွင် ကပါသေးရိုးလား၊ သမုဒ္ဒရာစောင့်လှေနတ်သားက တရားဓမ္မများလဲ့ ဟောကြားဆုံးမလို့သွား

သေးသတဲ့။ ဘယ်လိုများ ဟောကြားဆုံးမလို့သွားပါသလဲလို့ဆိုတော့ကာ၊ အို-လူများအပေါင်းတို့ ပညာရှိသူတော်ကောင်းတို့နှင့်သာ ပေါင်းသင်း ဆင်းဆံကြကုန်လော့၊ ငှက်ကင်လိုစား နှာပိတဆိုတဲ့ဒီယောကျ်ားဟာ ဤ သောတာပန် ဒါယကာ ဥပါသကာသူတော်ကောင်းနှင့် ပေါင်းဖေါ်တဲ့ အတွက် သမုဒ္ဒရာ ရေနက်မှ လွှေထွက်ခဲ့ရိုး အမှန် ဖြစ်ပေတယ်၊ တကယ်၍ သောတာပန်ဒါယကာ ဥပါသကာ သူတော်ကောင်းနှင့် မပေါင်းဖေါ်ခဲ့ လျှင် သမုဒ္ဒရာရေပြင်မှာ မသေချင်ဘဲနှင့် သေရရှာပေမည် စသည်ဖြင့် ပဏ္ဍိတ သံသဂ္ဂဂုဏ်သဘောတွေကို ထောမနာအမွှမ်းတင်ပြီးသကာလ၊ ကဲ- ကြည့်ကြစမ်း သဒ္ဓါတရား၏အကျိုး,အကျင့်သီလ၏အကျိုး,စာဂါနုဿတိ, ဗုဒ္ဓါနုဿတိ ဘုရားဂုဏ်တော်၏အကျိုးတွေဟာ တဖြိုးဖြိုးဝေလို့ နေပေပြီ၊ ရေနဂါးကလှေသင်္ဘောဖန်ဆင်းပြီး ငါနတ်မင်းကိုယ်တိုင် ဒီဥပါသကာကို သမုဒ္ဒရာပင်လယ်တွင်းမှ ချက်ခြင်း ကယ်ဆောင်ခဲ့ပေတယ်၊ ဟိုမယ် မောင် နှာပိဘတဲ့၊ သူ့ကိုတော့ သောတာပန်ဥပါသကာ ဒီဒါယကာ သူတော် ကောင်းနှင့်ပေါင်းမိတဲ့အတွက် ကလျာဏမိတ္တအကျိုးဆက်ကြောင့်အကွက် ဆိုက်ရောက်အောင် ကယ်ဆယ်ခဲ့ရပေတယ်သို့ တင့်တယ်စွာ ဟောပြသတဲ့၊ ဝမ်းမြောက်စရာကောင်းလိုက်ထာနော်၊ အတော်ပင် ရတနာသုံးပါး၏ဂုဏ် တရားများကို အားထား ကြည်ညိုတို့ ကောင်းလှပါပေတယ်။ ဟောပြော ချက်က—

ပဿ သဒ္ဓါယ သီလဿ၊
စာဂဿစ အယံ ဖလံ။
နာဂေါ နာဝါယ ဝဏ္ဏေန၊
သဒ္ဓိံ ဝဟတု ပါသကံ ။

(ပါဠိဇာတ်ငြိတော်)

သဒ္ဓါယ၊ ရတနာသုံးပါး၏ဂုဏ်၌ မတုန်မလှုပ် အဟုတ်ကြည်ညိုလှ စွာသော သဒ္ဓါတရား၏၎င်း။သီလဿစ၊ လောကီသီလ,လောကုတ္တရာသီလ ၏၎င်း။ စာဂဿစ၊ အလှူဝတ္ထုကိုစွန့်ခြင်း,လောဘဘဏ္ဍာကိလေသာကိုပယ် ခွါ စွန့်နိုင်ခြင်း၏၎င်း။အယံဖလံ၊အကျိုးကို။ ပဿ၊ ကြည့်ရှုကြစမ်းပါလေ လော့။ နာဂေါ၊ ပင်လယ်နေငြား ရေနဂါးသည်။ နာဝါဝဏ္ဏေန၊ လှေ

ကြီး၏အသွင်သဏ္ဍာန်ဖြင့်။ သဒ္ဓါ၊ ရတနာသုံးတန် ကံ-ကံ၏အကျိုး ကိုးစား ယုံကြည် ခိုမှီသိရှိလှပေထသော။ ဉပါသကံ၊ သောတာပန် ဒါယကာ ဤ ဉပါသကာကို။ ဝဟတိ၊ အဏ္ဏဝါကျယ် ရေပင်လယ်မှ ကယ်ဆယ်ရွက် ဆောင်ခဲ့ပါပေသတည်း။ (အဋ္ဌကထာနှင့်အညီ)

သဗ္ဘိရေဝ သမာသေထ၊
သဗ္ဘိကုဗ္ဗေထ သန္ထဝံ။
သတံ ဟိ သန္နိဝါသေန၊
သောတ္ထိံ ဂစ္ဆတိ နာပိတော။ ။

(ပါဠိဇာတ်ပါဠိတော်)

သဗ္ဘိရေဝ၊ ပညာရှိ သူတော်ကောင်းတို့နှင့်သာလျှင်။ သမာသေထ၊ ပေါင်းသင်းဆက်ဆံကြလေကုန်လော့။ သဗ္ဘိ၊ ပညာရှိသူတော်ကောင်း တို့နှင့်။ သန္ထဝံ၊ တဏှာလောဘမပါဘက် သက်သက်သော မေတ္တာဓာတ်ဘို့ဖြင့် ဘက်စပ် ပေါင်းဘော်ခြင်းကို။ ကုဗ္ဗေထ၊ ပြုကြကုန်ရာ၏။ ဟိ၊ ထိုစကား မှန်လှပါပေ၏။ သတံ၊ သူတော်ကောင်းတို့နှင့်။ သန္နိဝါသေန၊ အတူဘက္ခ ပေါင်းသင်းရသောကြောင့်။ နာပိတော၊ နာပိတခေါ်လုသင်ကျော်သည်။ သောတ္ထိံ၊ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းသို့၊ ဂစ္ဆတိ၊ ထင် ရှား မျက်မှောက် ရောက်ခြင်းကြီး-ရောက်ရရှာလေသတည်း။

သူတော်ကောင်းနှင့်-ယှဉ်ပေါင်းမှီခို၊
သူတော်မိန့်ကြား-ထောင်နားကြည်ညို။
ကိုယ်စိတ်အေးလို့-ကိုယ်ရေးစိုပြို၊
စက်တမျိုး-စက်နိုး လည်ဘို့ကို။ ။

အဲတာလို "သပ္ပုရိသူပနိဿယ" စက်တမျိုးကို စက်နိုးပြီးလည်နိုင် ကြစေရန်နှင့်ရတနာသုံးစုံကြည်ယုံမြတ်နိုးရသည့်အကျိုးတရားများကို လက် တွေ့အားဖြင့် ဆုံးမဟောကြားပြီးသည်၏အဆုံး၌ "ဗြုန်းဆို" နဂါးကြီးနှင့် ရေစောင့်နတ်မင်း ချက်ခြင်းကွယ်ပျောက်လို့သွားပါရောတဲ့။ ကိုနှာဘိတနှင့် အိမ်သူ-အိမ်သား သောတာပန် ဒါယကာ အများ တို့မှာတော့ အိပ်မက်- မက်ရသည့်အလား များစွာမှအံ့သြပြီး ပြောလို့မဆုံး ရှိနေရစ်ခဲ့ကြမှာပေါ့ နော်။ ဩော် အထူးအားဖြင့် ကိုနာပိဘရဲ့ ဇနီးသယ်က အကြီး အကျယ်

ဝမ်းသာရှာမှာဘဲ၊ ဘာ့ကြောင့်ပါလဲလို့ဆိုတော့ အတန်တန် မှာထားပြီး စိတ်မချ-လက်မချ သူ့အိမ်ကလွှတ်လိုက်ရတဲ့အထဲ လှေပျက်လို့ ကွဲသော်လဲ တကာတဲ ရတနာ သုံးပါးဂုဏ်၊ ဥပါသကာ၏ ဂုဏ်တို့ကြောင့် အသက်၏ အန္တရာယ်မရှိ ရွှေငွေ-ငွေတွေပင် ပြည့်လာလေတော့၊ ပြုံးစိစိ ကလေးပေါ့ လေ ဝမ်းသာပေတာကိုး။

ကြော်… ရွှေရတနာ-ငွေရတနာ ပေါများတယ်ဆိုတဲ့ စကားကြောင့် အထူးအားကျဘို့ ဟောလိုက်ဦးမယ်။ မြတ်စွာဘုရား၏ဂုဏ် အာရုံပြုပြီး ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပွားများတဲ့ ကုသိုလ်ကြောင့် သံသရာတခွင် ကျင်လည်ပြေးသွား နိဗ္ဗာန်မရမီ ဘဝများမှာ ကြီးကျယ် များမြတ်လှစွာ သော စည်းစိမ်ရတနာ များကိုလဲ ရသတဲ့။ ရရှိပြီးဖြစ်တဲ့ စည်းစိမ်ရတနာ အဖြာဖြာတို့ဟာလဲ ရန်သူမျိုးငါးပါးစသည်တို့ကြောင့် မပျက်မစီး မဆုတ် မယုတ်နိုင်တော့ဘူးတဲ့။ အထူးဝမ်းသာဘို့ကောင်းလိုက်ထာနော်၊ တကာ-တကာမများစွာ တရားနာတို့နှင့်တကွ ဤလောကကြီး အတွင်းမှာရှိကြတဲ့ ပုဂ္ဂိုလ်အပေါင်းတို့မှာ မရတာကို ရအောင်ရှာ၊ ရလာတဲ့အခါမှာလဲ ရန်သူ မျိုး ငါးပါးစသည်တို့၏ဘေးကြောင့် အေးမြချမ်းသာခွင့်မရနိုင်ရှာကြဘူး၊ ဒီတခါဖြင့် နည်းကောင်း-လမ်းမှန်တွေ့ပေပြီ၊ ယုံယုံကြည်ကြည် လေးလေး မြတ်မြတ် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများကြ ပေရော့၊ ဗုဒ္ဓါ နုဿတိကမ္မဋ္ဌာန်း၏အကျိုး အပဒါန် ပါဠိတော်ကြီးက ထုတ်နုတ် ဖေါ်ပြ လိုက်ရသေးတာပေါ့။

ဘုရားဂုဏ်တော်ဘွဲ့-ဂါထာ မှတ်စရာ

ဘဝါဘဝေ သံသရန္တော၊
မဟာဘောဂံ လဘာမဟံ။
ဘောဂေ မေ ဦနတာ နတ္ထိ၊
ဗုဒ္ဓါနုဿတိယာ ဖလံ။ ။

(ထေရအပဒါန်ပါဠိတော်)

သံသရန္တော၊ သံသရာသလွှား၌ ပြေးသွား ကျင်လည်ရစဉ်။ ဝါ၊ သံသရာတလွှား၌ပြေးသွားကျင်လည်ရပါသော။ အဟံ၊ဘုရားတပည့်တော် သုဘူတိမထေရ်သည်။ မဟာဘောဂံ၊ ကြီးကျယ် များမြတ်သည့် အရပ်ရပ်

သော စည်းစိမ်ရတနာအမျိုးမျိုးကို၊ လဘာမိ၊ ရရှိခဲ့ပါသည်မြတ်စွာဘုရား။ မေ၊ ဘုရားတပည့်တော်၏။ ဘောဂေ၊ စည်းစိမ်ရွှေငွေ အထွေထွေများ၌။ ဝါ၊ စည်းစိမ်ရွှေငွေ အထွေထွေများမှ။ ဦနတာ၊ ယုတ်လျော့သည်၏အဖြစ်များသည်။ နတ္ထိ၊ မရှိခဲ့ပါမြတ်စွာဘုရား။ တော၊ ဤကဲ့သို့စည်းစိမ်တွေပေါများပြီး ပျက်ပြားရခြင်း မကြုံမတွေ့ တနေ့ထက်တနေ့ တရွေ့ရွေ့ တိုးပွားစည်ပင်ခဲ့ရခြင်းသည်။ ဗုဒ္ဓါနုဿတိယာ၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများခဲ့ရခြင်း၏။ ဖလံ၊ အကျိုးတရားများ မှန်လှပါသည်ဘုရား။

ဒီဂါထာဟာ သုဘူတိမထေရ်က သံသရာ ဘဝအဆက်ဆက် ဖြစ်ပျက်ခဲ့တဲ့ သူ့အကြောင်း အလုံးစုံစုပေါင်းပြီး ဘုရားသခင်ကိုလျှောက်ထားတဲ့ ထေရအပဒါန်လာ ပါဠိတော်ဂါထာကြီးပါဘဲ၊ နည်းယူ အားကျပြီး ပွားကြ, ကျင့်ကြ, အားထုတ်ကြပေတော့နော်။

## စိစစ်ချက်

ယခုဟောပြတဲ့ ဂါထာပါ စကားအချို့အဝက်များကို အနည်းငယ်စိစစ်လို့ ပြရသေးတာပေါ့။ ဒီတရားထဲမှာ ပါလာတဲ့ ဆရာ-တပည့် နှစ်ဦးတို့ကိုတော့ ရတနာ သုံးပါး၏ဂုဏ် ခိုလှုံ ကိုးစားတဲ့ အတွက် ရေနဂါးနှင့်ရေစောင့်နတ်သားတို့က ဥစ္စာစည်းစိမ်တွေကိုပေးတယ်၊ တပည့်တော်တို့လဲ မောင်နှပိတမျှမက ရတနာသုံးဝ ပဉ္စသီလဒါနအစရှိတဲ့ ကုသိုလ်ကောင်းမှုများကို ကိုးစား ပြုစုကြပါလျက် ဘယ်အတွက်ကြောင့် နတ်နဂါးတို့ကထွက်ပြီး မစောင်မပါသလဲလို့ မေးမြန်းသင့်ကြပါပေတယ်၊ သတိမထားကြလို့သာပါ၊ သမ္မာဒေဝနတ်ကောင်း-နတ်မြတ်တို့၏အကူအညီများကိုစဉ်းစားသူတိုင်း ရိပ်မိနိုင်ကြ ပါပေတယ်၊ အထုအထယ်ကြီးမားတဲ့ လောကီစီးပွားအတွက်ဆိုဘာကတော့ ကိုယ့်ပါရမီ ကိုယ့်ဒါနမျိုးစေ့ အခွင့်အခါကမတွေ့သေးတဲ့အတွက် နတ်ကထွက်သို့မစောင်မနိုင်ဘဲရှိနေကြတာပေါ့၊ မလျော့တဲ့စိတ်ထားနှင့် ကောင်းမှုတရားကိုသာကြိုးစားပြီး ခတ်များများ အားထုတ်ကြ၊ ၁ပွဲရိယကိုလဲဆည်းကပ် နတ်ဆိုတာ အကူအညီကလေးမျှ ပေးတာကိုး၊ ကိုယ့်ဒါန, ကိုယ့်သီလ, ကိုယ်ပြုခဲ့တဲ့ ကုသလ တို့ကြောင့် မုချကေန်အမှန်ရရှိထိုက်တဲ့ ကိုယ့်ပစ္စည်းကို နဂါးကြီးနှင့် ရေနတ်သားတို့က ဖြတ်ခန်ယူဆောင် အိမ်ရောက်အောင် ပေးကြရ-ပို့ကြရတာ လောကီသဒ္ဓါ,လော

ကုတ္တရာသဒ္ဒါ၊ လောကီသီလ, လောကုတ္တရာသီလ၊ သပ္ပုရိသ သဒ္ဓမ္မသဝနာ လွန်စွာပြည့်စုံနေတဲ့ ပဒေသာဘုံဘဝမှာ အထမြောက်အောင်သာ ကြိုးစား လိုက်ကြပေတော့၊ တခါ-ဂါထာထဲမှာ စာဂလို့ပါလာတယ်၊ ထိုစာဂ-ကို ဒါန၏သဘော စွန့်ကြဲခြင်းကိုလဲဟောပါရဲ့၊ အထူးအားဖြင့် "ကိလေသ ပရိစ္စာဂဿစ"လို့ အဋ္ဌကထာဆရာက ပြပြန်တယ်၊ လောဘကို စွန့်နိုင်မှု, ဒေါသကိုစွန့်နိုင်မှု, ကိလေသာအပူအလောင် သဘောအစုကို ပယ်စွန့်နိုင်မှု ကိုလဲ စာဂလို့ခေါ်သတဲ့၊ ပဟာတဗ္ဗ ပယ်စွန့်အပ်တဲ့ ခါတ်သဘောတွေပေ ကိုး၊ အထူးထက်-အထူးကတော့ "သဗ္ဗိ ကုဗ္ဗေထ သန္ထဝံ"သူတော်ကောင်း နှင့် ပေါင်းရမယ်လို့ဆိုတဲ့အချက်မှာ "မိတ္တ သန္ထဝ၊ တဏှာသန္ထဝ" ရှယ်လို နှစ်မျိုး၊ ထိုနှစ်မျိုးတို့အနက် မေတ္တာစစ်-မေတ္တာမှန် ကေန်သန့်ရှင်းပြီး လို ချင်ခြင်း လောဘစော်မနံတဲ့ ဆက်ဆံမှုအဖြစ်ကိုသာ စင်စစ် အလိုရှိရမတဲ့၊ လောဘတဏှာရှေ့ထားပြီး လှည့်စားဘတ်တဲ့ မေတ္တာအတု တဏှာသဝန္ထ-အမှုတို့ကိုတော့ မပြုမလုပ်ကြလေလင့်....လို့"တဏှာသန္ထဝေ ပနဲ တဏှာ သန္ထဝကိုကား။ ကေနစိပိ၊ တစုံတယောက်သော သူနှင့်မျှလည်း။ နကာ တဗ္ဗော၊ မပြုအပ်-မပြုသင့်သည် သာလျှင်တည်း" လို့ အဋ္ဌကထာဆရာက-ဖွင့်ပြတော်မူတယ်။

သဗ္ဘိကုဗ္ဗေထ သန္ထဝါ၊
တဏှာမိတ္တာတိ-ပေါင်းနှစ်ဖြာ။
လောဘအာသာ-မပါစေးအောင်၊
မေတ္တာရှေး၍-ဆက်ဆံပါလေ။ ။

## ဥပဒေသ

ကဲကဲ—တရားပွဲကအပြန် ဘာတရားများနာခဲ့ရသလဲ၊မှတ်သားစရာ အချက်က ဘယ်လိုလဲ-စသည်ဖြင့် မေးကြတဲ့အခါ၊ ပြောစရာဥပဒေသက-တာလိုတဲ့၊ ဗုဒ္ဓေါ မေ သရဏံ အညံနတ္ထိ၊ဘုရားဂုဏ်တော်အာနုဘော်တရား ကို ဟောလိုက်တယ်၊ သောတာပန် ဒါယကာတဦး အထူးသဖြင့် ရတနာ သုံးပါးကို ကြည်ညိုတဲ့ အကြောင်း၊ သောတာပန်ဥပါသကာနှင့် အတူပါ သွားတာက မောင်နှာပိတ-တဲ့။

သောတာပန် ဒါယကာကတော့ အရိယာနယ် ဝင်နေတဲ့ အတွက် အထူးပြောဘို့လို၊ "ပဏ္ဍိတာနဉ္စ သေဝနာ၊ သပ္ပုရိသူပနိဿယ၊ သဒ္ဓိ ကုဗ္ဗေထ သန္ထဝ" မောင်နှာပိတမှာ-ပညာရှိသူတော်ကောင်းနှင့် ပေါင်းမိတဲ့အတွက်၊ သူဘပါးပြုတဲ့ ကုသိုလ်ကောင်းမှု သာဓုခေါ်လိုက်ရတဲ့အတွက်၊ သမ္ပတ္တိစက် ခတ်သွက်သွက် လည်ပြီးကာ လောကီရတနာများတိုးဘက်၊ ဘဝ အဆက် အဆက် ချမ်းသာ၊ ဦးပဉ္စင်းဘို့ ဘုရားလက်ထက်တော် အခါမှာ အကျွတ် တရား ဝင်နိုင်တဲ့အကြောင်း၊ ရှုံးပေါင်းပြောပြ အားကျ, နည်းယူကြပေ တော့နော်။ ဇာတ်တော်ပေါင်းတဲ့ အခါကျတော့၊ဟိုစဉ်က-ဥပါသကာက တော့ ဟိုစဉ်အခါကဘဲနိဗ္ဗာန်ဝင်ပါတယ် သောတာပန်ပေကိုး၊လှေသင်္ဘာန် ဖန်ဆင်းတဲ့ နဂါးမင်းက အရှင်သာရိပုတ္တရာ၊ သမုဒ္ဒရာစောင့် နတ်မင်းက သော့ ဦးပဉ္စင်းတို့ မြတ်စွာဘုရား၊ မောင်နှာပိတကလေးလဲ အကျွတ်တရား ရသွားပါရော။ အဲတာကြောင့်—

တသ္မာ ဟဝေ အပ္ပမာဒံ၊
ကယိရာထ သုမေဓသော။
ဧဝံ မဟာနု ဘာဝ ါယ၊
ဗုဒ္ဓါနုဿတိယာ သဒါ။ ။

(ဝိသုဒ္ဓိမဂ်)

ဘောဒ္ဓော၊ အို-တကာ တကာမအပေါင်း သူတော်ကောင်းတို့။ တသ္မာ၊ဟောပြောခဲ့သည့် အလောင်းဘုရား အကြောင်းဘရား အကျိုးဆက် များကြောင့်ပင်လျှင်။ သုမေဓသော၊ ပညာသတိ ရှိကြပြေား တို့ တကာ-တကာမအများသည်။ ဧဝံ မဟာနုဘာဝ ါယ၊ သို့ကလောက်ပင် အာနိသင် တို့ စုံလင်ပြည့်ဖြိုး တန်ခိုးအရှိန် ကြီးကျယ်လှပါပေသော။ ဗုဒ္ဓါနုဿတိယာ၊ ဘုရားဂုဏ်ကို ယုံကြည်အားကိုး ကုသိုလ်မျိုး၌၊ဟဝေ၊စင်စစ်။ သဒါ၊နေ့ရော ညဉ့်ပါ ဘယ်ခါမပြတ် နိစ္စပါတ်အားဖြင့်။ အပ္ပမာဒံ၊ မမေ့မလျော့ ပေါ့ဆ ခြင်းမရှိတဲ့ သတိစေတ် -ဇွဲနှင့်ဘရားကို။ ကယိရာထ-ကရေယျ၊ ပြုသင့်ကြ လေတော့သတည်း။ ဝါ၊ ဘာဘဲညာဘဲ အခါမဆွဲကြလေလင့် သာသနာ ထဲမှာ အထက်စာရင်း-လူဟဲ့လို့ ဘာဝနာတွဲခါ မပျက်မယွင်း ယခုပေပေါ့ ချက်ခြင်းလက်ငင်း ပြုသင့်ကြပါတော့သတည်း။

(အဘိဓမ္မာဘဝ်၌၊ အဆုံးသပ်တော်မူပါကုန်။)

## သမုဒယ ဖြတ်ပုံကို-ခပ်စုံစုံ ဟောပြသော သုဒိန္န တရားတော်ကြီး

ပဿန္တာ ရူပဝိဘာဝံ၊
သုဏန္တာ မဓုရံ ဂိရံ။
စရန္တိ သာဝကာ သမ္ဗုဒ္ဓါ၊
ကာလေ ကေဠိ ပရိမုခါ။ ။

(သုဗောဓာလင်္ကာရ)

သမ္ဗုဒ္ဓကာလေ၊ ဘုရားမြတ်စွာ စိန္တေယျာဟု ရတနာသနေမင်း ထိန်လင်းထွက်ပေါ် လက်ထက်တော် သမယ အခါကာလဆီဌ်။ ဝါ၊ အခါကာလဆီက။ သာဝကာ၊ သမ္မာအယူ သဒ္ဓါဖြူကြကုန်တဲ့ လူသူတော်ကောင်း နတ်သူတော်ကောင်း ဗြဟ္မာသူတော်ကောင်း အပေါင်းများစွာ တရားနာ တည်းဟူသော၊ သူတော်ကောင်း - သူမြတ်လောင်း ဟူဟူ သမျှတို့သည်။ ရူပ ဝိဘာဝံ၊ ဘယ်လူ့ဘယ်နတ့်ဘယ်ဗြဟ္မာဘို့မှ မတု-မပနိုင်တဲ့၊ အတုသထွင်ထား မြတ်ဘုရား၏ သားနား ပြည့်စုံတော် မူလှသည့် ရူပကာယ ရုပ်ပုံ-သဏ္ဌာန်တော်များကို။ ပဿန္တာ၊ အထူး ကော်ရော်ခါ၊ (ဦးတော်ဖြင့်) ဖူးမြော်ကြပါကုန်လျက်။ မဓုရံဂိရံ၊ ကရဝိက်၊ ကြိုးကြာ မြည်သံသာ သလို အငံ ရှစ်ဖေါ် အသံတော်တို့ဖြင့် သာယာနာပျော်ဘွယ် ဟောပြောပြသတဲ့ ဓမ္မောသဓ တည်းဟူသော တရားချိုချို အေးအေးကို။ သုဏန္တာ၊ ဖရဏာ ပီတိ ဂွမ်းဆီထိသို့ လွှမ်းအိကြည့်ရှိ အနာခံကြီး, နာခံကြ ပါကုန်လျက်။ ကေဠိပရိမုခါ၊ ပျော်ပါး က,ခုန် တဏှာဟုန်နှင့် အာရုံပျော်ပွဲ ရှောင်ဖယ်လွှဲ ကြကုန်သည်ဖြစ်၍၊ ဝါ၊ ပွဲသမ်းသဘင် မဆင်ယင်, မကျင်းပ, မကြည့်ကြ, မရှုကြကုန်သည်ဖြစ်၍။ စရန္တိ၊ လှည့်လည် သွားလာကြပါကုန်သတည်း။ ဝါ၊ ဘုရားသွားကျောင်းတက် ခေါင်းလောင်း အချက်တို့ဖြင့် တသောင်း သောင်းနှက်၍ ညဥ့်,နံနက် လှည့်လည်ကြလေကုန်သတည်း။

အဲ – ဤယခု ရွတ်ပြတဲ့ သုဗောဓာ လင်္ကာရ ကျမ်းဆရာ ရေးသား ဖေါ်ပြခဲ့တဲ့ အတိုင်းဘဲ အစိန္တေယျ လောကထွဋ်ထား မြတ်စွာဘုရား၏ လက်ထက်တော်ကတော့ ပျော်ပွဲ,ကပွဲလို့ဆိုတဲ့ ပွဲသဘင်တွေကို ရှောင်ကြဉ်

ပယ်ရှားပြီး၊ တရားနာခြင်း - ဘုရားဖူးခြင်းလို့ ဆိုတဲ့ တရားအလုပ်တွေနှင့် အားထုတ်မွေ့လျော်လို့ နေကြသတဲ့၊ ဘုရားသွား-ကျောင်းတက် ကြေးစည်ချက် - တည့်ညှံ့၊ ခေါင်းလောင်းသံ - တချီချီ နိဗ္ဗာန်ကို အာရုံပြုကြပြီး လောကုတ္တရာမှုတွေ ထွန်းကားစည်ပင်လို့ နေတာပေါ့လေ၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ဉာဏ်တော်အစဉ်ကို အကြင် ပကတိစက္ခုဖြင့် မမြင်နိုင်တဲ့ နာမက္ခန္ဓာ သဘောတွေကို မပြောပါနဲ့ဦး၊အရေတော်-အဆင်းတော် - မျက်လုံးတော် - မျက်ခုံးတော် အစရှိတဲ့ ရူပက္ခန္ဓာ သဘောတွေကို အလွန်လှ,အလွန်ချော,အလွန်သပ္ပါယ်တော်မူနေတာကိုး၊(အကျယ်လိုလျှင် အလှရုံသိဘာဇ်စာ၊ စ-အုပ်မှာ-ရှုပါကုန်) လောဘ,ဒေါသစတဲ့ အကုသိုလ် အညစ်အကြေးတို့မှ ကင်းဝေးချနေတဲ့ ရူပအစိန္တေယျ အသဒိသ ရူက္ခန္ဓာ သဘောလို့ဆိုတော့ ပြောပြ,ဟောပြလို့ မဆုံးနိုင်အောင် လှ,ပ သပ္ပါယ်တော်မူရှိ အမှန်ပါဘဲ၊ ဒီသဘောတွေကို ထောက်ထားပြီး၊ သုဗောဓာလင်္ကာရ ဆရာမြတ်က "ပဿန္တာ ရူ ဝိဘဝံ" လို့ စီကုံးနှုံးဖွဲ့ တော်မူလိုက်ထာပေါ့၊ ရူပနိကာယ်သာလျှင် အတု-ရှိ လှ,ပြီး၊ သဒ္ဒနိကာယ်က ဘယ်ပုံကောင်းသည်-မကောင်းသည်၊ သာယာသည်-မသာယာသည်ဆိုတဲ့ အချက်ကိုဘော့ "သုဏန္တာ မဓုရံ ဂိရံ" လို့ ရေးစီတော်မူလိုက်တယ်။

ဟိန္ဒူပမာအားဖြင့် ကရဝိက်,ကြိုးကြာ မြည်သံသာသလို လွန်စွာကောင်းမြတ်သာယာ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံတဲ့ အသံတော်ဖြင့် လူ,နတ်,ဗြဟ္မာ သတ္တဝါအများ သောင်းထိုက်သားတို့ကို တရားရေအေး ဒ မြိုက်ဆေး တိုက်ကျွေးတော်မူဘယ်လို့ အဓိပ္ပါယ်ပေါ်လာတယ်။အဲဒီတော့ လူသူတော်ကောင်း,နတ်သူတော်ကောင်း,ဗြဟ္မာသူတော်ကောင်းအပေါင်းများစွာ တရားနာတွေဟာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်၏ အတုမရှိတဲ့ ရုပ်ပုံတော်ကို ဖူးမြော်၊ အတုမရှိ သာယာနာပျော်ဘွယ်-ဟောပြတဲ့ မမွေ့ သစ တရား ဒေသနာ တော် များကို - ကြားနာ၊ တရား အရသာနှင့် အချိန်ကုန်လွန်၍ သွားကြရတဲ့ အတွက် ပွဲသိမ်းသဘင်ကို မကျက်ကြတဲ ပွဲသိမ်းသဘင်ပျော်ရွှင်လိုက်စား လိုတဲ့ အ[illegible] စိတ်တွေကို "[illegible] ပိ [illegible]မှ [illegible]" ထားလိုက်ကြတာပေါ့လေ၊ ပွဲသိမ်းသဘင် မကြည့်ချင်တဲ့အတွက် ပွဲသိမ်းသဘင်ကို ဖျက်ရမယ်လို့ မမှတ်နှင့်၊ ကြည့်ချင်,ရှုချင်တဲ့ [illegible]သာခြင်းကို ဖြတ်တောက်နှိမ်နင်းမှုကလေးကို ဆိုလိုတယ်။

## ဝေဠုဝန်-ရွှေကျောင်း၌ ကိန်းအောင်းတော်မူခဉ်

ယခုဟောပြခဲ့တဲ့ စကားအစဉ်ကို အာရုံပြုပြီး တောင်ငါးလုံးကာ ခိုတဲ့ ရာဇဂြိုဟ်ပြည် - ဝေဠု ဝန်ကျောင်း တော်အတွင်းမှာ အစိန္တေယျ လောကထွဋ်ထား ဘုရားသခင်ကိုယ်တော်မြတ် ပရိသတ်များစွာ တရားနာ တွေကို ဒေသနာရေအေး အမြိုက်ဆေးတို့ဖြင့် တိုက်ကျွေးဝေငှ၍ နေတော် မူပုံ အလုံးစုံတွေကိုမနေ့တည်းမှာ ထင်မြင်လာအောင်ဂရုစိုက်လိုက်ကြစမ်း ပါ၊ မင်းပိုင်း-စိုးပိုင်း,သူဌေး-သူကြွယ်ပိုင်း၊ ကုန်သည်-လယ်လုပ်,ဂိုဏ်းဂဏ ဇာတ်ဇာတိ-အယုတ်,အလတ်,အမြတ် မရွေး အေးအေး-ဆေးဆေး၊ လေး လေး-မြတ်မြတ် တရားနာနေလိုက်ကြတာ-မြင်ကြရဲ့လား - မြင်ကြပြီနော်။ ကဲ-ကဲ-မြင်ကြလျှင် ပရိသတ် အစွန် အဖျားမှာ အသက် အရွယ်အားဖြင့် နှစ်ဆယ်ကျော်ကျော် အတော်-သားသား နားနား ဝတ်စားပြီး၊ သူဌေး-သူကြွယ်၏ သား,မြေး တကာကလေး တယောက်ကို တဆိတ်လောက် သတိပြုပြီး ကြည့်ရှုလိုက်ကြစမ်းပါဦး၊ စိတ်ထဲကပေါ့နော် မြင်ကြရဲ့လား၊ အသွင်အပြင်က အတော်တရားကျတဲ့ရုပ်မျိုးနှင့် အချိုးကျကျ နှစ်နှစ်သက် သက်ကြီး ပုတီးတကုံးနှင့် တရားနာယူလို့ နေရှာပေတယ်၊ စေတနာ သဒ္ဓါ ကောင်းတဲ့ အမျိုးကောင်းသားကလေးပါဘဲ၊ နာမည်ကတော့ မောင်သု ဒိန်တဲ့၊တရားနာရုံ သာမညမဟုတ်ပါဘူး တရားနာရင်း ရတ်တရက် အကြံ အစီများလဲဘဲ ဒါလိုပေါ်ပေါက်လို့လာသတဲ့၊ "ယံနူန ယဒိပနုံအဘယ်၍။ အတုံငါသည်။ ကေသမဿုံ၊ ဆံ မုတ်ဆိတ်ကို။ ဩဟာရေတွာ၊ ပယ်ချ၍။ ကာသာယာနိ၊ပိန္နဲဖန်ရည်ဖြင့် ဆိုးအပ်,နယ်အပ်ကုန်သော။ဝတ္ထာနိ၊အဝတ် သင်္ကန်းတို့ကို။ အစ္ဆာဒေတွာ၊ ဖုံးလွှမ်းဝတ်ရုံလေပြီး၍။ အဂါရသ္မာ၊ အိမ် ယာတည်ထောင် လူတို့ဘောင်မှ။ အနာဂါရိယံ၊ အိမ်ယာမထောင် ရဟန်း ဘောင်၌။ ပဗ္ဗဇေယျံ၊ ရှင်ရဟန်းပြုရပါမူကား။ အဟော၊ ဩော်-ကောင်း လေစွ-ကောင်းလေစွတကား။ (ပါရာဇိကဏ်ပါဠိတော်)

ဩဟာရေတွာန ကေသာဒိံ၊
ကာသာယာနိ နိဝါသေတွာ။
ယံနူန ပဗ္ဗဇေယျာဟံ၊
အဟော ဗုဒ္ဓဿ ဩဝါဒေ။ ။

အဟံ၊ ငါသည်။ ဝါ၊ တရားအရသာ စားရပါသဖြင့် လွန်စွာနှုတ်မြိန် သုဒိန်သမုတ် အကျွန်ုပ်သည်။ ယံနူန ယဒိပန၊ အကယ်၍။ ကေသာဒိံ၊ ဆံပင်အစရှိသည်တို့ကို။ ဝါ၊ ဖီးရန်လိမ်းရန် ဆေးလျှော်ရန်နှင့် တန်တန်ဝန်လေး အရေးအလွန်လုပ်ရတဲ့ ဆံကေအစရှိသည်တို့ကို။ ဩဟာရေတွာန၊ တခါသွားပေရော့ဟယ်လို့ မညာမသနား ရိတ်ဖြတ် လေပြီး၍။ ကာသာယာနိ၊ ပိန္နဲဖန်ရည်တို့ဖြင့် အလီလီဆိုးအပ်တဲ့ သင်္ကန်းအဝတ်အရုံမျိုးတို့ကို။ နိဝါသေတွာ၊ အချိုးကျကျနှင့် တမျိုးတဝဝတ်ရုံလေပြီးလျက်။ (လူတို့၏အဝတ် အရုံမျိုးနှင့် မတူသည်ကို ဆိုလို၏။) ဗုဒ္ဓဿ၊ သစ္စာလေးချပ် တရားမြတ်ကို ပိုင်းဖြတ်ထင်ထင် သိမြင်တတ်ငြား မြတ်ဘုရား၏။ ဩဝါဒေ၊ ဟောပြော ပြသ ဆုံးမ ဩဝါ သာသနာ့ထိန်လင်း အာဏာတော် နယ်အတွင်းဆီ၌။ ပဗ္ဗဇ္ဇေယျံ၊ အသွင်တခန်းနှင့် ရှင်ရဟန်း ပြုလုပ်ရပါမူကား။ ဝါ၊ တကိုယ်သာစား တကိုယ်သွားနှင့် တပါးတည်းနေ အထွေထွေ အသွင်ဆန်းပေသည့် ရှင်ရဟန်းအဖြစ် ပြုလုပ်လိုက်ရပါမူကား။ အဟော၊ ဩော်-ကောင်းလေစွ-ကောင်းလေစွတကား။

ကဲကဲ-အဲတာလို ကိုသုဒိန်ကလေးတရားကျနေပုံများကို ကြားကြပြီသိကြပြီမဟုတ်လား၊ ဘယ်မြို့သား-ဘယ်ရွာသားကလေး ပါလဲ ဆိုတော့၊ ဘောင်ငါးလုံးကာခိုတဲ့ ရာဇဂြိုဟ် ပြည်ကြီး၏ အနီး မကြီး-မငယ် အလွန်တင့်တယ်သာယာတဲ့ "ကလန္ဒဂါမ" ကလန္ဒရွာသားပါဘဲတဲ့၊ မြို့သားမဟုတ်ရွာသားကလေးလို့ ဆိုတော့ အသပြာအား သေးသိမ်မည့် ပုဂ္ဂိုလ်လို့များအထင်မမှားလိုက်ကြပါနှင့်၊ "သေဋ္ဌိပုတ္တော ဟောတိ" လို့ ပါဠိတော်မှာတိုက်ရိုက်ပါလာပါတယ်၊ ရတနာ့နယ်ပယ် ဘယ်လောက်များ ကျယ်ဝန်းပေမျှားလိုက်ပါသလဲလို့ ဆိုတော့၊ (အဋ္ဌကထာဆရာက) "စတ္တာလီသ ကောဋိ ဝိဘဝေဿ" တဲ့၊ ကုဋေလေးဆယ် ငွေးကြွယ်ချမ်းသာတယ်ဆိုကိုး၊ ပေါလဲပေါပါပေတယ်နော်၊တောနယ် တောရွာကလေးလဲဖြစ်နေပြန်တော့ လွန်ဆန်နိုင်မည့်သူ ရှိတော့မည်မထင်ပါဘူး၊ သို့ဖြစ်လျှင် ကလန္ဒရွာကလေးက ဘယ်အရေး ဘယ်ကိစ္စအတွက် သာယာစိုပြေတဲ့ ရာဇဂြိုဟ်ပြည်တော်အတွင်း ချဉ်းနင်းဝင်ရောက်လို့လာခဲ့ပါသလဲလို့ဆိုတော့၊ "ကတ္တိက နက္ခတ္တ ကီဠာကိစ္စေန" ကတ္တိကနက္ခတ် ပွဲလမ်းသဘင် အခမ်းအနားကြီးအတွင်း-ရောင်းရင်း-ဝယ်ရင်းဆိုသလို ရောက်လာတာပါဘဲတဲ့၊ အဲဒီတော့ တရားနာဘုရားကြည်ညို ပွဲလမ်းသဘင်တွေကို သပိတ်မှောက်"သမ္ဗုဒ္ဓကာလေ ကောဋိ

ပရိမုခါ"လို့ အစကန္တတ်ပြခဲ့တဲ့ ဂါထာအပိုဒ်နှင့်တော့ သေသေချာချာကြီး ကိုက်ညီလို့နေတော့တာပေါ့။

တရားအပြီးတွင် ဘုရားအနီးသို့ ကပ်ရောက်ခဏ်း

ယခုအခါ ဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ တရားပွဲကြီး ပြီးစီးသွားပါရောတဲ့၊ အသီးသီး အနီးအဝေးဆိုတာလို တရားနာတွေပြန်ကုန်ကြပြီပေါ့လေ၊ အဲတာလို ပရိသတ်တွေအစဲမှာ တခါထဲ မောင်သုဒိန်ကလေး မြတ်စွာဘုရား ရှေ့တော်မှောက် ( ရိုရိုသေသေ ) ရောက်သွားပါရောတဲ့၊ လျှောက်ထားလိုက်ထာကတော့—

"ဘဂဝတာ ဒေသိတံ အာဇာနာမိ" (ပါဠိတော်)

"အစိန္တေယျ လောကထွဋ်ထား အိုမြတ်စွာဘုရား၊ အရှင်ဘုရား ဟောမြွက်တဲ့ ဓမ္မစက်ရွှေဗျာ ဒေသနာတရားဓမ္မများကို ကြားရ-နာရ သိရှိနားလည် ယုံကြည်စွဲမြဲလှပါတယ်ဘုရား"

သီလ,သမာဓိ,ပညာ သိက္ခာသုံးပါး (အလွန်စင်ကြယ်ကောင်းမြတ်တဲ့) နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းများကို စင်စင် ကြယ်ကြယ်နှင့် ကိုယ်ဝယ်ရရှိနိုင်ဘို့အရေး လူ့အဖြစ်နှင့် ကျင့်ကြံဘို့တွေးလိုက်လျှင် ကွာဝေးလှရိုးအမှန်ပါဘဲဘုရား....၊ သို့အတွက်ကြောင့် နိဗ္ဗာန် ရွှေမြို့တော် ကြီးသို့ ရောက်ရာ-ရောက်ကြောင်း ကောင်းမြတ်သည့်တရားအလုပ်တို့ကို အားထုတ်ရလွယ်ပါစေခြင်းငှါ ဆံ,မုတ်ဆိတ်ပယ်ရှား ပရိက္ခရာရှစ်ပါးတို့ဖြင့် သာသနာအားကို 'ကိုး'ချင်လှပါတယ်ဘုရား၊ သနားသဖြင့် ချီးမြှင့်ခွင့်ပြုတော်မူပါမည့်အကြောင်း တောင်းပန်ခြင်းအမှု တခါတည်း ပြုရှာပါရောတဲ့၊"သူခများ" ရောင်ဘလုံး အဆုံးခံတော့မှာပေါ့ခနော်၊ ရောင်တလုံးမျှပင်ကလေးရိုးလား၊ အမိ-အဘ အဝဝသော ညာတကာ အဖြာဖြာသော သက်ရှိ-သက်မဲ့ ကုဋေ္ဌလေးဆယ်သော စည်းစိမ်ရတနာတို့ကို မီးရှိန်ပမာထင်မှတ်ပြီး နိဗ္ဗာန်အမြတ်'သန္တိ'ခတ်ကြီးကို မွေးမြူရှာတော့မှာကိုး။ ဩော်-ဒီအထဲမှာ သူဌေးကတော်ကလေးကို ထည့်မပြောမိဘဲမေ့ကျန်ရစ်ဘယ်၊သူဌေးကတော်ကလေးကိုလဲ မညှာမသနား ဘာဝနာပွားချင်လို့ ပစ်ထားစွန့်ခွါတော့မှာ

ဘဲ၊ လောကီမျက်စိနှင့်ကြည့်လိုက်လျှင် မချိဝမ်းနည်းဘွယ်အလွန်ကောင်းတာ ကလေး၊တရားရှင်သူတော်ကောင်းတို့၏ မစောင်းမငဲ့တကယ့်ရက်စက်မှုကြီး တွေပေါ့။

## စာရင်းအကျယ် ရှင်းတော့မယ်

အဲဒီတော့ မောင်သုဒိန်ကလေး စွန့်ပစ်လိုသားခဲ့မည်ဖြစ်တဲ့ သက်ရှိ သက်မဲ့အထည်ဝတ္ထုစာရင်းကို အကျဉ်းချုပ်လက်ချိုးပြီး မှတ်လိုက်ကြစမ်း ပါ။ တစ်အချက်-အမိ,အဘ၊ သဟာယ,ညာတကာ အဖြာဖြာသော ဆွေ မျိုး။ နှစ်အချက်-သက်ရှိသက်မဲ့, တိုက်အိမ်လယ်ယာ, ရတနာရွှေငွေ ကုဋေ ပေါင်း သေးဆယ် ကျော်ကျော်။ သုံးအချက် အလွန်ချစ်ခင် ကျင်နာလှစွာ သော ဇနီးသယ်-သူဌေးကတော်လေး၊ စိတ်ထဲက တွေးတော ကြည့်ရှုလိုက် ကြပါနော်၊ မေ့လို-ပျောက်လိုများ မပစ်လိုက်ကြပါနှင့်၊ အဲဘာလို သေ သေချာချာ-ရေရေလည်လည် မှတ်သားသိရှိကြပြီးတဲ့နောက်-

"ဟေတုပစ္စယောတိ ဟေတူ ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စရူပါနံ ဟေတုပစ္စယေန ပစ္စယော" လို့ဟောတော်မူတဲ့ ပဋ္ဌာန်း ရွှေစာ ဒေသနာကိုလဲ သေသေချာချာ မှတ်လိုက်ကြပါဦး ဆက်စပ်နိုးနှော ပုံကို ပြောပြပါဦးမယ်။

ဟော...လောဘဟိတ်-ဒေါသဟိတ်-မောဟဟိတ်။

အလောဘဟိတ်-အဒေါသဟိတ်-အမောဟဟိတ်။

တည်းဟူသော ဟိတ်ခြောက်ပါး၊ဟေတုပစ္စည်းတရားရယ်လို့ ဘုရား သခင်ကိုယ်တော်မြတ်က မိန့်မှာဟောပြတော်မူခဲ့ပေတယ် ထိုခြောက်ပါးတို့ အနက် လောဘလို့ဆိုတဲ့ "လိုချင်မှု" ဓာတ်သဘောကလေး တည်မိလျှင် ထို-လိုချင်မှုလောဘနှင့်အတူဘက္ခ ဖြစ်ပေါ်၍လာတဲ့ စိတ်ဓာတ်,စေတသိက် ဓာတ်၊ ထိုစိတ်ဓာတ်-စေတသိက်ဓာတ် နာမက္ခန္ဓာတို့နှင့် ဆက်သွယ်ဖြစ်ပေါ် ၍နေတဲ့ လောဘမှုစိတ္တဇရုပ်တွေဟာ ရုပ်တရက်ဖြစ်ပေါ်လာကြပြန်တယ်။ အဲဘာလို သဘာဝဓမ္မအတိုင်း အကြောင်းအကျိုး ဆက်သွယ်၍ နေမှုကို ဟေတုပစ္စည်း-ဟေတုပစ္စယုပ္ပန်လို့ ကျမ်းဂန် ဒေသနာများမှာ သုံးနှုန်းမိန့်ဆို တော်မူကြကုန်ကိုး၊ အဲဒီတော့ လိုချင်မှု-လောဘ စေတသိက်ဓာတ်သဘော

သည် အကြောင်းပစ္စည်းတရား၊လောဘမူစိတ် စေတသိက် ၂၂-ခု၊လောဘ မူစိတ္တဇရုပ်တွေဟာ အကျိုးပစ္စယုပ္ပန်တရား သဘောအားဖြင့် တခြားစီ, တခြားစီ ဖြစ်ပေါ်ဆက်စပ်နေမှုကို ဉာဏ်အလင်းဖြင့် ခပ်ရှင်းရှင်းသိကြပေစေတဲ့။ အဲဘာလို ရှင်းလင်းနားလည်ကြပြီးတဲ့နောက်၊ ယခု-မောင်သုဒိန် ကလေး၏ ခန္ဓာကိုယ်ကို ဖေါက်ပြီး သဘောပေါက်အောင် ပညာစက္ခုဖြင့် ကြည့်ရှုမှန်းမျှော် လိုက်ကြစမ်းပါဦး။ မောင်သုဒိန်ကလေး၏ သဏ္ဍာန်မှာ ကေန်အားဖြင့် လိုချင်မှုလောဘဘရား ထင်ထင်ရှားရှား အမြစ်တွယ်လျက် ရှိနေပါတယ်။ အမြစ်တွယ်တယ်ဆိုတာ ချစ်တယ်-ခင်တယ်-ကြင်နာတယ်လို့ အသွယ်သွယ်ယုယ၍ ရှမဝ,မြင်မဆုံး တပြုံးပြုံးနေထိုင်သွားလာ မျှားစွာ ငြိတွယ်တဲ့ သမုဒယအာသာ တဏှာအကြီးစား ဉပါဒါန်ဓာတ်သဘောကို ဆိုလိုတယ်။ လိုချင်မှုလောဘဓာတ် အကြောင်းခံလိုက်မှုဖြင့် "ဖြောင်းဆန် အောင်" တာဝန်တက်ပြီး၊ လောဘစက် နာမက္ခန္ဓာ မက္ခာ မကင်းနိုင်တဲ့ လောဘမူ စိတ္တဇရုပ်တွေလဲ"ဖြုတ်"ဆို ပေါ်ပေါက် လာကုန် ကြပါ ရော့။ လောဘဓာတ်ဝင်လာခဲ့လျှင် မြင်တာနဲ့ဘဲ သိနိုင်တယ်လို့ ဆိုလိုတယ်။ အဲဒီ တော့ ယခုရွတ်ပြခဲ့တဲ့"ဟေတုပစ္စယောတိ ဟေတူ ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဥ္စရူပါနံ ဟေတုပစ္စယေနပစ္စယော"လို့ဆိုတဲ့ လောဘ ဓာတ် အကြောင်းအကျိုး ဟေတုပစ္စည်း ပစ္စယုပ္ပန် ရုပ်နာမ်ဓာတ်သဘာဝ အစုအဝေးတွေဟာ ကိုယ့်ရေး-ကိုယ့်တာ-ကိုယ့်ခန္ဓာ-ကိုယ့်နယ် အတွင်းမှာ သာ အချင်းချင်းဆက်သွယ် ချယ်လှယ်၍နေမှုကို ဂရုစိုက်၍ ထားကြစေလို တယ်။ မောင်သုဒိန် ကလေး၏ သဏ္ဍာန် ပရိသတ်များစွာ တရားနာဘို့နှင့် တကွ ပုထုဇဉ်ဟူသမျှ လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ သဏ္ဍာန် အတွင်းမှာသာ တဏှာခေါ်တဲ့ ဒီလောဘ-ဟေတုပစ္စည်း ရေသောက်မြစ် အားအင်ကြီးနေလေတော့ အပြီးဖြတ်တောက်စရာ အပြင်မှာ ရှာမယ်မျှား မကြံကြလေနှင့် ကိုယ့်ခန္ဓာ-ကိုယ့်စိတ်အတွင်းမှာသာ ပယ်ရှင်းဖြတ်တောက် ခွင့် ထင်ရှားနေပြီ မဟုတ်ပါလား၊ ထင်ရှားအောင်ကြည့်လိုက်ကြပါနော်။

## အာရမ္မဏပစ္စယော

တဖန်-မောင်သုဒိန်ကလေး ပိုင်ဆိုင်တဲ့ သဝိညာဏက-အဝိညာဏက တိုက်တာ,အိမ်ယာ,ရတနာ,ရွှေ,ငွေ ကုဋေပေါင်း လေးဆယ် ကျော်ကျော် နှင့်တကွ ရိုးမြေကျစိတ်ထား လက်ဆုံလို့စားခဲ့တဲ့ သက်ထား-သူငွေးကတော်

ကလေး - တည်းဟူသော အချစ်ဇနီး၊ ယခုပြောပြတဲ့ အစုအပုံကြီးတွေကို ဘော့“အာရမ္မဏ”ပစ္စည်းလို့ တခါတည်း မှတ်သားကြရမယ်။ ဤနေရာ- ဤအချက် အတွက် ကွက်၍ ပြောပြနေတဲ့ စကားတွေနော်။ (အာရမ္မဏ ပစ္စည်းသရုပ် မကုန်သေးဘူး-ဟူလို) လောကီအာရုံ ကာမဂုဏ် နယ်အတွင်း မှာဖြင့် တကယ် ပြင်းပြင်းထန်ထန် ဆွဲဆောင်တဲ့ အစုအပုံ အာရုံဓာတ် အဆိပ်ခဲ-အဆိပ်တုံးကြီးတွေပေါ့။

## အခြေပြုကြသော ဟေတုနှင့် အာရမ္မဏ

ယခုပြောခဲ့တဲ့ အစုအပုံ“အာရုံ”ဓာတ်သဘောတွေက အကြောင်း ခံလိုက်ပြန်တော့ “ပြောင်းဆန်”အောင် လှုပ်ရှားတက်ကြွလိုလာတဲ့ ဓာတ် သဘောကို သိကြ-မြင်ကြရဲ့လား၊ လိုချင်မှု လောဘဓာတ် ဟေတုသဘော ချည်းပါဘဲတဲ့။ ယခုဟောပြောနေတဲ့ မောင်သုဒိန် ကလေးကိုဘဲ ကြည့်ကြ ပေရော့၊ မောင်သုဒိန်ကလေးဟာ တရားဒေသနာတော် မကြားမနာရခင် ဟိုစဉ်သမယ ရှေးကာလဆီကတော့ ကုဋ္ဌေလေးဆယ်သော ဘောဂရတနာ အပြာပြာတို့နှင့် တကွ ဇနီးမယား အစီးအပွားလို့ ဆိုတဲ့ လောကီအာရုံ ကာမဂုဏ် ပစ္စည်းတရားတို့၏ အတွက်တွေကြောင့် တခြားစီနေတဲ့ မောင်သု ဒိန်ကလေး၏ အတွင်းသဏ္ဌာန်ရှိ(ဟေတုပစ္စည်း ပစ္စယုပ္ပန်)နာမက္ခန်“လော ဘဇော” တွေဟာ အတောမသတ်နိုင်အောင် ဒလဟော တုန်လှုပ်ပင်ပန်း မချမ်းမမြေ့ တဆွေ့ဆွေ့ငြိတွယ် စွဲလန်းလို့သာ နေခဲ့ရပေတယ်။ အဖြတ် သဘောနှင့်ဓာတ်ကြောကို နားလည်သေးတဲ့အဖြစ်မျိုးမှာ တည်နေရတာ ကိုး။ အဲတာလို အာရုံကတခြား၊ အာရုံကို စွဲလန်းခံမင်ပြီး တွင်တွင်ကြီး လှုပ်ရှားထကြွနေတဲ့(တဏှာသမုဒယ)လောဘ ဟေတုကဘခြား၊ မျက်မြင် အားဖြင့် ခြားသော်လဲ “ သံလိုက်နှင့် အပ်ထုပ်” ကို မအုပ်ဘဲ ဖွင့်ပြတော့ သဘာဝ အသက်မရှိတဲ့ အဝိညာဏက ရုပ်ကလာပ်တွေဟာ တဆတ်ဆတ် ရှိုးရှိုးရှရှ ထကြွတုန်လှုပ်တဲ့ အဖြစ်နှင့်တော့ တထစ်ချတူ၍ နေရိုးအစဉ်ပါဘဲ။ ဩော်....တာကြောင့် “သံလိုက် နှင့် အပ်ထုပ်၊ မအုပ်ဘဲပြသ,သလို ဟဒယ ရုပ်ကလာပ်တို့ တဆတ်ဆတ် တုန်လှုပ်ကြလေ၏”ရယ်လို့ စလေဆရာ-ဦးပုည က ရေးသားခဲ့ဘာဘဲထင်ပါရဲ့၊စလေ-ဦးပုညကဗျာကို“ကိုး”ရတော့တမျိုး အားဖြင့် အားနည်းလှတဲ့အတွက်“ပဋ္ဌာနုဒ္ဒေသ ဒီပနီ”ကျမ်းက ထွက်လာပုံ

ကို ကိုး၍ပြောလိုက်ရဦးမယ်။ (ပဋ္ဌာနဒ္ဒေသ ဒီပနီကျမ်းမှ ထုတ်နုတ်ချက်) "လောဟဓာတုဝိသေသော၊ သံဓာတ်အထူးသည်။ ဝါ၊သံလိုက်ဓာတ်သည်။ အတ္ထိ၊ ရှိ၏။ သော၊ ထိုသံလိုက်ဓာတ်သည်။ အယောခန္ဓသမိပံ၊ သံတုံး-သံခဲ ၏ အနီးသို့။ သမ္ပတ္တော၊ ရောက်သည်ရှိသော်။ တံ အယောခန္ဓံ၊ ထိုသံတုံး-သံခဲ ကို။ ကာမေန္တော ဝိယ၊ နှစ်သက်သကဲ့သို့(နှစ်သက်သလိုလို။)ဣစ္ဆန္တော ပိယ၊ အလိုရှိသကဲ့သို့ (အလိုရှိသလိုလို။) အယော ခန္ဓာဘိမုခေါ၊ သံတုံး-သံခဲသို့ ရှေးရှုသည်ဖြစ်၍။ စဥ္စလတိ၊ တုန်လှုပ်၏"စသည်ဖြင့် မိန့်ဆိုဖွင့်ပြတော်မူကြ ပေတာပေါ့။

## စကားရှည်ခြင်းကြောင့် နားမလည်ဘဲ နေဦးမည်

အဲဒီတော့ ပဋ္ဌာန်းပစ္စည်း ပစ္စယုပ္ပန် ဆက်စပ်နေတဲ့အတွက် လိုရင်း အချက်တွေ ပျောက်ပျက် မေ့လျော့သို့ မသွားကြစေနှင့်၊ မောင်သုဒိန် ကလေး၏ အာရမ္မဏပစ္စည်း - တည်းဟူသော ဇနီးတပါး အစီးအပွားနှင့် တကွ များစွာသော ရွှေ,ငွေ,ကုဋေ္ဌပေါင်း လေးဆယ် ကျော်ကျော်တွေက တသီးတခြား၊ မောင်သုဒိန်ကလေး၏ သဏ္ဍာန်မှာရှိတဲ့(အာရမ္မဏ ပစ္စယုပ္ပန် တည်းဟူသော) ကြည့်ချင်တယ်,ကြားချင်တယ်,နံချင်တယ်,စားချင်တယ်, တွေ့ထိချင်တယ်,ဆင်ခြင်စဉ်းစား စိတ်ကူးအမျိုးထုတ်ချင်တယ်-စတဲ့ လောဘဓာတ် နာမက္ခန္ဓာအစု လိုချင်မှုတွေက တသီးတခြား၊ ဥပမာအားဖြင့် သံလိုက်နှင့်-အပ်များလို တခြားစီ- တခြားစီ၊ မျက်မြင်အားဖြင့် တည်သော်လဲ ချည်နှောင်ရစ်ဖွဲ့လိုက်တဲ့ ဓာတ်အဟုန်တို့ကတော့ တဆက်ဆက်တုန်လှုပ် ပြီး ဖြတ်လို့-ဖြုတ်လို့ပင် မရနိုင်ပါဘူးတဲ့။

## မောင်သုဒိန်ကလေး ဓမ္မာရုံကောင်းနှင့် အာရုံပြောင်းသွားပုံ

နောက်က ပြခဲ့တဲ့အတိုင်း မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ၏ တရားတော်တည်းဟူသော "အာရမ္မဏာဓိပတိ" အတုမရှိတဲ့ ဓမ္မာရုံနှင့် တွေ့ပြန်တော့၊ ဖြစ်ပေါ်လာတဲ့"အလောဘ ဟေတု" ကုသလစိတ္တ နေက္ခမ္မ နာမက္ခန္ဓာ အလင်းကြီးတွေဟာ ဝင်းကနဲ-လက်ကနဲ ဆိုသလို တချက်ထဲ ပေါ်လာကုန်ကြပါရောတဲ့၊ ပေါ်လာသည်နှင့်တပြိုင်နက် တဏှာ သမုဒယ "လောဘဓာတ်"ဟေတုစက် ပျက်စီးပြီး၊ ပစ္စည်း,ရွှေ,ငွေ ကုဋေ္ဌလေးဆယ်

ဇနီးသယ်-သူဌေးကတော်ကလေး အစရှိတဲ့ လောကီကာမဂုဏ် အာရုံခံတတ် သဘာဝ အာရမ္မဏ အစိုင်အခဲကြီးများကို ခြောက်ပြားသား-တပဲသားမျှ လောက်ပင် အဘိုးထိုက်တန်တယ်လို့ မထင်တော့ဘူးတဲ့၊အံ့ဩစရာမကောင်း ကြဘူးလား၊အဘိုးမထိုက်မတန်ဘူးလို့ ထင်မြင်နိုင်တဲ့အတွက် ရက်ရက်စက် စက် တချက်တည်းစွန့်ခွါနိုင်တော့မှာကိုး။ "ယထာဘူတံ ပဇာနာမိ" အဘိုး ထိုက်တန်ပုံ-မတန်ပုံကို အကုန်အစင် တရားသဘောအတိုင်း မှန်မှန်ကန်ကန် သိရှိလာတဲ့ ဉာဏ်အလင်းရောင်ပေါ့လေ။

အဲ-သို့ကလို ဝေဒနာသစ္စယာ-စတဲ့ ပဋိစ္စအလည်တရားကြီး အတွင်း ဆိမ့် မဂ္ဂင်ရှစ်ဖြာ ရတနာယာဉ်ရထား တရားမဂ္ဂင်ခတ်ကြီးဆီသို့ ပြောင်း လဲ၍ သွားတဲ့အတွက်၊ သပိတ်တလုံး, သုံးထည်သော သင်္ကန်းတို့ဖြင့် ရှင် ရဟန်း-ပြုပရစေတော့ မြတ်စွာဘုရား-လို့၊ အားပါးတရ လျှောက်ထားဝံ့ ပေတာပေါ့။ ညွန့်လဲညွန့်တဲ့ ကိုသုဒိန် ကလေးပါဘဲနော်....။ အတော်ဘဲ တရားကျသွားပေတာကိုး၊ အဲတာလို လျှောက်ထားလေတော့၊ အစိန္တေယျ လောကထွဋ်ထား ဘုရားသခင် ကိုယ်တော်မြတ်ကြီးက....

"အနုညာတောသိ ပန တွံ သုဒိန္န မာတာပိတူဟိ"။ (ပါဠိတော်)

"ချစ်သားသုဒိန် အသင် ရဟန်းပြုဘို့အရေး အသင်၏ အမိ,အဘ တို့က အခွင့်ပေးလိုက်လေပြီလော့"(အဲတာလို မေးမြန်းတော်မူလေတော့)။

"နခေါ အဟံ ဘန္တေ အနုညာတော မာတာပိတူဟိ"။ (ပါဠိတော်)

"ရဟန်းပြုဘို့အရေး အခွင့်မပေးသေးပါ မြတ်စွာဘုရား" (အခွင့် ပေးဘို့ နေနေသာသာ သူကြံတာကို သူ့အမိ,အဘတို့ သိမှ,မသိကြသေး ပါဘူး။)

"နခေါ သုဒိန္န တထာဂတာ အန နုညာတံ မာတာပိတူဟိ ပုတ္တံ ပဗ္ဗာ ဇေန္တိ"။ (ပါဠိတော်)

"အမိ,အဘ ခွင့်မပြုသေးတဲ့ သူ့ဘပါးတို့သားကို ငါဘုရား ရဟန်း ပြု၍ မပေးနိုင်ဘူး ချစ်သားသုဒိန်"။

"သောဟံ ဘန္တေ ကထာ ကရိဿာမိ" (ပါဠိတော်)

"အမိအဘတို့ထံ အနူးအညွတ်အခွင့်ပြုဘို့အကြောင်း ဘုရားတပည့် တော် အခွင့်တောင်းခဲ့ပါမည် မြတ်စွာဘုရား"

## အမိအဘတို့ထံ အကြောင်းခံနှင့် တောင်းပန်ခဏ်း

ကဲကဲ-အတွင်းလမ်းက မင်းနန်းသို့ရောက်စေဆိုတဲ့-လောကစကား အတိုင်းဘဲ၊ ကိုသုဒိန်ကလေး တောင်ငါးလုံးကာခိုတဲ့ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ရွှေကျောင်းမှ အမိအဘတို့ထံ အခွင့်တောင်းဘို့အရေး 'ကလန္ဒ' ရွာကလေးဆီသို့ မနှေးအမြန် ပြန်လာခဲ့တဲ့အတွက် သူ့ဌာန ရောက်လို့သွားပြီ ပေါ့လေ၊ အခါတိုင်း-အခါတိုင်း လိုမဟုတ် အထက်တန်းကျလှတဲ့ ဣန္ဒြေ ရုပ်တွေနှင့် ခရီးဦး ကြိုကြိုဆိုဆို လုပ်ရှာတဲ့ ဇနီးသယ် ကလေးကိုပင် မေးမြန်း နှုတ်ဆက်ခြင်းအမှု မပြုတော့ပါဘူး'တဲ့၊အခြားသောအိမ်သူ အိမ်သား တစုတို့အတွက်မှာတော့ ထည့်စွက် ပြောပြဘွယ်ပင် မရှိတော့ရိုး အမှန်ပါ၊ မကြာမီဘဲ အမိအဘနှစ်ပါးတို့၏အနီး ရှိသေ ချဉ်းကပ် ခစားပြီး သကာလ 'ပုတီးစိပ်ရင်း'အခွင့်တောင်းလိုက်ပုံက တာလိုတဲ့—

"အမ္မတာတာ၊လ၊ အနုဇာနာထ မံ. ပဗ္ဗဇ္ဇာယ" (ပါဠိတော်)

"မေမေနှင့်ဘေဘေတို့ခင်ဗျား....ကျွန်တော်ရဟန်းပြုတော့မယ်လို့-စိတ်ပိုင်းဖြတ်ပြီးဖြစ်ပါတယ်၊အဲတာကြောင့် အနူးအညွတ် အခွင့်သာလွတ် ကြပါ ကျွတ်ဘို့-လွတ်ဘို့အရေးတွေးမိနေပါပြီ ဘေဘေ-မေမေတို့ရဲ့။ ဘုရား ဘုရား၊အနိစ္စအနိစ္စ၊ဩော်-အနတ္တအနတ္တ၊ ကိုယ်မဟုတ်တဲ့ အကောင်ပုပ်တွေ ပါကလား ကရို့"အဲတာလို ထူးထူးခြားခြား ကိုသုဒိန်ကလေးရဲ့ စကားကို အမိအဘနှစ်ပါးတို့ ကြားလိုက် - သိလိုက် သည်နှင့်တပြိုင်နက် ဦးခေါင်းကို 'သံဒုတ်'ကြီးနှင့်နှက်သလို ခက်ကုန်ကြပါပြီကောလို့။

သစေ တေ ဥနကာမေဟိ၊
အဟံဝ ပူရယာမိ တေ။
ယော တံ ဟိံသတိ ဝါရေမိ၊
မာပဗ္ဗဇ္ဇ ယုဓ္ဓေယ။ ။

(ပါဠိဇာတ်ပါဠိတော်)

ယခုရွတ်ပြတဲ့ ပါဠိဇာတ်လာ ပါဠိတော်ဂါထာသဘောဖြင့်၊သား ချောကလေးကို ချော့မော့ မေးမြန်းရှာကြသတဲ့။

**မှတ်ချက်။** (အကွက်ဆိုက်၍ထည့်လိုက်သော ပါဠိတော်ဂါထာဖြစ်ပါသည်။ 'ယုဓ္ဓေယ' ကို 'သုဒိန္န' ဟု အနက်ကိုသာ မောင်သုဒိန် အတွက် သက်သက်ဆွဲငင်၍ပေးပါအံ့။)

အဲဘာလို စိုးရိမ်ပူပန်တဲ့သဘောနှင့် သားချော၏ အနီးအနားကပ်ပြီး အထပ်ထပ်မေးလိုက်ကြပုံက "ငါ့သား-ဘာများကို လိုချင်လို့လဲ၊ ငါ့သား လိုချင်တာရှိသမျှကို အမိ-အဘတို့က ပြည့်ဝအောင် ကြံဆောင်ရှာယူ၍ ပေးပါ့မယ်၊ လူကလေးကို ဘယ်သူက ဘာပြောသလဲ၊ ပြောတဲ့လူ-သူ့စကားကို ယခုသွားပြီး ဘေဘေတို့ မေမေတို့က တားမြစ် ပိတ်ပင်လို့ ပေးပါ့မယ်၊ အို-လူကလေးရဲ့ မင်းဘာဖြစ်လို့လာတာလဲ"လို့ တကကတဲ ပြာပြာသလဲ မေးကြ-မြန်းကြဘာပေါ့လေ၊ ဟုတ်လဲဟုတ်ဘဲပေလိမ့်မယ်နော်၊ မောင်သုဒိန်ကလေး၏ လက်ထဲက "ဂျက်ခနဲ-ဂျက်ခနဲ" မြည်နေတဲ့ စိတ်ပုတီးနှင့်ပေကိုး၊ ညည်းလိုက်ပြန်တော့လဲ အနိစ္စအနိစ္စ၊ ဒုက္ခဒုက္ခ၊ အနတ္တအနတ္တ နှင့် အဲတာလို ပါးစပ်ကလဲ အငြိမ်မနေလေတော့ အဘေ-အမေတွေ ပြာပြာသလဲ မဖြစ်ဘဲ ဘယ်မှာ နေနိုင်ကြပါ့ မလဲ၊ လန့်လဲ လန့်ရှာကြပေမပေါ့၊ လောကီအာရုံ ကာမဂုဏ် ခေတ်တရားတွေကို အမြတ်စား-အကောင်းစား ထင်မှတ်စွဲလမ်း၍ ပျော်ပါးမွေ့လျော်သူ ဟူသ၍ (ရုတ်တရက်) ဝိပဿနာကမ္မဋ္ဌာန်းနှင့်တွေ့ကြုံမှုဖြင့် တဲဆွေ့သွေ့ တခုန်ခုန် အပုံကြီးပင်ပန်းပြီး ဆန်းတယ်လို့ ထင်မြင်မိရိုးမွေ့ဘာကြီးပါဘဲတဲ့။ ကဲကဲ-ယခုနရွတ်ပြတဲ့ ဂါထာပါဠိ၏အနက်ကို ဆက်လက်ပြီးရွတ်ပြလိုက်ရသေးတာပေါ့၊ နားထောင်ကြ။

(ဂါထာပါဠိကို ပြန်ရွတ်တော်မူပါ-ပြီးလျှင်)

သုဒိန္န၊ ချစ်သားလူလှ သုဒိန္န။ တေ၊ သင်ချစ်သားလူလှသုဒိန္နအား။ ဝါ၊ ကိုယ်ငြိမ်-စိတ်ငြိမ် လွန်စွာငြိမ်လျက် မငြိမ်နှုတ်က ဩဒ်ဒုက္ခဟု ထုတ်ဟမငြိမ် သင်သုဒိန်အား။ ကာမေဟိ၊ လောကီအာရုံ အဖုံဖုံတို့မှ။ သစေ ဦနံ၊ အကယ်၍အားပြော့ပြီး ယုတ်လျော့နည်းပါးလျက် မများဘူး ထင်မှတ်ခဲ့ပါငြားအံ့။ ဝေံသတိ၊ ဤကဲ့သို့ ကာမဂုဏ်နည်းပါး၍ မများဘူးမှတ်သင်ခဲ့လေသည်ရှိသော်။ တေ၊ သင်ချစ်သားလူလှသုဒိန္နအား။ အဟံဝ၊အမိအဘနှစ်ဝထင်ရှား နှစ်ယောက်အားသည် သာလျှင်။ ပူရယာမိ၊ စိတ်သာချပေရော့ ဒိဋ္ဌဖြည့်စွက်၍ ရုတ်တရက်ပေးပါအံ့ အမှန်ပင်လျှင်တည်း။ (ဥဒါဟု၊ ထိုသို့မဟုတ်။) ယော၊ အကြင်ပုဂ္ဂိုလ် တယောက်ယောက်က။ တံ၊ သင်ချစ်သားလူလှသုဒိန္နကို။ ဟိံသတိ၊ ညှဥ်းဆဲနှိပ်စက်လျက် စိတ်ပျက်အောင်ပြုလုပ်ကြသည်ဖြစ်ပေငြားအံ့။ တံ၊ထိုပုဂ္ဂိုလ်ကို။ ဝါရေမိ၊ အမေနှင့်အဘေယခုသွားကာဖြင့် (ဘယ်သူကမ)ဂရုမထားပါဘူး တားမြစ်ပိတ်ပင်လိုက်ပါ

တော့အံ့သတည်း။ သုဒိန္န၊ ချစ်သားလူလှ သုဒိန္န။ မာပဗ္ဗဇ၊ တပင်တပန်း ပေမို့ ဩော် အသင်ကဆန်းလေသနှင့် ရှင်ရဟန်း မပြုလုပ်လိုက်ပါလေလင့်။ ဝါ၊ ရဟန်းပြုမှ ကြီးထု ချမ်းသာ ထက်ရှာ နတ်ပြည် ရောက်ရသည်သာ မဟုတ်ပါဘူး လူ့ဒါသီလ မြတ်ပုညကို အိမ်ကမဆင်း ပျော်စံရင်းဖြင့် လက်ငင်း ရနိုင်ပါတော့၏၊

အဲတာလို အတန်တန်မေးကြလေတော့၊ရဟန်းသွေး-ရဟန်းစော်နံ၍ နေတဲ့ ကိုသုဒိန်ကလေးက တွေးတောချမနေဘဲ တာလို ပြန်ပြီးပြောလိုက်သတဲ့၊ အို....အမိ·အဘတို့ခင်ဗျား အဘေတို့ အမေတို့သားဟာ တရား ရ နေရှိးအမှန်ပါ၊ ဘယ်သူကမှလဲမညှဉ်း ဘယ်သင်းကမလဲ မလိုချင် အိမ်တွင် ရှိနေတာတွေကိုပင် အတော် မုန်းနေ ပါတယ်၊ ကတုံး-တုံးချင် လှပါပြီ၊ ထို့....ဝေါ့ အောင်မယ်လေး လူ့ဘောင်ကို မုန်းလှပါပြီ နှလုံး နာသှပါပြီ ဗျ—လို့....

**အညာမပေးဘဲ အဝါသွေး ဝတ်ရုံတော့မည်**

နမတ္ထိ ဥဒ္ဓိန ကာမေဟိ၊
ဟိံသိ ကာမေ နဝိဇ္ဇတိ။
ဒီပဋ္ဌ ကာတု မိစ္ဆာမိ။
ယံ ဇရာ နာဘိကီရတိ။ ။
(ပါဠိဇာတ်ပါဠိတော်)

အမှ တာတာ၊ အို မိခင်-ဘခင်ကျေးဇူးရှင်တို့။ မေ မမ၊ သုဒိန်မည် ခေါ် သားကျွန်တော်အား။ ကာမေဟိ၊ လောကီအာရုံ အဖုံဖုံတည့်စုပုံပေါ များ သဘောတရားအစုအဝေးတို့မှ။ဥဒ္ဓိနတာ၊ယုတ်ညံ့လျော့နည်းပါး၍အစား ဖြည့်စွက်ဘို့အချက်အလက်များသည်။ နအတ္ထိ၊ အမှန်ဘဲပြည့်ပါ၏ ဖြည့်ဘို့ စွက်ဘို့ မရှိတော့ပါပြီတည်း။ (ဘာမျှမလိုချင်တော့ဘူး၊မေမေတို့·ဘေဘေ တို့ရေ ကျွန်တော်ဘာကိုမျှမလိုချင်တော့ဘူးခင်ဗျ။)ကာမေ၊လောကီအာရုံ ကာမဂုဏ်ဟု ရန်ဟုန်ဆက်ပွား အချက်အလက် များစွာကြောင့်။ ဟိံသိ၊ အထင်အမြင် မှားကြ တာကြောင့် နင်လား - ငါလား လုယက်၍ ထုနှက် ညှဉ်းဆဲပြီး အတင်းဆွဲခြင်းစတဲ့ စိတ်ပျက်စရာ အမှုများသည်။ နဝိဇ္ဇတိ၊ အမျက်အမုန်း တစက်ကမ မသုံးခဲ့ပါဘူး တသက်လုံးမရှိခဲ့ပါတကား။ အမှ တာတာ၊ အိုမိခင်-ဘခင်ကျေးဇူးရှင်တို့။ ယံ ယေန ကာရဏေန၊ အကြင်

အကြောင်းကြောင့်။ ဇရာ၊ ဆွေးမြေ့ယိုယွင်း ကိုယ်အဆင်းနှင့် အိုခြင်း-နာခြင်း-သေခြင်းစတဲ့ အနိဋ္ဌသဘောသည်။ နာဘိကိရုတိ၊ ဖရိုဖရဲနှင့် ပြိုကွဲပျက်ပြားအောင် ကြိမ်းဝါးခြင်းအမှုကို မပြုနိုင်-မလုပ်နိုင်။ တံဒီပဠ၊ ဇရာမကာရီးတို့ မလာမစွမ်းနိုင်တဲ့ နိဗ္ဗာန်ချမ်းသာတည်းဟူသော ထိုသောင်ကျွန်းရတနာ့ဘုံကြီးကိုသာလျှင်။ ကာတုံ၊ ရဟန်းအဖြစ်ဖြင့် အားသစ် ပြုလုပ်လိုခြင်းငှါ။ ဣစ္ဆာမိ၊ အလိုရှိရိုးမှန်လှပါတော့၏။ ဝါ၊ လောကီရိပ်ငြိမ် တိုက်တာ အိမ်နှင့် စည်းစိမ်ဟူသမျှ သခါရကား အနိစ္စသာ ဓမ္မတာတည့် မရဏာသေဘေး တခါ ဖြင့်ဝေးရအောင် အညာမပေးလိုဘူး "အဝါသွေး"ဝတ်ရုံပါတော့အံ့သတည်း။

'မလိုချင်ဘူး'လို့ဆိုတဲ့ဘဝမှာ အ,လောဘပြဋ္ဌာန်းပြီး လောကုတ္တရာလမ်းကို တန်းတန်း မတ်မတ် လိုက်ချင် နေတော့ တာကိုး၊ နိဗ္ဗာန်ရောက်အမြတ်တရားဆိုတာလဲ ဘုရားသာသနာတော် အတွင်းမှာမှ တွေ့ရှိနိုင်တာကလား။ ယခု သူဌေးကြီး-သူဌေး ကတော်ကြီးတို့ ပကတိ မျက်စိအမြင်သဘောနှင့် အပြင်ကြောကကြည့်ပြီး မိမိတို့ သား သုဒိန်ကို လောကီဘက်အာရုံတရားတွေနှင့် 'ငမ်ျား'သွေးဆောင်ပြီး သာသနာဘောင် မတက်မိအောင် ပြောရှာကြပေသပေါ့၊ အပူခေတ်နှင့် အအေးခေတ်ဆိုတာ စပ်မိ-ဟပ်မိတို့ အလွန်တရာခဲယဉ်းလှပါတယ်၊ ယခုလို ကိုသုဒိန်ကလေးက ရောင်တလုံး အဆုံးခံပြီးသကာလ ဖန်ဝါထည်ဆင်မြန်းပြီး ရှင်ရဟန်းပြုလုပ်တော့မယ်လို့ စိတ်ပုတီးလက်စွဲပြီး နက်နက်နဲနဲကြီး ပြောနေတဲ့အခါ၊ အမိသူဌေးကတော်ကြီးနှင့် ချွေးမ သူဌေးကတော် ကလေးတို့ဟာ လွန်စွာ စိတ်ဒုက္ခရောက်သွားရှာကြသတဲ့၊ ကိုယ့်သားကလေးကိုသာ ရဟန်းမပြုဘို့ မြစ်တားပြီး-မြတ်စွာဘုရားကို ရန်မတောင်သေးလို့တော်ပါသေးရဲ့၊ ဘုရားပွင့်တော်မူစကမျာ့း သူတို့သားကို ရှင်ရဟန်းပြုလုပ်ပေးရမလားသို့ ဦးပဥ္ဇင်းတို့ မြတ်စွာဘုရားကို မျှားစွာ ဆူဆူပူပူ လုပ်ကြသေးတာကလား။

**မှာထားချက်။** ဤဆိုလတ္တံ့သော စကားများကို ချန်လှပ်၍ ထားလိုက ထားနိုင်၏၊ တရားသွားမပျက်နိုင်။

## လင်ချောနှင့် သားချောအမတို့က ဘုရားဂေါတမကို ငြူစူကြပုံ

စကားစပ်မိလို့ ပြောလိုက်ရအုံး၊ လောကသုံးပါး၌ ဘုရားသခင်ပွင့်တော်မူသို့ တရားရေအေး အမြိုက်ဆေးတို့ကို တိုက်ကျွေးဝေငှတော်မူတဲ့

အခါ၊ ပဥ္စဝဂ္ဂီငါးဦးအမှူးပြုပြီး၊ ရသေ့ညီနောင်-ရှင်တထောင်၊အရှင်သာရိပုတ္တရာ,အရှင်မောဂ္ဂလာန်အသိ (အဘိညာတာ-အဘိညာတာ) လောကာ၌ အလွန်ထင်ရှားတဲ့ အမျိုးသားတွေဟာ တနေ့တခြားတိုးပွားပြီး သာသနာ့အမွေတော်ထမ်း ရဟန်းပဥ္စင်း ပြုလာကုန်ကြတာကိုး။ ထိုအချိန် ထိုအခါ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ရွှေကျောင်းမှာ ကိန်းအောင်းတော်မူတဲ့ အလှည့်နှင့် ကြုံကြိုက်လျက်ရှိလေတော့၊ "မယ်ဟိုဒင်းရဲ့ယောကျ်ား၊မောင်ဟိုဒင်းဖြင့် ပဥ္စင်း ပြုသွားပြန်ပေါ့ ဟော့၊ မည်သူ့ရဲ့ သားကလေး - မောင်ရွှေသွေးဖြင့် သာမဏေကလေး ဖြစ်သွားပြန်ပေါ့ဟော့" စသည်ဖြင့် တလှည့်စီ-တလှည့်စီ သတင်းပေးပြီး အတွင်းရေး ဆူပူကုန်ကြပါရောတဲ့။ အတွင်းရေး ဆိုတာ တခြားမဟုတ်ပါဘူး၊ သားအတွက်, လင်အတွက်, မောင်-ဖွား-တူသယ်တို့ရဲ့ အတွက် ဂူထွိယဂိုဏ်းဘက်မှာ ဗလောင်ပွက် ဆူပူကုန်ကြတာကို ဆိုတာပါ။

အဲတာလို တနေ့ တနေ့ - တရွှေရွှေ နှင့် ကာမဂုဏ် လမ်းဖြတ်ပြီး ရဟန်းဇာတ်-ရဟန်းဘဝသို့ ကူးပြောင်းသူတွေ တိုးတက်ပေါများလာလေတော့၊ ရာဇဂြိုဟ်ပြည်သူတွေ ပြည်လုံးကျွတ်အစည်းအဝေးကြီး ခေါ်ကြပါရောတဲ့၊ အစည်းအဝေးကြီး ဖွင့်လိုက်သည်နှင့် တပြိုင်နက်၊ သွက်သွက်လက်လက် စိဘ်ရောကိုယ်ပါ ထတဲ့-ထတဲ့ပြီး ပြောဆို ဆုံးဖြတ်လိုက်ကြတဲ့အချက်တွေက-တာလိုတဲ့။

## ဆုံးဖြတ်ချက်နှင့် မှတ်တမ်း

"အပုတ္တက တာယ ပဋိပန္နော သမဏော ဂေါတမော" (ပါဠိတော်)

"အရှင်ဂေါတမသည် လောကာ၌ သားရတနာ-သမီးရတနာ မရှိအောင် သွေးဆောင်ကျင့်ကြံတော်မူပါတယ်-တဲ့"။

(အင်း-သူတို့မျက်စိနှင့် သူတို့ဘက်က ကြည့်လိုက်ပြန်တော့၊ သူတို့ ပြောတာတွေဟာ ဟုတ်တုဘ်တုတ် ရှိသေးတော့။)

"ဝေဓဗျာယ ပဋိပန္နော သမဏော ဂေါတမော"။

"အရှင်ဂေါတမသည် မိန်းမတွေကို မုဆိုးမဖြစ်အောင် ပြုလုပ်တော်မူရိုး မှန်ပါတယ်-တဲ့"။

(ဟော-ဒုတိယ ဆုံးဖြတ်ချက်လဲ ဟုတ်သေးတာဘဲ၊ သူ့ခမျာတော့ လောကီနယ်အတွင်းက ပေကိုး။)

"ကုလုပစ္ဆေဒါယ ပဋိပန္နော သမဏော ဂေါတမော"။

"အရှင်ဂေါတမသည် လောက၌ လူမျိုးပြတ်သွားအောင် ကျင့်ကြံသွေးဆောင်တော်မူပါတယ်-တဲ့"။

အဲဒါကတော့ သူတို့ထင်မြင်ချက်ပါ၊ စင်စစ်အားဖြင့် မဟုတ်နိုင်ပါဘူး သတ္တလောကကြီးပေကိုးဗြိမျှတွင် မရပ်သေးပါဘူး၊ တောင်ငါးလုံးကာခိုတဲ့ ကျမတို့-ရာဇဂြိုဟ်ပြည်ကြီးကို ကြွရောက်တော်မူနေပြန်ပါပြီ၊ဘယ်သူလင်-ဘယ်သူ့သား ဆွဲဆောင်လို့ သွားမည် ဆိုတာများကို မသိနိုင်သေးပါဘူး၊ အရှင်ဂေါတမသည်ကား ဘုရားအသစ်ဖြစ်ပါတယ်၊ ဘုရား လက်ဟောင်း ဖြစ်တဲ့ ကျမတို့ သိဥ္စည်း ဆရာကြီး၏ တပည့်များကိုပင် သူထံရောက်အောင် ဆွဲယူ၍သွားပါပကော၊ သတိထား၍ နေကြစေလိုပါတယ်-မမတို့။ ဟိုကြည့်လိုက်လဲ-ဝါဝါဝင်း၊ ဒီကြည့်လိုက်ပြန်လဲ-ဝါဝါဝင်း၊ အသင်းအပင်း အဘော်များနေတဲ့အတွက် ကျမတို့ အကြံခက်လှပါတယ်၊ အဲဒါကြောင့် ရဟန်းသံဃာတော်တွေ မြို့တွင်းသို့ ဆွမ်းခံဝင်လာတဲ့အခါ၊ တညီတညာတည်း ရန်ထောင်ငြူစူလို့ ဆူဆူပူပူ လုပ်ကြစို့ရဲ-လို့၊ ကန့်ကွက်သူမရှိ ဆုံးဖြတ်ချက် အတည်ပြုပြီး တစုတဝေးကြီး ဟန်ပြင်နေကြတာပေါ့လေ၊ ဣတ္ထိဂိုဏ်းတို့၏ "နှုတ်" ဆိုတာ ရုတ်တရက်-ချိုချင်ချို၊ ရုတ်တရက်-ကြမ်းချင်ကြမ်း၊ရဟန်းသော-လူသော ရှောင်လိမ့်မယ်များ မထင်ကြပါနှင့်၊ ဟော....ယခု ရာဇဂြိုဟ်ပြည်သူ မမတို့ကိုသာ ရှုကြပေရော့၊ ဘလှုကမကြောက်ပုံမပေါ်ပါဘူး၊ ဆုံးဖြတ်ထားတဲ့အတိုင်း နောက်တနေ့ ရာဇဂြိုဟ်ပြည်တော်တွင်းသို့ သံဃာတော် အရှင်မြတ်များ ဆွမ်းခံ ကြွဝင်၍ လာတဲ့အခါ၊သေသေချာချာ-ပီပီသသကြီး ခေါင်းခါခါ-လည်ခါခါ မျက်ခစောင်းထိုး နှုတ်ခမ်းစူ မာန်မူ-ရန်ထောင်လိုက်ကြပုံက တာလိုတဲ့....

အာဂတော မဟာသမဏော၊
မာဂဓာနံ ဂိရိဗ္ဗဇံ။
သဗ္ဗေ သဉ္စယေ နေတွာန၊
ကံသု ဒါနိ နယိဿတိ။ ။

(မဟာဝါပါဠိတော်)

ဘောတိယော၊ အို-မမအာပေါင်းတို့။ မဟာသမဏော၊ ရဟန်းဆန်း ရဟန်းမြတ်ပညာသင်ရှား အရှင်ဂေါတမ မြတ်စွာဘုရားသည်။ မာဂဓခါနံ၊ မာဂဓ မူယူ တိုင်းပြည်သူတို့၏။ ဂိရိဗ္ဗဇံ၊ တောင်ငါးလုံးကာခိုတဲ့ ကျမတို့ ရာဇဂြိုဟ် ရွှေမြို့တော်ကြီးသို့။ အာဂတော၊ တပည့်ချွေရံ-အစုံအလင်တို့ဖြင့် ခုံခုံခင်မင် ကြွလာတော်မူနေပြီ၍တကား။ သဗ္ဗေ၊ တယောက်မကြွင်း ခပင်း ဥဿုံ - အလုံးစုံကုန်သော။ သဥ္စယေ၊ ဘုရားလက်ဟောင်း အများထက် ကောင်းသူပေါ့ မြို့ကျောင်းဆရာ-တည်းဟူသော သိဥ္စည်း၏ တပည့်အခွေ အရံများတို့ကို။ နေတွာန၊ အံ့ဩဘွယ် ဖန်ဆင်းလျက် ဆောင်ကျင်းလုယူခဲ့ လေပြီး၍။ ဒါနိ-ဣဒါနိ၊ ဤယခု-ဤအခါများဆီ၌။ ကံ ပုဂ္ဂလံ၊ ဘယ်သူ လင်သား-ဘယ်ယောကျ်ားများကို။ နယိဿတိ၊ ဆောင်ယူတော်မူလိမ့်မလဲ။ ဝါ၊ တားကြ ဆီးကြ ထိမ်းလိုက်ကြ သိမ်းလိုက်ကြပေရော့။ ဝါ၊ ဖြဘ်ရေး တောက်ရေး တယောက်ကမ မပေးကြလေလင့် ကြောက်စရာ့ ဘေးတွေ အခါကြီးပါတဲ့(အရှင်ဂေါတမ)သာသနာခရီးဆီသို့ မကြွာအပြီး ဆောင် အံ့ အမှန်ပင်လျှင်တည်း။

အန္ဓ ဗာလ၊ ပုထုဇဉ်သဘာဝ လို့ဆိုတဲ့ ဇယားကိန်းမှာ မိန်းမတွေလဲ ဖြစ်ပြန်တော့ အင်မဘန် ကြောက်ရှံ့ရှာကြပေမပေါ့နော်၊ ကိုယ့်လင် ကိုယ့် သားတွေက အလကားနေရင်း သပိတ်မှောက်ခံခဲ့ကြရသူတွေ ဖြစ်တဲ့အတွက် (မျက်ရည်စ စက်လက်)အဘက်ဘက်က အေးကွက် အေးနယ် မရှာတတ်နိုင် ဘဲ'ချာလပတ်'လည်နေကြတာကလား၊ လောကုတ္တရာအတွက် လောကီကို အကုန်ဖျက်ရတာမျိုးမို့ စိတ်ဆိုးတဲ့-ရာဇဂြိုဟ်ပြည်သူတွေကိုလဲ အပြစ်မတင် ကြနှင့်၊ "ချစ်ခင်သူကို (သာသနာထဲ) အပါဆွဲနေတော့ တခါထဲ - သေပစ် လိုက်ချင်ကြသပေါ့၊ အဲဒီလို - သေချင်ရိုးမှန်လျှင် သေကုန်ကြမှာပေါ့လို့ ပြောကြ ဆိုကြစရာ ရှိနေပြန်တယ်၊ သို့သော်လဲ-သေချင်ရုံမျှဖြင့်လဲ မသေ ဝံ့ကြဘူးပေါ့နော်၊ "သေကံမရောက် သက်မပျောက်ဘူး" လို့ဆိုတဲ့ စကား "သွားပါတော့ အသက်ကိုနှင့်တယ်၊ မထွက်ချင် ခင်လွန်းလို့တည်း" ဆိုတဲ့ စကားများကလဲ အထင်အရှား ရှိနေပေတာကိုး၊ အဲတာလို-လင်ချောနှင့် သားချောအမတို့က ဘုရားဂေါတမအမူးရှိတဲ့ သံဃာတော်တွေကို အတွင် 'စောင်းမြောင်း'ကြလေတော့ အကျိုးအကြောင်း ဘုရားသခင် သိတော် မူလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက 'အချေ အပ' ခိုင်းတဲ့ အတိုင်း၊

သံဃာတော် ရဟန်း-ပဥ္စင်းတွေက ဆွမ်းခံရင်း ပြန်လှန်ချေပကြတဲ့ ဂါထာက တာလိုတဲ့....

မနေသာသဖြင့် ချေခါ-ဖြေခါ ရှင်းလင်းရပုံ

နယန္တိ ဝေ မဟာဝီရာ၊
သဒ္ဓမ္မေန တထာဂတာ။
ဓမ္မေန နယမာနာနံ၊
ကာ ဥသုယာ ဝိဇာနတံ။ ။

(မဟာဝါပါဠိတော်)

ဘောတိယော၊ အို-ဒါယိကာမအပေါင်းတို့။ မဟာဝီရာ၊ သမ္မပ္ပဓာန် ထက်သန်ပြည့်ဖြိုး ဝီရိယဓာတ်တန်ခိုး ရှိတော်မူကြပေကုန်သော။ တထာဂတာ၊ မြတ်စွာဘုန်းမောင် စိန္တေကျော်တို့သည်။ သဒ္ဓမ္မေန၊ လူ့ရွာ,နတ်ဌာန် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း-တရားစစ်-တရားမှန်ဖြင့်။ နယန္တိ၊ သူလင်-သူသား လင်အများတို့ကို တရားသဘော သက်သက်ဖြင့် ဆက်လက် ဆောင်ကျင်းတော်မူကြပါကုန်၏။ ဓမ္မေန၊ တရားသဘော နှစ်နှစ်ကာကာကြီးဖြင့်။ နယမာနာနံ၊ သာသနာ့အမွေ-သာသနာရေသောက်-သာသနာ့ဂုဏ်တောက်အောင် ချီးမြှောက်မြှင့်တင်တော်မူကြပါကုန်သော။ ဝိဇာနတံ ဝိဇာနဘာနံ၊သကျသာကီ ဇာနည်နွယ်ဘွားပညာရှိပုဂ္ဂိုလ်အများတို့အား။ ဥသုယာ၊ ငြူစူစောင်းမြောင်း မကောင်းသော ချုပ်ချယ်မှုကို ပြုခြင်းဖြင့်။ ကာ၊ အဘယ်အကျိုး ရှိကြကုန်လိမ့်နည်း။ ဝါ၊ "ဖြစ်တောက်-ဖြစ်တောက်"အပြစ်မရောက်ကြစေလင့် (အသင်တို့)ချစ်သလောက် သား-လင်အများတို့ကို ဖြစ်ဖြစ်မြောက်မြောက် တရားတွင်ဖွင့် ပွားကြရန် ဘုရားသခင်ကထား၍ မြှောက်စား-ချီးမြှင့်တော်မူလိမ့်သတည်း။

အဲတာလို ရတဂြိုဟ် ပြည်သူတွေနှင့် သာကီယ ရဟန်း-ပဥ္စင်းတို့ ဆွမ်းခံသွားရင်း အပြိုင်အဆိုင် ရွတ်လိုက်ကြတာ၊ အလွတ်ကျော်ကြားလို့ သွားကြတာဘဲတဲ့၊ သူတပြန်-ငါတလှည့်နှင့် ကဲ့ရဲ့သဂြိုဟ် စကားတင်းဆိုကြတဲ့စကားတွေဟာ ခုနစ်ရက်အတွင်း ရှင်းလင်းပျောက်ကွယ်လို့ သွားတယ်ဆိုကိုး။ အဲ-ယခုပြောခဲ့တဲ့ အဖြစ်အပျက်တွေကတော့ ဘုရားသခင်ပွင့်တော်

မူစအခါများဆီက သာသနာအင်အားမွေးမြူဆဲအချိန်မှာ ဖြစ်ခဲ့-ပျက်ခဲ့တဲ့ အကြောင်းအရာတွေနော်။ ယခု-ကိုသုဒိန်ကလေး၏ အမိ၊ သူဌေးကတော် ကြီးနှင့်၊ ဇနီးသယ်-သူဌေးကတော်ကလေးတို့ကတော့ သုဒိန်ကိုသာ အကြိမ် ကြိမ်-အနည်းနည်း တားဆီးချော့မော့ရှာပါတယ်၊ မြတ်စွာဘုရားအမှုးရှိတဲ့ သံဃာတော်တွေကို မငြူစူ-မထိခိုက်ပါဘူးတဲ့။ ဩော်....အမိ၏စရိုက်၊ ဇနီး သယ်တို့၏ စရိုက်ဆိုတာ တိုက်ရိုက် ချက်ခြင်း လက်ငင်း ပူလောင်ပင်ပန်း တတ်ကြရှာမြဲ ဓမ္မတာကြီးပေကိုး။

ဤကား-လင်ချောနှင့် သားချောအမတို့က ဘုရားဂေါတမကို ငြူစူပုံတည်း။

## ရဟန်းပြုလုပ်ဘို့ မသွားဖြစ်အောင် တားမြစ်တောင်းပန်ကြပုံ

မောင်သုဒိန် ကလေး ရဟန်း ပြု လုပ် ဘို့ ရန် ခွင့်မပေးနိုင်ပါဘူး၊ သဘောမတူနိုင်ပါဘူးလို့ဆိုတဲ့ ဘက်က တအိမ်လုံးမဲဆန္ဒပေးကြသတဲ့။အဲဒီ တော့ ကိုသုဒိန်ကတဘက်၊ကျန်အိမ်သူ-အိမ်သားတွေကဘဘက်၊ ကန့်ကွက် ခုံကြတာပေါ့လေ။ အိမ်သူ - အိမ်သားတို့ဘက်က ဦးစီးခေါင်းဆောင် ဥက္ကဋ္ဌလုပ်သူဟာ ဘယ်သူများလို့ထင်ကြသလဲ၊ အခြားသူ ဟုတ်ပါရိုးလား ကိုသုဒိန်၏မိခင် သူဌေးကတော် - ဒေါ်ဒေါ်ကြီးပေါ့၊ အကျိုးဆောင်က တော့ ကိုသုဒိန်၏ဇနီး သူဌေးကတော် ကလေးပလေ။ သူတို့အကြောင်းပြ ကန့်ကွက်ကြတဲ့အချက်တွေကတာလိုတဲ့‘ပါဠိတော်မှထုတ်နုတ်ဖော်ပြချက်’ “သုဒိန္န၊ ချစ်သားလူလှ-သုဒိန္န။ တွံ၊ သင်ချစ်သားလူလှ-သုဒိန္နသည်။ အမှာ ကံ၊ ငါအမိ အဘတို့၏။ ဧကပုတ္တော၊ တဦးတည်းသော သားချော-သားလှ မှန်ခဲ့ပါပေ၏။ ပိယော၊ အလွန် အမင်း ချစ်ခင်ခြင်း ပိုခဲ့ပါပေတယ်။ မနာ ပေါ၊ အရိပ်တကြည့်ကြည့်နှင့် စိတ်၏နှစ်သက်ခြင်းကိုလဲ ဖြစ်စေလှပါတယ်။ သုခေဓိတော၊ အချီတော်-အချော့တော်တို့ဖြင့် အတော့်ကိုချမ်းသာ၍ ပန်း လွှာ-ပန်းရုံများလို ကြီးပွားတင့်တယ်ခဲ့ပါပေတယ်။ သုဒိန္န၊ ချစ်သားလူလှ သုဒိန္န။ တွံ၊ သင်ချစ်သားလူလှ - သုဒိန္နသည်။ ကိဉ္စိ၊ စိုးစဉ်း အနည်းငယ်မျှ သော။ဒုက္ခဿ၊ဆင်းရဲဒုက္ခဟူသမျှကို။နာဘိဇာနာမိ၊သင်မသိခဲ့ပါတကား။ မာပဗ္ဗဇာဟိ၊ သင်ချစ်သား အလွန်ပမ်းရော့မည် ရှင်ရဟန်း မပြု မလုပ်ပါ လေလင့်”။

"မရဏေနပိ တေ အကာမာ ဝိနာ ဘဝိဿာမ"

"မနေရလို့ သေကြမှ အနိုင်နိုင်ခွဲရမည်ကို အသက်ရှင်ဆဲဖြစ်တဲ့ အဘိုးကြီး-အမယ်ကြီးတို့က အဘယ်နည်းနှင့်မျှ မခွဲနိုင်-မခွါနိုင်ရိုးအမှန်ပါ၊ ဖန်ဝါထည်ဆင်မြန်းပြီး ရှင်ရဟန်း မပြု-မလုပ်ပါလေလင့်-အိုချစ်သား"လို့ များစွာမှ သနားစရာကောင်းအောင် တားမြစ်တောင်းပန်ရှာကြသတဲ့။

မရဏံပါ တယာ သဒ္ဓိံ၊
ဇီဝိတံပါ တယာ ဝိနာ။
တဒေဝ မရဏံ သေယျော၊
ယံ စေ ဇီဝေ တယာ ဝိနာ။ ။
(ပါဠိဇာတ်ပါဠိတော်)

ယခုရွတ်ပြတဲ့ ပါဠိဇာတ်လာ ပါဠိတော်-ဂါထာသဘောနှင့်တော့ 'တကြောသည်း'ဆက်သွယ်နေပါပေါ့ကလား၊ အနက်က-ဒါလိုတဲ့။ သုဒိန္န၊ ချစ်သားလူလှသုဒိန္န။ တယာ၊သင်ချစ်သားလူလှသုဒိန္နနှင့်။သဒ္ဓိံ၊အတူတကွ နေထိုင်ရခြင်းဖြင့်။ မရဏံပါ၊ သေရခြင်းသည်ငင်း။ တယာ၊ ချစ်သားလူလှ သုဒိန္နနှင့်။ ဝိနာ၊ ဖန်ဝါထည်ဆင်မြန်းပြီး သက်န်းဝတ် ဝါဝါဝင်းဝင်းတို့ ဖြင့် ကွာကွင်းခွဲခွါ ရခြင်း သည်ငင်း။ အတ္ထိ၊ နှစ်မျိုးပုံသေ ရှိခဲ့ပါပေ၏။ တေသု၊ သေလျှင်လဲအတူပင် ရှင်ပါလျက် ရှင်ကွဲကွဲ အသဲစိုင်ပြုတ်ကျအောင် ဒုက္ခမီးတည်းဟူသော ထိုနှစ်နည်း-ထိုနှစ်မျိုးတို့တွင်။ တဒေဝ မရဏံ အတူတူ မခွဲကြဘဲ အတူတူမြဲ၍ အတူတူဘဲ သေဆုံးကြရခြင်းသည်သာလျှင်။ သေယျော၊ အမှန်ဘဲမှတ်ပါတော့ မြင့်မြတ်ကောင်းမွန်လှပါပေ၏။ တယာ၊သင် ချစ်သားလူလှ-သုဒိန္နနှင့်။ ဝိနာဇီဝေ၊ အမြင်သားနှင့် အထင်အရှား ကွဲကွာ ၍နေရခြင်းသည်။ ယံစေ၊ မချမှတ်ပေရော့ နုတ်လှတဲ့ ဒြပ်တွေ၌ ဒုက္ခခါတ် မြဲစွဲပြီး တရဲရဲနှင့် အသဲကွဲအောင် တောက်လောင်တော့မည်သာတည်း။

ရှင်ကွဲ-ကွဲပြီး လူ့ဘုံထဲမှာ အသက်မရှည်လို ဗြဟ္မစိုရ် ချိုချိုသောက် ပြီး အသက်ပျောက်သည်အထိ အတူတူနေလိုသတဲ့၊ အပူမခို-အပူမကပ်ဘဲ အအေးခါတ်နှင့် ဘဝဆုံးချင်တဲ့ သဘောပနော်၊ အတော် ထက်သန်တဲ့ လောကသဘောတွေ ကလားလေ။

## လူတို့ဘောင်မှာ မနေပါဘူးလို့ မြေမှာလူး၍ လိမ့်ကာနေပုံ

အဲတာလို အမိအဘ - သဟာယ ညာတကာ လွန်စွာ ချစ်ခင်ကြတဲ့ ပုဂ္ဂိုလ်တစုတို့က ယခုလိုသာသနာ့ဘောင် ဝင်ရောက်မည့်အရေး နည်းနည်းမျှ အားမပေးကြလေတော့၊ ကိုသုဒိန် ကလေးမှာ သွားရေး - လာရေး အတော်ခက်နေရှာတာပေါ့၊ ထက်မျက်တဲ့ ဆန္ဒဆိုတော့ လန်လို့လဲမကျနိုင်ဘူးပေါ့လေ။ ဘုရားဂုဏ်-တရားဂုဏ်-သံဃာ့ဂုဏ် တည်းဟူသော အာရမ္မဏာ မိပတိနှင့် မောင်သုဒိန် သန္တာန်မှာ ရှိကြသော သဟဇာတာဓိပတိတို့ ထိမိ ငြိမိလို့ နေတဲ့အတွက် အခွင့်ပေးတို့အချက်၊ အခွင့်ရတို့အချက် လက်လျှော့မည့်သူ မဟုတ်တဲ့အတိုင်း....

"တတ္ထေဝ ဘူမိယာ နိပဇ္ဇိ၊လ၊ ဣဓေဝ မရဏံ ဘဝိဿတိ"တဲ့။
(ပါဠိတော်)

"မေမေတို့-ဘေဘေတို့ရေ သက်နိုးဝတ်ခွင့်မပြုသမျှဟောဒီနေရာက မထဘူးဗျ၊ ထမင်းလဲမစားတော့ဘူး - ဟင်းလဲမစားတော့ဘူး၊ အနားကိုလဲ မလာကြနှင့်တော့၊ မရဏာဘဝ အကူးခံလိုက်ပါတော့မယ်ဗျ"လို့ ကိုသုဒိန် ကလေး တုံးလုံးလှဲပြီး ဘုံးကနဲလှဲလို့ အိပ်လိုက်ပါရောတဲ့။ ကဲ-တခါမှ ခက်တော့တာဘဲ၊ ရက်စက်တဲ့ ဘဝမှာတော့ ကိုသုဒိန် ကလေးလိုလူ ဇမ္ဗူမှာ ရှာမှ-ရှားပေလိမ့်မယ်နော်၊ ဩော်-သာသနာ ထမ်းလိုတဲ့အတွက် အသက်ကို ပမာမထားသူဖြစ်လေတော့ ရှာမှ-ရှားတယ်လို့ ဆိုရပေမပေါ့လေ။

## အမျိုးမျိုးမေးကြပြီး အမျိုးမျိုးတွေးကြပုံ

အဲတာလို အလွန်မြင့်မြတ်တဲ့ဆန္ဒနှင့် သာသနာ့ အမှုတော်ထမ်းပြီး နိဗ္ဗာန်လမ်းဖွင့်လိုတဲ့အတွက် အသက်ကို ပမာမထား၊ သုံး-လေးရက် အစာမစားဘဲ ဘာစကားမျှမပြော၊ တုဏှိဘော မြေမှာလူးနေတဲ့ "လူထူး"ကိုသုဒိန်ကလေးရဲ့ အဖြစ်အပျက်သတင်းတွေဟာ ချက်ချင်းပြန့်နှံ့လို့ သွားတော့တာပေါ့လေ။ အချို့အတွေးအတော သန့်ကြတဲ့ ကာလသား-ကာလသမီးတွေက တီးတိုး-တီးတိုးနှင့် အမျိုးမျိုး တာလိုပြောကြသတဲ့။ "မောင်သုဒိန်ရဲ့ စိတ်အကြံကို မှန်မှန်ကန်ကန်သိချင်ကြသလား"ကိုး၊ အို-မသိချင်ဘဲ နေပါ့မလား၊တရားစကားအသံပေးပြီး သူဌေးကလေးတို့မမှတာ ရာဇဂြိုဟ် စိန်နန်း

မှာ အကြံဆန်း-ဉာဏ်ဆန်းတွေကို ထုတ်ချင်-ထုတ်နိုင်တာကသား၊ ဟုတ်နိုင် မဟုတ်နိုင် သိရအောင် ပြောစမ်းပါဦးပေါ့လေ၊ ငါတို့ အထင်ပြောရမှာဖြင့် 'ဒီယုန်မြင်လို့-ဒီခြုံထွင်တယ်'အောက်မေ့ဘာဘဲ၊ကလန္ဒရွာငယ်မှာ အသပြာ ကြွယ်ကြွယ်နှင့် နယ်သူဌေးဆိုပေမင့် တကယ်တွေးကြည့်လျှင် ဟို-မြို့ကြီး ပြကြီး၊တိုင်းကြီး-ပြည်ကြီးတို့နှင့်တော့ တူနိုင်မယ်မထင်ကြနှင့်၊ ကိုးဆယ်ဆ ကွာမှာကလား၊ အဲဘာ အသာထားလိုက်ပါဦး၊ ဝါသနာတရား အတိုင်း ကျက်ထားတဲ့ဂါထာတပုဒ်ကို ရွတ်ပြရသေးတာပေါ့။

## ကာလသား နေ့အနပ်တို့က အကဲခတ်ကြပုံ

စရတျေကေန ပါဒေန၊
တိဋ္ဌတျေကေန ပဏ္ဍိတော။
အနိသမ္မ ပရံ ဌာနံ၊
နပ္ပဝ္ဗမာလယံ ဇဟေ။ ။

(နီတိ)

ပဏ္ဍိတော၊ ပညာရှိသောသူ၏ သဘောကား။ ဧကေန ပါဒေန၊ လှမ်းသော ခြေတဘက်နှင့်တူသော အရပ်သစ်ကို မျှော်လင့်သော စိတ်ဖြင့်။ စရတိ၊ သွား၏။ ဧကေန ပါဒေန၊ ရပ်သောခြေတဘက်နှင့်တူသော အရပ် ဟောင်းကို မခွါသောစိတ်ဖြင့်။ တိဋ္ဌတိ၊ ရပ်တည်၏၊ ပရံဌာနံ၊ တပါးသော အရပ်ဌာနသစ်ကို။ အနိသမ္မ၊ မစူးစမ်း-မဆင်ခြင်ဘဲ။ ပုဗ္ဗမာလယံ၊ နေရာ ဌာနဟောင်းကို၊ နဇဟေ၊ မစွန့်တည့်ရာ-တဲ့။

တဌာနသွားကြမည်ကြံ - တဌာန အကုန်မစွန့်ရဘူးတဲ့၊ ဟော-ယခု တော့ သက်ရှိ-သက်မဲ့စည်းစိမ် ရတနာ ရှိရှိသမျှတွေကို တစိကမှ မလိုချင် ဘောဘူး၊ ဖန်ဝါထည်ဆင်မြန်းပြီး သက်နီးဝတ်တော့မယ် - ဆိုတဲ့ အချက် ဟာ ရှာဘရက်ထွက်ပေါ်လာတဲ့အတွက် ရာဇဂြိုဟ်ဘက်မှာ စက်လှည့်မယ် လို့များ ကြံချင်-ကြံမှာကလား၊ သူဌေးသားဆိုတဲ့ သူငယ်ကလေးတွေဟာ လူလယ်ကလေးတွေ များသနော်၊အပါး-အနပ်တွေချည်းပါဘဲလို့ တကာတဲ ဟိုကတမျိုး-ဒီကတမျိုး တိုးတိုး-တိုးတိုးနှင့် ဟိုးဟိုးကျော်နေသတဲ့။

## ကိုသုဒိန့်၏ သူငယ်ချင်းတွေက လည်ပင်းဖက်ပြီး မေးကြပုံ

အဲတာလို အလျှားမှောက်ပြီး အစားအသောက်ဆိုလို့ လုံးလုံးမစား ဂန္ထိတို့အသွားလို“ဧကံပိ ဘတ္တံ နဘုဉ္ဇိ”တရက်ဖြင့်လဲ ထမင်းမစား၊ “ဒွေပိ ဘတ္တာနိ နဘုဉ္ဇိ”နှစ်ရက်ဖြင့်လဲ ထမင်းမစား ။လ။ “သတ္တပိ ဘတ္တာနိ နဘုဉ္ဇိ” ခုနစ်ရက်တိုင်တိုင် ထမင်းမစားဘဲ ရှိလေတော့၊“ထမင်းအသက်-ခုနစ်ရက်” လို့-ဆိုတဲ့အတိုင်း အကြော ပြိုင်းပြိုင်း-ခါးကိုင်းကိုင်း ခန္ဓာကိုယ်လျော့ပါး ပြီး၊ အသွေး-အသားတွေ ဆုတ်ယုတ်၊ ဝမ်းထဲကလဲ “တဂျုတ်ဂျုတ်”နှင့် အဟုတ်အဟတ် စိုးရိမ်ဘွယ်ဖြစ်တဲ့ အခြေအနေဆိုက်ရောက်လာပါရောတဲ့၊ ထိုအခါ မိခင်ဖြစ်တဲ့ သူဌေးကတော်ကြီးမှာ အပူမီးရင်ဝယ်စွဲပြီး ပြာပြာ သလဲ ဖြစ်နေရှာတဲ့အတိုင်း....

ဥဋ္ဌေဟိ တာတ သုဒိန္န၊
စားပါ-သောက်ပါကွဲ့ မြန်မြန်ထပါ။
ကာမသုခံ ဘုဉ္ဇန္တော၀၊
ကောင်းမှုပေါလှ လောကလူ့ဘုံ။ ။
(ပါဠိတော်နှင့်အညီ)

ရဟန်းပြုမှုနိဗ္ဗာန်ရသတဲ့လား၊ လူ့အဝတ်-လူ့အစား၊ လူ့ဘောင်က-လူ့အများတို့လဲ တရားနာ ဥပုသ်ယူ စွန့်ကြူမှု ဒါနကုသိုလ်လျှင် အတူတူ နိဗ္ဗာန်ရောက်ကြတာပါဘဲ။တကတဲ....စိတ်ကူးမလွဲပါနှင့်ငါ့သားရယ်၊ မင်း တကယ် အလျှော့မပေးတော့ဘူးလားလို့ အနားကမခွါ တစာစာ ဘယ်လို မေးပေမင့် ကိုသုဒိန်ကအရေးမလုပ်တော့ပါဘူးတဲ့၊ “တုဏှီ အဟောသိ” လို့-စာကဆိုသကိုး၊ထို့နောင်မှ “သဟာယကာ ယေန သုဒိန္နော”စသည်ဖြင့် ဆိုပြန်တဲ့အတိုင်း ဝိုင်းဝန်းပြီး ကိုသုဒိန့်၏ မိတ်ဆွေအများ သူငယ်ချင်း ကာလသားတွေက အနားမှာအတင်းကပ်ပြီး အထပ်ထပ်မေးမြန်း တားမြစ် ကြသတဲ့။ မေးမြန်းကြပုံက “အို....ချစ်ဆွေကြီး ကိုသုဒိန် ငြိမ်ချက်သား ကောင်းလိုက်ပါဘိတယ်၊ ကျောင်းသွားလို့တရားနာပြီးကတဲက ဝမ်းထဲက အကြံတမျိုးဖြစ်လာတယ်ဆို၊အလို-ဘာစကားတခွန်းမှ ပြောဖေါ်-ဆိုဖေါ် မရတော့ပါကလား၊ သနားသက္ခာ ဖြစ်ရလေတယ် သူငယ်ချင်းရဲ့” စသည် ဖြင့် ဟိုဘက်ကလှုပ်-ဒီဘက်ကလှုပ် တောင်စကားပြော-မြောက်စကားပြော

ပီတိကြောနှလုံးငြိမြီး ပြုံးစိစိဖြစ်လာအောင် ခတ်နောက်နောက် ခတ်လယ်လယ် တကယ်ပျော်ရွှင်တတ်တဲ့ ကာလသားအချို့ကတော့ "ထဗျို-ကိုသုဒ္ဓိန် ထစမ်းပါဗျ၊ ကဲကဲ-ကိုသုဒ္ဓိန်စိတ်ပျော်လာအောင် ငါက-က,မယ်ကွာ၊ မင်းတို့က ပါးစပ်ဆိုင်းနှင့် နတ်သိုင်းရိုက်ပြီး ထွက်လာပုံကလေး တီးပေးကြစမ်းကွာ၊ အောင်မာ ပြင်ထား-ဆင်ထားလိုက်တဲ့ အဖျော်ယမကာ ထမင်းဟင်းတွေကလဲ တသင်းသင်းမွှေးလို့ပါကလား၊ တရားဆိုတဲ့ အချက်အလက်တို့ကြောင့် သက်သက်မဲ့ ဒီစည်းစိမ် ရတနာတွေကို စွန့်ပစ်မယ် ဆိုတာများ သနားလဲသနား အံ့လဲ အံ့သြပါရဲ့ ကိုသုဒ္ဓိန်ရာ၊ ဒီစည်းစိမ် ရတနာ တွေဟာ သူငယ်ချင်းတို့လို ကောင်းမှုရှင် ကုသိုလ်ထူးသူတို့အတွက် သက်သက်ဖန်တီးဖြစ်ပေါ်လို့လာတာကလား၊ ဒီစည်းစိမ်ရတနာတွေကိုရှောင်ကွင်းပြီး ပဉ္စင်းလုပ်တော့မယ်ကြံတာ 'တင်းဘုတ်'နှင့် နားရင်းအုပ်တို့သာ ကောင်းတာဘဲ၊ ကဲကဲ-စကားမများကြနှင့် အစားစားပြီး ဘုရားသွား-ကျောင်းတက်ခြင်းအမှု မပြုတော့ပါဘူးတဲ့ဗျို၊ လျှောက်ထားခဲ့ မိသမျှ စကားတွေ မြတ်စွာဘုရားထံ ပြန်လို့နုတ်သိမ်းမလို့ပါတဲ့ဗျို့-ဒူဟူဟူ" လို့ ပါးစပ်က 'မောင်း' သဏ္ဍာန်တီးပြီး ဝန်ကြီးက-က,ကြပါရောတဲ့၊ သြော်....ပျော်ဘက်-ပါးဘက် တသက်လုံးအတူနေခဲ့ကြတဲ့ ငယ်ပေါင်းကြီးဖော် ပျော်တတ်တဲ့သူငယ်ချင်း ကာလသားတွေကိုး။

ဟန္ဒ နစ္စာမ ဂါယာမ၊
ဟန္ဒ တံ ရမ ယာမသေ။
နယိဒံ အကတ ပုညာနံ၊
ကတ ပုညာန မေဝိဒံ။ ။

(ဝိမာနဝတ္ထုပါဠိတော်)

မှတ်ချက်။ ။(အကွက်ဆိုက်၍ ထည့်လိုက်သောဂါထာ)

သမ္မသုဒ္ဓိန္န၊ အို-ချစ်သဟာယသုဒ္ဓိန္န။ ဟန္ဒ၊ယခုပင်လျှင်။နစ္စာမ၊လာကွာ-ထလို့ က,ကုန်စို့။ဂါယာမ၊ရှည့်,တို့,နိမ့်မြင့် သံစုံဆင့်၍ ဖွင့်ကာလှင့်ကာ သီချင်းဆိုကြပါကုန်စို့။ ဟန္ဒ၊ ယခုပင်လျှင်။ တံ၊ ထိုလောကီအာရုံကာမဂုဏ်များကို။ ရမ ယာမသေ၊ နှစ်သက်စိတ်ထား ဖန်ဖန်အားဖြင့် စံစားမွေ့လျော်ကြပါကုန်စို့။ ဣဒံ၊ ဤသူငယ်ချင်း အုပ်စီးတဲ့ အထုပ်ကြီး = အထည်ကြီး

တည်းဟူသော လောကီရိပ်ငြိမ် လှူစည်းစိမ် များသည်။ အကာတ ပုညာနံ၊ ကောင်းမှုမပါ ဘာလာပြန့်ကြဲ မောင်ကံနဲ့-မယ်ကံနဲ့ ဟူဟူသမျှတို့၏။ န ဟောတိ၊ အဘို့ပိုင်ဆိုင် မဟုတ်နိုင်-မဖြစ်နိုင်သည်သာလျှင်တည်း။ ဣ ဤဒ် သဗ္ဗံ၊ စိန်ရော-မြရော အဝဝ ပေါလိုက်ထာ ခနအကြောက ဆက်သွယ်တဲ့ ဤ စည်းစိမ်ရတနာ အပြွာဖြာများသည်။ ကတပုညာန မေဝ၊ မင့်အသက်-မင့်အရွယ် ကောင်းမှုကြွယ် တမူခြားလှတဲ့ မင်းကဲ့သို့လူစား ပုဂ္ဂိုလ်အများ တို့၏သာလျှင်။ ဟောတိ၊ မယုံမှားလေလင့် စံစားဘို့ ဖြစ်ပေါ်၍ လာပါ သတည်း။ ဝါ၊ ကုသိုလ်ကံအကြောင်းတရားတွေက ကောင်းစားရန်စာရင်း ထုတ်တဲ့ဘဝဆီ၌ ပဋ္ဌာန်းလုပ်၍တထပ်စာ-မစားချင်နှင့်၊ (ဩော်....နားရင်း အုပ်ရလျှင် မှတ်ခါသွားရော့မယ်) မြတ်စွာဘုရားကို သွား၍ကန်တော့ကြ ပါကုန်စို့။ အဲတာလို သဟာယမိတ်ဆွေအပေါင်းတို့က တိုးတိုးတခါ-သာ သာ တလှည့် ပျော်ရွှင်မည့်အတတ်မျိုးတို့ဖြင့် အမျိုးမျိုး ပြောပြကြသော် လဲ "လောကမှ"ထွက်မြောက်လိုတဲ့ ကိုသုဒိန်ကလေးရဲ့စိတ်အစဉ်ကို ဆွဲငင် ယူဆောင်ခြင်းငှါ မတတ်နိုင်ကြပါဘူးတဲ့။ ကိုသုဒိန်ကလေးက တစုံတရာ နှုတ်ဟ၍ ဘာမျှပင်မပြောသော်လဲ သဘောဆိုလိုပုံက ဟောတာလိုသိသင့် ကြပေဘယ်။

## ကိုသုဒိန်၏စိတ်ထားကို နိမိတ်အားဖြင့် သိမြင်ပုံ

ပဉ္စ ကာမဂုဏေ ဟိတွာ၊
ပိယရူပေ မနောရမေ။
သဒ္ဓါယ အဘိနိက္ခမ္မ၊
ဒုက္ခဿန္တံ ကရော ဘဝေ။ ။

(ထေရဂါထာပါဠိတော်)

ဘောန္တော၊ ကြီးဖော်-ငယ်ပေါင်း အိုမိတ်ဆွေ သဟာယကောင်း တို့။ ပိယရူပေ၊ ချစ်အပ် - ခင်အပ် - သာယာအပ်၍ စိတ်ခေတ်ခုံမင် စုံလင် ပြည့်ဖြိုး အချစ်ခေတ်နှိုးနိုင်ကြပေကုန်သော။ မနောရမေ၊ စိတ်နှလုံးကို ယူ ကြုံး မွေ့လျော် အပျော်ကြီး ပျော်စေနိုင်ကြပေကုန်သော။ ပဉ္စကာမဂုဏေ၊ မိတ်ဆွေတို့ သဘောကျကြတဲ့ လောက၏ကာမဂုဏ်အာရုံမီးတို့ကို။ ဟိတွာ၊

မဆည်းမကပ်လိုဘူး အပြီးအပြတ်စွန့်ခွါလေပြီး၍။ သဒ္ဓါယ၊ ဘယာမရော ပါဘူး သဒ္ဓါသဘော နှစ်နှစ်ကာကာကြီးဖြင့် သာလျှင်။ အာဘိနိက္ခမ၊ သွား ပါ-မယားပါ အများရတနာတို့ကို အနားမလာအောင် ထွက်မြောက် ခုန် ကျော်လေပြီး၍။ ဒုက္ခသာ၊ ဒုက္ခသစ္စာ ငါ့ခန္ဓာကြီး၏။ အန္တ၊ ဆုံးရာကုန်ရာ ဖြစ်တဲ့ နိဗ္ဗာန်နိဗ္ဗာန်နယ်ကြီးသို့။ ကရောဘဝေ၊ မဂ္ဂသစ္စာ အခါခါ ပွား ကာဖြင့် အညှာမထားပါဘူး သာသနာများခိုက်မှာ ဘာဝနာ တရားနှင့် ရောက်အောင် ယူခဲ့အံ့သတည်း။

အဲတာလို–ဒုတိယမ္ပိ နှစ်ကြိမ်မြောက်၊ တတိယမ္ပိ သုံးကြိမ်မြောက် ဆိုတာလို သုံးကြိမ်-သုံးဖန် အတန်တန် တောင်းပန်ကြ သော်လဲ ကျောင်း ကန်ကို ခတ်မြန်မြန် မသွားရလျှင် အစား အစာတွေ မစား၊ ဘုရားအထံ တော်၌ ရှင်ရဟန်းမပြုရလျှင် ယခုနေရာဘွင် ကိုစ္စအတုံး အသက် ဇီဝဆုံး အောင် အသေခံမည့်အရေး လေးလေးနက်နက် သိရှိလာကြလေတော့၊ ကို သုဒိန်၏ သူငယ်ချင်းတွေက အပြင်းအထန်ဆိုတာလို သူဌေးကြီးနှင့် သူဌေး ကတော်ကြီးတို့ကို တာလိုပြောပြကြသတဲ့။

"အမ္မ တာတာ ဧသော သုဒိန္နော ဣဓေဝ မရဏံ ဘဝိဿတိ"

(ပါဠိတော်)

"အို–သူဌေးကြီး နှင့် သူဌေးကတော်ကြီးတို့ ရဟန်း ပြုဘို့ အရေး အခွင့်မပေးခဲ့ပါလျှင် အဒေါ်တို့သားသုဒိန်ကလေး သေနယ်နှင့်မဖဝးတော့ ပါ၊ အဲဘာကြောင့် အေးအေးဆေးဆေး စောစောစီးစီးက အခွင့်ပေးကြ မှ အရေးသင့်လျော်ပါလိမ့်မယ်၊ တကာယ်စွန့်စားတဲ့လူဘဲ အဒေါ်ရေ့"လို့။

"ပဗ္ဗဇ္ဇိတံပိ နံ ဒက္ခိဿထ"

"ရဟန်းပြုလုပ်ဘို့အရေး အကာယ်၍ အခွင့်ပေးလိုက်လျှင် သင်္ကန်း တော် ဝါဝါသွေးနှင့် ဦးပဍ္ဍင်း သုဒိန်ကသေးကို ခတ်ဝေးဝေးက မြင်နိုင်- တွေ့နိုင်ကြရိုး အမှန်ပါ" တော်တော်ကြာလို့....

"သစေ နာဘိ ရမိဿတိ ဣဓေဝ ပစ္စာဂမိဿတိ"

"သင်္ကန်းနှင့် စိတ်မပျော်တဲ့အတွက် လူတဖန်ထွက်လာလျှင်၊ ရုတ်တ ရက် ဘယ်ကိုသွားနိုင်ပါ့မလဲ တခါထဲ-အဒေါ်တို့အထံ ခတ်မြန်မြန် ပြန် ရောက်၍ လာမှာပေါ့ "အဘော့ကို" အားလျော့ကုန်ပြီဗျို"လို့၊ သို့ကလို

ပြောပြကြသတဲ့၊(ဟောဒီစကားဟာ တော်တော်ကလေး မှတ်သားထိုက်တဲ့ စကားပါဘဲ) ဘာ့ကြောင့်လဲသို့ ဆိုတော့ ကမ္ဘာလောကကြီး အတွင်းမှာ ရှိကြတဲ့ လူ-တဦးတယောက်ဟာ ကိုယ်လုပ်ချင်တဲ့အလုပ် ရှတ်တရက် မလုပ်လိုက်ရလျှင်၊ ဘယ်သူ့ကြောင့်ပျက်ရတယ်၊ဘယ်ဝါကြောင့် ပျက်ရတယ်နှင့် တို့နှယ်ဒီနှယ် အသွယ်သွယ်,အပြစ်ဖို့ကြတာကလား၊သူရောင်ပါ သတ္တဝါ ပုထုဇဉ် ဟူသမျှကို ဆိုတဲ့ စကားပါနော်၊ အဲတာကြောင့်-မှားမှား မှန်မှန် တရံဆန်-ခေတ္တလောက်ဖြစ်ပေမင့် အလျှော့ပေးပြီး ခတ်အေးအေးကြည့်နေလိုက်တာဘဲကောင်းတယ်(ဒုဗ္ဗစကို ဆိုလိုပါသည်)မဟာန်တဲ့တနေ့ တခွေ့ရှေ့ပြန်လည်သတိရ၍ လာတတ် တာမျိုးကိုး၊ " လောကသစ္စံ နသစ္စံ " ဆိုတဲ့ အတိုင်း၊ တလောကလုံး၏ သဘော ယေဘုယျေန - အများအားဖြစ်သာ ပြောလိုက်ထာပေါ့နော်၊ မြော်မြင်ကြီးကျယ်လှတဲ့ ဉာဏ်သွားနှင့် ပညာရှိများ၏ အရဌာနများသာ ဖြစ်ပါတယ်၊ (တထစ်ကျ မမှတ်သားကြပါလင့် ဟူလို) အဲတာလို-ကိုသုဒိန်၏ မိတ်ဆွေသဟာယတွေက " စကားမများကြနှင့်တော့ ဗျာရို့၊ ခင်ဗျားတို့ - သားသုဒိန်ကို ဘုရားသွား,ကျောင်းတက်၍ သာသနာဘက်မှာ၊ အသွင်တခန်းနှင့် ရှင်ရဟာန်း ပြုလုပ်ဘို့အရေး ဘာဘာ ညာညာ မတွေးကြဘဲ သာသာနာ မမေ့ရအောင် သာသာကလေး ခွင့်ပြုလိုက်ကြပါ၊ အဲတာလို-ခွင့်ပြုလို့ အသွင်တခန်းနှင့် ရှင်ရှင်လန်းလန်းဆိုတာလို ရှင်ရဟာန်း ပြုရတဲ့အတွက် အသက်သေတော့မည် မဟုတ်ပါ၊ အသက်မသေလျှင်၊ ရက်ရှေ လ,များဆိုတာလို ဒေါ်ဒေါ်တို့-ဦးတို့က ကျောင်းတော်သွားတဲ့အခါတွေ၊ ဦးသုဒိန်က ဆွမ်းခံကြွလာတဲ့ အခါတွေ၊ တွေ့ချင်တိုင်း - တွေ့ဆုံနိုင်ကြပါတယ်၊ ဒီယနေ့-ဒီအခါမှ အသာအယာ ခွင့်မပြုကြလျှင်၊ အသုဘရှု သက်ပျောက်ဆွမ်းသပိတ်သွတ်ဘို့သာ ပြင်ကြ-ဆင်ကြပေရော့၊အလျှင်ကနှင့် မတူတော့ဘူး အထူးအားပြော့နေပြီ ဒေါ်ဒေါ်တို့ရေ့ ငွေ့ငွေ့ကလေး အသက်ရှိတော့တယ်၊ (အောင်မယ်မင်း) ခက်ရချည့်ရဲ့-လို့၊ တကယ့်ကို - ပူပင်လှတဲ့ဇောနှင့် ကဒေါ်,ကမြော ဒလဲဟောပြောဆို တိုက်တွန်းကုန်ကြပါရောတဲ့၊ အဲတာကြောင့်—

အနုဇာနာထ ပဗ္ဗဇ္ဇာ၊
ဒိဿထ တံ ဒိနေ ဒိနေ။
သစေ နဒေဿ ကာရေတုံ၊
မုဟုံ ဋ္ဌမေဝ အနိ္တကုံ။ ။ (*)

ဘောဇနေ္တာ၊ အို သူဌေးကြီး နှင့် - သူဌေးကတော်ကြီးတို့။ တံသုဒိန္နံ၊ စကားမများကြနှင့် ဗျာရို့ ဘုရားသွားကျောင်းတက်၍ အကောင်းဘက်-သွားလိုတဲ့ ခင်ဗျားတို့ - သားသုဒိန်ကလေးကို။ ပဗ္ဗဇ္ဇာ ပဗ္ဗဇ္ဇာယ၊ ဖန်ဝါရောင်ဆင်မြန်း၍သင်္ကန်းနှင့်ရှင်ရဟန်းပြုလုပ်စေရန်အလို့ငှါ။အနုဇာနာထ၊ ဘာညာ မတွေးလေလင့် အညှာအတာပေးပြီး သာသာကလေး - ခွင့်ပြုလိုက်ကြပါကုန်လော့။ (ဝေ၊ ဤသို့။ အနုညာတော၊ သာသနာအရေးမှာ အညှာအတာပေး၍ ဘာညာမတွေးကြဘဲ သာသာကလေး ခွင့်ပြုနိုင်ကြကုန်သည်ရှိသော်။) တံ၊ ထိုအခါတို့သား သုဒိန်ကလေးကို။ ဒိနေဒိနေ၊ နေ့တိုင်း - နေ့တိုင်း။ ဒိဿထ၊ ကျောင်းတော်သွားနှင့် ကျောင်းတော်ပြန် ဆွမ်းတော်ခံ၊ ဆွမ်းတော်လောင်းတဲ့အခါ အကြောင်းသင့် ဖူးကြရကုန်လိမ့်သတည်း။ ကာရေတုံ၊ ဖန်ဝါရောင်ဆင်မြန်း၍ သင်္ကန်းနှင့် ရှင်ရဟန်းပြုလုပ်စိမ့်သောငှါ။ သစေ နဒေဿိ၊ အကယ်၍အခွင့်မပေးနိုင်ကြကုန်သည်ဖြစ်အံ့။ မုဟုံ၊ လျင်လျင်-မြန်မြန်။ ဣဓေဝ၊ ဤအရပ်-ဤဌာနဌ်ပင်လျှင်။ ဝါ၊အသဲထိတ်လောက်ပါရဲ့ အမြဲအိပ်၍နေတဲ့ ဤအရပ်-ဤဌာနဌ်ပင်လျှင်။ အန္တိကံ၊ လူ့ဘဝ အဆုံးလို့ဆိုတဲ့ သေနယ်-သေရပ်သို့။ ဝါ၊ ယခုက - ပြောလိုက်မယ် အသုဘသဘောတည်းဟူသော လူ့ဘဝ အဆုံးဖြစ်ပေတဲ့ သေနယ်-သေရပ်သို့။ ဂမိဿတိ၊ စိတ်သာချပေရော့ ဒိဋ္ဌသွားတော့မည် သာလျှင်တည်း။ ဝါ၊ သပိတ်အဖြာဖြာ ပရိက္ခရာပေးကြပေရော့ ထိတ်စရာ အရေးတွေနှင့် တဖြေးဖြေး နီးလှလေပြီတကား။

## အမိအဘတို့ထံက အခွင့်ရ၍ သာသာကလေး ထတော့မည်

အဲတာလို-ကိုသုဒိန်၏ သူငယ်ချင်း မိတ်သဟာယ အပေါင်းတို့က အကျိုးအကြောင်း ဖေါ်ပြ,ပြောဆိုကြလေတော့၊ အမိအဘ သူဌေးကြီး သူဌေးကတော်ကြီးတို့သည် ကိုသုဒိန်၏အနီး အသာအယာ သွားကြပြီး—

" အနုဇာနာမ တာတာ သုဒိန္န " တဲ့။

"အို-ကိုသုဒိန်၏မိတ်ဆွေ တူသယ်ကလေးတို့ရေ၊ မင်းတို့သူငယ်ချင်း ကိုသုဒိန်ကလေး ရဟန်း, ပြုလုပ်ဘို့အရေး အနူးအညွတ် အခွင့်ပေးပါပြီ၊ တဆိတ်ကလေး - ထမင်းစားအောင် တိုက်တွန်းကြပါဦးလို့ ဆိုတော့၊ မိတ်ဆွေသူငယ်ချင်းအပေါင်းတို့ကလဲ သောင်းသောင်းဖျဖျသြဘာပေးကြပြီး-

ဥဋ္ဌေဟိ သမ္မသုဒ္ဓိန္န၊
ခွင့်ပြုပါပြီတဲ့-မြန်မြန်ထ။
ကာမဂုဏောဟိ နိက္ခမ္မ၊
မျိုးဇာတ်-သာကီယ ဝင်တော်မူ။ ။

အထခေါ၊ ထိုအခါ၌။ သုဒ္ဓိန္နော၊ အဘင်းယခု ပဥ္စင်းပြုလိုတဲ့ ကိုသုဒ္ဓိန်ကလေးသည်။ ဟဋ္ဌော၊ဝမ်းမြောက်ဝမ်းသာရှိလှရှာ၍။ ဥဒဂ္ဂေါ၊ငါပြတ္တ့ယောကျ်ား တက်ကြွသောစိတ်အားဖြင့် အများကြီးဝမ်းသာလေသည်ဖြစ်၍။ပါဏိနာ၊လက်ဖြင့်။ ဂတ္တာနို၊ကိုယ်တို့ကို။ ပရိပုဉ္ဆန္တေန ရုတ်တရက်အားဖြင့် ဖုတ်ဖက်တွေကို သုတ်သက်ခါချလျက်။ ဝုဋ္ဌာသိ၊ အသာကလေး အားယူ၍ အများမထူမီ ထလိုက်လေတော့သတည်း” တဲ့။ (ပါဠိတော်) ရုတ်တရက်အားဖြင့် ဖုတ်ဖက်ကလေးများကို သုတ်သက်ခါချပြီး အများမထူရဘဲ အားယူပြီး အသာကလေး ထရှာတယ်လို့ ဆိုလိုတယ်။

ရောက်လွယ်အောင်ပြောကြပါစို့၊ ယခုအခါ ကိုသုဒ္ဓိန်ကလေးသည် ကိုသုဒ္ဓိန်ဆိုတဲ့ လူ့အသွင်အပြင်ဘေးဖယ်ရှားပြီး တရားအမြတ် အရဟတ္တဓဇ အရဟတ္တဖိုလ်၏ အောင်လံတံခွန် ဝေဠုဝန်ကျောင်းတော်ဦးဆီ၌ ဦးပဥ္စင်း ဦးသုဒ္ဓိန်ကလေးဖြစ်၍ နေရှာလေပြီတဲ့၊ သားရေနယ်ကလေး ပခုံးမှာတင် ကြည်လင်တဲ့စိတ်ဓာတ် ယပ်ကလေးတချောင်း လက်မှာ စွဲလို့ပေါ့လေ။

ကြဉ်ဖဲကာမာ၊ ကျင့်ယုတ်မာသား၊ တဏှာအကြိုက်၊လူ့စရိုက်ကို၊ မလိုက်ကင်းအောင်၊ ရှား၍ရှောင်၏-တဲ့။

အိမ်ထောင်ညွတ်ကွင်း သံသရာဝဋ်အတွင်းဆီမှ လွတ်ကင်းအောင် တခါရှောင်တော့မဟဲ့-လို့ သာသနာဘောင် ရွှေတောင်ထိပ်မှာ....

သဗိတ်သက်န်း၊ ဖန်ရည်စွန်းနှင့်၊ ရဟန်းအသွင်၊ ကိုယ်တော်ဆင်သည်၊ ဖူးမြင်-မရောင့်မရဲ ...တည်း။

ဟူ၍-ပညာရှိတို့ စပ်ဆိုတော်မူကြသည့်အတိုင်း၊ အသက်ကလေးက ခပ်ငယ်ငယ်၊ အရွယ်ကလေးက ခပ်နုနု၊ ယခုလို ဖန်ရည်ဆိုးကလေးနှင့် ဆိုတော့ တမျိုးကြည်ညိုဘို့ ကောင်းသွားတာပေါ့ နော်။ သူဋ္ဌေးကတော်ကလေးနှင့်တကွ အမိအဘ အဝဝသော ဉာတကာ၊ အဖြာဖြာသော သဟာယတို့မှာ တခါမှ ခက်တော့တာပါဘဲ-ရယ်လို့ အသဲကွဲလု မတတ်

ကြောက်ခွဲ ဝမ်းနည်းရှာကြ သတဲ့။ ဦးသုဒိန် ကလေး၏ စိတ်အကြံကတော့ နိဗ္ဗာန်ကိုသာ အာရုံပြုချင်လို့ ဘယ်သူကမှ မတွယ်တာပါဘူးတဲ့၊ ဆယ်ဖြာ သောသံယောဇဉ်ဆိုတာ လွန်စွာမှရှစ်ဖွဲ့တုပ်နှောင်တတ်တဲ့အတွက် တခါထဲ ထွက်တော့မယ်ပေါ့လေ၊ ဟာဒယလို့ဆိုတဲ့ နှလုံးသားမှာ ရှုန်းလို့မသွား၊ထွက် လို့ မသွားနိုင်စေရန် အတန်တန်-အစားစား၊ သားကဆွဲ သမီးကဆွဲ ဇနီးက ဆွဲ ရွှေရတနာ–ငွေရတနာ-အသပြာနေတို့ကဆွဲ၊ "သည်နဲ့ နှင့်" အသက်ဆုံး သည်တိုင်အောင် တသက်လုံး ဆွဲကြတော့မှာပါကလား၊ ပကတိ မျက်စိဖြင့် မမြင်၊ သံယောဇဉ်-ကြိုးဆယ်မျှင်တို့ကို သည်တွင်ပင် စခန်းရပ်ပြီးသကာလ၊ စခန်းသပ် ထွက်ခွါပါတော့မယ်။ နေ့မှာလဲ - တဆူဆူ၊ ညမှာလဲ - တဆူဆူ ငြူစူရတာကလဲ-မကောင်း၊ ဆင်းရဲတဲ့ ဘုံအတွင်းဆီ၌ နေထိုင်ခြင်းငှါ မတော် တော့ပါပြီဘူးရယ်လို့ အထူးသံဝေဂ ရသွားရှာတာကိုး။

> လက်ကိုင်မဲ့၊ မျက်စိမထင်၊ ကြိုးဆယ်မျှင်ဖြင့်၊ သို့စဉ်မပြတ်၊ ဆယ် ခွေပတ်ပြီး၊ မလွတ်နိုင်ကြ၊ ကိုးဘဝဝယ်၊ နေ့ညည်းညူ၊ ကြွက် ကြွက်ဆူဖြင့်၊ ငြူငြူစူစူ၊ ဟိန်းဟဲဦး၍၊ သည်းအူမချိ၊ နွမ်းရိပြင်းပြ၊ ပူသောကနှင့်၊ ကြောင့်ကြထို၍၊ တအီအီနှင့်၊ ကသီလင်တ၊ မဆုံး ဆအောင်၊ ဒုက္ခလွန်ကဲ၊ ချည်နှောင်မြဲသည် ..... ဆင်းရဲတပေပေ နှင့်သာ-တမ့်။

> သံယောဇဉ်ကြိုး-ဆယ်မျိုးချည်နှောင်၊
> သဲညှာသိမ်မွေ့-မရွေ့နိုင်အောင်။
> အတင်းဆွဲ၍-ဆင်းရဲပူလောင်၊
> ရဟန်းဇာတ်-လမ်းဖြတ်မယ်တို့မောင်။ ။

## အဓိပတိ ပစ္စယော

"အဓိပတိ ပစ္စယော"ရယ်လို့ ဘုရားသခင်က ဟောတော်မူခဲ့တယ်၊ ထိုအဓိပတိပစ္စည်းသည် အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ-ရယ်လို့ နှစ် မျိုး ရှိဘာကိုး၊ ယခု ဇာတ်ဝတ္ထု အတွက် နားလည်ဘို့ အချက်ကတော့ အစိန္တေယျ လောကထွဋ်ထား ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်၎င်း၊ ဘုရားသခင်ဟောပြတော်မူတဲ့ ဓမ္မောသဓ-တည်းဟူသော မဂ်လေးတန် ဖိုလ် လေးတန် နိဗ္ဗာန်တရားတော်မြတ်ကြီးသည်၎င်း၊ အာရမ္မဏ အဓိပတိပစ္စည်း ၏အဖြစ်ဖြင့် စင်စစ်ဟုတ်မှန်၍နေပေတယ်။ ဦးသုဒိန်နှင့်မဆိုင်၊ ဦးသုဒိန်နှင့်

မစပ် အာရုံဓာတ်အဖြစ်ဖြင့်သာ ဆက်သွယ်နေတာကလား။ ဟော-ဦးသုဒိန် ကိုယ်တော် ကလေး၏ သန္တာန်မှာရှိကြတဲ့ ဆန္ဒတရား, စိတ်တရား, ဝီရိယ တရား,ဝီမံသပညာတရားများကတော့ သဟဇာတ အဓိပတိပစ္စည်း၏အဖြစ် ဖြင့် စင်စစ်ဟုတ်မှန်ဖြစ်တည်၍ နေပေတယ်။ "မီးတွင်ရှိန်ဝါ-ထက်ကြပ်ပါ" ဆိုတာလို ထိုဆန္ဒ,ဝီရိယ,ပညာ,စိတ်ဓာတ်တရားတို့နှင့် မခြားအမြဲ ဘွားကနဲ ဘွားကနဲဖြစ်ပေါ်လာတဲ့ စိတ္တုပ္ပါဒ်တရားများကတော့ အကျိုးတရား ပစ္စ ယုပ္ပန်ဘဲတဲ့၊ ဘုရားအာရုံ, တရားအာရုံ, သံဃာ့အာရုံ, နိဗ္ဗာန်အာရုံတွေဟာ အာရမ္မဏာဓိပတိပစ္စည်းတရား အကြောင်းခံတဲ့အတွက် ဦးသုဒိန်ကလေး၏ သန္တာန်မှ ပေါ်ထွက်၍လာတဲ့ ဆန္ဒ,ဝီရိယ,စိတ္တ,ဝီမံသပြဋ္ဌာန်းပြီး ရဟန်းပြု လုပ်လိုခြင်း တည်းဟူသော မဟာကုသိုလ် တရားတွေကတော့ အကျိုးပစ္စ ယုပ္ပန်တရားတွေဘဲ သဲသဲမဲမဲနှင့် အမြဲအားထုတ်ပြီး ကြောက်ရပ်နှင့်နောက် ဆုတ်တဲ့သဘောမျိုးတွေ မဟုတ်ပါဘူး။ယခု ဦးသုဒိန်ကိုယ်တော်ကလေးကို ဘဲ ကြည့်ကြပါရော့၊ ဦးသုဒိန်၏ မိတ်ဆွေသူငယ်ချင်းတွေမှာတော့ အောင် မယ်မင်း-သူမို့လို စွန့်ဝံ့ပလေတယ်၊ ကြံဝံ့ပလေဘယ်၊ လုပ်ဝံ့ပလေတယ်လို့ သေနယ်ကို လိုက်ရမှာလောက်နီးနီး အများကြီးကြောက်ရွံ၊ အများကြီး နောက်တွန့်ပြီး အလွန့်အလွန်အံ့သြနေကြဒါကလား။ ဒါဘာကြောင့်လဲတဲ့ သူ၏အတွင်းသန္တာန်မှာ ကောန်ထင်ရှားရှိနေတဲ့ ဆန္ဒတရား, ဝီရိယတရား, စိတ်ဓာတ်တရား, ပညာတရားတွေက အားနည်း ယုတ်လျော့နေတာကိုး၊ အဓိပတိမဖြစ်ဘူးလို့ ဆိုလိုတယ်။ ဆန္ဒစတဲ့ အဓိပတိတရား ပစ္စည်း မတပ်ခဲ့ လျှင် အလုပ်အရပ်ရပ် ဟူသမျှ ကြံရုံကလေး-ကြံရုံမျှဖြင့် အောင်မယ်လေး ကိုယ်ဆင်းရဲသွားရော့မယ်၊ စိတ်ဆင်းရဲသွားရော့မယ်နှင့် တခါတည်း ဆုတ် နစ်ပြီး အဟုတ်ပစ်၍ ပြေးကြမြဲပါဘဲ၊ တွေ့ဆရဲတဲ့သူပင် ခပ်ရှားရှားပါ။ ဟော-အာရုံကလဲ အဓိပတိ၊ ဆန္ဒစတဲ့ သဘော လေးပါးကလဲ အဓိပတိ၊ ယောကျ်ားဆိုတဲ့သတ္တိဖြင့် ထိထိမိမိ ကြံစီလုပ်ကိုင်ကြတဲ့ တနေ့မှာ ခက်ပေ့ ဆိုတဲ့ ဓာတ်သဘောတွေဟာ လတ်တလော လွယ်ကူ ပြီးမြောက်သွားရိုး အမှန်ပါဘဲ၊ "ဣမ္မသိဒ္ဓိယာ သံဝတ္တန္တိ"အဓိပတိ လေးပါးရှိသည့် အတွက် လောကကြီးတခုလုံးမှာ ပုဂ္ဂိုလ်ထူး-ပုဂ္ဂိုလ်မြတ် အတတ် ဆန်းဆန်း ကြယ် ကြယ်-အသွယ်သွယ်-အဝဝပုဂ္ဂိုလ်သာမည မှ ဘုရားအလောင်း၊ပစ္စေကဗုဒ္ဓါ အလောင်း၊ အဂ္ဂသာဝက အလောင်း၊ ပကတိသာဝက အလောင်း၊ ထို အလောင်း-အလျာအဖြစ်တို့မှ ဘုရားအစစ်၊ ပစ္စေက ဗုဒ္ဓါအစစ်၊ အဂ္ဂသာ

ဝကအစစ်၊ ပကတိသာဝကအစစ် အဖြစ်ကြီး-ဖြစ်ကုန်ကြတာပေါ့။ ဒီလို ဖြစ်နေတဲ့အတွက်"လောကဿ၊ လောကကြီးတခုလုံး၏။ အတ္ထာယ၊အကျိုးငှါ။ ဟိတာယ၊ အစီးအပွားငှါ။ သုခါယ၊ ချမ်းသာခြင်းငှါ။"စင်ကြယ်စွာ ဖြစ်ထွန်းနေတာပေါ့။ အသေအချာ စဉ်းစားပြီး ဆန္ဒတရား, ဝီရိယတရား, စိတ္တတရား, ဝိမံသတရားများကို အဓိပတိ အခြေဖြစ်ကြအောင် အားသစ်မွေးမြူ-ထူထောင်စိုက်ပျိုးကြရမယ်။ ဒီ-ဆန္ဒတရား, ဝီရိယတရား, စိတ်ဓာတ်တရား, ဝိမံသ တရားတွေကို အဓိပတိ ပစ္စည်းတပ်နိုင်အောင် မပြတ်မလပ် မွေးမြူရန် တော်တော်ခက်သော်လဲ'မဖြစ်နိုင်တဲ့'အချက်လို့များ အထင်မမှားလိုက်ကြပါနှင့်နော်၊ ကြိုးစားချက် အဓရလည်၍ တာရှည်စွာလေ့လာလျှင် ဘယ်အရာမျှ မဖြစ် ဟူ၍ - မရှိပါဘူးတဲ့၊ ဤကဲ့သို့ တဖြည်းဖြည်း တစတစ လေ့လာတော်မူသွားကြတဲ့အတွက် မရေမတွက်နိုင်အောင်ပင် ဂဏ်ဝါဠ သံစုမက ဗုဒ္ဓမြတ်စွာ စိန္တေယျာတို့ ပွင့်တော် မူနိုင် ကြတယ် မဟုတ်လား၊ အားကျမွေးမြူနိုင်ကြပေစေ-တဲ့။

## ခင်မျိုးမြင့် သူဌေးကတော်ကလေးအား အမေးတော်တော် များ၍နေပုံ

(ဤအချက်ကိုလည်း ထည့်စွက်၍ ဟောလိုမှ ဟောနိုင်၏)

ယခုအခါ ဦးသုဒိန်ကိုယ်တော်ကလေးမှာဖြင့် သက်နီးဘော်ဝါဝါ အဆင်းနှင့် သာသနာတော်အတွင်းမှာ အလွန်အမင်း နှစ်သိမ့်ပျော်မွေ့၍ နေရှာပေပြီ၊ ကလန္ဒရွာကလေးမှာ ကျန်ရစ်ခဲ့တဲ့ အမိအဘ- သဟာယ- ညာတကာ အဖြာဖြာတို့အနက် လူ့ဘဝက အကြောင်းဆက်ခဲ့တဲ့ ဦးသုဒိန်၏ ကြင်ယာဇနီး- အိမ်ထောင်စီး သူဌေးကတော် ကလေးအတွက် ဖေါ်ပြဘို့ အချက်က အကွက်ဆိုက်လာပြန်တယ်။ ဒီ-သူဌေးကတော်ကလေးရဲ့ နာမည်ကို"ဗီဇက မာတာတိ နာမံ အကံသု"ရယ်-လို့ ပါဠိလာရှိတဲ့အတိုင်း မရိုင်းအောင် နာမည်မှည့်ရလျှင်"ခင်မျိုးမြင့်"လို့သာ မှတ်သားဝေါ်ဝေါ်လိုက် ကြပေတော့၊အဲဒါ ကြောင့်သူဌေးကတော်ကလေး"ခင်မျိုးမြင့်"ပေါ့လေ၊ ခင်မျိုးမြင့်ဆိုလျှင် ဦးသုဒိန်၏ လူ့ဘဝက ကြင်ယာဇနီးဘဲရယ်လို့ တခါထဲ နားလည်၍ ထားကြစေလိုတယ်။

ဦးသုဒိန် ကိုယ်တော်ကလေး ရဟန်းပြုသွားတဲ့ နေ့က စပြီး တော့ ယခု·ခင်မျိုးမြင့် သူ့ဒွေးကတော် ကလေးမှာ အဘယ်အခါမှ အေးအေး နေခွင့် မရရှာပါဘူးတဲ့၊ အဘယ့်ကြောင့် ပါလဲလို့ဆိုတော့၊ "မိန်းမချင်းမို့- ကိုယ်ချင်းစာ" ဆိုတဲ့အတိုင်း ရပ်မှာ·ရွာမှာရှိကြတဲ့ သိသိသမျှ အရွယ်တူ- အရွယ်မတူ ဟူဟူသမျှ ဣတ္ထိဘာဝ မိန်းမဘည်းဟူသော အဖေါ် အလျော် တသင်းတွေက မိန်းမချင်းမို့ လက်ငင်းမေးပရစေ၊ ခင်မျိုးမြင့်ရယ် ရှင့်စိတ် ထဲမယ် ဘယ်လိုများနေပါသလဲ၊ တကတဲ - ယောကျ်ားဆိုတဲ့ ယောကျ်ား များဟာ အထောက်အထား အညှာအတာ ဘယ်နေရာမှခင့်ကွက် ရက်စက် တယ်လို့ ဆိုချင်ပါတယ် တကယ်ပါဘဲ၊ ကျမတို့တောင် - မဆိုင်ဘဲနှင့် ကြားထဲက စိတ်နာမိပါရဲ့၊ သူမသိအောင် ရှင်က ဘာတွေများ လုပ်ကိုင် ပြောဆိုပါသလဲ၊ မသဲကွဲလို့ သဲကွဲအောင် သနားချစ်ခင်တဲ့ စိတ်ထားနှင့် အမှား - အမှန် မေးရပါတယ်နော် ....၊ စသည်ဖြင့် ဟိုကမေး – ဒီကမေး အမျိုးမျိုး မေးကြမြန်းကြလွန်းတဲ့အတွက် တရက်မှ အေးအေးဆေးဆေး မနေရပါဘူးတဲ့၊ အင်း.... မေးလဲ မေးကြ ပေမပေါ့လေ၊ မေးစရာကလဲ အလွန်ကောင်း၊ အကျိုးအကြောင်းကိုလဲ အလွန်သိချင်ကြဘာကိုး၊ အချို ခင်မျိုးမြင့်လို လင်အပစ်ခံရမှာကို တွေးတောစိုးရိမ်သူများကလဲ ဝမ်းထဲက ခပ်ပူပူနှင့် ကျမတို့မိန်းမများအတွက် ယောကျ်ားတွေ စိတ်ပျက်ပြီး ရဟန်း ဘက် ကူးပြောင်းရိုးမှန်လျှင် ကေန် ခက်ကုန်တော့မှာဘဲ၊ နဲနဲပါးပါး စိတ် ပျက်ပုံကို အရိပ်အမြွက်လောက်ဖြစ်ဖြစ် ပြောစမ်းပါမျိုးမြင့်ရယ်၊တကယ် ပါဘဲ ရှင်နှင့် ကိုသုဒိန်နှင့် (အေးလေ) ဦးသုဒိန်နှင့် ရန်မဖြစ် မိဘူးလား၊ အလွန်ဘဲထူးခြားပါတယ်၊ အမိ·အဘ များကိုသာ သားဖြစ်သူက စွန့်ခွါ နိုင်တယ်ဆိုတဲ့အချက်မှာတော့ လေးလေးနက်နက်စဉ်းစားစရာမလိုပါ၊ ရှင့် လိုဟာကို စွန့်ခွါပစ်ထားလို့ သွားနိုင်တယ်ဆိုတဲ့ အချက်ကြောင့် ကျမတို့ စိတ်ပျက် နေပါတယ်၊ ရှင့်အတွက်ရော ကျမတို့ အတွက်ရော ပြောပြတဲ့ စကားပါနော်။ ဪ–တော်တော်ကြာ ကျမတို့အိမ်ကလူပါ ဦးသုဒိန်၏ ခြေရာနင်းပြီး သာသနာတွင်း ဝင်ကြမှဖြင့် ( ဟောဒီက-ကမြင်းမတွေ ) သေမင်းနောက် ကောက်ကောက်ပါအောင် တပြုံဘခေါင်းကြီး လိုက်ကြ ဘို့သာရှိပါတော့တယ်၊ မြို့လယ်မှာ ကိုယ်တော်မြတ်တွေကလဲ တဝါဝါ- တဝင်းဝင်းနှင့် ဆွမ်းခံရင်းလဲ တရားဟော၊ ဝေဠုဝန်ကျောင်းတော်မှာလဲ တရားဟော၊ တွေးမိတိုင်း စိတ်မော့ပြီး ( အောင်မယ်လေး ) ပြောရင်း–

ပြောရင်း ကျောတွင်းဆီက စိမ့်လှချည့် ရှင်တို့-လို့ သို့ကလို အမေးရော-အတွေးရော အတောမသတ်နိုင်အောင် ပုစ္ဆာထုတ်ကုန်ကြပါရောတဲ့။

အင်း...“ပိဒယောဟိ ဝိပ္ပယောဂ”ဆိုတာ စိတ်သောက အလွန်များတတ်တဲ့ အရေးတွေကလားလေ၊ အတွေးနှင့်ပင် တော်တော်ဒုက္ခရောက်နေကြတာပေါ့၊ လောကီစိတ်နှင့်စဉ်းစားလျှင် သနားဘို့ အတော်ကောင်းပါတယ်။ အဖော်အပေါင်းဆိုတာ ရှိလဲခက်-မရှိလဲခက်နှင့် သွက်သွက် လည်တဲ့ ပဋိစ္စသမုပ္ပါဒ်မျိုးတွေကိုး။

ဩော်...ဣတ္ထိဘာဝ မိန်းမတို့ ဓမ္မတာ လောကမှာ အသွင်ညှိုးပြီး မုဆိုးမအဖြစ်မျိုးကို ကျားဆိုးကြီး, ဆင်ဆိုးကြီးများနှင့် ခရီးရင်ဆိုင် ယှဉ်ပြိုင် တွေ့ဆုံ ရသည့်မျှက ကြောက်ကြမြဲ, လန့်ကြမြဲ ဓမ္မတာကြီး ပါတဲ့၊ လောကရေးရယ်လို့ သူတို့စိတ်ထဲမှာ အောက်မေ့ကြသတဲ့။

“မင်္ဂလက္ခဏာ၊ အင်္ဂါဖြာနှင့်၊ စကြာမင်းကြီး၊ ချစ်မငြီးသည့်၊ သမီးစင်စစ်၊ ဖြစ်လင့်ကစား၊ လင်ယောက်ျားဟု၊ သက်ထားရတနာ၊ လင့်တန်းဆာနှင့်၊ကင်းကွာတုံထ၊မဆင်ရက၊မိန်းမဓမ္မတာ၊ မတင့်ရာခဲ့...”

ဆိုတဲ့စကား အတိုင်း၊ လင့်အပါးမှာမှီခို အချစ်ဓာတ် စိုစိုပျိုပျိုနှင့် ရေကိုမှီတဲ့ ရွှေကြာဖူး၏အသွင် ကြည်လင်တဲ့စိတ်နှလုံးနှင့် နေ့ရှိတိုင်းပြုံးရမှ ဝမ်းသာလုံး ဆို့မြဲပေကိုး။အဲ-သို့မို့ကြောင့်“ရွေးယခေါင်က၊မောင်ကောင့်နှမ၊ အရှိန်ရလျက်၊ ဘ-ကောင်းသမီး၊ အရှိန်ကြီးရုံ၊ဗုံးသီးစင်ခံ၊ထုံးစံစကား၊ အစဉ်ကြားခဲ့တယ်”လို့ ဆိုပေတာပေါ့။ လူ့ဘုံဆိုတဲ့ လောကကြီး၌ မောင်ကောင်း ဆယ်ယောက်၏ အလယ်ကြားမှာ ရွှေရတနာ-ငွေရတနာ တွေနှင့် အခါမပြတ်ခံစား-စံစားရသော်လဲ၊ဒီမုဆိုးမဆိုတဲ့အဖြစ်ကို စင်စစ် ကြောက်ကြပုံ-လန့်ကြပုံ၊ ဥဒါဟရုဏ်ဘလျှ၊ မဒ္ဒီဒေဝီ၏ အဖွဲ့အနွဲ့ကို တွဲ့တွဲ့ကြီး ထုတ်နုတ် ဖော်ပြလိုက်ရသေးတာပေါ့။

နဂ္ဂါ နဒီ အနုဒကာ၊
နဂ္ဂံ ရဋ္ဌံ အ ရာဇကံ။
ဣတ္ထီပိ ဝိဓဝါ နဂ္ဂါ၊
ယဿာပိ ဒဿ ဘာတရော။
“ဝေဿန္တရာ ဇာတက လောကေ”။ ။

(ပါဠိဇာတ်ပါဠိတော်)၊

အနုဒကာ၊ ရေမရှိသော။ နဒီ၊ ချောင်း-အိုင်-ကန်-အင်း ခပင်းများ စွာ မြစ်တကာသည်။ နဂ္ဂါ၊ သုံးစွဲရန်ကိစ္စ မပြီးနိုင်သဖြင့် အချီးနှီး အဘိုး မတန်တော့သည် သာလျှင်တည်း။ အ ရာဇကံ၊ မင်းကောင်း - မင်းမြတ်မရှိ သော။ ရဋ္ဌံပိ၊ ရပ်ကွက်, ရွာတည် တိုင်းပြည်, မြို့ပြ ဟူဟူသမျှသည်။ နဂ္ဂါ၊ အမှန်ကိုမရနိုင်သဖြင့် ပုဒ္ဒကွတာ၀န်ကြီးသည့်အတွက် အချီးနှီးအဘိုးမတန် တော့သည်သာလျှင်တည်း။ ဝိဓဝါ၊ အားငယ်တဲ့ အဖြစ်မျိုးနှင့် မုဆိုးမ ပြုလုပ်၍နေရသော။ ဣတ္ထိပိ၊ အစစအသဲငယ် မျက်ရည်လွယ် ခွေကာလူးလူး ပြီး ရွှေကြာဖူးပမာအလားကဲ့သို့ ဗျာပါ ပွား တတ်သည့် မိန်းမများ သည် လည်း။ နဂ္ဂါ၊ အမြဲမှတ်ကြပါရော့ အသဲစပ်ဆိ၌ ကျွဲခပ်သလို အခြေမကြီး တော့ဘဲ အချီးနှီးအဘိုးမတန်တော့သည်သာလျှင်တည်း။ လောကေ၊ လူဘုံ လောကကြီး၌။ ယဿ၊ အကြင်အားငယ်သည့်အဖြစ်မျိုးနှင့် အလှအားကိုး လင်အားကိုးလုပ်ရတဲ့မိန်းမများအား။ ဒသ ဘာတရောပိ၊ တင့်တယ်ထောင် မောင်း မောင်ကောင်း ဆယ်ယောက်မက ဘယ်လောက်ပင် ပေါကြပါ သော်လည်း။ ဝေဓဗျံ၊ မုသိုးမ စာရင်းတင်၍ မုဆိုးမအသင်း၀င် လုပ်ကြရ ခြင်းသည်။ ကဋုကံ၊ ခက်ပါသေးရဲ့ မျက်နှာကလေးတမှဲ့မှဲ့နှင့် တကယ့်ကို ဆင်းရဲလှပါတော့သတည်း။

ယခုပြောခဲ့တဲ့အဖြစ်သနစ်တွေ တွေးတွေးပြီး ခင်မျိုးမြင့်ကလေးကို မေးကြတာပါဘဲ။ ရှေးရှေးကသော ယခုကာလသော သဘော-သဘာ၀ ချင်းတော့ မထူးကြပါဘူးနော်၊ တဦးအဖြစ်နှင့်တဦး တူညီကြပေသပေါ့။ အချို့ ဖျပ်ဖျပ်လတ်လတ် စိတ်ဓာတ်နှလုံး ခိုင်ခိုင်မာမာ ယောကျ်ားဆိုတာ အရေးမလုပ်၊ အဟုတ် နားကြားပြင်း ကပ်တဲ့ အရပ်သူကလေး များကလဲ အဆွေးဇာတ်မခင်းကြပါနှင့်ရှင်တို့၊ ရှင်တို့မို့ မရှက်မကြောက် ပြောဝံ့ကြ ပေတယ်၊ လူနယ်မှာ ယောကျ်ားသော - မိန်းမသော သဘောမထူးကြပါ ဘူး၊ တဦးနှင့်တဦးဆိုတာ အမှီအခိုဘယ်မှာကင်းနိုင်ကြပါမလဲ၊ယောကျ်ား က မိန်းမကိုမှီခိုတာလဲရှိဘာဘဲ၊ မိန်းမကယောကျ်ားကိုမှီခိုတာလဲ ရှိတာဘဲ၊ ယောကျ်ားတွေ ဒီလောက်အရေးမပေး အရေးမထားကြပါနှင့်၊မောင်မင်း ကြီးသားတွေ ကြားမှုဖြင့် သွေးများ ကြီးသွားပါဦးမယ်။ "ဂျင်းစိမ်းနှင့်- မိတ်သလင်" သူတို့ကကြင်နာလျှင် ကျမတို့ကကြင်နာမယ်၊ သူတို့ကမကြင် နာလျှင် ကျမတို့က မကြင်နာဘူး၊ သူတို့က ပစ်လျှင် ပစ်မယ်၊ မပစ်လျှင် မပစ်ဘူး၊ စိတ်ကူးမလွဲလိုက်ကြပါနှင့်၊ ကဲ-မမျိုးမြင့် တင့်တင့် တယ်တယ်

နေ၊ သေးသေးချာချာစား၊ သနပ်ခါးလိမ်း၊ ခေါင်းဖီး၊ ငါဖြင့် ရေမရှိတဲ့ မြစ်ကြီးလို အချိန်းဖြစ်တော့မှာပါတကားလို့ အားမငယ်လိုက်ပါနှင့်နော်၊ တော်တော်ကြာ ရှင့်လူ မနေနိုင်ပါဘူး၊ သူနေနိုင်လို့ နေ ထိုင် လျှင်ကော-ဘာဖြစ်သလဲ၊ မိုယ်းသဲလျှင် ရေလာမယ်၊ ရေလာလျှင် ရေရှိတာပေါ့၊ ရေရှိလို့ ရေပြည့်လျှင် ရေရှိတဲ့မြစ်ဖြစ်ပြန်တာပေါ့-မမျိုးမြင့်ရဲ့၊ရှင့်နှယ်-တကယ်တန်း ကြည့်နေပါ၊ ကျမတို့ကျတော့ ဘယ်လိုဆိုတာကို-စသည်ဖြင့် ဟောဟော ဒိုင်းဒိုင်း ဇပ်ဇပ်ကြဲ မိန်းခလေးတွေကလဲ အရေးထဲမှာသွေးရဲကြောင်း ဒေါထပြီး ပြောပြကြသတဲ့၊ ဩော်-သဘောဘဲ ကျသေးတော့ သူပြောပြပုံတွေကို။

အဲ-ယခုပြောပြတဲ့ စကားတွေလဲ ဟုတ်တုတ်တုတ်ဘဲ၊ ဘယ်အလုပ်-ဘယ်အရာမှာမဆို ကြီးပွားရာ-ကြီးပွာကြောင်း စုပေါင်းရှာရာ ချစ်မှုခင်မှု၊ အိမ်ထောင်မှု၊ တရေး, အားထုတ်မှု၊ အမှုခပ်သိမ်း-အရာဌာနများမှာပင် အောက်တန်းစား အောက်ကလျှိုးစေပြီး၊ အူဘိုမျိုး, အသဲငယ်မျိုးရယ်လို့ အမျိုးမျိုး-အသမုတ်ခံနေကြရတယ် မဟုတ်လား၊ တရားသဘော ဇစ်မြစ်နှင့် သေသေ-ချာချာ စစ်လိုက်လျှင်—

"အသိပညာဥ်၊ မယှဉ်သသူ၊ ထိုမျှလူတို့၊ ကျင့်မှုဘောက်ပြား။ မတည်ကြားသည်၊ ဥယောကျ်ား-မိမ္မ မဟူတည်း။"

လို့....ဆိုပေတာကိုး၊ ဒီမျှတွင် ကသေးရိုးလား....။

"သဘောမှန်ရှင့်၊ သဏ္ဍာန်ရုပ်ဝါ၊ မည်သညာနှင့်၊ ဝေါဟာသက်သက်၊ အထူးထွက်လည်း၊ကြောဘက်-ဝမ်းဘက်၊ ပက်လက်မှောက်ခုံ၊ မနှင့်-စုံသို့၊ ဓေါ်ရှိသာခြား၊ ခတ်မပြားသည် လက်ဝါးလက်ခုပ်—မှတ်ယူတည်း" တဲ့။

ဒီမျှတွင် ကသေးရိုးလား၊ မြတ်စွာဘုရားလဲ အားပေးတော် မူခဲ့ပါသေးတယ်၊ ဘယ်သူကို အဦးထား၍ အားပေးစကား မိန့်ကြား မြွက်ဆိုတော် မူပါသလဲလို့ ဆိုတော့၊ မိဿထွးတော် ဖြစ်တဲ့ ဂေါတမီ ထေရီမကို အကြောင်းပြုပြီး အားပေးစကား မိန့်ကြား မြွက်ဆိုတော် မူခဲ့ပါသည်-တဲ့၊ အကြောင်းက ဒါလိုကိုး-ဂေါတမီထေရီမပရိနိဗ္ဗာန်စံခါနီး သားတော်ကြီး

ဖြစ်တော်မူတဲ့ မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်ကြီးထံ (တန်ခိုးပြဘို့) ခွင့်ပန်လျှောက်ထားတဲ့အခါ၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက၊ "ဂေါတမီ၊ အသင်တို့လို ဣတ္ထိဂိုဏ်းဝင် အကြွင်မာတုဂါမတို့သည် အလွန်ခက်ခဲ-နက်နဲတဲ့ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားဝေဘန် ကေန်သိမှု၊ မသိမှုတို့၌၊ လောကဘိုက်သား အယူအမှား လူအများတို့သည် ယုံမှားသံသယ ရှိနေကြပေတယ်၊ သို့အတွက်ကြောင့် – ထိုပုဂ္ဂိုလ်တို့၏ မှားချနေသော အထင်သေး-အမြင်သေးတို့ကို စင်စင်ဆေး၍ ရှင်းရှင်းလင်းလင်း နားလည်ကြစေရန် မြေလျှိုးမိုးပျံ တန်ခိုးစျာန် အစွမ်းရှိသမျှတို့ကို ပြစမ်းပါလေ့ ဂေါတမီ" ဟူ၍ မြတ်စွာဘုရားက ခွင့်ပြုအားပေးတော်မူပါတယ်၊ အဲဒါကြောင့်-မိန်းမတွေ အတန်းမြင့်တဲ့အကြောင်း၊ထပ်လောင်း ဖေါ်ပြလိုက်ရသေးတာပေါ့။

ထီနံ ဓမ္မာဘိ သမယေ၊
ယေ ဗာလာ ဝိမတိံ ဂတာ။
တေသံ ဒိဋ္ဌိ ပဟာနတ္ထံ၊
ဣဒ္ဓိံ ဒဿေဟိ ဂေါတမီ။ ။

(ထေရီအပဒါန်ပါဠိတော်။)

ဂေါတမီ၊ ထေရီမ ဂေါတမီ။ ယေဗာလာ၊ အကြွင်ပညာမရှိ သတိမထား အမှားအမှန် ဝေဘန်မပြု မရှုနိုင်ကြသေး ပုဂ္ဂိုလ်အများတို့သည်။ ထီနံ၊ ဣတ္ထိဘာဝ မိန်းမများစွာ မာတုဂါတို့၏။ ဓမ္မာဘိ သမဒယ၊သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထင်ထင် သိမြင်မှု၌။ ဝိမတိံ၊ သို့လော - သို့လော တွေးတောကြံဆ သံသယယုံမှားခြင်းသို့။ ဂတာ၊ ဆိုက်ရောက်၍ နေကြလေကုန်၏။ ဂေါတမီ၊ထေရီမ ဂေါတမီ။ တေသံ၊ ထိုယုံမှားသံသယ ရှိကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့၏။ ဒိဋ္ဌိပဟာနတ္ထံ၊ ဒိဋ္ဌိထင်ရှား အယူမှားကြီးကို ပယ်ဖျောက်ခြင်း အကျိုးငှါ။ ဣဒ္ဓိံ၊ မြေလျှိုးမိုးပျံ အဘိုးတန်သည့် တန်ခိုးစျာန် ခိုင်ခိုင်ခန့်ခန့်ကြီးကို။ ဒဿေဟိ၊ ယခုချက်ခြင်း လက်ငင်းမသွေ ပြစမ်းလေလော့ ဂေါတမီ။

ယခုရွတ်ပြတဲ့-ထေရီအပဒါန် ဂါထာကိုကြည့်ပြီး၊အဓိပတိ အာဒါနည် မာန်လည်သခင် ကျေးဇူးရှင်-ဆရာတော်ဘုရားက ရေးသားတော်မူခဲ့သေးတယ်....တာလိုတဲ့။

" သတ္တိဗလ၊ စွမ်းထာမကို၊ မပြမသိ၊ ပြမှသိ၏၊ သိမှ ထိတ်လန့်၊
ရွံ့ကြောက်ခန့်၏၊ ခန့်မှရှိသေ၊ ရှိသေသော်သာ၊ လိုက်နာရှင်လန်း၊
ကျင့်-ဖြောင့်တန်း၏" တဲ့။

ဘယ့်လောက်များ မှတ်သားစရာ ကောင်းသလဲ၊ အဲတာလို - ခပ်ဆတ်ဆတ် အရပ်သူကလေးတွေ ပြော၍အပြီး၊ ခင်မျိုးမြင့်အနီးမှာ နာမည်ကြီး ကုမ္ပဏီရှိတဦးက နဖူး ဆံစများကို သပ်ခါ သပ်ခါနှင့် ခပ်သာသာ ဖြန်ဖြေတဲ့သဘော တရားလမ်းကြောင်းပြပြီး ဒါလို - ပြောသတဲ့။ ဒေါ်လဲ သိပ် မထလိုက်ပါနှင့်ဦး မယ်ဟိုဒင်းရယ်၊ ဘယ်ဘက်မှ မျက်နှာမလိုက်ဘဲ ပြောရမှာဖြင့်၊ အရှင်သခင်လုပ်တဲ့သူကလဲ-ကောင်း၊အိမ့်ရှင်ဇနီးသယ်ကလဲ-ကောင်း၊ ဝတ္တရား ကြေကြေမွမွန်မွန်နှင့် ပေါင်းကြလျှင် တိမ်းစောင်းတယ် ဆိုတဲ့ အခင်းတွေဟာ ချက်ခြင်းညီညွတ်၍ သွားကြကုန်မှာပေါ့၊မယ့်လျှင်-ရှင်ကိုယ်တိုင် ကြုံလာတဲ့နေ့မှာ စေ့စေ့စပ်စပ် နားလည် လာပါလိမ့်ဦးမယ်၊ လူ့နယ်က ခွါထွက်ပြီး ရဟန်းဘက် ကူးပြောင်းတယ်ဆိုတဲ့ အလုပ်ကတော့ မချစ်လို့မဟုတ်၊ 'လောကုတ်'ဆိုလား - ဘာဆိုလား ကျုပ်တို့ ဘဘကြီးတွေ ပြောသံကြားရတယ်၊ အဲဒီ့ တရားကို မြန်မြန်ရအောင်လို့၊ ကျုပ်တို့လို ဗုဒ္ဓိ ဂိုဏ်းတွေ ဖယ်ရှောင်ပြီး အဝါရောင်သင်္ကန်းနှင့် ဆင်မြန်း မွေ့လျော်သတဲ့၊ မယ်ဟိုဒင်းတို့ရဲ့ ပျင်းစရာ ကောင်းတဲ့ အကျင့်အကြံနှင့် ဘဲဘူပါတယ်၊ ခန့်တယ်-ပြောင်လှောင်တယ် လို့လဲ မထင်ကြပါနှင့်၊ အလျင်ကထက် ဂရုစိုက်ပြီး သူတို့စရိုက်ကိုကြည့်ရှုလို့ပေါင်းကြမှ အကြောင်းသင့်လိမ့်မယ် ထင်တာပါဘဲ၊ စိတ်လဲအတူ ကိုယ်လဲအတူ ငြူစူတာအရှင်း တင်းလဲခတင်း, လျော့လဲမလျော့ အပြော့နှင့်အမာ ချိန်ခွင်ညှာလို သာသာယာယာ အလုပ်လုပ်ကြဘို့အကြောင်း ကျုပ်ကခွင့်တောင်းပါတယ်ရှင်-လို့ မနိမ့်မမြင့် အသံလေမှန်မှန်နှင့် ဝိုင်းရံ နေသူတွေကို ပြောလိုက်ပါ ရောတဲ့၊ သဘောခိုက် လောက်အောင်ပေါ့လေ။ကဲ-ယခုသူပြောတဲ့အချက်တွေဟာ ခပ်မျက်မျက် ကလေး မရှိကြဘူးလား၊တရားလမ်းကြောင်း မှန်မှန်ကန်ကန် ရှိပေတာကိုး၊ မှန်ကန်ပုံကို အပဒါန် ထုတ်ရွတ်ပြမယ် နားထောင်ကြ။

သမစိတ္တာ သမာ ကမ္မာ၊
သမကာရီ ဘဝိဿတိ။

ပိယာ ဟိဿတိ ကာယေန၊
တုယှတ္ထာယ မဟာဗလသိ။ ။
(ထေရီအပဒါန်ပါဠိတော်)

ဒီဂါထာဟာ....သုမိတ္တာဆိုတဲ့ သူဌေးသမီးက အလောင်းတော် သုမေဓာရှင်ရသေ့အတွက် နဖူးထက်မှာ ဦးယှက်ရှိခိုးပြီး နောင် လာလတ့ံ သော ဘဝမျိုးတို့အတွက်ပတ္ထနာပြုလိုက်တဲ့အလိမ္မာဂရုစိုက်လိုမှုဆုတောင်း ဂါထာကြီးပါဘဲ။ ကဲကဲ-အနက်ပေးလိုက်ဦးမယ်။ ။မဟာဗလသိ၊ လောင်း မြတ် ဘုန်းဟော့ ရှင်ရသေ့။ တုယှတ္ထာယ၊ သခင်ရတနာ မယ့်ကြင်ရာ၏ နောင် ခါဖြစ်မျိုး အရှင့်အကျိုးငှါသာလျှင်။ သမစိတ္တာ၊စိတ်တူကြည်ဖြူ အညီကြီး ညီကြပါသည်ဖြစ်၍။ သမာကမ္မာ၊ ပြုဘွယ်ကိစ္စဟူဟူသမျှတို့၌ အတူမျှကြီး တူမျှပါသည်ဖြစ်၍။ သမကာရီ၊ တဖန်တလဲလဲ အမှန်မကွဲပါဘူး၊ တကြံထဲ တစိတ်ထဲဖြင့် အမည်မကွဲဘဲ ပြုကျင့် ရှက်ဆောင်လေ့ ရှိသည်။ ဘဝိဿတိ၊ အထင်အမြင်မလွဲပါလင့် တစဉ်ထဲဖြစ်လတ့ံမှန်လှပါသည်ဘုရား၊ ကာယေန၊ ကာယကံအားဖြင့်။ ပိယာ၊ ဘဝတိုင်း-ဘဝတိုင်း အတူတူချစ်ခင်၍ အတူတူ ဖြစ်နိုင်ကြခြင်းသည်။ ဟိဿတိ၊မှန်းခါဆ,ရှိရှင့်ဝမ်းသာလှပါ၏ မုချဖြစ်အံ့ အမှန်ပင်လျှင်ဘုရား။

### ယသော်ဓရာမိန်းမမြတ်၏ မေတ္တာစာတ်ထက်သန်ပုံ

နိဗ္ဗာန်မရသေးသမျှ လောကအတွက် ဆက်ဆံသူ ဟူဟူသမျှတို့မှာ မေတ္တာသာ ပဓာနမှန်ပေတယ်။အဲတာကြောင့် ဘူရိဒတ်ပျို့မှာ အရှင်မဟာ ရဋ္ဌသာရ ကိုယ်တော်မြတ်က အရပ်ရပ်သတ္တဝါ မေတ္တာဓာတ် ကြည်ကြည် သာသာနှင့် လွန်စွာဖြောင့်မတ်တဲ့ "ဥဇုစ သုဟုဇုစ" သဘော အချစ်ဇော ထက်သန်နိုင်ကြပါစေ ဆိုတဲ့ဆုတောင်းကို ကောင်းမွန်စွာ စီကုံး နှုံးဖွဲ့တော် မူခဲ့ပေတယ်။ ဒါလိုတဲ့။ (ဘူရိဒတ်ပျို့မှ-ထုတ်နုတ်ချက်။)

"ယခုမျက်မြင်၊ လူတို့တွင်လည်း၊ လင်နှင့်မယား၊ အပြားအိမ်သူ၊ တူနှင့် ဦးရီး၊ ဝေးနီး တဝေး၊ မြေးနှင့် ဘိုးဘွား၊ သားနှင့်မိဘ၊ နှမနှင့်မောင်၊ ညီနောင်တသွန်၊ ကျွန်နှင့်အရှင်၊ မိတ်ကျွမ်းဝင်၍၊ ခင်ခင်မွတ်မွတ်၊ ဘူရိဒတ်၏၊မျိုးမြတ်တို့နှယ်၊ မေတ္တာကြွယ်လျက်၊ ကြီးငယ် ကိစ္စ၊ ဟူသမျှ၌၊ တကွမကင်း၊ ညီညွတ်ခြင်းဖြင့်၊ ဖြောင့် စင်းသဘော၊ ချစ်စေသော၀်။"

ယခုရွတ်ပြတဲ့သက်ဘထဲမှာ "ဖြောင့်စင်းသဘော-ချစ်စေသောဝ" ဆိုတဲ့စကားကို များစွာမှတ်သား၍ သတိလဲထားကြစေလိုတယ်၊ တဦးနှင့်တဦး ဖြောင့်မတ်လျှင် မေတ္တာစေတ် အလိုလိုပေါ်ပြီး ဒေါသစော်မနံနိုင်ပါဘူးတဲ့။ ကဲကဲ – ယသော်ခရာ၏ထုံး နှလုံးမူနိုင်ကြစေရန် အပဒါန်ပါဠိတော်လာ ဂါထာတပုဒ် ထုတ်နုတ်လို့ပြလိုက်ရသေးတာပေါ့။

## တည်ကြည်ဖြောင့်မတ် မေတ္တာစေတ်

သုခပတ္တာ နုမောဒါမိ၊
နစ ဒုက္ခေသု ဒုမ္မနာ။
သဗ္ဗတ္ထ တုလိတာ ဟောမိ၊
တုယှတ္ထာယ မဟာမုနိ။ ။
(အပဒါန်ပါဠိတော်)

မဟာကရုဏာသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား။ ဗိမ္ဗာဒေဝီထေရီမ ဆွေ့ယသော်က တမျှော်တခေါ်ကြီး ဖြစ်တဲ့ သံသရာကို ပြန်ကာလှန်ကာ ကြည့်ကြည့်ပြီး အတုမရှိတဲ့ ဗြဟ္မစိုရ် ပွားခဲ့ပုံတွေကို အတိုရုံးပြီး လျှောက်ထားလိုက်တဲ့ပါဠိတော်လာဂါထာကြီးပါဘဲ။အဓိပ္ပါယ်ကတော့-မဟာကရုဏာ သမာပတ် နှင့်တကွ မုနိ ငါးပါး တို့၏သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးဘုရားတဲ့၊ ဘုံသုံးရပ် တောမြိုင်လယ် သံသာရ ကန္တာကျယ်ကြီးမှာ ခရီးသယ်-ခရီးသမား ( ခန္ဓာဝန် အထုပ်မချနိုင်ခဲ့ဘဲ ) ဒုက္ခသဘော ပြုလုပ်ခဲ့ကြ သွားလာခဲ့ကြစဉ် အခါကာလများက၊လူမင်းနှင့် လူမိဖုယား၊ နတ်မင်းနှင့်နတ်မိဖုယား၊ မင်းကြီးနှင့်မင်းကတော်၊သူဌေးကြီးနှင့်သူဌေးကတော် တပျော်ပျော် တပြုံးပြုံး အထက်တန်းအဖြစ် စခန်းသွားခဲ့ကြတုန်းဆီက တပည့်တော်မ၏ ရုပ်နှလုံးများသည် ရေခဲတုံး-ရေခဲစိုင် နတ်ရေစင်တဖွိုင်ဖွိုင်နှင့် မဥ္ဇူခိုင် ကြဲသွန်း၍ ဖြန်းလိုက်သလို သန့်သန့်ရှင်းရှင်း အလွန်အမင်း ဝမ်းမြောက်ဝမ်းသာ ရှိခဲ့ပါသည်ဘုရား၊ လောကဓံအလိုက် ဆင်းရဲဒုက္ခနှင့်ကြုံကြိုက်ပြီး ဖိုဟိုက်ပင်ပန်း ကာယိကဒုက္ခတွေ ထမ်းကြရတဲ့ ဘဝများကျပြန်တော့၊ အလောင်းအလျာဖြစ်တဲ့ မောင်တော်မြတ်ဘုရား၏ အကြိုက် မောင်တော်မြတ်ဘုရား၏အလိုသို့ လိုက်လိုက်ပြီး မောဟိုက်တာတွေ ပယ်ရှား မျက်နှာထားမသုံ မာန်ဟုန်တွေ အားမကိုး အောက်သိုးသိုး အမူအယူ နှုတ်ခမ်းကလေးမျှ "မစူ"ခဲ့ပါဘုရား။ ထိုကဲ့သို့ ချမ်းသာတော့

အဲတူတူစံ ဆင်းရဲပြန်လဲ အတူတူမခွဲ သုခ-ဒုက္ခအတွက် အမူအယူမကွဲခဲ့ဘဲ လျှာမြဲ-လျှာညီတဲ့ ရွှေချိန်ခွင်လို အစဉ်သဖြင့်-

ကိုယ်၏ ဖြောင့်မတ်ခြင်း၊

နှုတ်၏ ဖြောင့်မတ်ခြင်း၊

စိတ်နှလုံး၏ ဖြောင့်မတ်ခဲ့ခြင်း-များသည် မောင်တော်မြတ်ဘုရား၏ ပါရမီတရားအထူး ဆည်းပူးပြည့်စုံစေရန်အတွက် သက်သက်ဝိုင်းဝန်းကူညီခဲ့ရိုး မှန်လှပါတယ်ဘုရား-လို့ လျှောက်ထားပေတာကိုး၊ နည်းယူတို့အချက်တွေပေါ့လေ။ အထက်ကဂါထာကို အနက်ပေးလိုက်ပါဦးမယ် ညက်ညက်ကလေး ရွတ်ကြ-ဘတ်ကြပေတော့၊ (ဂါထာပါဋ္ဌိပြန်ရွတ်၍၊အနက်ကား) မဟာမုနိ၊ မုနိငါးပါးတို့၏သခင် ဘုရင်ထွဋ်ထား (မဟာကရုဏာရှင်ဖြစ်ပေသည့်)အို-မြတ်စွာဘုရား။ အဟံ၊ ဗိမ္ဗာထေရီ ဆွေသာကီယ ဘုရားတပည့်တော်မသည်။ ပုဗ္ဗေ၊ ဘဝအဖြာဖြာ ကမ္ဘာအဆက်ဆက် မတွက်သာ မရေသာ ရှည်ကြာပါလှ ရှေးရှေးဖြစ်တဲ့ ဟိုအခါကာလများဆီ၌။ သုခပတ္တာ၊ ရွှေအိမ် ရွှေနန်း ရွှေကြငှန်းနှင့် ရေဖျန်းသဘင် ဆင်ယင်စသည့် လောကီ ( ဂုဏ်မျိုး ချမ်းသာခြင်းလို့ဆိုတဲ့ ) အညွန့်တွေ အခက်တွေတိုးခဲ့ပေသောကြောင့်။ အနုဒမာဒါမိ၊ တကြည်ကြည် တပြုံးပြုံးနှင့် ပီတိလုံး မနေခွေ့လျက် ချမ်းမြေ့ဝမ်းမြောက်ခဲ့ရပါသည်ဘုရား။ ဒုက္ခေသုစ၊ ဆင်းရဲဒုက္ခ ရှုပ်ခဲ့ရ-ကြုံခဲ့ရကုန်သောကြောင့်ကား။ ဝါ၊ သားတွက်-သမီးတွက် သခင့်တွက်ဖြင့် ခက်ခက်ခဲခဲ ဆင်းရဲဖုံဖုံ အကြုံကြီး ကြုံခဲ့ ကုန် သော ကြောင့် ကား။ န ဒုမ္မနာ၊မျက်နှာထားမပျက် စိတ်ကလေးမျှမကွက်ခဲ့ဘဲ ဘဝအဆက်ဆက် ချမ်းကြည်ခဲ့ကြပါသည်ဘုရား။ ဝေါ၊ ဤကဲ့သို့။ သဗ္ဗတ္ထ၊ ချမ်းသာလဲတူပျော်စံ ဆင်းရဲပြန်တော့စိတ်မပျက် လောကဓက် ဝိပရိတ်ဖြင့် လှည့်လည် ကြုံကြိုက်ခဲ့ရတဲ့ ဘဝတိုင်း-ဘဝတိုင်း ဟူဟူသမျှတို့၌။ တုလိတာ၊ ရွှေချိန်ခွင် 'လျှာ'အလားကဲ့သို့ အလယ်အလတ်တရား မျှညီနိုင်ခဲ့ခြင်းသည်။ တုယှတ္တာယ၊ အစဉ်ပွားအပ်တဲ့ အရှင်ဘုရား၏ ပါရမီတရားပြည့်ဝစေခြင်း အကျိုးငှါသာလျှင်။ ဟောမိ၊ ရွှေသားစွာ မှန်မှန် မလွဲခဲ့ပါဘူး တသန့်ထဲဖြစ်ခဲ့ပါတော့သည်ဘုရား။

ကဲ - ကြားကြရဲ့လား၊ ဘယ်လောက်များ နေရာကျလိုက်လဲဆိုတာ စဉ်းစားစရာမလို နဂိုရ်ကပင် ထင်မြင်ရှင်းလင်း အကွင်းသား-အကွင်းသား

ပေါ်၍နေတာပါတဲ့၊ အေးအတူ-ပူမကွဲ ဘဝတိုင်း-ဘဝတိုင်း ဇွဲမြဲမြဲနှင့် အသဲစွဲ-အနှဲနဲ ဒုက္ခခံခဲ့ခြင်းတွေဟာ အတ္တဟိတနှင့် တဏှာပေမ-မဘက် နိုသက်သက် မေတ္တာသဘော အလောင်းတော်မြတ်၏ ပါရမီပြည့်ဝပါစေ ဆိုတဲ့ သဘောရိုး မနောမှန်ပါတဲ့တဲ့၊ လောကခံနောက်ထားပြီး ပါရမီ တရားကိုသာ ကူညီဖြည့်တင်းလို့ တတ်အားသမျှ အားပေးနေဘယ်လို့ ဆိုလို ရင်းပေါ့လေ၊ `မေတ္တာသုတ်ဒေသနာမှာ ဘုရားသခင် ဟောပြတော်မူတဲ့ "ဥဇူစ သုဟုဇူစ"အစရှိတဲ့ မေတ္တာ ပဋိပက်မတရားနှင့် မျှားစွာပြည့်စုံနေတာ ပေါ့၊ နှုတ်ပြောသလို စိတ်ကပါ၊ စိတ်ပါသလို နှုတ်ကလိုက်၊ ကာယကံဘိုင် အောင်ထိခိုက်ပြီး ကိုယ်၏ဖြောင့်မတ်ခြင်း၊နှုတ်၏ဖြောင့်မတ်ခြင်း၊စိတ်နှလုံး ၏ဖြောင့်မတ်ခြင်း၊မုဒုအနတိမာနိုစသောဂုဏ်သတင်းတို့နှင့်အချင်းခပ်သိမ်း ဘဝတိုင်း-ဘဝတိုင်း ပြည့်စုံအောင် နေခဲ့ပါ၏-တဲ့၊ "ဥဇူစ၊ ကိုယ်၏ဖြောင့် မတ်ခြင်း, နှုတ်၏ ဖြောင့်မတ်ခြင်း ရှိသည်လည်း။ အဿ၊ ဖြစ်ကြလေရာ၏။ သုဟုဇူစ၊ စိတ်နှလုံး၏ ဖြူစင်ဖြောင့်မတ်ခြင်းရှိသည်လည်း။ အဿ၊ ဖြစ်ကြ လေရာ၏။"အဲ့တာကြောင့် ပါရမီတော်ခဏ်း ပျို့ဆရာက....

> "အမြှက်ဆောက်ဦ၊ မေတ္တာဟူသား၊ မွေးကြွရေကြည်၊နှင်းမြရည် တိ၊ တုမရှိအောင်၊ စိုညို့ရွှဲရွှဲ၊ သွန်မရဲလျှင်၊ မစဲနွေရေ၊ မိုဃ်းသို့ဧွေ လျက်၊ ရစေချမ်းသာ၊ ရှင့်မေတ္တာကို၊ သတ္တဝါမိုလ်လူ၊ ဦးဖြင့်ယူ လျက်၊ မပူမလောင်၊တော်ခြင်းရှောင်၍၊လူ့ဘောင်ချစ်ကုန်ကြစေ လဌေသး"။

လို-ရေးသားမိန့်မှာတော်မူခဲ့ပေတာပေါ့၊ အဲတာလို သူဌေးကတော် ကလေး "ခင်မျိုးမြင့်" အနီးကပ်ကြပြီး အပြီးမသတ်နိုင် လောက်အောင် တယောက်တလဲဆိုတာလို ကိုယ့်အလို-ကိုယ့်ဆန္ဒအတိုင်း မဆိုင်းဘဲ မေးကြ မြန်းကြတာပေါ့လေ၊ ခင်မျိုးမြင့်က ဘယ်လို ဖြေဆိုလိမ့်မယ်များ ထင်ကြ သလဲ၊ ခင်မျိုးမြင့်အဖြေနှင့် အများ၏အဖြေ ဘယ်လိုနေမလဲ မသိသေးဘူး၊ အချိုလဲတူကြမှာဘဲ၊ အချိုလဲ အဖြေခြင်းတူကြမည် မထင်ပါဘူး၊ သြော်- ဘုံဌာနကို"နာနတ္တကာယ နာနတ္တသညီ"ဆန္ဒဓာတ်အမျိုးမျိုးဖြစ်လေတော့ မတူနိုင်တဲ့ အချက်ကြောင့် စိတ်ပျက်ပြီးများ မသွားလိုက်ကြပါနှင့်နော်၊ အလိုဆန္ဒ(တဦးနှင့်တဦး) မတူကြတဲ့အချက် ဝတ္ထုကလေး ဆက်ပရစေဦး၊ ဗဟုသုဘဘက်က သဘောထားပြီး မှတ်သားလိုက်ကြပေရော့။

(ဤအထိ ချန်လိုက ချန်လှပ်၍၊ဟောလိုကလည်း ထည့်ဟောနိုင်ပါကြောင်း။)

## အလိုဆန္ဒ အမျိုးမျိုး ကွဲတတ်ကြပုံ
# နာနာဆန္ဒ-ဇာတ်တော်

ဤကဲ့သို့သော ဇာတ်လမ်းတိုတို-ပုံတိုတိုမျိုးကို မည်သည့်နေရာမဆို ထုတ်နုတ်သုံးနိုင်ပါကြောင်း။

ရှေးကနက္ခတ်ကြည့်၍ ဗေဒင်ဟောခြင်းအတတ်၌ တဘက်ကမ်းခပ် တတ်မြောက်လိမ္မာတဲ့ ပညာရှိ-ပုရောဟိတ်ပုဏ္ဏားကြီး တဦးရှိသတဲ့၊ သူမှာ ဇနီးသယ်-ပုဏ္ဏေးမကြီးနှင့်တကွ သား့ချွေးမ-ဒေါ်ပုဏ္ဏာဆိုတဲ့ အစေအပါး ပုဏ္ဏေးမကြီးပါ၊ ပေါင်း-အိမ်သူ့အိမ်သား ငါးဦးပေါ့လေ၊ တနေ့သ၌မှာ တော့ ဗာရာဏသီပြည့်ရှင် ဘုရင်ဗြဟ္မဒတ်မင်းကြီးက ထူးခြား မှန်ကန်စွာ ဗေဒင်ဟောနိုင်ပေသည့်အတွက် ဆုတော်-လာဘ်တော်များကို ပေးလိုတယ်၊ အဘယ်ဆုတော်-လာဘ်တော်ကိုယူချင်ပါသလဲလို့ သဲကွဲအောင် မေးတော် မူတဲ့အခါ။

"မဟာရာဇ ပုတ္တဒါရေန သဒ္ဓိံမန္တေတွာ ဂဏှိဿာမိ"။ (အဋ္ဌကထာ)

"အို-အရှင်မင်းမြတ်၊ သား-မယားနှင့် တိုင်ပင်ပြီးမှ ယူချင်တာကို သံတော်ဦးတင်ပါ့မည်ဘုရား"။

အဲဒီလို သံတော်ဦးတင်ပြီး လျင်လျင် မြန်မြန် အိမ်ကိုပြန်သွား သတဲ့၊ ရှေးဦးစွာ အကျိုးအကြောင်းပြောပြပြီး၊ သူ့ပုဏ္ဏေးမကြီးကို ဘာဆု များလိုချင်ပါသလဲ မေးတော့၊ ပုဏ္ဏေးမကြီးက....

"မယှံ ဓေနုသတံ အာနေဟိ"တဲ့။ (အဋ္ဌကထာ)

"အကျွန်ုပ်ဘို့ နို့ညှစ်-နွားမ ၁၀၀ ကြီး အကောင်တရာတဲ့၊ နွားနို့သည် ထောပတ်သည် လုပ်တော့မှာပလေ၊ သူ့အကြံလဲ ဟန်ပေသားဘဲ နွားမကြီး တွေ အဖေါ်ပြုပြီး စီးပွားစုမှာကိုး၊ ဒုတိယ့ ဆတ္တမာဏဝ လို့ဆိုတဲ့၊ သား ဖြစ်သူကတော့—

"မယှံ ကုမုဒဝဏ္ဏေဟိ စတူဟိ သိန္ဓဝေဟိ ယုတ္တံ အာဇည ရထံ"တဲ့။

"မြင်းဖြူကြီး လေးကောင် ကတဲ့ မြင်းရထားတစီး ဆောင်ယူခဲ့ပါ အဘရယ်"လို့ ဆိုသတဲ့၊ လူငယ်-လူရွယ်ဆိုတော့ မြင်းရထားနှင့် အတင်း ကြွားတော့မှာပေါ့လေ၊ ယခု-ခေတ်အတိုင်းဆိုလျှင် ကေနေ့မော်တော်ကား တောင်းမည်လား၊ လေယာဉ်ပျံ တောင်းမည်လား၊ ဒီနှစ်ခု-တခုခုတော့

ကေန် တောင်းပြီးသွားပါတဲ့၊ ခေတ်အလိုက်မှ နှစ်ခြိုက်မှာကိုး၊ တတိယ ချွေးမကလေးကတော့ "မဏိကုဏ္ဍလံ၊ ပတ္တမြား-နားဒောင်းကို။ အာဒိ ကတ္ဝာ၊ အစပြု၍။ သဗ္ဗာလင်္ကာရံ၊ ဆင်စရာ-ပြင်စရာ အကုန်လုံးတခုမကျန် လိုချင်ပါတယ်"တဲ့။ ကဲ-ဘယ်လောက်များ ဟန်ရသလဲ၊ ကိုယ်လိုချင်တာ-ကိုယ်ပြောရတာကိုး၊ယခုကာလမှာတော့ စိန်နားဒောင်းကို အကောင်းဆုံး အတိုးအတန်ဆုံးလုပ်နေကြရတယ်၊ ဟော-ယခု ပုဏ္ဏေးမကလေးမှာတော့ ပတ္တမြားနားဒောင်းတဲ့ ကောင်းလိုက်တဲ့ဖြစ်ခြင်း၊ လှလှပပ ဆင်ယင်ပြီး-သူ့လင်နှင့် မြင်းရထား အတူတွဲစီးမှာပလေ၊ လောက ဓမ္မတာကြီး ပေကိုး၊ စတုတ္ထလက်ပါးစေ ဒေါ်ပုဏ္ဏကတော့"မယှံ ဥဒုက္ခလ မုသလခြေဝ သုပ္ပဉ္စ" တဲ့၊"အရှင်ပုဏ္ဏားမင်းရယ် ကျမအတွက် ပြုတ်ဆုံရယ်-ပြုတ်ကျည်ပွေ့ရယ်-စကောတချပ်ရယ် ပေါင်း ဆုတော်-လာဘ်တော် ၃-မျိုးကိုသာတောင်းယူ ဆောင်ကြဉ်းတော်မူခဲ့ပါ"လို့ မှာရှာသတဲ့။သူ့မှာတော့ ဒါတဲ့အသုံးကျတာ ကိုး၊ စင်စစ်အားဖြင့် ယခုမြန်မာပြည်မှာ သုံးကြတဲ့ ဆုံမျိုး-ကျည်ပွေ့မျိုး မဟုတ်ပေဘူး၊ ဣန္ဒိယတိုင်း ကုလားမကြီးတွေ "မဆလာ" ထောင်းကြတဲ့ အရောမ ဆုံကြီး-ကျည်ပွေ့ကြီးများသာလျှင် အမှန်ဖြစ်ပေတယ်၊ကဲ-တရား နာ ပရိသတ် (စာဘတ်သူ) တကာ-တကာမတွေ စဉ်းစားလို့သာ ကြည့်ကြ ပါရော့၊ တဦးနှင့်တဦး တောင်းယူပုံခြင်း, အလိုရှိတာခြင်း တူညီကြရဲ့လား နည်းနည်းမျှမတူကြပါဘူး၊ ပုဏ္ဏေးမကြီးက နို့စားနွားမ ၀၀ ဖိုင့်ဖိုင့် ကြီး တွေ အကောင်ပေါင်းတရာ။ ကိုဆတ္တမာဏဝက မြင်းဖြူကြီး လေးကောင် တပ်ဆင်တဲ့ မြင်းရထားလှလှကြီးတစီး။ ပုဏ္ဏားကြီး၏ချွေးမ ကိုဆတ္တ၏ဇနီး သယ်ကတော့ ပတ္တမြားနားဒောင်း-အစရှိတဲ့ ဆင်စရာ ပြင်စရာတွေ။ လက် ပါးစေ ဒေါ်ပုဏ္ဏကတော့ ပြုတ်ဆုံ-ပြုတ်ကျည်ပွေ့နှင့် စကောတချပ်တဲ့။ ကဲ-တို့ပရိသတ်တရားနာသူတွေကကော၊ တကယ်လို့ ဆုတော်လာဘ်တော် ရမယ်လို့ဆိုလျှင် ဘယ်လိုဆု,ဘယ်လိုအထည်ဝတ္ထုများယူကြမလဲ ပြောကြ စမ်းပါ၊ တဦးလိုချင်တာနှင့် တဦးလိုချင်တာ လွန်စွာခြားနားနေမှာအမှန် ပါဘဲ၊ "နာနတ္တကာယ" နာနတ္တသညိဘုံက နာနာဆန္ဒပုဂ္ဂိုလ်မျိုးတွေကိုး၊ အဲဒီတော့ ယခု-ကိုသုဒိန်၏ဇနီး ခင်မျိုးမြင့်၏အနီးမှာ အသီးအသီးပြောဆို ကြတဲ့ အဖြစ်တွေကိုဆန်းစစ်နေစရာမလိုတော့ဘူးပ၊အဲတာလို ပုဏ္ဏေးမကြီး, သား,ချွေးမ,ဒေါ်ပုဏ္ဏတို့လိုချင်တာတွေပြောပြီးတော့ ဗေဒင်ဆရာ ပုဏ္ဏား ကြီးက ငါကတော့ ရွာပေါင်း တရာဆုကိုယူမှာဘဲ ဆိုပြီးတော့ နန်းတော်

ပြန်သွား ဘုရင်မင်းမြတ်လျှောက်ထားတော့ အားလုံးဘဲပြည့်စုံအောင်ရကြ ပါတယ်။ အဲ့ဒါလို နာနတ္တာသယ၊ နာနာဆန္ဒ အလိုအာသာ အမျိုးမျိုး ရှိကြတဲ့အကြောင်း ဘုရားသခင်က အတိတ်ဆောင်၍ ဟောပြတော် မူခဲ့ ပေတယ်။

## ခင်မျိုးမြင့်၏ အဖြေ

အဲ့ဒါလို နောက်ကပြောခဲ့တဲ့အတိုင်း၊ ကာလန္ဒရှာသူတို့ ကိုယ့်အလို ကိုယ့်ဆန္ဒ၊ကိုယ့်စိတ်ထဲမှာရှိသမျှတွေကို အစိအင သိချင်ကြ-ကြားချင်လှတဲ့ အတွက် ဆက်ကာ ဆက်ကာ မေးလာ-မြန်းလာကြတဲ့အခါ၊သူဌေးကတော် ကလေး ခင်မျိုးမြင့်က "သမ္ဗ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါ အပေါင်းတို့သည်။ ကမ္မဿကာ၊ မိမိတို့ ကံသာလျှင် ဥစ္စာ ရှိကြပါကုန်၏။ ကမ္မ ဒါယာဒါ၊ ကံသာလျှင်အမွေခံဥစ္စာဖြစ်ကြပါကုန်၏။ ကမ္မဗန္ဓူ၊ မိမိတို့ ကံသာလျှင် ဆွေစစ်-မျိုးစစ် ဖြစ်ကြပါကုန်၏။ ကမ္မ ပဋိသရဏာ၊ မိမိတို့ ကံသာလျှင် ကိုးကွယ်ရာအစစ် ဖြစ်ကြပါကုန်၏။ ယေ၊ အကြင်ပုဂ္ဂိုလ်တို့ သည်။ ကလျာဏံဝါ၊ ကုသိုလ်ကောင်းမှုကံကိုဖြစ်စေ။ ပါပကံဝါ၊ မကောင်း မှု အကုသိုလ်ကံကိုဖြစ်စေ။ ကရိဿန္တိ၊ ပြုကြကုန်လတ္တံ့။ တေ၊ ထိုပုဂ္ဂိုလ်တို့ သည်။ တဿ၊ ထိုကုသိုလ်ကံ-အကုသိုလ်ကံတို့၏။ ဒါယာဒါ၊ ကောင်းကျိုး ကိုစံ၊ မကောင်းကျိုးကို ခံကုန်သောအမွေခံ-အမွေစားတို့သည်။ ဘဝိဿန္တိ၊ စင်စစ်ကေန် အမှန်ပင် ဖြစ်ကြကုန်လိမ့်အံ့သတည်း။ ပိယေဟိ၊ ချစ်ခင်အပ် ကုန်သော။ မနာပေဟိ၊ စိတ်နှလုံးကို သိမ်း ကြုံး နှစ်သိမ့် စေနိုင် ကုန်သော။ ဣဋ္ဌေဟိ၊ အလိုရှိအပ်ကုန်သော။ ဝတ္ထူဟိ၊ သက်ရှိ-သက်မဲ့ဝတ္ထု အစုစုတို့ နှင့်။ နာနာဘာဝေါ စ၊ တရပ်တရွာ သွားခြင်းစသည်ဖြင့် ထူးထူးခြားခြား ကွဲကွာရခြင်းသည်ဖြစ်။ ဝိနာဘာဝေါ စ၊ အသက်မနေ သေသဖြင့် ကွေ ကွင်းရခြင်းသည်ဖြစ်။ အညထာ ဘာဝေါ စ၊ အခြားတပါးသော အဖြစ် အားဖြင့် ကွဲကွာရခြင်းသည်ဖြစ်။ အမှိ၊ စင်စစ်မသွေ ဖြစ်ရချေဦးအံ့။" ။ အဲ့ဒါဟာ ခင်မျိုးမြင့်က ပြန်ကြားပြောဆိုလိုက်တဲ့စကားတွေဘဲလို့-ဆိုလို တယ်၊ ခင်မျိုးမြင့်၏ အစွမ်းသတ္တိများကို နားလည် သိရှိကြ ပါလိမ့်မယ်။ အသာနားထောင်နေကြပါ။

## ဦးသုဒိန်ကိုယ်တော် ဓုတာရပျော်

ယခုအခါ ဦးသုဒိန်ကိုယ်တော်ကလေးသည် "အရညဂတာနံ ဝါ၊ တောအရပ်သို့ ကပ်၍ဍင်း။ သုညာဂါရ ဂတာနံ ဝါ၊ ဆိတ်ငြိမ်ရာသို့ကပ်၍ ဍင်း။ ရုက္ခမူလ ဂတာနံ ဝါ၊ သစ်ပင်ရင်းသို့ ကပ်၍ဍင်း" စသည်ဖြင့် ဟောတော်မူတဲ့ အမိန့်ဒေသနာနှင့်အညီ၊ "အာရညိကော ဟောတိ" တောရကိုယ်တော်ကလေးအဖြစ် နှစ်နှစ်ကာကာကြီး သီတင်းသုံးတော်မူပြီးလျှင် "ပိဏ္ဍပါတိကော" ပိဏ္ဍပါတ်ဓုတင်ကိုလဲဆောက်တည်တော်မူတယ်။ ပံသုကူလိကော၊ ပံ့သုကူသင်္ကန်းကိုမှ ဆင်မြန်းဝတ်ရုံတော်မူတယ်။ သပဒါနစာရိကော၊ အိမ်အစဉ်ကိုမကျော် အိမ်အစဉ်တိုင်း ကြွရောက်ဆွမ်းခံတဲ့-သပဒါနစာရိက ဓုတင်ကိုလဲ ဆောက်တည်တော်မူတယ်၊ ဘယ်အရပ် ဘယ်ဌာနမှာ သီတင်းသုံးစံပျော်ပါသလဲလို့ဆိုတော့ 'ဝဇ္ဇီ'လို့ဆိုတဲ့ရွာကို ဆွမ်းခံရွာ အမှီပြုပြီး တခုသောတောရကျောင်းကလေးမှာ စံပျော်မွေ့လျော်တော်မူသတဲ့၊ ဝဇ္ဇီဆိုတဲ့ရွာကလေးနှင့် ကုပ်လုပ်လေးတာ အပြန်ငါးရာ ကွာတယ်လို့မှတ်လိုက်ကြပေတော့။ အဲတာကြောင့်-

> အရညကင်၊ တောသို့ဝင်လျက်၊ ဓုတင်ရအောင်၊ ရွာကိုရှောင်၍၊ ဓလေးတောင်ထွာမြတ်၊ အစွန်းလွတ်သား၊ ကိုင်းညွှတ်ကွေးကွေး၊ ကုပ်လုပ်လေးတာ၊ ပြန်ငါးရာတွင်၊ သချ်ာမှန်လှ၊ တကောသ၌၊ နေထကိန်းအောင်း....ဆိုတဲ့။

အရှင်မဟာသီလဝံသ၏ တောလား လင်္ကာ အပိုဒ် တို့နှင့် ကိုက်ညီသင့်လျော်နေတာပေါ့နော်။ ဦးသုဒိန်ကလေး သီတင်းသုံးစံပျော်တော်မူတဲ့ တောရကျောင်းဟာ အကြီးကြီး လေသော့၊ အငယ်ကလေး လေသော့-လို့ တွေးတောစရာရှိလေတော့ "နေထကိန်းအောင်း၊ သခ်မ်းကျောင်းလည်း၊ ညောင်စောင်းဆန့်ရုံ" လို့ဆိုပေတယ်။ အိပ်ရာ ကုတင်ကလေးတလုံးဆန့်ရုံမျှ နံဘေးပတ်လည် စင်္ကြံဝရံတာ သုံးမျက်နှာလှည့်ပတ်ပြီး သပ်သပ်ရပ်ရပ် မွေ့လျော်ဘွယ်ကောင်းလှတဲ့ ကျောင်းကလေးပေါ့လေ။ ပရိက္ခရာရှစ်ပါး, ကရား, သားနေရယ် ပခုံး၌ လွယ်တော်မူပြီးလျှင် လေးဆယ်သော မြတ်ကမ္မဋ္ဌာန်းတို့ကို တတ်စွမ်းနိုင်သလောက် ဆောက် တည် တော် မူပေတယ်။ မချစ်ဘော်ရွေ တကိုယ်တည်းနေပြီးလျှင် ကေစာရ မာန်စွယ်တွေကို ရှောင်

ဖယ်လို့ချသတဲ့၊ လောဘမစော လူမနှေးတဲ့ တတောထွက်လျှင် တတော ဝင်လို့မို့ တပင်ကထွက်သွား တပင်မှာနားတာပါဘဲတဲ့။ စားတဲ့အခါ များ မှာလို့ ဆိုတော့....

> ခေါင်းပါးအစာ၊မျှရုံသာလျှင်၊ ပမာနှိုင်းထု၊ကြက်ဥထက်မြောက်၊
> ဒေါင်းဥအောက်ဖြင့်၊ ချောက်ချောက်မဝါး၊ လုပ်ရေစားလျက်၊
> လေး-ငါးလုပ်လျော့၊ ဖြော့တော့ကိုယ်လက်၊ ပစ္စဝက်လည်း၊သုံးစွဲ
> တိုင်းပင်၊ ရွှတ်ဆင်ခြင်၍-လို့ ဆိုတဲ့အတိုင်း၊

သူတော်စင်အနွယ်ဂိုဏ်းဖြင့် "ပုလလည်းဆင်၊ ကျင့်သောသင့်သို့၊ အောင်မြင်တံခွန်၊ သာမျိုးလွန်သည် .... နိဗ္ဗာန်ရွှေမြို့၊ ပျော်မည်ဘို့။" ကဲ- ဘယ်လောက်များကြည်ညိုဘို့ကောင်းလိုက်သလဲ၊ လောကီမျက်စိနှင့် ကြည့် ရှုသူတို့အတွက်မှာတော့ လောကီဘက်ချမ်းသာမျိုး စုံစုံလင်လင် ပေါပေါ များများ မြိုင်မြိုင်ဆိုင်ဆိုင် အလှိုင်ကြီးလှိုင်ပါလျက် တောထဲတောင်ထဲသို့ ထွက်ပြီး ရက်ရက်စက်စက် ဒုက္ခခံဝံ့ပါပေတယ်လို့ အသွယ်သွယ်အဝဝ ထင် မြင်အောက်မေ့ကြမှာဘဲ၊ သို့သော်လဲ ရွှေနိဗ္ဗာန်ရှာမှီး၍ အမတာခရီးရောက် လိုကြတဲ့ လောကုတ္တရာအသင်းဝင်တို့၏ ထင်မြင်ချက်မှာတော့၊ကာမဂုဏ်ကို ချမ်းချမ်းသာသာ ခံစားမည်လား၊ သို့မဟုတ် ဦးသုဒိန်ကလေးတို့လို ဆိတ် ငြိမ်ရာ၌ ဆင်းဆင်းရဲရဲနေမည်လား ဆိုလျှင်၊ ဆိတ်ငြိမ်ရာမှာ ဆင်းဆင်းရဲရဲ နေရခြင်းက မြင့်မြတ်လို့ ဆိတ်ငြိမ်ရာမှာ နေလိုကြပါ၏တဲ့။ လောကီနှင့် လောကုတ္တရာဆိုတာ လွန်စွာခြားနားမြဲပါဘဲ၊ ရှေ့နှင့်-နောက်၊တောင်နှင့်- မြောက်၊ အဝီစိနှင့်-ဘဝဂ်၊ အို-ပြောလို့မဖြစ်နိုင်လောက်အောင်ဘဲ ကွာ ခြား၍ နေရိုးအမှန်ပါဘဲတဲ့၊ ကဲကဲ....ဘုရားလက်ထက်က ဝေဒတ္တမထေရ် ရွတ်ဆိုတဲ့ ဂါထာတပုဒ် ထုတ်ဘော်လို့ပြလိုက်ရသေးတာပေါ့။

## ကြိုက်ရာပြောပါဘွဲ့ ဂါထာ

> သုခဉ္စ ကာမ မယိကံ၊
> ဒုက္ခဉ္စ ပဝိ ဝေဝိကံ။
> ပဝိဝေကံ ဒုက္ခံသေယျော၊
> ယဉ္စေ ကာမ မယံသုခံ။ ။

(ထေရဂါထာပါဠိတော်)

ကာမ မယိကံ၊ လောကီအာရုံ ကာမဂုဏ်ဖြင့် ခုံမင်ရှင်ဖြိုး မြတ်နိုး နှစ်သက်အပ်ပေထသော။ သုခဥ္စ၊ ကာမ စည်းစိမ် ချမ်းသာမျိုးသည်ရင်း။ ပ ဝိဝေကံ၊ မခေါ်အပို ဖေါ်မလိုဘဲ တကိုယ်ရေစား တကိုယ်သွားလျက် စံစားမွေ့သိမ် ဆိတ်ဆိတ်ငြိမ်ငြိမ် နေရခြင်းသည်ရင်း။ အတ္ထိ၊ ရှိ၏။ တေသု၊ ထိုနှစ်မျိုးတွင်။ပဝိဝေကံ၊ဆိတ်ဆိတ်ငြိမ်ငြိမ်အရပ်၌ ခိုကပ်ပျော်မှီး တကိုယ် တည်းနေရခြင်းကြောင့် ဖြစ်ပေါ်လာသော။ ဒုက္ခံ၊ ဆင်းရဲ ဒုက္ခသည်။ သေယျော၊ သူတော်ကောင်းတို့၏ စရိုက် နှစ်ခြိုက် မြင့်မြတ်လှပါတော့၏။ ကာမ မယံ၊ ကာမဂုဏ် ချမ်းသာတို့ကြောင့် ဗရမ်းဗတာ ဖြစ်ပေါ်၍လာ ပေသော။ သုခံ၊ အပြင်အပကာ အမြင်လှသော်လည်း ပူဒုက္ခအမြဲရှိ၍နေတဲ့ လောကီဝဋ်ချမ်းသာသည်။ ယဥ္စေ၊ မမြင့်မြတ်သည်သာလျှင်တည်း-တဲ့။

အဲဒီတော့ မြင့်မြတ်တယ်ဆိုတဲ့အချက်၊ မမြင့်မြတ်ဘူးဆိုတဲ့အချက် ဘယ်လိုမျှား တွက်ရပါ့မလဲလို့ဆိုတော့၊ယခု-ဦးသုဒိန်ကလေးတို့လို တကိုယ် ရေ-တကာယ ဘာကမ-မပူပင် လူမမြင်အောင် ဂူဝင်ရှိတန်း မြိုင်နန်းတောင် စွယ် ချောင်အသွယ်သွယ် တည်းဟူသော တော၏အာရုံ၊ တောင်၏အာရုံ၊ ကျေးငှက်တမာ သာရကာနှင့် သံသာညြ တောမှာ-တောင်မှာ မွေလျော် ရှာကြတဲ့ သမင်,ဒရယ်,ချေယ်,စိုင်,ဆတ် အရပ်ရပ်သော မျက်စိ၏ အာရုံ၊ နားအာရုံတို့ဟာ တဏှာလောဘကို ထ,ကြွအောင် မဆွဲဆောင် နိုင်ကြပါ ဘူးတဲ့၊ မဆွဲမဆောင်နိုင်တဲ့အတွက် ကမ္မဋ္ဌာန်းအာရုံမပျက်ဘဲ ခပ်သွက်သွက် နိဗ္ဗာန်လမ်းကြီးပွင့်နိုင်တာပေါ့လေ၊ အဲတာကြောင့် လောကီအာရုံ ကာမ ဂုဏ်ချမ်းသားမျိုးတို့ထက် တောထွက်ခြင်းလို့ဆိုတဲ့ ဝိဝေကဒုက္ခက မုချစင် စစ်အားဖြင့် ချမ်းသာစစ်-ချမ်းသာမှန်ကို ကေန်ရွက်ဆောင်နိုင်ပေတဲ့အတွက် တောထွက်လို့ဒုက္ခခံရှာကြသတဲ့၊"သံသာရ မောစနတ္ထာယ"ဖြစ်အောင်ပေါ့ လေ။ ဩော် - ဒီစကားတွေ ပြောရတော့ အရှင်မဟာကဿပ ရွတ်ဆိုတဲ့ ဂါထာတပုဒ်ကို ရွတ်တရက် အမှတ်ရပြန်တယ်-တာလိုတဲ့....

လူမနှောတဲ့ တောကြီးမြိုင်လယ်

အနာကိဏ္ဏာ ပဟာဋ္ဌေဟိ၊

မိဂ သံဃ နိသေဝိတာ။

နာနာဒိဇ ဂဏာကိဏ္ဏာ၊
တေ သေလာ ရမယန္တိ မံ॥ ॥
(ထေရဂါထာပါဠိတော်)

ဂဟာဋ္ဌေဟိ၊ အိမ်ယာတည်ထောင် လူဝတ်ကြောင်တို့နှင့်။ အနာကိဏ္ဏာ၊ မရောမယှက် သက်သက်ရှင်းလွတ်ရကုန်သည်ဖြစ်၍။ ဝါ၊ ရှင်းလင်းသာယာ ကင်းကွာ၍ နေရပါကုန်သော။ မိဂ သံဃ နိသေဝိတာ၊ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်က စ၍လုံးစုံ ရဂုံမြိုင်စောင်း သားကောင်အပေါင်းတို့၏ ခိုအောင်းတည်နေရာဖြစ်ကြပါကုန်သော။ နာနာဒိဇ ဂဏာကိဏ္ဏာ၊ နေရိုးမှာ လေပြည်သုတ်နှော ရွှေဥသြနှင့် ကြက်တောတမာ သာရကာဥဒေါင်း ငှက်အပေါင်းတွေက ယှက်သောင်းကြွေးကျေ၍နေကြပေကုန်သော။ တေ သေလာ၊ ထိုအနိမ့်အမြင့်-ဆင့်ကာဆင့်ကာ သာယာတောင်တန်း ချောင်နရန်းတည်းဟူသော တောင်အဝှမ်းတို့သည်။ မံ၊ အကျွန်ုပ်ကို။ ဝါ၊ ဦးသုဒိန်ကိုယ်တော်ကလေးကို။ ဝါ၊ ဖန်ဝါထည် သစ်ခေါက်ဆိုးတို့ဖြင့် ပုန်းလျှိုးတောမှီသဖြင့် ယောဂီအသင်းဝင် ဖြစ်ကြတဲ့ သူတော်ကောင်း-သူမြတ်လောင်း ဟူဟူသမျှတွေကို။ ရမယန္တိ၊ မွေ့လျော် စေနိုင်ကြပါကုန်၏။ ဝါ၊ အနိမ့် အမြင့် ကူးဆင့် တောင်စင် မျောင်ခင်တောရ သဘောကျကာဖြင့် လောဘ-ဒေါသ မာန်တဏှာမကပ်မူ၍ သံသရာတဇာတ် အမြန်မကြာ ဖြတ်မည်ကြောင့် စိတ်ဓာတ်မွေ့လျော်ကြစေကုန်သတည်း။

ချောင်နရန်းနှင့်-တောင်တန်းသေလာ၊
စုံညီငှက်ပေါင်း-ကြွက်သောင်းသံစာ။
သမင်ပေါ်တဲ့-မြိုင်တောဟေမာ၊
လွှန်ပျော်မွေ့-ဓလေ့စိတ်ဇောမှာ။ ॥

အဲတာလို လူမနီးတဲ့ တောကြီးမြိုင်လယ်အတွင်း သင်းပျံ့မွှေးကြိုင်သောပန်းအစုံ မြူးခုံပျော်ပါးကြတဲ့ သားသမင်အပေါင်း သံညောင်းသံစာသာသာယာယာ မြည်တွန်ကြတဲ့ ငှက်တသင်းတို့နှင့်ပေါ့လေ။မနက်ခင်းဆီဦးတံမြက်တလင်းများ သန့်ရှင်းသုတ်သင် ဓုတင်မပျက် ဦးသုဒိန် ကိုယ်တော်ကလေး တောထွက်ပြီး ရက်ရက်စက်စက်ကြီး ကျင့်ကြံတော်မူသတဲ့၊ ဘယ်လောက်များ သာခုံခေါ်ဘို့ ကောင်းသလဲ၊ အကြောင်းဆိုက်သလို နေရာမရွေးဘဲ အေးအေးဆေးဆေး သဘောကျတဲ့အတွက် တောရကိုယ်တော်ကလေး လုပ်နေတာပေါ့လေ။

ဦးပဥ္စင်းတို့ မြန်မာပြည် သာသနာဂုဏ်ရည် ရောင်လျှမ်း ရွှေမင်းဝန် တောင်တန်း-စစ်ကိုင်းတောင် ချောင်စခန်း စသည်တို့နှင့်တော့ အလှမ်း မကွာကြရိုးအမှန်ပါ။ သာယာတဲ့ တောင်စောင်းဆိုတာ သူတော်ကောင်း သူမြတ်လောင်းတို့၏အတွက် သက်သက်သီလသမာဓိ တန်ခိုးဘော်ကြောင့် မိုးယ်းပေါ်က ဝိသုကြုံနတ်သားများ ဖန်ဆင်းလို့ထားသလိုပနေ့ဘ်၊ ဩဘ်-မွှေလျော်ဘို ကောင်းပေတဲ့ အချက်တွေဘဲ။

## ဝဇ္ဇီရွာကလေး ဝတ်မွတ်ရေး

အဲတာလို မွှေလျော်ဘယ် တင့်တယ်သာယာလှသော်လဲ "ဆင်းရဲ တခါ-ချမ်းသာတလှည့်"လို့ ဆိုတဲ့ စကားအတိုင်း၊ ဦးသုဒိန်အမှီပြုတဲ့"ဝဇ္ဇီ ရွာကလေး"မှာ ရှေးကလိုမဟုတ် 'ဒုဘိက္ခာဟောတိ'ထမင်းအစာ ဝမ်းဗိုက် တွေ ဟာလောက်အောင် လွန်စွာဝတ်မွတ်၍ ကုန်ကြပါရောတဲ့၊ ပါဠိတော် မှာ တိုက်ရိုက်ပါတဲ့စကားတွေဘဲနေ့ဘ်။"ဒွီဟိ တိကာ သေတဋ္ဌိကာ သလာ ကာ ဝုတ္တာ"ဆန်စပါးတွေပျက်စီး-အသီးအနှံတွေ မကြီးနိုင်ဘဲ အရိုးအတန် ချည်းသာ ကျန်တော့တာဘဲတဲ့။ အဲတာလို ပျက်စီး၍ ကုန်လေတော့"ဝမ်း တော်ဝမှ-ဆွမ်းတော်ချနိုင်မယ်""တကာဆူမှ-ဆရာဆူ,ရွာဆူမှကြက်ဝ"ဆို ကြတဲ့ စကားပုံတွေအတိုင်းဘဲ၊ ရပ်သူရွာသားလို့ဆိုတဲ့ တကာ-တကာမတွေ ချမ်းချမ်းသာသာ-ကျန်းကျန်းမာမာနှင့် ဝမ်းစာအတွက် ဆူဆူဖြိုးဖြိုးရှိတဲ့ အခါကာလများမှာတော့ ဆရာတော်-သံဃာတော် အရှင်မြတ်များမှာလဲ ပစ္စည်းလေးပါးဘက်က ဆူဆူဖြိုးဖြိုးရှိတော်မူကြတာပလေ။တကာ-တကာ မတွေ ဝင်ငွေနဲလို့ ကြပ်ကြပ်တဲတဲ ရှိနေတဲ့ အခါများမှာလဲ သံဃာတော် အရှင်မြတ်တွေ မဆူမဖြိုးနိုင်ဘဲ"ဥဉ္ဆေန၊ သပိတ်ပိုက်ခါ ဆွမ်းလိုက်ရှာခြင်း ဖြင့်။ ယာပေတုံ၊ မျှမျှတတနှင့် ရကြ-ဝကြစေခြင်းငှါ။ နသုကရာ၊ လွယ် လွယ်ကူကူ ရှိတော်မမူကြပါဘူး"တဲ့။ အထူးအားဖြင့် ဦးသုဒိန် ကိုယ်တော် ကလေးလဲ ဝဇ္ဇီဂါမ-လို့ဆိုတဲ့ ရွာကလေးဆီမှ တခါပြေးရရှာတယ်။ တကာ တွေ မအေးလေတော့ ဆရာတွေလဲ ပြေးရရှာတာပေါ့လေ။ အဲဒီတော့ ဦးသုဒိန် ကိုယ်တော်ကလေး ဘယ်ဌာန-ဘယ်ဒေသများရောက်၍ သွားပါ သလဲလို့ဆိုတော့ မူလဇာတိနဂိုရ် တောင်ငါးလုံး ကာခိုတဲ့ ရာဇဂြိုဟ်ပြည် တော်ကြီး ပြန်ရောက်၍ လာရပါရောတဲ့။

ယခုအခါ ဦးသုဒိန်ကိုယ်တော်ကလေးသည် ဇာတိချက်ကြွေ ယင်ယင်ကနေခဲ့တဲ့ ကလန္ဒရွာအနီး ကုဋာဂါရသာလလို့ ဆိုတဲ့ ကျောင်းတော်ကြီးသို့ တခါတည်းရောက်ရှိသွားပါရောတဲ့။ ဒုက္ခသောက အပူပွားကြလျှင် ဆွေနားမျိုးနား ကပ်ရောက်ကြမြဲဓမ္မတာကြီးပေကိုး။ လူ့လောက ခေါ်တဲ့ တကမ္ဘာလုံးကို သိမ်းရုံးပြီး ပြောပြလိုက်တဲ့ စကားပါနော်၊ သနားစရာလှဲ့ အလွန်ကောင်းနေ့တာပေါ့၊ ဦးသုဒိန် ကိုယ်တော်ကလေး၏ ဆွေတွေ့မျိုးတွေက ဝေသာလီပြည်မှာရှိပေတာကိုး။အမိ-အဘတို့ကတော့ ကလန္ဒဂါမကလန္ဒရွာကလေးမှာနေကြတယ်၊သို့ကလို ဦးသုဒိန်ကိုယ်တော်ကလေး ဝေသာလီပြည်သို့ ဒေသစာရီ ကြွချီရောက်ရှိလာတယ်လို့ ဆွေတွေ့မျိုးတွေ ကြားသိကြလေတော့“သဠ္ဌိမတ္တေ၊ ခြောက်ဆယ်လောက်မျှ အတိုင်းအရှည် ရှိကုန်သော။ ထာလိပါကေ၊ ဆွမ်းအိုး-ဆွမ်းအုပ်တို့ကိုး ဘတ္တာဘိဟာရံ၊ ဆွမ်းဘောဇဉ်အကျိုးငှါ။ အဘိဟရိံသု၊ ရှေးရှုပို့ဆောင်ကြလေကုန်၏”တဲ့ ဆွမ်းအုပ်ပေါင်း ခြောက်ဆယ်တဲ့၊တယ်လို့လဲပေါပါပေတယ်၊အမျိုးအနွယ်ကိုက သူဌေးမျိုး-သူဌေးနွယ်ပေကိုး။ ဒီဆွမ်းအုပ်တွေကို ဘယ်လိုများပြုလုပ်တော်မူပါသလဲလို့ ဆိုတော့ “ဘိက္ခူနံ၊ ရဟန်း - သံဃာတော်တို့အား။ ဝိဿဇ္ဇေတွာ၊ စွန့်လွှတ် လှူဒါန်းလိုက်လေ၏ ” တဲ့။ သမဂ္ဂ သံဃာတော်အပေါ်ရဟန်းတွေကို ခွဲဝေလှူဒါန်းလို့ ပြီးတော့မှ၊ နောက်က ဟောခဲ့တဲ့ အတိုင်း ပိဏ္ဍပါတ်ဓုတင်ဆောင် အရှင်မြတ်တဦးဖြစ်သည်နှင့်အညီ သက်နိုးရုံ-သပိတ်ပိုက်ကာဖြင့် ဇာတိချက်ကြွေ ယင်ယင်ကနေခဲ့တဲ့ အမိအဘတို့ရှိရာ ကလန္ဒ ရွာကလေးဆီသို့ ခပ်ဖြေးဖြေး ရှေးရှု ကြွရောက်တော်မူလေ၏-တဲ့။ ဆွမ်းခံတဲ့ စကားနှင့် စပ်မိလို့ ဇနက္ကမင်းကြီးက ခုနစ်ရက် - ခုနှစ်လီစွေတဲ့ မိုးသည်းရေထဲမှာ ဦးခေါင်းငိုက်ဆိုက် သပိတ်ပိုက်ပြီး ဆွမ်းခံလိုက်ချင်ပါဘိတော့တယ်-လို့ ကြံစီမိတဲ့ အကြောင်း ပါဠိတော်ဂါထာတပုဒ် ထုတ်ဖေါ်လို့ပြလိုက်ရသေးတာပေါ့။ တာလိုတဲ့....

သင်္ကန်းတိုတို-မိုးသည်းစိုစို သပိတ်ပိုက်ခါ ဆွမ်းလိုက်ရှာပုံ

ကဒါဟံ သတ္တာဟ သမေ္မဃေ၊
ဩဝဋ္ဌော အလ္လ စီဝရော။
ပိဏ္ဍိကာယ စရိဿာမိ၊
တံ ကုဒါဿု ဘဝိဿတိ။ ။

(ဇနက္ကဇာတ်ပါဠိတော်)

ကဒါ၊ အဘယ်အခါကာလ၌။ ဝါ၊ ဥသျှောင်တော်ပယ် စလွယ် မသိုင်း တိုင်းပြည်မခင် ဘယ်စဉ်ကာလ ဘယ်ခါသမယမှ။ သတ္တာဟ သမ္မေဃေ၊ ခုနစ်လီရက် မပျက်ညီညာ သီဘာရေယဉ် အစဉ်ပြည့်ဖြိုး ရွာသည့် မိုးယံးကြီးထဲ၌။ ဩဝဒ္ဓော အလ္လစိဝရော၊ အထက်ကရေ-အောက်ကရေနှင့် မိုးယံးစွေလေသွေး ခိုက်တုန်သေး၍ အေးမြစွတ်စို ကိုယ်မှာရုံလွှမ်း ဝတ် သင်္ကန်းဖြင့်။ ပိဏ္ဍိကာယ၊ တချို့ မလောင်း-တချို့ လောင်းနှင့် မကောင်း လည်းယူ ကောင်းလည်းယူလို့ တူရှုကျင့်အပ် ပိဏ္ဍပါတ်ဟု မပြတ်အိမ်စဉ် လှည့်လည်ဝင်လျက် အကြင်ဆွမ်းခံရခြင်းအကျိုးငှါ။ စရိဿာမိ၊လှည့်လည် ရပါအံ့နည်း။ ဝါ၊ တဝမ်းဝ၍ မျှတရုံသာ ရည်ရွယ်ကာဖြင့် မျက်လွှာကိုချ လောဘကိုပယ် မတာမတွယ် အပိုမမှီးမူ၍ တကိုယ်တည်း လှည့်လည်ရပါအံ့ နည်း။ တံကာလံ၊ နန်းမြို့ကိုသွေ့ တောမှာနေ၍ ဆံကောကိုချ ကျင့်သီလဖြင့် သွားရ-လာရ လှည့်လည်ရအံ့သောအခါကာလသည်။ ဝါ၊ တားသူမပေါ် မျှော်သူမရှိ ကေိဘာဝ ကျင့်စာရဖြင့် ရာဇဘုန်းမော် ကိုယ်တော်အလျောက် ပေါ်မနှောက်ဘဲ တယောက်တည်းလှည့်လည်ရသည့် ထိုအခါကာလသည်။ ကုဒါ၊ အဘယ်နာရီ ပဟိုရ်စည်တို့ ချိုမြည်သာစွ ဘယ်အခါကာလ၌။ ဘဝိဿတိ၊ ဖြစ်ရပါအံ့နည်း။ ဝါ၊ ကံပါရမီ ဉာဏ်မှာတည်၍ ကြံစီပွား လျောက် တအားမြောက်လျက် သွားရောက်ခြင်းငှါ ဖြစ်ရပါအံ့နည်း။

တိုတိုပြောကြပါစို့၊ ယခုအခါ ဦးသုဒိန် ကိုယ်တော် ကလေးသည် အမိရင်း-အဘရင်း တကာကြီး-တကာမကြီးတို့အိမ် တရှိန်တည်း ကြွလှမ်း ပြီးအရှေ့ခန်းမှာ သိတင်းသုံးထိုင်နေပြီပေါ့လေ။ အိမ်သူ အိမ်သား,သူဌေး ကြီး-သူဌေးကတော်ကြီး, ဇနီးသယ် ကြင်ယာဟောင်းတို့က ကောင်းမွန် စွာ ဆက်ကပ်လှူဒါန်း တခန်းတနား ကျွေးမွေးပြုစုကြလေသတည်း....တဲ့။ အာရုံဘပါး စိတ်မသွားဘဲ တရားသားကိုသာ ဂရုဘစိုက် နာကြားလိုက် ကြစေလိုတယ်။ ယခု ဟောနေတဲ့ ဦးသုဒိန် ကိုယ်တော်ကလေး၏ အခန်း ဆွမ်းဘုဉ်းပေးနေစဉ်၊ အသာအယာပိတ်ခဲ့ပြီး တဆိတ်လောက်သူဇနီးသယ် သူဌေးကတော်ကလေး ခင်မျိုးမြင့်ရဲ့အကြောင်း၊ရှုံးပေါင်းပြီးဟောပါရစေ ဦး၊ အထူးအာရုံပြုလိုက်ကြပါနော်-ဇာတ်ကွက်မပေါ်မှာကို စိုးရိမ်လို့ပြော နေတာပါ။

တရားပြည့်ပုံထူးလှသော သား-အမိနှစ်ဦး မဂ်ဖိုလ်ဝင်ပုံ
ဘွဲ့ဂါထာ

မယံ သဟာဝ နိက္ခန္တာ၊
ဃရာပိစ ဘဝါပိစ။
သဟာယေဝ ဂမိဿာမ၊
နိဗ္ဗာနံ ပဒ မုတ္တမံ။ ။
(ထေရီအပဒါန်ပါဠိတော်)

ဒီဂါထာဟာ ထေရီအပဒါန် ပါဠိတော်လာ ဂါထာဖြစ်ပေတယ်၊ ခင်မျိုးမြင့်အတွက် သက်သက် ဟောတော်မူတဲ့ဂါထာတော့ဖြင့်မဟုတ်ပေဘူး၊ သို့-မဟုတ်ပင်မဟုတ်သော်လဲ သရုပ်သွင်ပြင် ဖြစ်ပျက်ပုံအဆင်တူလှတဲ့အတွက် ကောက်နုတ်ချက်အမှန်သဘောနှင့် ဟောပြ-ရွတ်ဆိုလိုက်ရပေသပေါ့၊ တရားနာသူ တကာ-တကာမအပေါင်း သူတော်ကောင်းတို့စိတ်ထဲက မှန်းမျှော်ပြီး ဘုရားသခင်၏ ကျောင်းတော်ဦးမှာ သား-အမိနှစ်ဦး ဘုရားသခင်ကို ဖူးနေကြတယ် ကြည်နူးစရာကောင်းလိုက်တာ မြင်ကြရဲ့လား....၊ မြင်ကြစေ-ထင်ကြစေ၊ စိတ်ထဲကပေါ့နော်။ ဘယ်သူ-ဘယ်ဝါများထင်ကြသလဲ၊ တခြားဟုတ်ပါရိုးလား၊ ဦးသုဒိန် ရဟန်းတော်ကလေး၏ လူ့ဘဝက ကြင်ယာဟောင်း ငယ်ပေါင်း ဇနီးသယ်ကလေး ခင်မျိုးမြင့်နှင့် သူ့သားကလေး "ရှင်ဗီဇက"ကလဲ ရဟန္တာ၊ ကိလေသာ ကင်း ကွာ ပြီး သံသရာဇာတ်စုံသိမ်းလို့မို့ အေးငြိမ်းချမ်းသာလျက်ရှိနေကြတဲ့ သားအမိ နှစ်ဦးတို့ပေါ့။ "ဥဘော၊ နှစ်ယောက်ကုန်သော သားအမိ နှစ်ဦးတို့သည်။ ဝါ၊ ခင်မျိုးမြင့်နှင့် တင့်တယ်သားလှ မောင်ဗီဇကတို့သည်။အဂါရသ္မာ၊အိမ်ယာတည်ထောင်လူတို့ဘောင်မှ။အနာဂါရိယံ၊ အိမ်ယာမထောင်ရဟန်းဘောင်၌။ ပဗ္ဗဇိတွာ၊ အမေရော-သားပါ နှစ်ဖြာနှစ်ဝ ရှင်ရဟန်း ပြုလုပ်ကြကုန်သည်ဖြစ်၍။ အရဟတ္တံ၊ ရဟန္တာ၏အဖြစ်သို့။ ဝါ၊ ကိလေသာအာသဝေါကုန်ခမ်းသည့် ရဟန္တာ-ရဟန္တာမ၏ အဖြစ်ဟု ဆိုအပ်သော အရဟတ္တမဂ်-အရဟတ္တဖိုလ်ကို။ သစ္ဆာကံသု၊ မျက်မှောက်ပြုကြလေကုန်ပြီ"တဲ့။ (ပါရာဇိကဏ်ပါဠိတော်။) နေရာကျလိုက်ထာနော်၊ တော်တော်ပါရမီပြည့်ဝတဲ့ သားအမိ နှစ်ဦးတို့ပါဘဲ၊ ကာယိကဒုက္ခနဲ့နှင့် နိဗ္ဗာန်ပွဲကြီးကို ဝင်ရောက်

နိုင်အောင် ကျင့်ကြံနိုင်ပေတာကိုး၊ မပင်မပန်း ချမ်းချမ်းသာသာ ဘာဝနာတရားကျင့်ပြီး အမြင့်ဆုံးဖြစ်တဲ့ နိဗ္ဗာန်နန်းကို စံမြန်းစိုးပိုင်နိုင်ကြတဲ့ ပုဂ္ဂိုလ်မျိုးဆိုတာ အတုခိုးအားကျသင့်ကြပါပေတယ်။ အကြိမ်ကြိမ် ပတ္ထနာပြုလို့မို့ သာဓု-သာဓု လို့သာ မြိန်မြိန်ယှက်ယှက်ကြီး ခေါ်လိုက်ကြပေရော့။

(မယံ သဟာဝ နိက္ခန္တာ...ဂါထာပါဠိကို ပြန်ရွတ်ပါ

ပြီးလျှင်-အနက်မှာကား)

ဘန္တေ၊ ရှေ့ဘုန်းတော်သခင် အရှင်မြတ်ကြီး ဘုရား။ မယံ၊ ဘုရားတပည့်တော်မနှင့် တပည့်တော်မ၏သားလှ ဗီဇကတို့သည်။ သဟာဝ၊ အတူတကွသာလျှင်။ ဝါ၊ အကြံတူ-ဉာဏ်တူ ကံပါ တူကြသဖြင့် သယမ္ဘူမြတ်ဘုရား၏ ထံပါးခြေရင်း၌ မကွေမကွင်းဘဲ အတူတကွဖြင့် သာလျှင်။ ဃရာ ပိစ၊ အိမ်ယာတည်ထောင် လူတို့၏ဘောင်မှသော်ရင်း။ ဘဝါပိစ၊ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ့ဘဝတည်းဟူသော သုံးဘုံဌာန ဘုံဘဝဆိမှ သော်ရင်း။ နိက္ခန္တာ၊ အခိုင်အမြဲ မနိုင်လျှင် နိုင်အောင်ခဲလို့မို့ တပြိုင်ထဲထွက်ခဲ့ကြကုန်ပြီ ဘုရား။ ဥတ္တမံ၊ အပူဟူသမျှ ဘေးအဆုံးကျခဲ့သဖြင့် အအေးဆုံး, အမြဆုံးလည်း မှန်လှပေထသော။ ပဒံ၊ ရှစ်ပါးမဂ္ဂင် ရထားယာဉ်ဖြင့် လမ်းစဉ်ဖြောင့်တန်း ရောက်ရာစခန်းလည်းမှန်လှပေထသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သာစံနန်းမြို့ဘုံကြီးသို့။ သဟာယေဝ၊ တပည့်တော်မတို့ သားနှင့်အမိ လောကီဝဋ်နှောင် ခွါရှောင်ယူဘဲ အတူတူမခွဲမူ၍သာလျှင်။ ဂမိဿာမ၊သွားရောက်ကြကုန်မည်ဘုရား။ ဝါ၊ ဂမိဿာမ၊ ခန္ဓာဖြတ်လမ်း ဖန်ဝါလွှမ်းကာဖြင့် သံသရာကမ်းကြီးကို ကူးမြောက်ကြကုန်မည်ဘုရား။

ကဲ.. တရားနာပရိသတ်တွေ အဓိပ္ပါယ် ရပ်ကို နားလည် ကြရဲ့လား၊ ဦးသုဒိန်ကိုယ်တော်ကလေး ရောင်တလုံး အဆုံးခံပြီးသကာလ သာသနာ့ဝန်ထမ်းတဲ့ ရှင်ရဟန်း ပြုလုပ်၍လာခဲ့တယ်၊ သို့ကလို ကုဋေပေါင်းလေးဆယ်ကျော် အတော်ပင်စုံမက်လောက်တဲ့ များမြောက်သောစည်းစိမ်ရတနာတွေစွန့်လွှတ်ပြီး ရဟန်းဘဝသို့ကူး အကျင့်ထူး-အကြံထူး ထူးထူးမြတ်မြတ် ဓုတင်အကျင့်တို့ဖြင့် ငြိုငြိုငြင်ငြင် ပင်ပင်ပန်းပန်း ကျင့်ကြံ ကြိုးကုတ် ထိုကဲ့သို့သောတရားအလုပ်တွေကို အားထုတ်ကြိုးစားပေသမှု ကာယိကဒုက္ခ အစုတွေသာလျှင်များပြား မဂ်ဖိုလ်တရားဆိုတာမသိရှိ၊ ယခုထက်ထိမရရှာနိုင်သေးဘူးတဲ့၊ အထူးဝမ်းနည်းဘွယ်ကောင်းတဲ့အချက်ပါဘဲ၊ ဟော-

ယခု အိမ်မှာကျန်ရစ်တဲ့ သူဌေးကတော်ကလေး ခင်မျိုးမြင့်ကတော့ အခွင့်သင့်သလို အခါယူပြီးသကာလ ဘာဝနာဟူသောအလုပ် လုပ်လိုက်တယ်၊ ဖြုတ်-ဖြုတ်ဆို "အရဟတ္တံ သစ္ဆိကံသု" အရဟတ္တဖိုလ်ကို မျက်မှောက်ပြုသွားတာဘဲတဲ့။ ကဲ-ဘယ်လောက်များ ပါရမီချင်း ကွာခြားလိုက်သလဲ၊ ဒီအထဲ သားကလေး ရှင်ဗိဇကလဲ ရဟန္တာဖြစ် သွားလေ၏လို့ ဆိုပြန်တော့-ကိုဗိဇက ကလေးဆိုတာ ဘယ်ကလဲ၊ ကသုတ်ကသက် ရွတ်တရက်ဆိုဘာလို ကိုဗိဇက ကဓလေးနာမည် ထွက်ပေါ်လာတော့၊ ကိုဗိဇကလေး၏ အတွက် ဇာတ်ကွက်ကလေး အနည်းငယ်ရှုတ်သွားတယ်၊အဲဒီတော့ ဖေါ်ထုတ်ဟောပြတို့ တာဝန် ရှိလာတာပေါ့၊ ဟုတ်တယ်လေ ဦးသုဒိန် ရဟန်း ပြုစဉ်က သူဌေးကတော်ကလေး ခင်မျိုးမြင့်မှာ ဘယ် သား-သမီးမှမရှိ လွတ်လွတ်လပ်လပ် မိန်းမတို့ဓမ္မတာဝန် သန့်စင်ရှင်းလင်းခဲ့ပါလျက် ဦးသုဒိန်ကလေး ရဟန်းပြုသွားတဲ့နောက်မှ ဖေါက်ဖေါက်ပြန်ပြန့်လော်လီဉာဏ်ကေန်မကင်းလေရော့သလား၊အရှင်ရင်း-သခင်ရင်း မရှိပါဘဲလျက် ဘယ်အတွက်ကြောင့် ရှင်ဗီဇကလို့ဆိုဘဲ့သားတယောက်ကို ဖွားမြောက်သန့်စင် သာသနာတောင်သို့ပင် ဝင်ရပါသလဲလို့ တရားနာသူတို့၏ စိတ်ထဲမှာ ထိတ်ခနဲ ဆိုတာလို အရိပ်အကဲ တွေ့မိကြ-သိချင်ကြမှာကလား။

အကြောင်းက တာလိုတဲ့....

> "ဘုရားလူ့ဘ၊ မုနိန္ဒလျက်၊ မိန်းမယောက်ျား၊ လူ့စကားဖြင့်၊ မကြားစတောင်း၊မဆိုကောင်းကို၊အကြောင်းဆောင်သွေး၊ဆိုတုံသေး၏၊ ဆိုရေးရှိက၊ ဆိုအပ်လှ၏၊ဆိုစများလျှား၊ထားပဒ္ဒချဘိ၊ ငါ့ဝန်ရှိခဲ့။ "

ဆိုတဲ့ – ပညာရှိတို့ ထုံးတန်း ဓမ္မတာ အမှာ စကား အတိုင်း၊ သိရုံလောက် ဟောပြောရဦးတော့မှာဘဲ၊ သတိသမ္ပဇဉ် ဉာဏ်အမြင်အထပ်ထပ် ပွါးပြီး သံဝေဂ, တရားရအောင်သာ ကြိုးစား လိုက်ကြပေတော့၊ ယခု-ဦးသုဒိန် ကိုယ်တော်ကလေး၏ အမိ-အဘတွေမှာ ဥစ္စာဓနက အလွန်ပေါ၊ သားချော-ကိုသုဒိန်ကလဲ အချိန်အရွယ် ကောင်းတုန်းမှာ ရဟန်းပြုလုပ်လို့ သွား၊ အဲဒီတော့ – ရွှေတွေ, ငွေတွေ အမွေခံစားမည့် မြေးချောလလေး

တယောက်မှလဲ မရှိလေတော့ ငုံးတိတိ ဖြစ်နေတာပေါ့လေ၊ သူဌေးကြီး-သူဌေးကတော်ကြီးတို့ စုတေမနေ သေလွန်လို့ သွားခဲ့ကြလျှင် သားသမီး အမွေခံမရှိတဲ့ ပစ္စည်းတွေရယ်လို့၊ တိုင်းရှင်၊ပြည့်ရှင် ဘုရင်မင်းမြတ်ကြီးက ကေန္တ-ဘဏ္ဍာတော်၏အဖြစ်ဖြင့် စင်စစ် သိမ်းဆည်းတော်မူမှာဘဲတဲ့၊ သို့အတွက် အမွေစား, အမွေခံ ကေန်ရရှိ သိမ်းဆည်း ထိုက်တဲ့ မြေးကလေး တယောက် ပေါ်ပေါက် ရရှိဘို့ အရေး ချွေးမကလေး ခင်မျိုးမြင့်နှင့် ယောက္ခမ သူဌေးကတော်ကြီးတို့ တီးတိုးတီးတိုး တိုင်ပင်ကြသတဲ့၊ ဘယ်လိုများ တိုင်ပင်ကြတယ်လို့တော့ မသိနိုင်ဘူးပေါ့နော်၊ တိုးတိုးတိုင်ပင်တာကိုး၊ သို့သော်-အကြောင်းထူးတခုကတော့ တာလိုရှိသေးရဲ့၊ချွေးမနှင့် ယောက္ခမကြီး တီးတိုး-တီးတိုးတိုင်ပင်ကြပြီး၊ များမကြာမီ ရက်အတောအတွင်းမှာဘဲ ဦးသုဒိန်သီတင်းသုံးတဲ့ မဟာဝုန်တောစောင်းကို ဇနီးဟောင်း ခင်မျိုးမြင့် တယောက်တည်း ခတ်သုတ်သုတ်အသွား ကိုးသ-ဆယ်လလောက် ကာလခြားလေတော့၊ ကိုဗီဇကကလေး ဘွား မြင် တာပါဘဲ၊ စဉ်းစားလို့သာ ကြည့်ကြပေရော့။ အပြစ်လဲ့ မတင်ကြနှင့်တော့နော်၊ လော်မာတဲ့ စရိုက်မျိုးနှင့် အမိုက်ဆိုး-ဆိုးတာ မဟုတ်ပေဘူး၊ ကိုယ့်ဝမ်းနာ-ကိုယ်သာလျှင်သိ လောကီရေးရာနှင့်ကြည့်ပြီးတော့ ဉာဏ်ရှိသလိုကြံဖန်ရတဲ့ အဖြစ်မျိုး-အခါမျိုးကြီးပေကိုး၊ပစ္စိမဘဝိက သံသရာ့ဗွက်မှရုံးပြီး ဘဝအဆုံးကိုဆိုက်ရောက်နေတဲ့ သားအမိ နှစ်ဦးမှန်ပါတယ်၊ ဘယ်နေရာမှာဘဲဖြစ်ဖြစ် သူတပါး၏ အပြစ်ဆိုတာ မရှုရဘူးတဲ့၊အထူးဆုံးမဘာကတမျိုးပေါ့လေ၊သူတပါးတို့၏ အပြစ်ကိုရှုပြီး သူတပါးတို့၏အမှုကို ကဲ့ရဲ့ခြင်းဆိုတဲ့အလုပ်တွေဟာ အဟုတ်အဟုတ် နိဗ္ဗာန်နှင့်ဝေးတတ်သတဲ့၊မှတ်ရအောင် ဂါထာရွတ်ပြမယ် အလွန်အဘိုးတန်တဲ့ တရားတော်ပါဘဲ။

ပရဝဇ္ဇာနု ပဿိဿ၊
နိစ္စံ ဥဇ္ဈာယ သညိနော။
အာသဝါ တဿ ဝဍ္ဎန္တိ၊
အာရာ သော အာသဝက္ခယာ။ ။

(ဓမ္မပဒပါဠိတော်)

ပရဝ‿‿‿ဿိဿ၊သူတပါးတို့၏အပြစ်ကို တစ်တစ်ခွခွထင်အောင် မြင်အောင်ရှုကြလေ့ရှိသည်ဖြစ်၍။နိစ္စံ၊အမြဲပင်လျှင်။တဿ ဥဇ္ဈာန သညီ

နော်၊ ကဲ့ရဲ့သင့်ဂုဏ် စကားတင်းဆိုလေ့ရှိကြတဲ့ ထိုပုဂ္ဂိုလ်များအား။ ဝါ၊ ခင်မျိုးမြင့် အကာလက်မကာလေးရယ်လို့ ရှက်စရာအရေးတွေ ကမြင်းကြော ထ,တယ်လို့ အတင်းပြောကြတဲ့ ထိုပုဂ္ဂိုလ်များအား။ အာသဝါ၊ အာသဝေါတရားတို့သည်။ ဝဍ္ဍန္တိ၊ တနေ့တခြား တိုးပွားစည်ပင်ကြလေကုန်၏။ သောပုဂ္ဂလော၊ မြိန်ရေ - ရှက်ရေဖြင့် လက်အငြိမ်မနေ-နှုတ်အငြိမ်မနေနိုင်ကြတဲ့ ထိုပုဂ္ဂိုလ်များသည်။ အာသဝက္ခယာ၊ အာသဝတို့၏ ကုန်ခမ်းရာ အမတာရိပ်မြုံ နိဗ္ဗာန်ဘုံကြီးမှ၊ အာရာ၊ ထိတ်စရာဘဝပေါ်ဘဲ စိတ်သာချပေါ ရော့ ဒိဋ္ဌဝေးကွာတော့သည်သာလျှင်တည်း။

ကမ္ဘာလောကကြီး၏ ဖြစ်တဲ - ပျက်တတ်ပုံ အရေး တွေးတော ကြံဆလို့ အမှန်ကျအောင်သာ ကြည့်ရှုလိုက်ကြပေတော့နော်၊ သူငွေး ကတော်ကြီးကတော့ ပစ္စည်းရွှေငွေ အထွေထွေလို့ဆိုတဲ့ ကုဋေလေးဆယ် သော အသပြာအများတို့ကို အမွေစား-အမွေခံကောန်ရရှိနိုင်ဘို့အတွက် ခက် ခက်ခဲခဲဆိုသလို ကိုဗိဇက-ကလေးရအောင် ယူရှာတယ်။ ကောင်းမြတ်ပြည့်ဝ သော ပါရမီတရားတို့၏သခင် မောင်ရှင် ဗိဇက-ကတော့ အဖ၏ ခြေရာကို နင်း၊ သာသနာတော် အတွင်းမှာ စာရင်းဝင် မင်္ဂဖိုလ်ကို ရက်တိုတိုနှင့် ကူးလေတော့ အထူးပြောဘို့ မလိုတော့ပါဘူး၊ လောကီညြော် လွတ်ကင်း သံသရာ့ နယ်အတွင်းဆီမှ ခုန်နှင်းကျော်လွှား ကုဋေလေး ဆယ် ဆိုတဲ့ အမွေအနှစ်တွေ အသာထားလိုက်ပါဦး၊ သိကြွားမင်း၏ စည်းစိမ်မျိုးပင် ဖြစ်စေဦးတော့ စွန့်ပစ်ရှောင်ရှားတော်မူမည့် "ပစ္ဆိမဘဝိက ပုဂ္ဂလဝိသေသ" မျိုးပေကိုး။ အဘိုးထိုက်တန်တယ်လို့ ဘယ်မှာထင်ပါတော့မလဲ၊ သားအမိ နှစ်ဦး ကြည်နူးဝမ်းသာဘို့ ကောင်းလိုက်ထာ၊ သာသနာတော်မှာ ထင် ပေါ်ကျော်စော ကြားသိ တွေ့မြင်သူတိုင်း အံ့သြပြီး အတော မသတ်နိုင် အောင် သာဓုအနုမောဒနာ ပြုကြသတဲ့။

ညြော်-ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ပိုင်းခြားဝေဘန် ကောန် သိရ ပရိညာတသဘော လောဘဆိုတဲ့ တဏှာကင်းတဲ့ အတွက် အမြစ် အရင်းက လဲယိုင်၍သွားတော့တာပေါ့နော်၊ ဒုက္ခ၏ချုပ်ငြိမ်းရာ အမတာ ဆိုတဲ့ နိဗ္ဗာန်ကို အမှန်ထုတ်ချောက် မျက်မှောက်ပြုနိုင်တဲ့ အတွက်ကြောင့် နောက်ဆက်တွဲ ဘဝအသစ် မထူထောင်တော့ဘဲ အပူအလောင် ခတ်သဘောတို့မှ လတ်ဘလော ကင်းငြိမ်းချမ်းသာကြန်းမှာ ‌ မှီ - တဲ့။ အဲတာ ကြောင့်....

ပဉ္စက္ခန္ဓေ ပရိညာတာ၊
တိဋ္ဌန္တိ ဆိန္နမူလကာ။
ဒုက္ခက္ခယော အနုပ္ပတ္တော၊
နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။ ။

လို့-ထေရဂါထာပါဠိတော်မှာ ဟောပြတော်မူပေဘယ်။ ပဉ္စက္ခန္ဓေ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို။ ပရိညာတာ၊ ပိုင်းခြားဝေဘန် ကောန်တိတိ သိရှိနားလည်ကြကုန်သည်ဖြစ်၍။ ဆိန္နမူလကာ၊ အဝိဇ္ဇာနှင့် တဏှာမူလ မြစ်မခါတ်ရင်း ပြတ်ရှင်းလဲပြိုကြကုန်သည်ဖြစ်၍။ တိဋ္ဌန္တိ၊ ပြည့်နိဗ္ဗာန်တရားခါတ်ပေါ်၌ မားမတ်ရပ်ဘည်ကြလေကုန်၏။ ဒုက္ခက္ခယော၊ ဒုက္ခ၏ကုန်ရာ။ မဟာသိဝ၊နိဗ္ဗာန်တည်းဟူသော အမြတ်ဆုံးဌာနသို့။ အနုပ္ပတ္တော၊ အစဉ်ရောက်သည်ဖြစ်၍။ ဒါနိ ဣဒါနိ၊ ဤယခုအခါ၌။ ပုနဗ္ဘဝေါ၊ တဖန်ဘဝအသစ်၌ ဖြစ်ပေါ်ပြန်လည်ရခြင်းသည်။ နတ္ထိ၊ အမှန်ပင် မရှိပြီတူ့ယတိပြတ် အေးတော့သည်သာလျှင်တည်း။

မတပ်မက်နှင့်-ဖြတ်လျက်အာသာ၊
ဒုက္ခက္ခယော-ပတ္တောသုခါ။
ပယ်ရှောင်ရှားလို့-ပြတ်သားနိုင်မာ၊
တရားကျွ-ငါးဝနာမ်ရုပ်ပါ။ ။

## ယူကြုံးမရ ကုက္ကုစ္စ ဒုက္ခပင်လယ်ဝေ

ကဲ-တခါဖြင့် သူဌေးကတော်ကလေး ခင်မျိုးမြင့်နှင့် သားကလေးရှင်ဗီဇက တို့တော့ လောကမှထွက်မြောက် နိဗ္ဗာန်စခန်း ပေါက်မြောက်၍သွားကြပေပြီ၊ လောကီအာရုံ ကာမဂုဏ် စည်းစိမ် အများတို့ကို မီးအရှိန်အလား ထင်မှတ်ပြီး၊ အပြတ်အသတ် အစွန့်ကြီးစွန့် ရဟန်းဟဝ၌ ကမ္မဋ္ဌာန်းသမထတို့ကို အကျင့်ကြီးကျင့်၊ အကြံကြီးကြံ၊ အင်မတန် အားထုတ်ရှာတဲ့ ဦးသုဒိန် ကိုယ်တော်ကလေးမှာတော့ အသွေးအမွေး မကြည်လင် ဆင်ခြင်စဉ်းစားမိတိုင်း စိတ်ကမောမောပြီး"အဟော အလာဘာ ဝတ မေ" အို-မောင်သုဒိန်၊ အသင်၏အဖြစ်သည် စင်စစ် မကောင်းလိုက်လေစွ တကား၊ မှားလေစွ-မှားလေစွနော်၊ဩော်-သာသနာတော်အတွင်းမှာ အလွန်အမင်း

ရခဲ့တဲ့ ပဗ္ဗဇ္ဇိတဒုလ္လဘ ကြုံရ-တွေ့ရ-ရရှိခဲ့ခြင်းမျှမက သွာက္ခါတတာ မြတ်စွာဘုရား ဟောကြားဆုံးမတဲ့အတိုင်း လောကမှထွက်မြောက် နိဗ္ဗာန်သို့ရောက်ချင်လွန်းလို့ အမိအဘ - အဝဝသော ညာတကာ များစွာသော ရွှေ ငွေ လေးဆယ်သော အသပြာကုဋေတို့ကို ရှောင်သွေ့ကာ အစွန့်ကြီးစွန့်-အလှန့်အလှန့် တရားအလုပ်တို့ဖြင့် အားထုတ်ကြိုးစား၍နေတဲ့ အချိန်အတွင်းမှာ "အပြဟွမ္စရိယ မေထုန သံဝါသံ" လူ့အကျင့် လူ့အကြံတွေကိုဖေါက်ဖေါက်ပြန်ပြန် အမှန်ပင် ငါသုဒိန် မှားယွင်းကျင့်ကြံမိခဲ့ချေပြီဘကား၊ မှားလေစွ မှားလေစွ - စသည်ဖြင့် ဦးသုဒိန်ကလေး နောင်တရပြီး၊ တနေ့မျှ မခအေး၊ သွားလဲဒိစိတ်၊ စားလဲဒိစိတ်၊မအိပ်နိုင်-မနေနိုင် ခွေယိုင်နှံး၍ ဝိပရိ-တည်းဟူသော အပူတွေကြွလေတော့ မထူချင်-မထချင် ပင်ပင်ပန်းပန်း နွမ်းနွမ်းနယ်နယ် ဖြစ်ကုန်ကြပါရောတဲ့၊ ဒုဗ္ဗဏ္ဏ-တည်းဟူသော စိတ်နှလုံးချောက်ချားဖြစ်ရလေခြင်းလို့ဆိုတဲ့ အကြံတွေများတဲ့ အတွက် အရုပ်အဆင်းများလဲ ပျက်ပြားဖေါက်ပြန်ကုန်ပါရောတဲ့၊ "ဥပဏ္ဍု ပဏ္ဍုက ဇာတ" လို့ ခေါ်တဲ့ ဖက်ရွက်လျော်အဆင်း အသားအရေတွေ ဝါဝါဝင်းပြီး သည်းခြေကင်း သလိပ်ကင်းများလဲ တည့်ဝင်းညှင်းထကြွကုန်ပါရောတဲ့၊ "ဓမနိသန္တတဂတ္တ" အရိုးပေါ်အရေတင် အကြောပြိုင်းပြိုင်း အကုန်မြင်ပြီး အသွင်အပြင်လဲ ပိန်ပိန်ခြောက်ခြောက်ဖြစ်သွားသတဲ့၊ အဲဒါတွေဟာ အပြင်အပ မြင်ကြရတွေ့ကြရတဲ့ ဖေါက်ပြန် မှုတွေဘဲ ၊"အန္တော မနော လိနမနော" လို့ ဆိုတဲ့ အတိုင်း၊ အတွင်းခေတ် စိတ်နှလုံးများတော့ ယူကြုံးမရဒုက္ခမီးရှိန် ငြိုး ထိန် လက်တောက်၊ ခြေဘ်-အခက်ဖြင့် ရောက်ပါပကောရယ်လို့ "တက်တခေါက်ခေါက်" နှင့် စိတ်နောက်ငြစ်ကျပြီး ရင်ထုမနာဖြစ်နေရှာသတဲ့၊ သနားစရာပါဘဲနော် အတော်ဝမ်းနဲဘို့ကောင်းတာကိုး၊အကုသိုလ်သို့ဆိုတဲ့ မကောင်းမှုတွေကို ပြုမိ-ကျင့်မိတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်ဟူသမျှတို့မှာ၊ ယခုဘဝမှာလဲပူပန်၊ နောက်နောင်ဘဝမှာလဲ ပူပန်၊ ပစ္စုပ္ပန် သံသရာ ဘယ်အခါ-ဘယ်ကာလမှ မအေး တွေးမိတိုင်း-ကြံမိတိုင်း စိတ်လေး-စိတ်ပျက်ပြီး သိပ်ခက်တဲ့သဘောတရားတွေကလားလေ၊ တာ့ကြောင့်မို့....

ဣဓ သောစတိ ပစ္စ သောစတိ၊
ပါပကာရီ ဥဘယတ္ထ သောစတိ။
သော သောစတိ ဝိဟညတိ၊
ဒိသွာ ကမ္မံ ကိလိဋ္ဌမတ္တနော။....ရယ်လို့။

ဓမ္မပဒပါဠိတော်မှာ ဘုရားသခင်က ထုတ်ဖော် ဟောပြတော်မူပေ
တာပေါ့၊ ။ယော ပုဂ္ဂလော၊အကြင်ပုဂ္ဂိုလ်သည်။ ပါပကာရီ၊ ကံသုံးပါး
ဖြင့် မကောင်းမှုကို ပြုကျင့်လေ့ရှိ၏။ အတ္တနော၊ မိမိ၏။ ကိလိဋ္ဌံ၊ ငြစ်နွမ်း
ယုတ်မာသော။ ကမ္မံ၊ ဒုစရိုက်အကုသိုလ်ကံကို။ ဒိသွာ၊ အကြောင်းအကျိုး
အလိုက် တိုက်ဆိုင်တွေ့မြင်ရသောကြောင့်။သော ပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်။
ဣဓ၊ ဤပစ္စုပ္ပန် ရုပ်,နာမ်ဓမ္မ ဤဘ၀၌လည်း။ သောစတိ၊ ကိုယ်ရောစိတ်
ပါ စိုးရိမ်ရှာ၏။ ပစ္စ၊ တမလွန်လောက ဟို - နောင်နောင် ဘ၀၌လည်း။
သောစတိ၊ ကိုယ်ရော စိတ်ပါ စိုးရိမ်ရှာ၏။ ဥဘယတ္ထ၊ ပစ္စုပ္ပန် သံသရာ
နှစ်ဖြာလောက နှစ်ခုသော ဘုံဘ၀တို့၌။ သောစတိ၊ သက်ကြီး ရှိုက်ငင်
ငြိုငြွင်ဒုက္ခ ပူပန်ရ၏။ ဝိဟညတိ၊ တွေးလေ·တွေးလေ ဆွေးမပြေဘဲ အရေး
ပွေကာ တပင်တပမ်းသာဖြင့် ဆင်ကန်းပမာတောတိုးပြီး အမောအမျိုးမျိုး
ဆိုက်ရောက်တတ် လေတော့သတည်း။

## ဖွတ်မရ ဓားမဆုံးနှင့်-ဖောဋ္ဌမရ ဓမ္မဆုံးအထူး

ရှေးက-တောင်သူကြီးတဦး ဓားမတစင်းနှင့် ယာခင်းကို ယာလုပ်
သွားသတဲ့၊ ယာခင်းကိုရောက်ခါနီး ဖွတ်ကြီးတကောင် လမ်းမြှောင်အဆင်း
ခြုံအတွင်းဆီက အဝင်းထွက်ပေါ်၍ လာတယ်ဆိုကိုး၊အဲတာလို-ထွက်လာ
တော့ ရုတ်တရက် လက်ထဲမှာပါလာတဲ့ ဓားမကြီးနှင့် ဖွတ်ကြီးကို ပစ်လိုက်
တယ်၊ 'ရှလွတ်'ဆို ဓားမကြီး ခြုံထဲရောက်သွားပါရောတဲ့၊ ကောက်လို့ယူလို့
ဘယ်နည်းနှင့်မှ မရနိုင်တဲ့ခြုံကြီးပေါ့ ဖွတ်ကြီးလဲ လန့်ပြီးပြေးရောပေါ့လေ
မှန်မှမမှန်ဘဲကိုး၊ အဲတာကို-အကြောင်းပြု၍ အလုပ်ဘခုကို လက်လွှတ်ပြီး
အလုပ်တခုကို လုပ်တဲ့သူများ ဘယ်အလုပ်တခုမျှ နေရာ မကျတဲ့ အခါ၊
မင့်ဟာက "ဖွတ်မရ-ဓားမဆုံး" နေတာကိုကွလို့ သုံးကြ-နှုံးကြပေတယ်။
ဟော·ယခု ဦးသုဒိန်ကလေးမှာလဲ 'ဖွတ်မရ-ဓားမဆုံး'ပြီး အစတုံးသဘော
မျိုး ရောက်နေရှာပေပြီ၊ ယခု-ပြောနေတာက အများနားလည်ပြီးဖြစ်တဲ့
'ဖွတ်မရ-ဓားမဆုံး'ပုံကိုး။ သံတူကြောင်းကွဲ(ဖေါဋ္ဌမရ-ဓမ္မဆုံးပုံကို)အသုံး-
အနှုံး တမျိုးနှင့် မရိုးမဆန်းကလေး ဟောခဲ့ရဦးမယ်၊ သေသေ ချာချာ
မှတ်လိုက်ကြပေတော့။ ဤကမ္ဘာလောကကြီး၏ အတွင်းမှာ အစဉ်သဖြင့်
ဖြစ်ပေါ်၍နေတဲ့၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖေါဋ္ဌဗ္ဗာရုံ-ရယ်လို့
အာရုံငါးပါး ထင်ရှားထွက်ပေါ်၍နေပေတယ်၊ ဖေါဋ္ဌဗ္ဗာရုံလို့ဆိုတဲ့ အာရုံ

မျိုးတွေဟာ အဆိုးဝါးဆုံးအကြမ်းတန်းဆုံးပေပေါ့၊ဦးသုဒိန်ကိုယ်တော်ကလေး လူ့ဘဝဆီက ယခုနပြောခဲ့တဲ့ ရူပါရုံအစ ဖေါဋ္ဌဗ္ဗာရုံအဆုံး၊ကာမဂုဏ်အလုံးတို့နှင့် အပုံကြီးပျော်မွေ့စံစားခဲ့ပါပေတယ်။ ဘုရားသခင်အထံတော်မှာ တရားဓမ္မများ နာကြားသိရှိရလေတော့ ရူပါရုံအစ ဖေါဋ္ဌဗ္ဗာရုံအဆုံး ကာမဂုဏ် အာရုံတွေမုန်းလို့မို လုံးလုံးကြီး စွန့်ပစ်ခဲ့တယ်မဟုတ်လား၊ တခုတော့ ‘ဆုံး’နေပြီနော်၊ သေသေချာချာ စဉ်းစားလို့သာ ကြည့်ကြပေရော့၊ နောက်ပြီးတော့မှ“သမဏဓမ္မ”ရဟန်းဘဝ ရဟန်းအလုပ်တို့ဖြင့် အားထုတ်ကြိုးပမ်း စခန်းကုန်ဖြူဖြူစင်စင်ကျင့်သော်လဲ မသင့်တဲ့မေထုန်အမှုကို မသိလို့-မှားလို့ ပြုကျင့်မိ သွားရှာပေတယ်၊ သို့ကလို အမွေခံ-အမွေစား အဆက်အနွယ် မျိုးစေ့တောင်းခံကြတဲ့ ဓလေ့ကြောင့် မှား၍ ပြုကျင့်မိတဲ့ အတွက်ဖြစ်ရလေခြင်းတည်းဟူသော ကုက္ကုစ္စတာဝန်တွေ အလွန်တက်ပြီး ရဟန်းဘက် သမဏဓမ္မမှလည်း ဂွကျကုန်တာပေါ့၊ သမဏဓမ္မလဲ ဆုံးလေ၏လို့-မှတ်သားကြရမယ်၊ အဲဒါဟာ ဦးသုဒိန် ကိုယ်တော်ကလေးအတွက် သက်သက် သီးခြား ဟောကြားဖေါ်ပြလိုက်တဲ့ ‘ဖေါ်ငြမရ-ဓားမဆုံး’ စကားပုံတမျိုးပါဘဲတဲ့ အကျိုးနဲကုန်ရှာတာကိုး၊ ပုထုဇဉ်မှန်သမျှ အနန္တ ပုဂ္ဂိုလ်အပေါင်းတို့အတွက် လောကီဘက်, လောကုတ္တရာဘက်, သာသနာဘက်, ဒါယကာဘက်, အဘက်ဘက်တို့မှာ ရက်ရက်စက်စက် မှတ်ဘို့ကောင်းတဲ့-ဥပမာစကားရပ်ကြီးပါဘဲ၊ ဘာ့ကြောင့်လဲလို့ဆိုတော့ လောကမှာ အများအားဖြင့် ဘယ်အလုပ်-ဘယ်အကိုင်မှာဘဲဖြစ်ဖြစ် ဆုတ်နစ်မှုပေါများ စမ်းတဝါးဝါးနှင့် နေ့များရက်ရှည် အတည်မကျနိုင်တဲ့ ပုဂ္ဂိုလ်အများတို့ကို သတိထား၍ကြည့်တိုင်း တွေ့မြင်နိုင်ကြပါတယ်။သို့ဖြစ်ခြင်းကြောင့် “ဖွတ်မရ-ဓားမဆုံး”ဆိုတာလိုအစတုံး-အစပျောက် ပြောက်ပြောက်-ကျားကျား မဖြစ်ကြစေမူ၍ ဖွတ်ကိုပင် မရသော်လဲ ဓားမကြီး မဆုံးပါးရလေအောင် (သို့မဟုတ်)ဖွတ်လဲမရ၊ ဓားမလည်းမဆုံး၊ကုသိုလ်တုံး-ကုသိုလ်ခဲ၊ပညာတုံး-ပညာခဲ၊ ဥစ္စာတုံး-ဥစ္စာခဲ၊ အချိန်မှန်မှန် အားခဲပြီး သဲသဲမဲမဲ ရှာဖွေအားထုတ်နိုင်ကြဘို့အရေး ဦးပဉ္စင်းတို့ကအားပေးလိုက်ပါသေးရဲ့၊ သတိပေးလိုက်ပါသေးရဲ့။ တွေးတောငေးမော၍နေခြင်းဖြင့် သိန်သိန် ဖျင်းဖျင်း အချိန်မကုန်ကြပါစေနှင့်လို့ ဆိုလိုပေတယ်၊ မီးခြစ်ဆန်မှာပါလာတဲ့ အနည်းငယ်သော မီးကလေးဖြင့် တဖြည်းဖြည်းလောင်စာထည့်တဲ့အခါ လွန်စွာ ကြီးကျယ်သည့် မီးတောက်-မီးလျှံကြီးဖြစ်ပေါ်လာသည့်အလားကုသိုလ်တရား

ပညာတရား ဥစ္စာ-စပါးစသည်တို့ကိုလဲ နှံနှံ-နှံနှံမှ အကြီးအကျယ် ပွားကြအောင် ကြိုးစားကြပေတော့လို့ ဆိုလိုရင်းပါဘဲ။

## သေးငယ်သောမီးခြစ်ဆန်မှ အင်မတန် မီးတောက်ကြီးဖြစ်ပုံ

အပ္ပကေနာပိ မေဓာဝီ၊
ပါဘတေန ဝိစက္ခဏော။
သမုဋ္ဌာပေတိ အတ္တာနံ၊
အဏုံ အဂ္ဂိံဝ သန္ဓမံ။ ။
(ဇာတ်ပါဠိတော်)

မေဓာဝီ၊ အဆိုကိုစစ်ယူ၍ အနှစ်အသားကိုသာသုံးဆောင်လေ့ရှိပေသော။ ဝိစက္ခဏော၊ ပညာမျက်စိ ရှိကြလေငြား ပုဂ္ဂိုလ်အများသည်။ အပ္ပကေနာပိ၊ မကြီးမကျယ် အနည်းငယ်သာလျှင် ဖြစ်ပေထသော။ ပါဘတေန၊ ရင်းနှီးရိက္ခာ ဥစ္စာစသား ဝတ္ထုများဖြင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ သမုဋ္ဌာပေတိ၊ကြီးကျယ်များမြတ်လှစွာသော ပညာ၏အရှင်သခင်,ကုသိုလ်၏ အရှင်သခင်, ဥစ္စာ၏အရှင်သခင် အစဉ်ပင်ပွားတိုး၍ အကျိုးကြီးဖြစ်စေတတ်ကြပါပေ၏။ ကိမိဝ၊ ဥပမာပုံဆို အဘယ်လိုနည်း ဟူမူကား။ အဏုံ၊ မကြီးမကျယ် အနည်းငယ်သာလျှင် ဖြစ်ပေထသော။ အဂ္ဂိံ၊ မီးခြစ်ဆန်မှ အလျှံတက်ရောက် မီးတောက်-မီးစုကလေးကို။ သန္ဓမံ-သန္ဓမန္တော၊ကောင်းစွာအားထုတ်၍ ဟုတ်ဟုဘ်ဟတ်ဟတ် ပြူစုပျိုးထောင်သည်ရှိသော်။ ဝဧဝံ-ဒိဋ္ဌဝ၊ အလိုရှိသမျှ ဟုံးဟုံးထ၍ ဘောက်ကြ,လင်းကြ,ပွားများလင်းထိန်ကြသကဲ့သို့ ပင်လျှင်တည်း။ (အဋ္ဌကထာနှင့်အညီ)

## မှတ်ဘို့ရန်အချက် ဥပဒေသနှင့်တွက်လိုက်တော့

"ဖွတ်မရ-ဓားမ ဆုံး"ရခြင်းဟာ ဘယ်အကြောင်းကြောင့်လဲတဲ့၊ အပျော်ဘက်, အပါးဘက်, ပွဲလမ်းသဘင် အမျိုးစုံတွေကို ထွက်ကြလွန်းလို့ပါဘဲတဲ့။ စီးပွားပျက်-ဥစ္စာပျက်၊ ပညာပျက်-အကျင့်ပျက်၊ အို.... ကုန်ကုန်ပြောလိုက်ပါ့မယ် အအိပ်ပျက်-အစားပျက်၊ အစစ အကောင်းဟူသမျှပျက်တတ်တဲ့ လောကီအာရုံ ကာမဂုဏ်တွေကို အလွန်အမင်းမမက်ကြလေနှင့်တဲ့၊ တရက်တလေ-တခါတလေတော့လဲ ကြည့်ကြပျော်ကြရပါရဲ့၊အလွန်အမင်း

လိုက်စားခြင်း တို့ကိုသာ တားမြစ်လိုပါတယ်၊ သို့ကလို လောကီရေးရာမှာလဲ မကောင်းစား၊ လောကုတ္တရာဘက်မှာလဲမကောင်းစား နှစ်မွန်းတတ်တဲ့ အပျော် အပါးတွေကို အလွန်အမင်း လိုက်စား၍ နေကြမည့် အစား တရားတော်များကိုနာ၊ အလိမ္မာပွားစေတတ်တဲ့စာပေများကိုကြည့်၊ ဥစ္စာပြည့်၊ ပညာပြည့်၊ ကုသိုလ်ပြည့်၊ ကိုယ့်အကျိုး-သူ့အကျိုး၊ ဆွေအကျိုး-မျိုးအကျိုး၊ အမျိုးမျိုး ပြည့်နိုင်ကြ - ဖြည့်နိုင်ကြရအောင် ဖိဖိစီးစီး-နိုင်နိုင်နင်းနင်း အလုပ်လုပ်ကြရမယ်၊ တမိုးချုပ်လို့-တနေဝင်၊ တနေဝင်လို့-တနေထွက်၊ အသက် အရွယ်တွေသာ အချိန်စီးပြီး ခရီး ရောက် သင့် သလောက် မရောက်ဘဲရှိနေတာ၊ ကိုယ့်ဟာကိုယ် တမိနစ်လောက်စဉ်းစားလျှင် အကွင်းသား-အတွင်းသားပေါ်နိုင်ကြပါတယ်၊ အဲတာကြောင့် လက်ပေါ်မှာနဖူးတင်၊ နဖူးပေါ်မှာ လက်တင် ဆင်ခြင်စဉ်းစားလိုက်ကြပါကုန်လော့။

ပဿန္တာ ရူပ ဝိဘဝံ၊
သုဏန္တာ မဓုရံ ဂိရံ။
စရန္တိ သာဓူ သမ္မုဒ္ဓါ၊
ကာလေ ကေဠိ ပရံမုခါ။ ။

(သုဗောဓာလင်္ကာရ)

သမ္မုဒ္ဓကာလေ၊ ဘုရားမြတ်စွာ စိန္တေယျာဟု ရတနာနေမင်း ထိန်လင်းထွက်ပေါ် လက်ထက်တော်သမယ အခါကာလဆီက။ သာဓူ၊ သမ္မာအယူ သဒ္ဓါဖြူကြကုန်တဲ့ လူသူတော်ကောင်း, နတ်သူတော်ကောင်း,ဗြဟ္မာသူတော်ကောင်း, အပေါင်းများစွာ တရားနာ တည်း ဟူသော သူတော်ကောင်း-သူမြတ်ခလောင်းဟူဟူသမျှတို့သည်။ ရူပ ဝိဘဝံ၊ ဘယ်လူ-ဘယ်နတ်ဘယ်ဗြဟ္မာတို့မှ မတုမပနိုင်တဲ့ အတုလထွဋ်ထား မြတ်ဘုရား၏ သားနား-ပြည့်စုံတော်မူလှသည့် ရူပကာယ ရုပ်ပုံ သဏ္ဌာန်တော်များကို။ ပဿန္တာ၊ အထူးကော်ရော်ကာ ဦးတော်ဖြင့် ဖူးမြော်ကြကုန်ပါလျက်။ မဓုရံ ဂိရံ၊ ကရဝိက် ကြိုးကြာ မြည်သံသာသလို အင်္ဂါရှစ်ဖော် အသံတော်တို့ဖြင့် သာယာနာပျော်ဘွယ်ဟောပြတဲ့ ဓမ္မောသဓ-တည်းယူသော တရားချိုချိုအေးအေးကြီးကို။ သုဏန္တာ၊ ဖရဏာပီတိ ဂွမ်းဆီထိသို့ လွှမ်းအိကြည်ယုံ အနာခံကြီးနာခံကြပါကုန်လျက်။ ကေဠိ ပရံမုခါ၊ ပျော်ပါးကခုန် တဏှာတုံ့နှင့် အာရုံပျော်ပွဲ ရှောင်ဖယ်လွှဲကြ ကုန်သည်ဖြစ်၍။ စရန္တိ၊ လှည့်လည် သွားလာကြ

ပါကုန်သတည်း။ ဇဝံ တထာ၊ ဤနည်းထားယူ အလားတူဖြင့် သာလျှင်။ ဣဒ ါနိ၊ ဤယခု-ဤသမယ-ဤအခါကာလ၌။ ဣစ္ဆန္တာ သောကီ-လောကုတ် မယုတ်စုံလင် ခုံမင်မြတ်နိုး ကောင်းကျိုးချမ်းသာ ဝမ်းသာအားရ အလိုရှိ ကြပါကုန်သော။ တုမှေ၊ တကာ-တကာမ များစွာ တရားနာ တို့နှင့်ဟက္ခ ကြီးပွားရာ-ကြီးပွားကြောင်း ဆုတောင်းကြကုန်သော သူတော်ကောင်း- သူမြတ်လောင်း ဟူဟူသမျှတို့သည်။ အဓိပတိ စိတ္တေဟိ၊ အချိုး ကြေကြေ အရေပင်ခြောက် နောက်သို့မဆုတ် အဟုတ်အဟတ် တိုးပွားအောင် ကြိုး စားကြံဆောင်ခြင်း တည်းဟူသော ဆန္ဒ, ဝီရိယ, ဝီမံသ, စိတ်ခာတ် တရား တို့ဖြင့်။စရန္တု၊လှည့်လည်သွားလာနိုင်ကြပါစေကုန်သတည်း။ ဝါ၊ အပျော် ဘက်,အပါးဘက် အမှားမဆက်ကြလေနှင့် တရားအချက် လမ်းရတနာကြီး ဆီ၌ ဘုရားလက်ထက်ကနန်းအမဘာမှီးကြသလို ချမ်းသာခရီး၌ အပြီးအစီး လှည့်လည်နိုင်ကြပါစေကုန်သတည်း။

## ကုက္ကုစ္စကို ဝိပဿနာတင်၍ ဆင်ခြင်လျှင် ကောန်ပင် ကုသိုလ်ရနိုင်ပုံ

အသျှင်သုဒိန္န ရဟန်းတော်သည် မှန်းမျှော်သော နိဗ္ဗာနခဘ်ကို မင်္ဂဉာဏ်မျက်စိ,ဖြင့် မမြင်ရ "ပြုမိလေခြင်း၊ဖြစ်ရလေခြင်း၊ကြုံရလေခြင်း" ဆိုတဲ့ ကုက္ကုစ္စ,တရားအတွက် အခက်ကြုံသည့်အကြောင်းကိုတော့၊ကောင်း စွာ သိရှိနားလည်ရပေပြီ၊ ထိုကုက္ကုစ္စကို ဉာဏ်ဖြင့် ဘမ်းလိုက်လျှင်၊ ပဋ္ဌာန်း ဒေသနာတော်အရ မုချထွက်ပေါက် လွတ်ကင်းနိုင်ပါတယ်။

### အကျဉ်းချုပ် အလုပ်စခန်းဝင်ပုံမှာ

"မကောင်းမှုကို၊ ပြုမိပြီလေ၊ ဖြစ်ရလေ-ဟု" မပြေ-စိတ်ညစ်(မကြေ စိတ်ညစ်)၊ တဖြစ်တောက်တောက် (ဖြစ်တောက်-ဖြစ်တောက်) ဒေါင်းနှယ် ဘောက်သည်၊ "ဒေါင်းတောက်"ရှာကြ-ကုက္ကုစ္စ။

## ဟယ်-ကုက္ကုစ္စ ကုက္ကုစ္စ ဓမ္မ-နှင်လက်သယ်

"ဟယ်-ကုက္ကုစ္စ၊ ကုက္ကုစ္စရယ်၊ နှောင်တ-ပူဓာတ်၊ လာ-မကပ်လင့်၊ မကပ်လင့်ဆို၊ ကပ်လာ—ခိုသည်၊ အလို-ကုက္ကုစ္စ၊ ဓာတ်ဆိုး—ဓာတ်ဝါး ပါတကား။ ငါမပိုင်-ငါမဆိုင်-ငါနှင့်အလွတ်ကြီးပါတကား။

(က) နေတံ-မမ။

(ခ) နေသောဟ-မသို့။

(ဂ) နှ,မေသော-အတ္တာ။

ကုက္ကုစ္စ-စေတသိက် ဓမ္မဓာတ်၊ ပုဂ္ဂိုလ်မဟုတ် - သတ္တဝါမဟုတ်။

ကုက္ကုစ္စ-စေတသိက် ဓမ္မဓာတ်၊ အနိစ္စ,ဒုက္ခ,အနတ္တ တရားပါတကား ဟူ၍ ဘာဝိဘာ-ဗဟုလီကတာ အကြိမ်များစွာ ထပ်ခါ-ထပ်ခါပွားများကြ ပါလေ....သူတော်ကောင်းတို့။

# ဓမ္မရံသီ

မဟာ မဟိန္ဒ သူရိယော၊
လင်္ကာ ဝေဟာသ မဏ္ဍလေ ါ။
ဗောဓေနေ ယျမ္ဗုဇေ ကာသိ၊
ဝိကာသံ 'ဓမ္မရံသိ' နာ။ ။ (ရသဝါဟိနီ)၊

လင်္ကာ ဝေဟာသ မဏ္ဍလေ ါ၊သီဟိုဠ်ကျွန်း ကောင်းကင်၏အလယ်၌ ထွက်ပေါ်ရပ်တည်၍ နေတော်မူသော။ ဝါ၊ ထွက်ပေါ် ကြွသွားတော်မူသော။ မဟာ မဟိန္ဒ သူရိယော၊ အရှင်မဟာမဟိန္ဒ တည်းဟူသော နေမင်းသည်။ ဗောဓေနေယျမ္ဗုဇေ၊ နေအရှက်သင့် ပွင့်လှပွင့်ငြား သီဟိုဠ်ပြည်သူ-သီဟိုဠ်ပြည်သားတည်းဟူသော ကြာငုံ-ကြာရုံ အများတို့ကို။ ဓမ္မရံသိနာ၊ မြတ်စွာဘုရား၏ တရားတော်တည်းဟူသော အရောင်အလင်းဖြင့်။ ဝိကာသံ၊ သစ္စာလေးပါး ပိုင်းခြားထင်ထင် သိမြင်ထင်လင်းပွင့်စေခြင်းကို။ အကာသိ၊ ပြုတော်မူလေပြီ။

မဟာ မဟိန္ဒ စန္ဒော သော၊
လင်္ကာ ဝေဟာသ မဏ္ဍလေ ါ။
ဗောဓေသိ 'ဓမ္မရံသီ' ဟိ၊
ဝေနေယျ ကုမုဒ ါကရေ။ ။ (ရသဝါဟိနီ)

လင်္ကာ ဝေဟာသ မဏ္ဍလေ ါ၊ သီဟိုဠ်ကျွန်းတည်းဟူသော ကောင်းကင်၏အလယ်၌ ထွက်ပေါ် ကြွသွားတော် မူပေထသော။ သော မဟာ မဟိန္ဒ စန္ဒော၊ ထို - အရှင်မဟာမဟိန္ဒ တည်းဟူသော 'လ' မင်းသည်။ ဓမ္မရံသီဟိ၊ တရားတည်းဟူသော ရောင်ခြည် အလင်းတို့ဖြင့်။ ဝေနေယျ ကုမုဒ ါကရေ၊ ကျွတ်ထိုက်သသူ ကြာဖြူ ပန်းရုံ ဖူးအငုံဘို့ကို။ ဗောဓေသိ၊ သစ္စာလေးပါး ပိုင်းဝေခြား၍ ငွါးငွါးစွင့်စွင့် ကားကားတင့်၍ လန်းပွင့်စေလေပြီ။ ဝေ်တသာ၊ တူတန်သမျှ ပမာဆ၍ မှုချမမှား မခြားတမူ အလားတူသာလျှင်။ ဓမ္မရံသီဟိ၊ (ဓမ္မရံသီ) ယှဉ်မှီ-ဆင့်ကဲ ပဌမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ စတုတ္ထတွဲစသော ထွက်ပေါ်ဆဲ့ထွက်ပေါ်ပြီး့ထွက်ပေါ်လတ့ံ များစွာ တရားစာ အရောင် အလင်း တို့ဖြင့်။ ပဗုဏ္ဍန္တု၊ အမှောင်ကိုခွင်း ဉာဏ်ရောင်လင်း၍ ပွင့်ခြင်းကြီး ပွင့်ကြပါစေကုန်သတည်း။

ဝိသုဒ္ဓဓမ္မရံသီ

# ပညာရောင်ခြည်စာပေဌာနမှ
## ရိုက်နှိပ်ဖြန့်ချိသောစာအုပ်များ

★

- မစိုးရိမ် ရူပသိဒ္ဓိအဖြေ။
- မစိုးရိမ် ဋီကာကျော် အဖြေ။
- မစိုးရိမ် သီလက္ခန် အဖြေ။
- သုတ္တတ္ထ ဝိဘာဝိနီ။
- အဘိဓမ္မာ ညဝါလရောင်ကျမ်း။
- အဘိဓမ္မာ နေရောင်ကျမ်း (ပ-ဒု)
- ဝိသဇ္ဇနာဝရဇိန် ပထမတွဲ (သဒ္ဒါ,သင်္ဂဟ အမေး-အဖြေ)
- ၎င်း ဒုတိယတွဲ (ဝိနည်း အမေး-အဖြေ)
- အဘိဓမ္မာဉာဏ်ရောင်။
- သဒ္ဒါဉာဏ်ရောင်။
- ဝိနယဉာဏ်ရောင်။
- ပညာရောင်ခြည် ဘုရားရှိခိုးအမျိုးမျိုး။
- သိမ်ချိုးစုံဘာသာဋီကာ။
- ကြာပန်းအိုင် ပဗ္ဗာဇနိယ ကမ္မဝါစာ။
- ဓမ္မရံသီ တရားစာ (ပ-ဒု-တ)
- ဓမ္မဂီတိတရားစာ။
- မဟာမောဂ္ဂလာန်။
- လျှပ်စစ်ကာခ်ါ။
- ကူညီရေး ရူပသိဒ္ဓိ။
- ဥပုသ်သည်ကြေးမုံ။
- နရသုခ် အင်္ဂဝိဇ္ဇာ ခြောက်စောင်တွဲ။
- ကုန်သည်ပညာ တွက်ပုံစာ (ဒသမတ်နည်း)
- သာယာဝတီ ဆရာတော်-ဦးဉာယျ၏ ကျမ်းစာအမျိုးမျိုးနှင့် အခြားသော ပိဋကတ်ကျမ်း,ဗေဒင်ကျမ်း,ဆေးကျမ်း,လက္ခဏာကျမ်း, လောကီ-လောကုတ္တရာကျမ်းစာ အမျိုးမျိုးတို့ကို ဈေးနှုန်းမှန်ကန်စွာဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

★

# ဓမ္မရံသီတရားစာ

## ဒုတိယတွဲ

★

ပထမအကြိမ်ရိုက် ဖြန့်ချိခွင့်ရသူများ

●

(ဆဋ္ဌသံဂါယနာမှု ပိဋကတ်တော်များ ကိုယ်စားလှယ်)

**ကိုတင်အောင်-မခင်နု**

**ပညာရောင်ခြည်-စာပေဌာန**

ကိုးထပ်ကြီးဘုရား၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

★


ဘာသာရေးဆိုင်ရာ စာပေပုံနှိပ်ထုတ်ဝေခွင့်ပြုချက်
အမှတ်(၄၀၁၀)
ထုတ်ဝေသူ—ဒေါ်ခင်နု၊ (မှတ်ပုံတင်အမှတ်"မြဲ"-၀၂၄၀)
ပညာရောင်ခြည်·စာပေဌာန
ကိုးထပ်ကြီးဘုရား-ဗားကရာလမ်း၊ ကြည့်မြင်တိုင်-ရန်ကုန်မြို့။

ပုံနှိပ်သူ—ဦးကြီးမောင်(မှတ်ပုံတင်အမှတ်"မြဲ"၀၂၄၀)
ခေတ်-စာပုံနှိပ်လုပ်ငန်း
အမှတ်-၉၀၊ ကွမ်းရွဲတန်း၊ ကြည့်မြင်တိုင်။